ရောင်လမ်း

၁၉၅၇ ခုနှစ် မေလ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957 *The* Mirror Daily

၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၁၃ ရက် ဗုဒ္ဓဟူးနေ့ 20, Wednesday April 2016 (စာမျက်နှာ ၇)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော် ခုတင်(၁၀၀၀) ဆံ့ဆေးရုံကြီးတွင် လူနာများအား ကြည့်ရှုအားပေးစကားပြောကြား

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော် ခုတင် (၁၀၀၀) ဆံ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။(သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၉

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ အတွင်းလူနာများအဖြစ် ဆေးဝါးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေးစကားပြောကြားသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အရိုးရောဂါအထူးကုသဆောင်သို့ရောက်ရှိပြီး အတွင်းလူနာအဖြစ် ကုသမှုခံယူနေသည့် အရိုးဝေဒနာရှင်များအား ကြည့်ရှုအားပေးစကားပြောကြားပြီး ဝေဒနာရှင်များ၏ လိုအပ်ချက်များကို မေးမြန်းကာ ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မဟာသင်္ကြန်နှစ်သစ်ကူး နုံးပိတ်ရက်များအတွင်း ယာဉ်မတော်တဆမှုများကြောင့် ဒဏ်ရာရရှိ၍ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုသဆောင်၌ တက်ရောက်ကုသမှုခံယူနေသည့် အတွင်းလူနာများ၏ ဆေးဝါးကုသမှု အခြေအနေကိုမေးမြန်းပြီး အားပေးစကားပြောကြားကာ ဝေဒနာရှင်များ၏ လိုအပ်ချက်များနှင့်ပတ်သက်၍ ဖြည့်ဆည်းပေးမည့်အခြေအနေများကို ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ယခုကဲ့သို့ လာရောက်ကြည့်ရှုစဉ် မိမိတို့အား ဆေးဝါးကုသပေးမှုအပြင် နေထိုင်ရေးနှင့် စားသောက်ရေးအတွက်လည်း ကူညီဆောင်ရွက်ပေးမည်ဟု ထည့်သွင်းပြောကြားခဲ့ကြောင်း ကော့မျှားမြို့နယ်မှ လူနာစောင့် ဒေါ်လဲ့လဲ့ဝင်းနိုင်က ပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော်၏ ရေစီးရေလာကောင်းမွန်မှုနှင့် လမ်းဘေးဈေးသည်ပြဿနာကို အဓိကထားဖြေရှင်းသွားမည်ဟု ရန်ကုန်မြို့တော်ဝန်ပြောကြား

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရန်ကုန်မြို့တော်ဝန်အနေဖြင့် စတင်တာဝန်ယူဆောင်ရွက်သည်နှင့် တစ်ပြိုင်နက် ရန်ကုန်မြို့တော်၏ ရေစီးရေလာကောင်းမွန်မှုနှင့် လမ်းဘေးဈေးသည်ပြဿနာကို အဓိကထား ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧပြီ ၇ ရက်က ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက မှတ်ချက်ပြုခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် နှစ်စဉ်ကြုံတွေ့နေရသည့် ရေကြီးရေလျှံမှုပြဿနာကို ဘဏ္ဍာငွေများစွာသုံးစွဲကာ ဖြေရှင်းဆောင်ရွက်ခဲ့သော်လည်း မိုးရာသီတွင် ရေစီးရေလာကောင်းမွန်မှုမရှိဘဲ ရေကြီးရေလျှံမှုများနှင့် ကြုံတွေ့နေရလျက်ပင်ရှိသည်။ ယင်းအပြင် ရန်ကုန်မြို့လမ်းများထက်ရှိ လမ်းဘေးဈေးသည်များ၏ အရေးကိစ္စကို အဓိကထားဖြေရှင်းရမည့် ပြဿနာဖြစ်လာပြီး စည်းကမ်းမဲ့ဈေးရောင်းချမှုနှင့် သတ်မှတ်ထားသည်ထက် အချိန်၊ နေရာပိုမိုရယူကာ ဈေးရောင်းချနေမှုများကလည်း ယာဉ်သွားယာဉ်လာ၊ လူသွားလူလာကို အနှောင့်အယှက်ဖြစ်လျက်ရှိသည်ဟု သိရသည်။ သို့ရာတွင် ရန်ကုန်မြို့တော်ဝန်အနေဖြင့် လမ်းဘေးဈေးသည်များ ဈေးရောင်းချခြင်းကို အားပေးမည်ဖြစ်ပြီး အချိန်၊ နေရာအလိုက်ဖြစ်စေ၊ စနစ်တကျဖြစ်စေ ရေးကို စီစဉ်ရေးဆွဲဆောင်ရွက်နေသည်ဟု သိရသည်။

"ဈေးရောင်းခြင်းကို အားပေးရမှာဖြစ်ပြီး အလုပ်လက်မဲ့ပြဿနာကိုလည်း ဖြေရှင်းရာရောက်သလို Inner city problems လည်း နည်းပါးစေတယ်"ဟု ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ၎င်း၏ လူမှုကွန်ရက်ဖေ့စ်ဘွတ်စာမျက်နှာတွင် ဧပြီ ၇ ရက်က ဖော်ပြခဲ့သည်။

မကြာမီ ရောက်ရှိလာမည့် မိုးရာသီအတွက် ရန်ကုန်မြို့တော်တစ်ဝန်း ရေစီးရေလာကောင်းမွန်ရေးကို စီမံချက်များရေးဆွဲဆောင်ရွက်နေပြီး အခြေခံလူတန်းစားများဖြစ်သည့် လမ်းဘေးဈေးသည်များ စနစ်တကျ ဈေးရောင်းချနိုင်ရေး၊ မြို့တော်သာယာလှပရေးတွင် စည်းကမ်းကျနစွာ ပါဝင်ဆောင်ရွက်နိုင်ရေးစသည့် အရေးကိစ္စရပ်များကို **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋**

ဝန်မြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးနိုင်ရန် အိပ်မက်မက်နေသော ရောဝတီတိုင်းမှ လေးမျက်နှာမြို့နယ်သားများ

ဖျာပုံ ဧပြီ ၁၉

တစ်ချိန်တုန်းက ရောဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်တွင် ဖွံ့ဖြိုးမှုနောက်အကျဆုံး သုံးမြို့နယ်မှာ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်နှင့် လေးမျက်နှာမြို့နယ်တို့ဖြစ်သည်။ ထိုအချိန် ဖွံ့ဖြိုးမှုနောက်ကျနေသော်လည်း သဘာဝပတ်ဝန်ကျင်ကောင်းများကြောင့် နေချင်စဖွယ်သာယာလှသောမြို့လေးဖြစ်သည်။ လေးမျက်နှာမြို့လေးမှာ မြို့မရပ်ကွက်၊ ခတ္တူရပ်ကွက်၊ ခုံကြီးရပ်ကွက် ဟူ၍ရပ်ကွက် သုံးခုရှိသည်။ တောမြို့လေးဖြစ်သည်နှင့်အညီ လယ်ယာ/သားငါးကဏ္ဍသာ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး ခတ္တူရပ်ကွက်တွင် မြေအိုးလုပ်ငန်းနှင့် ခုံကြီးရပ်ကွက်တွင် သင်ဖြူးဖျာလုပ်ငန်းများသည် ပတ်ဝန်းကျင်ဒေသများတွင် နာမည်ရခဲ့သည်။

မြို့မရပ်ကွက်တွင် သမိုင်းဝင်ထူပါရုံဘုရားကြီးရှိပြီး ခတ္တူရပ်ကွက်တွင် ဘုရားကျောက်စာတိုင်များနှင့် ကန်ကုန်းဘုန်းကြီးကျောင်းရှိသည်။ ခုံကြီးရပ်ကွက်တွင် သာသနာ့အာဇာနည် ဘုန်းတော်ကြီးတစ်ပါး၏ မပုပ်မသိုးရုပ်ကလာပ်တစ်ခုရှိသည်။ လူနေမှုဘဝဆင်းရဲခဲ့သော ထိုအချိန်က လေးမျက်နှာမြို့လေးမှာ သွားလာရေးအတွက် ဝန်မြစ်ကြောင်းကိုသာ အသုံးပြုနေရသည်။ ရန်ကုန်လိုမြို့ကြီးကိုသွားချင်လျှင် **စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍**

ရောင်လမ်း

ပြည်သူလူထု၏ သန့်ဌာန်

အမျိုးသားရင်ကြားစေ့ရေး၌ မျက်နှာစာနှစ်ဖက်ရှိပါသည်။ ပထမမျက်နှာစာသည် မြန်မာလူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးများကြား အမျိုးသားရင်ကြားစေ့ရေး။ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော ပြည်တွင်းစစ်ကို ယနေ့တိုင် မငြိမ်းသတ်နိုင်သေး။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့သာ လက်မှတ်ရေးထိုးရပါသေးသည်။ ပြည်တွင်းငြိမ်းချမ်းရေး၏ အခြေခံအဆင့်အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ပါဝင်လက်မှတ်ရေးထိုးရန် ကြိုးပမ်းရပါဦးမည်။

အမျိုးသားရင်ကြားစေ့ရေး၏ ဒုတိယမျက်နှာစာသည် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကြား ဆောင်ရွက်ရမည့် အမျိုးသားရင်ကြားစေ့ရေး။ ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းသည့် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှစတင်၍ တပ်မတော်သည် တိုင်းပြည်ကို အုပ်ချုပ်သည့်အဖွဲ့အစည်းအဖြစ် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဆောင်ရွက်လာသည်မှာ ယနေ့အချိန်အထိ တစ်ဝက်တစ်ပျက်မှန်ကန်နေဆဲပါ။ ဤရှည်လျားသော ကာလတစ်လျှောက် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူလူထုကြား တည်ရှိခဲ့သည့် သဘောထားကွဲလွဲမှုများကို ရင်ကြားစေ့ရေးသည် အရေးကြီးသော အမျိုးသားရေးတာဝန်ဖြစ်ပါသည်။

အမျိုးသားရင်ကြားစေ့ရေး၏ ဤမျက်နှာစာနှစ်ရပ်ကို မှန်မှန်ကန်ကန်နားလည်မှသာ တိုင်းပြည်အနာဂတ်ကို ပုံဖော်ဖန်တီးရာ၌ မလျှော့လွန်းမတင်းလွန်း မှန်ကန်သောသဘောထားကို ဆုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ သို့သော် မှန်ကန်သောသဘောထားကို အင်အားစုတစ်စု(သို့မဟုတ်) အနည်းစုကသာ ဆုပ်ကိုင်နိုင်မည်ဆိုပါက သမိုင်းက ဖန်တီးပေးလာသည့် အမျိုးသားရေးတာဝန်များကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်မည်မဟုတ်ပါ။ မှန်ကန်သော သဘောထားအမြင် ဆုပ်ကိုင်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်သည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံ့အရေးကိစ္စရပ်များ၌ စိတ်ဝင်စားရန်လိုအပ်ပါသည်။ ကိုယ့်နိုင်ငံကိုယ့်လူမျိုးအတွက် ဆောင်ရွက်မည်ဟူသော နိုင်ငံရေးသန္ဓိဋ္ဌာန်ရှိရန်လိုအပ်ပါသည်။ တိုင်းပြည်၏ မဝေးလှသော အတိတ်ခရီးကို ပြန်ကြည့်ပါက ရှစ်လေးလုံး လူထုဒီမိုကရေစီအရေးတော်ပုံကြီးအပြီး၌ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အထူးသဖြင့် ကျောင်းသားလူငယ်များတွင် ကိုယ့်နိုင်ငံကိုယ့်လူမျိုးအတွက် ဆောင်ရွက်မည်ဟူသော နိုင်ငံရေးသန္ဓိဋ္ဌာန်ရှိရန်လိုအပ်ပါသည်။ တိုင်းပြည်၏ မဝေးလှသော အတိတ်ခရီးကို ပြန်ကြည့်ပါက ရှစ်လေးလုံး လူထုဒီမိုကရေစီအရေးတော်ပုံကြီးအပြီး၌ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အထူးသဖြင့် ကျောင်းသားလူငယ်များတွင် ကိုယ့်နိုင်ငံကိုယ့်လူမျိုးအတွက် ဆောင်ရွက်မည်ဟူသော နိုင်ငံရေးသန္ဓိဋ္ဌာန်များ ပွင့်ထွက်မတတ် ထိုးထွက်ခဲ့ဖူးပါသည်။ သို့သော် ဤနိုင်ငံရေးသန္ဓိဋ္ဌာန်ကို ခက်ထန်ကြမ်းတမ်းလှသော ဒီမိုကရေစီရေးလှုပ်ရှားရုန်းကန်မှု၌သာ အသုံးချခဲ့ရပါသည်။

၂၀၁၅ ရွေးကောက်ပွဲ၌မူ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးသည် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် စစ်မှန်သောအပြောင်းအလဲကို ဖန်တီးမည်ဟူသော နိုင်ငံရေးသန္ဓိဋ္ဌာန်ကို ခိုင်ခိုင်မာမာ ချမှတ်ခဲ့ပါသည်။ ဤနိုင်ငံရေး သန္ဓိဋ္ဌာန်ကြောင့် လူထုကရွေးချယ်တင်မြှောက်သော လူထုအစိုးရတစ်ရပ်ကို ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ပါသည်။ ဤနိုင်ငံရေးသန္ဓိဋ္ဌာန်သည် ပြည်သူလူထု၏ နှလုံးသားကို ကိုင်လှုပ်နေဆဲဖြစ်ပါသည်။ ဤနိုင်ငံရေးသန္ဓိဋ္ဌာန်ကို တိုင်းပြည်အတွက် မှန်မှန်ကန်ကန် ထိထိရောက်ရောက် အသုံးချရန်လိုအပ်ပါသည်။ ထိုသို့ မှန်မှန်ကန်ကန် ထိထိရောက်ရောက်အသုံးချနိုင်မှသာ သမိုင်းကပေးအပ်လာသည့် အမျိုးသားရေးတာဝန်ကို ကျေပွန်မည်ဖြစ်ပါသည်။

ဤအမျိုးသားရေးတာဝန်ကျေပွန်ရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သော အစိုးရယန္တရားအရပ်ရပ်၊ လွတ်တော်အသီးသီး၌သာ တာဝန်ရှိသည်မဟုတ်ပါ။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ဤအမျိုးသားရေးတာဝန်ကို ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား လက်တွဲပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးဆိုရာ၌ နိုင်ငံရေးပါတီများ ပါဝင်သကဲ့သို့ အရပ်ဘက်အဖွဲ့အစည်းများလည်း ပါဝင်ပါသည်။ တပ်မတော်လည်း ပါဝင်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများလည်းပါဝင်ပါသည်။ စည်းလုံးညီညွတ်သော နိုင်ငံသူနိုင်ငံသားတို့၏ စွမ်းပကားသည် ရွှေခေတ်ကို ဖန်တီးနိုင်သည်ကို သမိုင်းက သက်သေပြပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်လာရောက်မှု တိုးတက်လာသလို ပြည်တွင်းမှ သွားရောက်လည်ပတ်မှုလည်း မြင့်တက်လာ

ရန်ကုန် ဧပြီ ၁၉

မြန်မာနိုင်ငံသို့ ပြည်ပမှ လာရောက်လည်ပတ်သော နိုင်ငံခြားသားခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့ပြီး ပြည်တွင်းမှလည်း ပြည်ပသို့ သွားရောက်လည်ပတ်မှုများ မြင့်တက်လာကြောင်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဝင်အထွက်မှတ်တမ်းများအရ သိရသည်။

ပြည်ပခရီးသွားဧည့်သည် လာရောက်မှုမှာ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် ဧည့်သည် သုံးသန်းကျော်အထိ ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ငါးသန်းနီးပါး မျှရှိခဲ့သည်ဟုသိရသည်။ ယခု ၂၀၁၆ ခုနှစ်တွင် တည်ငြိမ်အေးချမ်းစွာ အစိုးရတာဝန် အလွှဲအပြောင်းနှင့် အတူ နိုင်ငံတကာအသိအမှတ်ပြုရွေးကောက်ပွဲမှတစ်ဆင့် ပြည်သူလူထုရွေးချယ်ခဲ့သော အစိုးရတစ်ရပ်တာဝန်ယူဆောင်ရွက်မှုများကြောင့် ခရီးသွားဧည့်သည်မှာ မူလမျှော်မှန်းထားသည်ထက် ပိုမိုများပြားလာမည်ဟု ပြည်တွင်းပြည်ပ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့် ခရီးသွားကဏ္ဍ ရင်းနှီးမြှုပ်နှံသူများက မျှော်မှန်းထားကြသည်။

"ခရီးသွားဧည့်သည်တွေက တစ်နှစ်ထက်တစ်နှစ်ကို ပိုများလာတယ်။ အဓိက ဝင်ပေါက်၊ ထွက်ပေါက်အနေနဲ့လည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုပဲ ဆင်းသက်ကြတယ်။ ဒါကြောင့် ရန်ကုန်လေဆိပ်ရဲ့ ခရီးသည်ဝန်ဆောင်မှုပေးနိုင်တဲ့ ပမာဏက အရင်ကလိုမဟုတ်တော့တဲ့အတွက် တိုးချဲ့ရတာတွေ လုပ်ရတာပဲ ဖြစ်ပါတယ်။"

"၂၄ နာရီ ဆင်းသက်နိုင်တဲ့ International Gate Way အဖြစ် ဟံသာဝတီလေဆိပ်ကို အကောင်အထည်ဖော်လို့ မပြီးစီးသေးခင်မှာ ရန်ကုန်လေဆိပ်ကို ခရီးသည်ကိုင်တွယ်နိုင်မှုပမာဏ တိုးမြင့်နိုင်အောင် အဆင့်မြှင့်တင်ရပါတယ်။ ပြည်ပကလာတဲ့သူတွေများလာသလိုပဲ ပြည်တွင်းကနေ ပြည်ပကို သွားရောက်လည်ပတ်မှုကလည်း မြင့်တက်လာပါတယ်"ဟု ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်အဝင်၊ အထွက် မှတ်တမ်းများအရ ၂၀၁၆ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လတို့တွင် ပြည်ပမှ နိုင်ငံခြားသားခရီးသွားဧည့်သည်လာရောက်မှုမှာ လစဉ်ပျမ်းမျှ တစ်သိန်းကျော်အထိရှိခဲ့ကြောင်း သိရသည်။ ခရီးသွားရာသီအရ သင်္ကြန်ကာလတွင် ဧည့်သည်လာရောက်မှု လျော့ကျတတ်သော်လည်း နိုင်ငံရေးတည်ငြိမ်မှုနှင့် အစိုးရအပြောင်းအလဲကြောင့် ပြည်ပဧည့်သည်လာရောက်မှု သိသာစွာ လျော့ကျသွားနိုင်ခြင်းမရှိနိုင်ဟု ခရီးသွားလုပ်ငန်း ကျွမ်းကျင်သူများက သုံးသပ်သည်။

အလားတူပင် နွေရာသီကျောင်းပိတ်ရက်ဖြစ်ခြင်းနှင့် လေယာဉ်လက်မှတ်ဈေးနှုန်းများ လျော့ကျလာခြင်း၊ ကမ္ဘာ့လောင်စာဆီဈေးနှုန်း လျော့ကျလာမှုနှင့်အတူ လေကြောင်းလိုင်းများ အရောင်းမြှင့်တင်ခြင်း အစီအစဉ်များကြောင့် ပြည်တွင်းမှ ပြည်ပသို့ သွားရောက်လည်ပတ်သူများလည်း များပြားလာကြောင်း လေဆိပ်မှတ်တမ်းများအရ သိရသည်။

ယခုနှစ် ပထမသုံးလတာကာလ အတွင်းတွင် ပြည်တွင်းမှ ပြည်ပသို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် သွားရောက်မှုမှာ လစဉ်ပျမ်းမျှ ၁၁ သောင်းကျော် ခန့်ရှိပြီး ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံသို့ သွားရောက်မှုအများဆုံးဖြစ်ကြောင်း သိရသည်။

"အခုဆိုရင် ထိုင်းကိုသွားရင် လေယာဉ်လက်မှတ် ပရိုမိုးရှင်းပေးတဲ့ အချိန်ဆိုရင် အသွားအပြန်လက်မှတ်ကိုမှ အမေရိကန်ဒေါ်လာ ၁၀၀ လောက်ပဲရှိတယ်။ စင်ကာပူဆိုရင်လည်း ဘယ်လောက်မှမရှိတော့ဘူး။ ဟိုးအရင်ကတော့ နိုင်ငံခြားသွားဖို့ ဆိုတာ ပတ်စ်پို့စလုပ်ကတည်းက ခက်ခဲတာလေ။ လေယာဉ်လက်မှတ်ခတွေကလည်း မတတ်နိုင်ဘူး။ အခုလိုဈေးနှုန်းလောက်ကတော့ ပြည်တွင်းမှာ ခရီးသွားရင်တောင် အဲလောက်ကုန်တာဆိုတော့ သွားနိုင်တယ်။ ဗန်ကောက်က ဒီဇာလည်း ဖရီးဖြစ်သွားတော့ အဆင်ပြေတယ်။ စင်ကာပူလည်း ဗီဇာဖရီးဖြစ်သွားရင် အခုထက် ပိုသွားဖြစ်ကြမှာပေါ့။ ဗန်ကောက်က ဟိုတယ်ခတွေကလည်း မြန်မာနိုင်ငံမှာထက် အများကြီးသက်သာတော့ ဒီကလူတွေအနေနဲ့ သွားလည်နိုင်တဲ့အနေအထားမျိုး တွေဖြစ်လာပါတယ်'ဟု ထိုင်းနိုင်ငံသို့ အလည်သွားရောက်ခဲ့သူ မြန်မာနိုင်ငံသားတစ်ဦးက ပြောသည်။

(ဆုနှင်းလဲ့)

ရောင်လမ်း
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အယ်ဒီတာန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြန့်
ကြေးပုံသတင်းစာတိုက်က ထုတ်ဝေသည်။

ရောင်လမ်း Mirror Established at 1991
၁၉၉၇ခု၊ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၄၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၂၅၊ ၀၆၇-၃၄၁၃၀၀၊ ဖက်စ် ၀၆၇-၃၄၁၃၀၀၊
ရန်ကုန်မုံရွာ - အမှတ် ၇၇၊ ၇၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်ဖြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၁-၈၆၁၀၆၈၅၊ ဇီမ်/ဌေစာရင်း ၀၁-၂၉၁၄၇၅၊ မြန်မာ့ဆိုရေး ၀၁-၂၉၂၈၃၀၊ ကြေးခြား ၀၁-၃၉၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

ကြေးမုံ

ပြည်သူ့လက်ထဲက ရန်ကုန်၏အနာဂတ်

လှစုမြတ်(ဗီသုကာ)

(ယမန်နေ့မှ အဆက်)

ပြီးခဲ့တဲ့ဆောင်းပါးမှာ လူနေဇုန်များ သီးသန့်ခွဲခြားမှုအားနည်းခြင်းကြောင့် လူနေမှုပြဿနာအချို့ကို တင်ပြခဲ့ပါတယ်။ ယခုဆောင်းပါးမှာတော့ အဆောက်အအုံဆောက်လုပ်မှုကိုထိန်းချုပ်သောစည်းမျဉ်းများ အားနည်းခဲ့လို့ ရန်ကုန်မြို့ရဲ့ လူနေမှုအဆင့်အတန်း ကျဆင်းလာလို့ ကျဆင်းမှန်းမသိဖြစ်ခဲ့ပြီး အန္တရာယ်ရှိသော၊ လူနေမှုအဆင့်နိမ့်သော မြို့ပြဝန်းကျင်ဖြစ်တည်ရေးအတွက် အားပေးဦးတည်နေသည်ကို တင်ပြချင်ပါတယ်။

နိုင်ငံတကာမှာ အဆောက်အအုံများ ဆောက်လုပ်မှုအတွက် စံများသတ်မှတ်တဲ့အခါ အဆောက်အအုံရဲ့ ခိုင်ခံ့မှုတစ်ခုတည်းသာမကဘဲ အဆောက်အအုံပြီးစီးတဲ့အခါ အဆောက်အအုံနဲ့ အဆောက်အအုံအသုံးပြုသူတွေကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်လာမယ့် မကောင်းသောအကျိုးဆက်များ ကျရောက်မှုနည်းစေရန် မီးအန္တရာယ် အလွယ်တကူမပြန့်ပွားစေဖို့ အခြေခံစံတွေကိုလည်း ထည့်သွင်းသတ်မှတ်ကြပါတယ်။

လက်ရှိရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ အဆောက်အအုံများ ဆောက်လုပ်မှုအတွက် တည်ရှိနေသောစည်းမျဉ်းများမှာ အင်္ဂလိပ်အစိုးရရှိစဉ်ကမူလရှိခဲ့သော မြန်မာ့စီးပယ်အက်ဥပဒေများကိုအခြေခံကာ ပြောင်းလဲခဲ့သော်လည်း မီးအန္တရာယ်၊ အဆောက်အအုံများကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်လာနိုင်သော မကောင်းသောအကျိုးဆက်များနဲ့ လူဦးရေသိပ်သည်းဆတို့ကို ထည့်သွင်းစဉ်းစားခြင်းတွေမရှိဘဲ ခေတ်တောင်းဆိုမှုအတိုင်းသာ ပြောင်းလဲခဲ့တာဖြစ်ပါတယ်။ လက်ရှိနည်းဥပဒေများဟာ သုံးထပ်မှလေးထပ်အထိသာ မြင့်သော လူနေအိမ်များအတွက်သာ သင့်တော်သောစည်းမျဉ်းများ ဖြစ်ပါတယ်။

မြေကွက်အရွယ်အစားနှင့် လမ်းအကျယ်ကိုလိုက်၍ အထပ်အမြင့်ကို တရားသေသတ်မှတ်ထားရှိပါတယ်။ အဆောက်အအုံ၏ ဘေးဘက်မြေကျန်များကိုလည်း အရှေ့ဘက် ၁၂ ပေမှ ပေ ၂၀၊ ဘေးနှစ်ဖက် သုံးပေ (သုံးထပ်ခွဲနှင့် အောက်)၊ ဘေးနှစ်ဖက် တစ်ပေ (လေးထပ်နှင့် အထက်)၊ အနောက်ဘက် တစ်ပေ (နောက်ဖေးလမ်းကြားရှိပါက)၊ အနောက်ဘက် ခြောက်ပေ (နောက်ဖေးလမ်းကြားမရှိပါက)လို့သတ်မှတ်ပြီး ရန်ကုန်မြို့အနှံ့အပြားမှာ ဆောက်လုပ်ခွင့်ပြုပါတယ်။

အဲဒီစည်းမျဉ်းများကြောင့် နောက်ဖေးလမ်းကြားမရှိသော နေရာများမှာ (သုံးထပ်ခွဲနှင့် အောက်)လုံးချင်းများဆောက်ပါက ဘေးမြေကျန် သုံးပေချန်ဆောက်လုပ်ခိုင်းခြင်းမှာ ပတ်ဝန်းကျင်အတွက် ကောင်းမွန်သော်လည်း လေးထပ်အထက် အဆောက်အအုံများ ဆောက်လုပ်ပါက ဘေးမြေကျန်တစ်ပေသာချန်၍ ဆောက်ခြင်းကို ခွင့်ပြုသဖြင့် မီးအန္တရာယ်ကျရောက်စဉ် အိမ်နောက်ဖေးလှေကားမှ ဆင်းလာပါစေကာမူ အဆောက်အအုံ အရှေ့လမ်းဘက်သို့ ထွက်ပြေးရန် လမ်းကြောင်းမရှိတော့ပါ။ နိုင်ငံတကာမှာတော့ အထပ်မြင့်လာတာနဲ့အမျှ ပတ်ဝန်းကျင်ကိုပိုမိုအနှောင့်အယှက် ဖြစ်လေ့ရှိသဖြင့် ဘေးမြေကျန်ပိုမိုထားရှိရပါတယ်။

ရှေးကမြန်မာ့စီးပယ်အက်ဥပဒေအရ နောက်ဖေးလမ်းကြားရှိတဲ့ နေရာများမှာ ဘေးနှစ်ဖက်ကို မိမိပိုင်နယ်နိမိတ်အဆုံးအထိ ဆောက်ခွင့်ပေးပြီး ပြတင်းပေါက်ဖောက်ခွင့်မပေးပါ။ နယ်နိမိတ်အဆုံးမှာဆောက်တဲ့ အုတ်ရိုးကိုလည်း အမိုးအထက် သုံးပေ၊ လေးပေကျော်သည်အထိ ဆောက်တာကို ယနေ့တိုင် ရှိနေသေးတဲ့ မြို့လယ်မှ အဆောက်အအုံများမှာ ဆောက်လုပ်ထားတာ မြင်တွေ့ရနိုင်ပါတယ်။ အဲဒီလိုဆောက်ရတာက တစ်အိမ်ကမီး နောက်တစ်အိမ်မကူးအောင်ကာကွယ်ဖို့ ဆောက်ရတာပါ။ ဒါပေမယ့် ခေတ်ကာလ ပြောင်းပြီး ကန်ထရိုက်တိုက်လို့ခေါ်ကြတဲ့ အဆောက်အအုံများ ပေါ်လာတဲ့အခါမှာ ဘေးမြေကျန် တစ်ပေချန် ဆောက်လုပ်ပါက ပြတင်းပေါက် ဖောက်ခွင့်ပေးခဲ့ပါတယ်။ မီးအန္တရာယ်အတွက် သတ်မှတ်ထားရှိချက်ကို မသိနားမလည်ဘဲ စည်းမျဉ်းများ ပြောင်းလဲခဲ့ပါတယ်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်က ရန်ကုန်မြို့ ကြည့်မြင်တိုင်မှာ ဖြစ်ပွားခဲ့တဲ့ မီးလောင်မှုမှာ မီးလောင်မှုဖြစ်ပွားရာနှင့်ကပ်လျက် ကန်ထရိုက်တိုက်အပေါ်ထပ်များသို့ မီးများကူးခဲ့ပြီး မီးလောင်မှုဖြစ်ပွားရာနှင့် ကပ်လျက်ရှိသော ကန်ထရိုက်တိုက် အောက်ထပ်နှစ်ထပ်မှာ ပြတင်းများဖောက်ထားခြင်းမရှိသောကြောင့် မီးအန္တရာယ်မကျရောက်ခဲ့ပါ။ နိုင်ငံတကာမှာတော့ ပြတင်းဧရိယာများလာသည်နှင့်အမျှ ဘေးမြေကျန်ပိုမိုထားရှိရပါတယ်။

လက်ရှိစည်းမျဉ်းများ အားနည်းမှုကြောင့် မြို့ပြပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဥပမာ နောက်တစ်ခုကတော့ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းအနီးတစ်ဝိုက်ပါ။ လွန်ခဲ့တဲ့ ၁၅ နှစ်ခန့်ကအထိ ခြံကြီးဝင်းကြီးများနဲ့ အလွန်သာယာကောင်းမွန်တဲ့ ရပ်ကွက်ဖြစ်ခဲ့ပါတယ်။ ဓာတ်လေ့ကားပါ လူနေအိမ်ခန်းများကို ကွန်ဒိုရယ်လို့ စတင်မှားယွင်းစွာခေါ်ဆိုပြီး ဆောက်ခဲ့တဲ့ခေတ်မှာတော့ ခြံကြီးဝင်းကြီးများရှိ နှစ်ထပ်လူနေအိမ်များနေရာမှာ ခြံကွက်များကို စိတ်ပိုင်းလို့ ခုနစ်ထပ်၊ ရှစ်ထပ်တိုက်များဟာ မြေကျန်မရှိသလောက်နဲ့ နေရာယူလာခဲ့ပါတယ်။ လမ်းမျက်နှာစာတိုက်များမှာ လမ်းသို့မျက်နှာမူထားသဖြင့် မထောင်းတာလှသော်လည်း အတွင်းဘက်တိုက်များမှာမူ တိုက်တစ်တိုက်ရဲ့ နောက်ဖေးကိုသော်လည်းကောင်း၊ တိုက်တစ်တိုက်ရဲ့ ဘေးကိုသော်လည်းကောင်း မျက်နှာစာပြုလို့ ဆောက်ထားကြသည်မှာ မြို့နှင့်မတူဘဲ ကျူးကျော်တဲများကဲ့သို့ ပရမ်းပတာပတ်ဝန်းကျင်အဖြစ် ပြောင်းလဲသွားပါတယ်။

ဒီအခြေအနေကို သင်ခန်းစာယူသင့်သော်လည်း တစ်ချိန်က အရှေ့တောင်အာရှတွင် စံယူစရာမြို့အဖြစ် ဂုဏ်ယူဖွယ်သတ်မှတ်ခံခဲ့ရတဲ့ ဂုဏ်ကိုပင် မထောက်ထား။ ရန်ကုန်မြို့၏ တခြားခြံကြီးဝင်းကြီးများ အထင်ကရနေရာများဖြစ်သော တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြားရပ်ကွက်နှင့် ခုနစ်မိုင်၊ ရှစ်မိုင်၊ ကိုးမိုင်နေရာများတွင်ပါ ၎င်းကဲ့သို့ ဆောက်လုပ်မှုများကို ဆောက်ခွင့်ပြုလျက်ရှိပါတော့တယ်။ နိုင်ငံတကာရှိ နေချင့်စဖွယ်မြို့များမှာတော့ ဘေးအန္တရာယ်ကင်းရှင်းအောင် စီမံထားရှိရုံမျှမက သာယာဖွယ်ပတ်ဝန်းကျင်ဖြစ်စေရန် အဆောက်အအုံများ၏ အရွယ်အစားအမြင့်၊ အဆောက်အအုံတစ်လုံးနှင့်တစ်လုံး အကွာအဝေး၊ မြက်ခင်းအနေအထား အဆောက်အအုံများ၏ ဆေးအရောင် အစရှိသည်ဖြင့် သတ်မှတ်ထားရှိပါတယ်။ တစ်အိမ်ချင်းစီမှလည်း မိမိအိမ်ပတ်ဝန်းကျင်ကို တန်ဖိုးထားကာ စည်းကမ်းနှင့်အညီ လိုက်နာနေထိုင်ကြရပါတယ်။

ရန်ကုန်မြို့ နောက်ဖေးလမ်းကြားရှိတဲ့ မြို့နယ်အချို့မှာလည်း အဆောက်အအုံများဟာ လက်ရှိစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောက်လုပ်ထားသော်လည်း စည်းမျဉ်းများတွင် ဖြစ်ပေါ်လာနိုင်သော လူဦးရေသိပ်သည်းဆကို ထည့်သွင်းထိန်းချုပ်ခြင်းမရှိသဖြင့် လူဦးရေသိပ်ဆည်းဆမှာ အလွန်အမင်းများပြားလျက် ရှိနေပါတယ်။ အဲဒီရပ်ကွက်များမှာ လမ်းများဟာ ပေ ၃၀၊ ပေ ၅၀ စသည်ဖြင့်ကျယ်ပြီး မြေကွက်အရွယ်အစားများဟာ မျက်နှာစာ ၂၅ ပေ၊ ပေ ၃၀ အရှေ့နောက် ပေ ၅၀၊ ပေ ၆၀ ရှိလေ့ရှိပါတယ်။ အဆောက်အအုံများကို အရှေ့မြေကျန်အောက်ထပ် ငါးပေ၊ အပေါ်ထပ် တစ်ပေ၊ ဘေးနှစ်ဖက်မြေကျန် တစ်ပေစီနဲ့ အနောက်ဘက် မြေကျန်တစ်ပေချန်ပြီး အဆောက်အအုံအမြင့်ကို လမ်းအကျယ် နှစ်ဆဆောက်ခွင့်ပြုပါတယ်။

စမ်းချောင်းမြို့နယ်ရှိ ပေ ၃၀ အကျယ်လမ်းတစ်ခုကို လေ့လာကြည့်ပါတယ်။ ယခင်က စမ်းချောင်းရပ်ကွက်ဟာ မြေတစ်ကွက်လျှင် မိသားစုတစ်စုမှ နှစ်စုသာ နေလေ့ရှိပြီး လွန်စွာနေလို့ကောင်းတဲ့ မြန်မာရပ်ကွက်တစ်ခုပါ။ တစ်ဧကမှာ မြေကွက် ၂၂ ကွက်ခန့်ထွက်ပြီး ယခုအခါ ကန်ထရိုက်တိုက်များ တည်ဆောက်လို့ တစ်ဧကမှာ ပျမ်းမျှအိမ်ခန်း ၂၀၀ ခန့်ရှိတာကို လေ့လာတွေ့ရှိရပါတယ်။ ကားရပ်နားရန် သီးသန့်မပါရှိလို့ ပေ ၃၀ လမ်းကို တစ်လမ်းမောင်းလုပ်ပြီး ကားရပ်လျှင် စံမီကားရပ်နားရန်နေရာ (Standard Parking) ၁၆ နေရာသာ ရပါတယ်။ ယခုမှာတော့ ကားရပ်စရာ နေရာမရရအောင် မိမိတို့အိမ်ရှေ့ လမ်းတစ်ဖက်တစ်ချက်မှာ ကပ်ရပ်နေကြရတော့ အိမ်ထဲဝင်လျှင်ပင် ကားကြိုကားကြားမှ ဝင်ကြရပါတယ်။ လူသွားလမ်းပလက်ဖောင်းနေရာမကျန်ရှိဘဲ လမ်းလယ်ကပဲ လျှောက်ရပါတယ်။ တစ်ဧကကို အိမ်ခြေ ၂၂ အိမ်မှ အိမ်ခြေ ၄၀ ခန့်သာ နေထိုင်ဖို့ ဒီဇိုင်းလုပ်ထားတဲ့နေရာမှာ မိသားစု ၂၀၀ နေနေကြရလို့ ဖြစ်ပေါ်လာတဲ့ ရလဒ်တွေပါ။

တစ်ဧက အိမ်ခြေ ၂၀၀ ကို တစ်အိမ်လျှင် ပျမ်းမျှမိသားစုဦးရေ သုံးဦးနေထိုင်ပါက တစ်ဧကမှာ လူဦးရေ ၆၀၀ ခန့် နေထိုင်ရပါတယ်။ ကမ္ဘာမှာ လူဦးရေထူထပ်လို့ နာမည်ကြီးတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့မြို့တော် ဒက်ကာ (Dhaka) ရဲ့ ပျမ်းမျှလူဦးရေဟာ တစ်ဧကမှာ ၂၂၀ ခန့်သာရှိပါတယ်။ ကျွန်မတို့ရဲ့ ရပ်ကွက်တချို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒက်ကာရဲ့ ပျမ်းမျှလူဦးရေထက် သုံးဆခန့် ပိုမိုများပြားနေပါတယ်။ ကူးစက်ရောဂါ၊ ငလျင်အစရှိတဲ့ သဘာဝဘေးအန္တရာယ်တို့ ကြုံလာလျှင် လွန်စွာဆုံးရှုံးမှု များပြားနိုင်ပါတယ်။ ကျွန်မရဲ့ဟောပြောမှုမှာ လာနားထောင်တဲ့ ဆရာတစ်ယောက်က ကျွန်မရဲ့တင်ပြမှုကိန်းဂဏန်း (Data) ကို ကြည့်ပြီး ဒီအတိုင်းဆက်သွားရင် နောင်တစ်ချိန်ချိန် ကမ္ဘာမှာ Death Toll သေဆုံးမှု စံချိန်တင်ပါလိမ့်မယ်တဲ့။ ကျွန်မတို့တိုင်းပြည်အတွက် အဲဒီလိုစံချိန်မျိုး အလိုမရှိပါ။ နိုင်ငံတကာမှာ မြို့များကို ထိန်းချုပ်လေ့ရှိတဲ့စနစ်များအတိုင်း ရန်ကုန်မြို့ကို စနစ်တကျ စီမံဆောင်ရွက်လို့ ကျွန်မတို့တစ်တွေ ဝိုင်းဝန်းကြိုးစားကာကွယ်ကြရပါမယ်။

(ဆက်လက်ဖော်ပြပါမည်)

နိုင်ငံတကာမှာ မြို့များကို ထိန်းချုပ်လေ့ရှိတဲ့ စနစ်များအတိုင်း ရန်ကုန်မြို့ကို စနစ်တကျစီမံ ဆောင်ရွက်လို့ ကျွန်မတို့တစ်တွေ ဝိုင်းဝန်းကြိုးစား ကာကွယ်ကြရပါမယ်။

✱ ရှေ့ဖုံးမှ

အဓိကထား ဖြေရှင်းဆောင်ရွက်သွားမည်ဟု သိရသည်။

"ရန်ကုန်မှာ မိုးတွင်းဘက်ဆိုရင် ရေလျှံလာတာက ၂၀၀၃ ခုနှစ်နောက်ပိုင်းမှာပါ။ အရင်က လျှံပေမယ့် မဆိုးရွားဘူး။ ၂၀၀၃ ခုနှစ်ကနေ ၂၀၀၅ ခုနှစ် ပတ်ဝန်းကျင်မှာလည်း သမိုင်းလမ်းဆုံ၊ ယုဇနပလာဇာနဲ့ မြို့ထဲတချို့လောက်သာ ရေလျှံတတ်ပေမယ့် အဲဒီနောက်ပိုင်းနဲ့ နာဂစ်ဖြစ်ပွားပြီး နောက်ပိုင်းမှာ ရန်ကုန်မြို့ရဲ့ ရေကြီးရေလျှံမှုက အတော်ဆိုးလာတယ်။ နေရာအနှံ့ဖြစ်လာတယ်။ နှစ်တိုင်းလည်း ဘတ်ဂျက်တွေအသုံးပြုပြီး ရေစီးရေလာကောင်းမွန်ရေးကို ဆောင်ရွက်တယ်ဆိုပေမယ့် မိုးရေချိန်နည်းနည်းနဲ့ ရွာရင်တောင် ရန်ကုန်မှာ ရေလျှံလာတယ်။ ပိုဆိုးသွားတာက ကန်ထရိုက်တိုက်တွေ ဆောက်တော့ ရပ်ကွက်ထဲကမြောင်းတွေ ပိတ်သွားတယ်။ ချောင်းထွက်ပေါက်၊ မြစ်ထွက်ပေါက်တွေ ပိတ်သွားတယ်။ ရေစီးရေလာ မကောင်းတဲ့အခါ ရေက လျှံတော့တာပဲ။ ဘယ်လောက်ပဲ လမ်းသားမြင့်မြင့် ရေလျှံလာတဲ့အခါ အိမ်ထဲတွေ ရောင်ကုန်တော့တာပဲ။ အိမ်ရှေ့ရေမဝင်အောင် ကွန်ကရစ်အမြင့်ကြီးတွေ ကာထားရတယ်" ဟု တာမွေ မြို့နယ်တွင်နေထိုင်သူတစ်ဦးက ၎င်း၏အမြင်ကို ပြောသည်။

အလားတူ ရန်ကုန်မြို့၏ လမ်းဘေးစျေးသည် ပြဿနာသည်လည်း ကြီးမားလာနေပြီး ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်အပြီးတွင် ရန်ကုန်မြို့နှင့် နီးစပ်သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ကျေးရွာများ၊ မြို့နယ်များမှ ရန်ကုန်မြို့သို့ ရွှေ့ပြောင်းအခြေချနေထိုင်သူ များပြားလာပြီး လူများစုမှာ စျေးရောင်းချခြင်း၊ အခြေခံနေ့စားအလုပ်သမားများအဖြစ် အသက်မွေးဝမ်းကျောင်းပြုလာကြရာ လမ်းဘေးစျေးသည်များအား စျေးမရောင်းရဟု သတ်မှတ်ပါက အခြေခံလူတန်းစားများ၏ စားဝတ်နေရေးကို ထိခိုက်စေမည်ပင် ဖြစ်သည်။ ယင်းကြောင့် အဆိုပါ ပြဿနာရပ်များကို စနစ်တကျဖြေရှင်းသွားမည်ဟု ရန်ကုန်မြို့တော်ဝန်က မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

"လမ်းဘေးစျေးသည် ရန်ကုန်မှာ စပေါ်လာတာက လွတ်လပ်ရေးရပြီး ဗိုလ်တထောင်ဘုရားလမ်းက ဖြစ်လာတာပဲ။ လူတွေ စားဝတ်နေရေးခက်ခဲလို့ စျေးရောင်းရင်းနဲ့ လမ်းဘေးစျေးသည်တွေ ဖြစ်ပေါ်လာတယ်။ နောက်ပိုင်းမှာလည်း ဂဠုန်စီမံချက်ဆိုပြီး လမ်းဘေးစျေးသည်တွေ ရှင်းခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ ခေတ်အဆက်ဆက် အစိုးရတွေလက်ထက်မှာ ဒီပြဿနာကို သေချာမရှင်းနိုင်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခြေခံလူထုဖြစ်တဲ့အတွက် သူတို့နောက်မှာ ဒီခိုနေသူတွေကလည်းများတယ်။ ဒါကြောင့် အချိန်သတ်မှတ်တာ၊ နေရာသတ်မှတ်တာတွေနဲ့ ကန့်သတ်ခဲ့ပေမယ့် လမ်းဘေးစျေးသည်တွေဘက်ကလည်း စည်းကမ်းလိုက်နာမှုအားနည်းတယ်။ ဆိုင်ခန်းနဲ့ ရောင်းချနေသူတွေကလည်း ဆိုင်ရှေ့ လူသွားလမ်းအထိ ပစ္စည်းတွေချ နေရာယူတယ်။ လမ်းဘေးစျေးသည်ကလည်း လမ်းပေါ်မှာ ဆိုင်ခင်းတယ်။ အဲဒီမှာတင် လူသွားဖို့မရှိတော့ ကားလမ်းပေါ် ဆင်းလျှောက်ရတယ်။ ဒါတွေကို ဖြေရှင်းမယ်ဆိုရင် စနစ်တကျရှိဖို့တော့ လိုလိမ့်မယ်။ ဥပဒေစိုးမိုးမှုနဲ့ စည်းကမ်းလိုက်နာမှုပေါ့။ ဘန်ကောက်မှာလည်း လမ်းဘေးစျေးသည်ဆိုတာရှိတာပဲ။ သတ်မှတ်အချိန်အတိုင်း ရောင်းတယ်။ အမှိုက်ကို စနစ်တကျပစ်တယ်။ အချိန်တန်ရင် သွားကြည့်လိုက် ရှင်းလင်းနေတာပဲ။ စနစ်တကျ ဆောင်ရွက်ရင် နိုင်ငံခြားသားခရီးသွားဆွဲဆောင်မှုတောင် ဖြစ်သေးတယ်"ဟု မြို့တော်စည်ပင်၏ ဝန်ထမ်းတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တစ်နေရာမှ လမ်းဘေးစျေးသည်များကို တွေ့ရစဉ်။

(ဆုနှင်းလွဲ)

အီကွေဒေါဝလျင်ကြောင့် သေဆုံးသူ ၄၁၃ ဦးထိ မြင့်တက်

မန်တာ ဧပြီ ၁၉

လွန်ခဲ့သည့် စနေနေ့က အီကွေဒေါနိုင်ငံ မြောက်ပိုင်းကမ်းလွန်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် သေဆုံးသူ အရေအတွက်မှာ ၄၁၃ ဦးအထိ မြင့်တက်လာပြီဖြစ်သည်။

ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိ ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၀၀၀ ကျော်ရှိကြောင်း အီကွေဒေါအစိုးရက တနလင်္ဂနေ့တွင် ထုတ်ပြန်ကြေညာသည်။ အနည်းဆုံး လူ ၁၀ ဦးခန့်သည် ပြိုကျနေသည့် အဆောက်အအုံများအောက်တွင် ပိတ်မိနေခဲ့သည်ဟု ထိခိုက်ပျက်စီးမှုအများဆုံးဖြစ်သည့် မန်တာဆိပ်ကမ်းမြို့မှ မီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။

ငလျင်လှုပ်ပြီး နှစ်ရက်မြောက်နေ့တွင် ပြိုကျပျက်စီးနေသည့် အဆောက်အအုံများအောက်မှ လွတ်မြောက်လာသူများအတွက်လည်း ကယ်ဆယ်ရေးလုပ်ငန်းများမှာ အရေးတကြီး လိုအပ်လျက်ရှိသည်။ ကမ်းခြေတစ်လျှောက်ရှိ နေရာအတော်များများတွင် ထိခိုက်ပျက်စီးမှုများပြားခဲ့သည်။

အင်နီအိတ်ချ်ကေ။

ကဘူးရှိ ထောက်လှမ်းရေးအေဂျင်စီရုံး တိုက်ခိုက်ခံရ၊ ၂၈ ဦးသေဆုံး နယ်မြေများ၌ လူ ၃၀၀ကျော် ဒဏ်ရာရ

ကဘူး ဧပြီ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးရှိ အမျိုးသား လုံခြုံရေး ညွှန်ကြားရေးမှူးရုံးကို ပစ်မှတ်ထားကာ တာလီဘန်စစ်သွေးကြွများက အသေခံကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ ၂၈ဦး သေဆုံးပြီး လူ ၃၀၀ ကျော် ထိခိုက်ဒဏ်ရာရရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

နွေဦးရာသီ ထိုးစစ်စတင်ပြီဟု တာလီဘန်အဖွဲ့က ဧပြီ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးနောက်ပိုင်း မြို့တော်ကဘူး၌ အပြင်းထန်ဆုံး အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဧပြီ ၁၉ရက် နံနက်ပိုင်း သွားလာသူများဖြင့် စည်ကားနေချိန်အတွင်း လုံခြုံရေးထူထပ်စွာ ချထားသည့် ထောက်လှမ်းရေးအေဂျင်စီရုံးဖြစ်သော အဆိုပါရုံးတည်ရာ အဆောက်အအုံ၏ ဂိတ်ပေါက်တွင် တာလီဘန်အဖွဲ့က ကားဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ယင်းနောက်တွင် အဆိုပါအဆောက်အအုံတည်ရာခြံဝင်းအတွင်းသို့ တာလီဘန်စစ်သွေးကြွများ ဝင်ရောက်လာခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။ သေဆုံးထိခိုက်ရသူအများစုမှာ အရပ်သားများ ဖြစ်ကြသည်။

ရိုက်တာ။

ရေနံလုပ်ငန်းဝင်ငွေကျဆင်းမှုကြောင့် အိုင်အက်စ်အဖွဲ့ ၏ ဝင်ငွေသုံးပုံတစ်ပုံကျဆင်းဟုဆို

ဘေရွတ် ဧပြီ ၁၉

အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)၏ ဝင်ငွေနှင့် ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေရှိလူဦးရေ သုံးပုံတစ်ပုံခန့် ကျဆင်းသွားကြောင်း အမေရိကန်အခြေစိုက် သုတေသနကုမ္ပဏီတစ်ခုက ပြောကြားသည်။ အိုင်အက်စ်အဖွဲ့ ဝင်ငွေကျဆင်းလာရခြင်းသည် ၎င်းတို့တစ်ဖက်သတ် ထူထောင်ထားသောနိုင်ငံတော်ကို ကာလရှည်ကြာစွာ အုပ်စိုးနိုင်မှုအပေါ် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း သုတေသီများက ပြောကြားကြသည်။

အိုင်အက်စ်အိုင်အက်စ်(သို့မဟုတ်) အိုင်အက်စ် အိုင်အယ်လ်ဟု လူသိများသည့် ဆွန်နီအစွန်းရောက်အဖွဲ့၏ လအလိုက်ဝင်ငွေသည် ယခုနှစ်မတ်လတွင် အမေရိကန်ဒေါ်လာ ၅၆ သန်းအထိ ကျဆင်းခဲ့သည်။ ယမန်နှစ်နှစ်လယ်ခန့်က မူလအလိုက်ဝင်ငွေ ဒေါ်လာသန်း ၈၀ အထိ ရှိခဲ့ကြောင်း အိုင်အိတ်ချ်အက်စ် သုတေသနကုမ္ပဏီက ပြောကြားသည်။

အိုင်အက်စ်အဖွဲ့၏ နေ့စဉ် ရေနံထုတ်လုပ်မှုသည် ယခုနှစ်မတ်လတွင် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက စည်ပေါင်း ၃၃၀၀၀ မှ စည် ၂၁၀၀၀ အထိ ကျဆင်းသွားသည်။ ယင်းမှာ အမေရိကန် ဦးဆောင်သည့် မဟာမိတ်နိုင်ငံများက လေကြောင်းတိုက်ခိုက်မှုများကြောင့် ရေနံထုတ်လုပ်ရေးလုပ်ငန်း အဆောက်အအုံများ ထိခိုက်ပျက်စီးရမှုကြောင့် ဖြစ်ရသည်ဟု ဆိုသည်။

အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)သည် တပ်ဖွဲ့တစ်ဖွဲ့အသွင်ဖြင့် တည်ရှိနေသေးသော်လည်း ယင်းတို့၏ ဝင်ငွေကြီးမားစွာ ကျဆင်းနေခြင်းကြောင့် ၎င်းတို့ ထိန်းချုပ်ထားသော နယ်မြေကို ထိန်းချုပ်ရေးတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်လာရမည်ဖြစ်ကြောင်း သုတေသီ လူဒိုမီကိုကာလီနိုက်၏ အစီရင်ခံစာတွင် ဖော်ပြသည်။

အိုင်အက်စ်အဖွဲ့က ထိန်းချုပ်ထားသည့်ပိုင်နက်နယ်မြေ ဧရိယာ၏ ၂၁ ရာခိုင်နှုန်းခန့်သည် ၂၀၁၄ ခုနှစ်နှစ်လယ်ကတည်းက ဆုံးရှုံးသွားခဲ့ပြီး ၎င်းတို့ ထိန်းချုပ်ထားသည့် လူဦးရေမှာ ကိုးသန်းမှ ခြောက်သန်းအထိ ကျဆင်းသွားကြောင်း သတင်းတွင် ဖော်ပြသည်။

ရိုက်တာ။

စစ်ဘက်ဆိုင်ရာ အရေးပေါ်တယ်လီဖုန်းလိုင်းဖွင့်လှစ်ရန် အိန္ဒိယအဆိုပြုချက် တရုတ်ကြိုဆို

ပေကျင်း ဧပြီ ၁၉

စစ်ဘက်ဆိုင်ရာ အရေးပေါ် တယ်လီဖုန်းလိုင်း ဖွင့်လှစ်ရန် အိန္ဒိယနိုင်ငံ၏ အဆိုပြုချက်ကို တရုတ်နိုင်ငံက အပြုသဘောလက်ခံကြိုဆိုကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှု ဖြစ်ပေါ်နေသော နှစ်နိုင်ငံ နယ်စပ်ဒေသနှင့် ဆက်နွယ်နေသည့် ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန် ရည်ရွယ်လျက် စစ်ဘက်ဆိုင်ရာ အရေးပေါ် တယ်လီဖုန်းလိုင်း ဖွင့်လှစ်ရန် အိန္ဒိယနိုင်ငံက တရုတ်နိုင်ငံအား အဆိုပြုခဲ့ကြောင်း၊ မြို့တော်ပေကျင်း၌ တရုတ်ကာကွယ်ရေး ဝန်ကြီး ချန်ဝန်ကျင်နှင့် တွေ့ဆုံရာတွင် အိန္ဒိယကာကွယ်ရေးဝန်ကြီး မာနိုဟာပါရီကာက ယင်းသို့ အဆိုပြုခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ရှုကလီးယား လက်နက်ပိုင်ဆိုင်ကြသော အိမ်နီးချင်း နှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် ကာလရှည် ဖြစ်ပေါ်ခဲ့သော ဆက်ဆံရေး တင်းမာမှုများ ပြေလျော့နိုင်စေရန် ဦးတည်ကြိုးပမ်းလျက်ရှိကြသည်။

နှစ်နိုင်ငံ နယ်စပ်ဒေသ ပိုင်နက်နယ်မြေ အငြင်းပွားမှု အဆုံးသတ်စေရေး အတွက် ကြိုးပမ်းဆောင်ရွက်ကြရန် အိန္ဒိယနှင့် တရုတ်ခေါင်းဆောင်များက လွန်ခဲ့သည့် မေလတွင် ကတိပြုခဲ့ကြသည်။

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် ၁၉၆၂ ခုနှစ်တွင် အချိန်ကာလတိုတောင်းသော စစ်ပွဲတစ်ပွဲကို ဆင်နွှဲခဲ့ကြဖူးသည်။ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်ရေးအတွက် တရုတ်နိုင်ငံနှင့် လက်တွဲ လုပ်ကိုင်သွားရန် အသင့်ရှိကြောင်း အိန္ဒိယ ကာကွယ်ရေးဝန်ကြီး ပါရီကာက ပြောကြားသည်။

ဟိမဝန္တာတောင်တန်း၏ အရှေ့ပိုင်းနယ်မြေရှိ အိန္ဒိယ အုပ်ချုပ်သော စတုရန်း ကီလိုမီတာ ၉၀၀၀၀ (စတုရန်းမိုင် ၃၅၀၀၀)အကျယ်အဝန်းရှိ နယ်မြေသည် မိမိတို့ပိုင်နယ်မြေဖြစ်သည်ဟု တရုတ်နိုင်ငံက ပြောကြားခဲ့ဖူးသည်။

အက်ဆိုင်ချင် ကုန်းမြေမြင့်ရှိ နယ်မြေ စတုရန်းကီလိုမီတာ ၃၈၀၀၀ (စတုရန်းမိုင် ၁၄၆၀၀)ကို တရုတ်နိုင်ငံက သိမ်းပိုက်ထားသည်ဟု အိန္ဒိယနိုင်ငံက ပြောကြားခဲ့ဖူးသည်။

ရိုက်တာ။

မလေးရှားနိုင်ငံတွင် စစ်လက်နက်ပစ္စည်း ပြပွဲကျင်းပ

ကွာလာလမ်ပူ ဧပြီ ၁၉

မလေးရှားနိုင်ငံ၌ကျင်းပသော အပြည်ပြည်ဆိုင်ရာကာကွယ်ရေးပစ္စည်းများပြပွဲတစ်ခုတွင် ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍများမှ ကုမ္ပဏီများက စံချိန်တင်ဝင်ရောက်ပြသကြောင်းသိရသည်။

တောင်တရုတ်ပင်လယ်အတွင်း တင်းမာမှုများမြင့်တက်နေစဉ် အရှေ့တောင်အာရှတိုင်းပြည်များက ပင်လယ်ရေကြောင်းဆိုင်ရာ စစ်လက်နက်ပစ္စည်းများသုံးစွဲရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်နှင့်ဒေသ ၆၀ မှ လက်နက်ထုတ်လုပ်ရေးကုမ္ပဏီ ၁၂၀၀ ခန့်မှာ ကွာလာလမ်ပူမြို့တော်၌ နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိသော အာရှကာကွယ်ရေးပစ္စည်းပြပွဲတွင် ပါဝင်ဆင်နွှဲလျက်ရှိသည်။ အဆိုပါ ကုမ္ပဏီများက တရုတ်ကင်းထောက်မောင်းသူမဲ့လေယာဉ်များနှင့် ရေငုပ်သင်္ဘောဖျက်စွမ်းပကားများရှိသော အမေရိကန်လေယာဉ်အပါအဝင် နောက်ဆုံးပေါ်နည်းပညာများ အသုံးပြုတည်ဆောက်ထားသော စစ်လက်နက်ပစ္စည်းများ ခင်းကျင်းပြသလျက်ရှိ သည်။

အပြည်ပြည်ဆိုင်ရာသုတေသနအဖွဲ့အစည်းတစ်ခု၏အဆိုအရ အဖွဲ့ဝင် (၁၀) နိုင်ငံရှိသော အာဆီယံနိုင်ငံ များက ယခုနှစ်မှစတင်၍ လာမည့်ငါးနှစ်တာကာလအတွင်း စစ်ဘက်အသုံးစရိတ် အမေရိကန်ဒေါ်လာ ၅၈ ဘီလီယံသုံးစွဲမည်ဟု မျှော်မှန်းထားသည်။ ဝယ်ယူမည့်စစ်လက်နက်ပစ္စည်းအများစုကို တောင်တရုတ်ပင်လယ်အတွင်း အသုံးပြုဖွယ်ရှိကြောင်း ကျွမ်းကျင်သူများ ကဆိုသည်။ တရုတ်နိုင်ငံက အရင်းအမြစ်ပေါကြွယ်ဝသော တောင်တရုတ်ပင်လယ်တစ်ခုလုံးနီးပါးကို ၎င်းတို့ပိုင်ဆိုင်ကြောင်း တောင်းဆိုလျက်ရှိသလို ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံများအပါအဝင် အာဆီယံတိုင်းပြည်များကလည်း ဒေသအချို့ကိုပိုင်ဆိုင်ကြောင်း အခိုင်အမာဆိုသည်။

အင်နီအိတ်ချ်ကေ။

ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်း

သက်တော်(၉၅)နှစ်၊ ဝါတော် (၇၅) ဝါ



ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးသည် ကောဇာသက္ကရာဇ် ၁၂၀၃ ခုနှစ် ဝါဆိုလပြည့်ကျော် ၉ ရက်(ခရစ်နှစ် ၁၉၂၁ ခုနှစ် ဇူလိုင်လ ၂၈ ရက်) ကြာသပတေးနေ့တွင် ရန်ကုန်မြို့ တံတားကလေးကျေးရွာ ရွှေဘိုစု၌ ခမည်းတော် ဦးဖေ၊ မယ်တော် ဒေါ်ချစ်စုတို့မှ ဖွားမြင်ခဲ့သော နဝမသားရတနာ ဖြစ်ပါသည်။

ခုနစ်နှစ်သားအရွယ်တွင် ပဲခူးကော့ချဲကျေးရွာ ကျောင်းဆရာတော် အရှင်ဇာဂရထံတွင် ပညာစတင်သင်ယူကာ ကျောင်းသားအရွယ်ကပင် ကဝမြို့နယ် အုန္နဲရွာ ဒကွိဇာရုံရွှေကျင်တိုက် ပရိယတ္တိအာဂုံစာပြန်ပွဲတွင် ပထမယေန့နှင့် ပထမလတ်တို့ကို ပြန်ဆိုအောင်မြင်တော်မူခဲ့သည်။

(၁၂)နှစ်သားအရွယ်တွင် ဆရာတော်အရှင်ဇာဂရထံ၌ပင် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ အသက်(၁၈)နှစ်အရွယ်တွင် ပဲခူးကျောက်တန်းရွာ မဟာဗောဓိတောရ ဆရာတော်ကြီး အရှင်ကေလာသ မဟာထေရ်ထံရောက်ရှိကာ နေ့ဝါ ညဝါဆိုင်ရာ ကျမ်းစာများ ဆက်လက်သင်ကြားရင်း ကျောက်တန်း မဟာဗောဓိတောရတိုက် ပရိယတ္တိ အာဂုံစာပြန်ပွဲတွင် ပထမကြီးတန်းကို ပြန်ဆိုအောင်မြင် တော်မူခဲ့သည်။

သက်တော်(၂၀)ပြည့်သောအခါ ၁၃၀၂ ခုနှစ် တပို့တွဲလဆန်း ၈ ရက်နေ့တွင် ကျောက်တန်းရွာ ဦးဘိုဟန်-ဒေါ်သောင်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မဟာဗောဓိတောရတိုက် ခဏ္ဍသိမ်တော်ကြီး၌ မဟာဗောဓိတောရ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဒုတိယကမ္ဘာစစ်ပြီးကာလတွင် သယ်နိုးကျွန်းကျိုက္ကစ် ရွှေကျင်တိုက်သစ်တွင် အကူစာချဆရာတော် အဖြစ် စာပေပို့ချရင်း ၁၃၀၈ ခုနှစ် သက်တော်(၂၆)နှစ်တွင် ရှေးဦးအစ ကျင်းပသော ပါဠိပထမပြန်စာမေးပွဲတွင် ပထမလတ်တန်းကို အောင်မြင်တော်မူခဲ့သည်။ ၁၃၀၉ ခုနှစ် သက်တော် (၂၇)နှစ်တွင် ပထမကြီးတန်းကိုလည်းကောင်း၊ စေတိယဂိုဏ ပရိယတ္တိသီးခြားစာသင်တန်းကိုလည်းကောင်း အောင်မြင် တော်မူခဲ့ပါသည်။

၁၃၁၀ ခုနှစ် သက်တော်(၂၈)နှစ်တွင် မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ဇီဗပင်ဆရာတော် အရှင်သုဇာတထေရ်ကို မှီခိုလျက် ဆရာမြတ်များထံမှ စာချတန်းဆိုင်ရာ အထက်တန်းပါဠိ အဋ္ဌကထာ ဋီကာတို့ကို လေ့လာဆည်းပူးခဲ့သည်။ ရန်ကုန်မြို့ ဘုရားကြီးတိုက်မှ လည်းကောင်း၊ ဆရာဦးအောင်မြတ်ထွဋ်ထံမှ လည်းကောင်း၊ သံလျင်သပြေကန် ဓမ္မိကာရာမတိုက် အရှင်ဝါသေဋ္ဌာဘိဝံသထံမှလည်းကောင်း စာချတန်းဆိုင်ရာ နည်းနာနိသယတို့ကို လေ့လာဆည်းပူးတော်မူခဲ့ပါသည်။

သက်တော် (၃၀)အရွယ် ၁၃၁၃ ခုနှစ်တွင် သိရီပဝရ ဓမ္မာစရိယတန်းနှင့် သာသနဇေ သိရီပဝရ စာချတန်းကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။

၁၃၁၄ ခုနှစ် သက်တော်(၃၁)နှစ်တွင် စေတိယဂိုဏ စာချတန်းကို ပထမဖြင့် ဖြေဆိုအောင်မြင်တော်မူခဲ့ပါသည်။

၁၃၁၆ ခုနှစ် သက်တော်(၃၃)နှစ်တွင် စာချရင်း ဆဋ္ဌသင်္ဂါယနာတင်ကိစ္စ၊ ပါဠိဝိသောဓက ကိစ္စတို့ကိုလည်း ဆောင်ရွက်တော်မူခဲ့ပါသည်။ ၁၃၁၇ ခုနှစ်တွင် သတိပဋ္ဌာန်ဝိပဿနာလုပ်ငန်းကို ဆက်လက် လေ့လာဆည်းပူးရန် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီးထံသို့ရောက်လာပြီး ဆရာတော်ကြီးပေးအပ်သော တာဝန်တို့ကို ဆောင်ရွက်တော်မူခဲ့သည်။

၁၃၂၀ပြည့်နှစ် သက်တော် (၃၇) နှစ်တွင် သီဟိဠ်နိုင်ငံ ကိုလံဘိုမြို့၌ ကမ္မဋ္ဌာန်းဌာနသစ်ဖွင့်ရန် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီးသည် ဆရာတော်အား ခေါ်ဆောင်သွား၍ ဆရာတော်သည် မဟာစည်ဆရာတော်ဘုရားကြီး၏ သြဝါဒတော်အတိုင်း (၃)နှစ်နီးပါး ပဋ္ဌိပတ္တိ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ကျန်းမာရေးမပြည့်စုံသဖြင့် မဟာစည်တော်ဘုရားကြီးထံ ပြန်လာခဲ့ပြီး ပရိယတ္တိ ပဋ္ဌိပတ္တိ နည်းနာနိသယများကို ဆက်လက်ဆည်းပူးရင်း တရားအားထုတ်ရန် လာရောက်သော ယောဂီများကို ဟောကြားညွှန်ပြဆုံးမပေးခဲ့ပါသည်။

၁၃၄၀ ခုနှစ် (ခရစ်နှစ် ၁၉၇၉ခုနှစ်)တွင် မဟာစည်သာသနာ့ရိပ်သာ၌ နာယကဆရာတော် တစ်ပါးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၁၉၈၂ ခုနှစ် မဟာစည်ဆရာတော်ကြီး စံလွန်တော်မူသွားသောအခါ သြဝါဒါစရိယဆရာတော်အဖြစ် (၈)နှစ်တာမျှ သာသနာ့ဝန်ကို ကြိုးပမ်းဆောင်ရွက်တော်မူခဲ့ပါသည်။

၁၃၅၂ခုနှစ် (၁၉၉၀ ပြည့်နှစ်) သက်တော်(၆၈)နှစ်တွင် အမှတ်(၈၀-က)သံလွင်လမ်း ဗဟန်းမြို့နယ်တွင် တည်ရှိသော ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို စတင်တည်ထောင်တော်မူခဲ့ပြီး အနာဂတ်သာသနာရေးအတွက်ပါ အမြော်အမြင်ကြီးစွာဖြင့် ပရိယတ်မကင်းသော ပဋ္ဌိပတ်၊ ပဋ္ဌိပတ်မကောင်းသော ပရိယတ် သာသနာပြုလုပ်ငန်းကို ဗုဒ္ဓနည်းကျ မဟာစည်ဆရာတော်ကြီး၏ သြဝါဒတော်အတိုင်း စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါသည်။

၁၃၆၉ ခုနှစ်(၂၀၀၇ခုနှစ်) သက်တော်(၈၆)နှစ်တွင် နုလုံးခွဲစိတ်ကုသမှုခံယူပြီးနောက် ပြည်တွင်းသာမက ပြည်ပနိုင်ငံများဖြစ်ကြသည့် အမေရိကန်၊ ထိုင်ဝမ်၊ နီပေါ၊ စင်ကာပူနိုင်ငံများသို့ပါ ကြွရောက်ကာ ဓမ္မဂုဏ်ရည်များ ပြသပေးခဲ့ပါသည် ။ ပြည်တွင်းတွင် ရန်ကုန်၊ ပဲခူး၊ ဆယ်မိုင်ကုန်း၊ သန်လျင်၊ ထောက်ကြန့်၊ လှည်းကူး၊ မော်လမြိုင်၊ ပြင်ဦးလွင် ရိပ်သာခွဲများရှိလာပြီး ပြည်ပတွင် နီပေါ၊ သြစတြေးလျ၊ ကိုရီးယား၊ အင်္ဂလန်၊ အမေရိက၊ ကနေဒါ၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်ဝမ် ရိပ်သာခွဲများ ရှိလာကာ ဓမ္မအလင်းများ ဖြန့်ဝေပေးလျက်ရှိပါသည်။

ဆရာတော်ကြီးသည် အနာဂတ်မျိုးဆက်သစ်များအတွက် တော်ဖို့ထက် လူကောင်း၊ လူမွန်လေးများ ဖြစ်လာကြစေရန် ဗုဒ္ဓအဆုံးအမ၊ ဗုဒ္ဓယဉ်ကျေးမှုတို့ ကိန်းအောင်းကျင့်သုံးလာစေရန်အတွက် နွေရာသီ တစ်လတာ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းကိုလည်း ယခုနှစ်တွင် (၂၆)ကြိမ်တိုင်တိုင် စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပြသဆုံးမပေးခဲ့ပါသည်။ ၁၃၆၄ခုနှစ် (၂၀၀၂ ခုနှစ်)မှစ၍ ဝါတွင်းကာလများတွင်လည်း အပတ်စဉ် ဥပုသ်နေ့တိုင်း ကျောင်းသားလူငယ်များအတွက် ဗုဒ္ဓယဉ်ကျေးမှုများ သင်ကြားပြသပေးတော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း ဆရာတော်ကြီးသည် ပရိယတ်မကင်းသော ပဋ္ဌိပတ်၊ ပဋ္ဌိပတ်မကင်းသော ပရိယတ်သာသနာကို အားသွန်ခွန်စိုက်ပြုရင်း သက်တော်(၉၅)နှစ် ဝါတော်(၇၅)ဝါ အရွယ် ကောဇာသက္ကရာဇ် ၁၃၇၇ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်၊ သင်္ကြန်အတက်နေ့၊ စနေနေ့(ခရစ်နှစ် ၂၀၁၆ ခုနှစ် ဧပြီလ ၁၆ ရက်)တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဘာမွန်ဂတ် အပြည်ပြည်ဆိုင်ရာဆေးရုံကြီး (Burmungard International Hospital)တွင် ဗန်ကောက်မြို့ စံတော်ချိန် နံနက် ၈ နာရီ ၀၅ မိနစ် (မြန်မာစံတော်ချိန် နံနက် ၇ နာရီ ၃၅ မိနစ်)၌ ဘုရားရှင်ပင် မလွန်ဆန်နိုင်သော အနိစ္စသဘောနှင့်တွေ့ရ၍ ခန္ဓာဝန်ချုပ်ငြိမ်းကာ စံလွန်တော်မူခဲ့ပါသည်။

○ ဝန်မြစ်ကူးတံတားမှ

လေးမျက်နှာမှ အိုင်သပြုဆိုသောကျေးရွာသို့ မော်တော်စက်လှေနှင့်သွားရကာ အိုင်သပြုမှ ခမောက်စုကျေးရွာသို့ စစ်ကျန်ပိုက်ပူကားများနှင့်သွားရပြီး ခမောက်စု ဘူတာလေးမှဟင်္သာတမြို့သို့ မီးရထားနှင့်သွားရသည်။ တစ်ဖန် ဟင်္သာတ၊ ဘူတာမှ ရွှေပြောင်ပြောင်ဘုရားအနီးရှိ သင်္ဘောဆိပ်သို့ ကားနှင့်သွားပြီး သင်္ဘောကူးတို့ဖြင့် သာရဝေါသို့သွားရသည်။ သာရဝေါဘူတာမှ ရထားဖြင့် ရန်ကုန် ကြည့်မြင်တိုင်ဘူတာသို့ရောက်ရှိသည်။ လေးမျက်နှာမြို့နှင့် ရန်ကုန်မြို့ ကြီးသည် မိုင် ၂၀၀ ကျော်လောက်ပဲဝေးပါသည်။ အဲဒီအချိန်က အကြောင်းကိစ္စရှိလို့ ရန်ကုန်မြို့ကိုလာမယ်ဆိုလျှင် အချိန်ကုန် လူပန်းငွေကုန် ဖြစ်ခဲ့ရသည်ကို အမှတ်ရမိသည်။

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာဆိုသော နယ်မြို့လေးတွင် ဒေသခံများထဲမှထင်ပေါ်ကျော်ကြားသူများလည်း ရှိခဲ့ပါသည်။ အဓိက နာမည်ကျော်ကြားသည့် သက်တော်တစ်ရာ၊ ဝါတော်ရှစ်ဆယ်တွင် ဘဝနတ်ထံ ပြန်လွန်တော်မူသော ကျမ်းပြုဆရာတော်ကြီး ရွှေဟင်္သာဆရာတော်ပင် ဖြစ်သည်။ ရွှေဟင်္သာဆရာတော်ကြီးမှာ သက်ရှိထင်ရှားရှိစဉ်က ဘာသာ၊ သာသနာအတွက် ကျမ်းစာအုပ်များရေးသားပြုစုခြင်းဖြင့် သာသနာပြု ပုဂ္ဂိလ်ကျော်တစ်ပါးဖြစ်သည်။ ထို့အပြင် ယခင်ကကျမ်းပြုဆရာတော်ကြီး ဖြစ်သော ထွဋ်ခေါင်ဆရာတော်ကြီးမှာလည်း လေးမျက်နှာမြို့နယ် ကြီးပေါက်ကုန်းကျေးရွာအုပ်စု မြင်းကုန်းကျေးရွာ ဇာတိဖွားဖြစ်သည်။

ရုပ်ရှင်နှင့်သဘင်လောကတွင် နာမည်ကျော်ကြားခဲ့သော ဇာတ်မင်းသားကြီး ဦးစိန်အောင်မင်း တည်ထားကိုကွယ်သော သင်္ဘောဦးပုံဘုရားမှာ ယနေ့တိုင် မြစ်ကျိုးကျေးရွာ ဝန်မြစ်ကမ်းဘေးတွင်ဖူးတွေ့နိုင်သည်။ အကယ်ဒမီဆုရှင် အမေဒေါ်ကြည်ကြည်ဌေး၊ အကယ်ဒမီမေဝင်းမောင်၊ အကယ်ဒမီဟာသ သရုပ်ဆောင် မော့စ်တို့မှာ လေးမျက်နှာမြို့သားတို့ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ သမိုင်းသုတေသီဆရာကြီး ဒေါက်တာသန်းထွန်း၊ မြန်မာ့လက်ရွေးစင် ဘောလုံးသမားများဖြစ်ကြသော ဦးလှဌေး၊ ဦးအောင်စဖြိုးတို့လည်းဖြစ်ကြပြီး ထိုအချိန်က ပေါက်ဆီနဲ့ အောင်စံဖြိုးအတွဲမှာ ကျွန်းဆွယ်ဘောလုံးပွဲများတွင် နာမည်ကြီးကျော်ကြားခဲ့သည်။ ယခင်လမ်းစဉ်လူငယ်ဗဟို အတွင်းရေးမှူးဦးလှရွှေ စသည်ဖြင့် လေးမျက်နှာမြို့နယ်သားများ များစွာရှိသည်။ တိုင်းရင်းဆေးလောကတွင်နာမည်ကြီးသည့် အဝေရာတိုင်းရင်းဆေးမိသားစုမှာလည်း လေးမျက်နှာမြို့သားများဖြစ်သည်။

နာမည်ကျော်ခဲ့သူရော၊ နာမည်မကျော်ခဲ့သူရော လေးမျက်နှာသားအားလုံးသည် ကိုယ့်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်အား၊ စိတ်အား၊ ငွေအားဖြင့် တစ်ထောင့်တစ်နေရာကနေ အကျိုးပြုလုပ်ငန်းများဆောင်ရွက်နေကြသည်မှာ စိတ်ကြည်နူးစွာတွေ့ရသည်။ ဒီမိုကရေစီအစိုးရခေတ် တိုင်းဒေသကြီးအစိုးရ အဖွဲ့တွင် စည်ပင်သာယာရေးဝန်ကြီးတစ်ဦးအဖြစ် လေးမျက်နှာမြို့သား ဦးကျော်ဝင်းနိုင်က တာဝန်ထမ်းဆောင်ခွင့်ရ၍ ဝန်ကြီးကလည်း လေးမျက်နှာမြို့ တိုးတက်ရာတိုးတက်ကြောင်းကို ဥပဒေဘောင်အတွင်းကကူညီဆောင်ရွက်ပေးသည်ကို လည်းကောင်း၊ ၂၀၁၅ ခုနှစ် သြဂုတ် ၃၁ ရက်က လေးမျက်နှာထူပါရုံ ဘုရားကြီးတွင် သက်ကြီး ၈၂ ဦးနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ ကို လှျှဖွယ်ပစ္စည်းများနှင့် စာရေးကိရိယာများ ထောက်ပံ့လှူတန်းခဲ့သည်ကိုလည်းကောင်း သိရ၍ ပီတိဖြစ် မုဒိတာပွားမိပါသည်။ ၂၀၁၅ ခုနှစ် ရေကြီး ရေလွှမ်းသဘာဝဘေးတွင်လည်း တတ်အားသရွေ့ ကူညီဆောင်ရွက်ပေးခဲ့သည်ကိုလည်း ဝမ်းသာပီတိဖြစ်မိပါသည်။

လေးမျက်နှာမြို့လေးမှာ ယခုအခါဖွံ့ဖြိုးလာပြီဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ ရန်ကုန်မြို့သို့ ယခင်ကလို အဆင့်ဆင့်သွားနေစရာ မလိုတော့ဘဲ နေ့ချင်းပြန်ခရီးသွားလို့ရနေပြီဖြစ်သည်။ လေးမျက်နှာမြို့နယ်မှာ အရှေ့ဘက်ခြမ်းကျေးရွာအုပ်စုများနှင့် အနောက်ဘက်ခြမ်းကျေးရွာအုပ်စုများ ဟူ၍ နှစ်ပိုင်းကွဲနေလျက်ရှိကာ အရှေ့ခြမ်းကဲ့သို့ပင် အနောက်ခြမ်းမှာလည်း ပုသိမ်-မုံရွာကားလမ်းမကြီးက ဖြတ်သန်းသွားရာ အနောက်ခြမ်းနေပြည်သူများမှာလည်း ကွင်းကောက်လမ်းခွဲမှ မြန်အောင်၊ အင်္ဂပူ၊ ဟင်္သာတ၊ ရန်ကုန်သို့ အလွယ်တကူသွားနိုင်သလို ရေနံ့သာလမ်းခွဲမှ ငပိုင်းချောင်း၊ ရေကြည်၊ ပုသိမ်၊ ရန်ကုန်မြို့များသို့ အလွယ်တကူသွားရောက်နိုင်ပြီဖြစ်သည်။ ထို့ကြောင့် လေးမျက်နှာမြို့နယ်၏ ဒေသထွက်ကုန်များမှာ အရှေ့ခြမ်းရောအနောက်ခြမ်းပါ ဖွံ့ဖြိုးလာသည်ကိုတွေ့ရသည်။

လေးမျက်နှာမြို့တည်ရာမှာ ယခင်က ဝန်မြစ် အနောက်ခြမ်းတွင်ဖြစ်ပြီး ၁၉၈၈-၁၉၈၉ ခုနှစ်တွင် ဝန်မြစ်မှ ရေကြောင်းပြောင်းလဲစီးဆင်းမှုကြောင့် မြို့၏သုံးပုံ နှစ်ပုံခန့် မြစ်ကမ်းပြိုသည့်အထဲပါသွားသဖြင့် မြို့အား မျက်နှာချင်းဆိုင် ဝန်မြစ်အရှေ့ခြမ်းသို့ပြောင်းရွှေ့၍ အစိုးရရုံးစိုက်မြို့အဖြစ် မြို့သစ်တည်ခဲ့ခြင်းဖြစ်သည်။ မြို့ဟောင်းတွင် သမိုင်းဝင်စေတီပုထိုး၊ အထင်ကရ အဆောက်အအုံအချို့နှင့် လူနေရပ်ကွက်အချို့ကျန်နေခဲ့သည်။ ကျန်နေခဲ့သော ရပ်ကွက်များကို ကျေးရွာအုပ်စုအဖြစ်သတ်မှတ်ပေးခဲ့သော်လည်း ယခင်မြို့ဟောင်းကဲ့သို့ လျှပ်စစ်မီးမရရှိတော့ဘဲ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးလုပ်ငန်းအစီအစဉ်ဖြင့် ဆိုလာမီးများပြုလုပ်ပေးထားသဖြင့် လူနေမှုအဆင့်အတန်းတွင် မြို့သစ်နှင့် မြို့ဟောင်းကွာခြားမှုမရှိချေ။

သို့ပါ၍ ဒီမိုကရေစီအစိုးရလက်ထက်တွင် ယခင်မရှိခဲ့ဖူးသော ကတ္တရာလမ်းမှအစ အားကစားရုံများ၊ ဆက်သွယ်ရေးဟန်းဖုန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီပြုလုပ်နိုင်သော လမ်းပန်းဆက်သွယ်ရေးများတိုးတက်လာခဲ့သောကြောင့် နယ်မြို့လေး တစ်မြို့ဖြစ်သော လေးမျက်နှာမြို့သည် ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာသော မြို့လေးတစ်မြို့အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဝန်မြစ်အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို လေ၊ စက်လှေများဖြင့် ကူးသန်းဆက်သွယ်နေရ၍ ဒေသခံပြည်သူများက လေးမျက်နှာမြို့တွင် ဝန်မြစ်ကူးတံတားတစ်စင်း ထိုးပေးရန် တောင်းတလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ ဝန်မြစ်ကူးတံတားတစ်စင်းရှိလာပါက အရှေ့ခြမ်းနှင့် အနောက်ခြမ်းလွယ်ကူစွာသွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုလည်း ပိုမိုလွယ်ကူလာနိုင်ကာ ဒေသဖွံ့ဖြိုးရေးလည်း တိုးတက်လာမည်ဖြစ်သည်။ ထို့အပြင် စီးပွားရေးမြို့တော်ကြီးဖြစ်သော ရန်ကုန်မြို့မှ ဟင်္သာတ-အင်္ဂပူ-ကွင်းကောက်လမ်း-ဆုံကုန်းဝန်မြစ်ကူးတံတားကိုဖြတ်၍ ပုသိမ်-မုံရွာကားလမ်းမကြီးသို့ လည်းကောင်း၊ ရန်ကုန် -ရေကြည်-ငပိုင်းချောင်း ဝန်မြစ်ကူး တံတားကိုပြတ်၍ ပုသိမ်-မုံရွာကားလမ်းမကြီးသို့လည်းကောင်း၊ ထိုကဲ့သို့ပင် လေးမျက်နှာ ဝန်မြစ်ကူးတံတားသစ်တစ်စင်းထိုးလိုက်ပါက ရန်ကုန်-ဟင်္သာတ-လေးမျက်နှာ ဝန်မြစ်ကူးတံတားကိုဖြတ်၍ မုသိမ်-မုံရွာကားလမ်းမကြီးသို့ လည်းကောင်း လမ်းကွန်ရက်များ ကောင်းလာပြီး အရှေ့-အနောက်ကုန်စည်စီးဆင်းမှုလည်း ပိုမိုသွက်လက်လာနိုင်ကာ ဝန်မြစ်အနောက်ခြမ်းရှိ ကျေးလက်ဒေသများ ဆင်းရဲမှုလျှော့ချနိုင်မည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း လေးမျက်နှာ ဝန်မြစ်ကူးတံတားအသစ်တည်ဆောက်ပေးနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း ဒေသခံများထံမှသိရသည်။

သန်းဦး(လေးမျက်နှာ)

သတင်းသမားတွေ မည့်ချင်

à ကိုရွှေအောင်

တစ်လောက ဖေ့စ်ဘွတ်သုံးတဲ့ စင်ကာပူ ဝန်ကြီးချုပ် လီရှန်းလွန်း သူ့ဖေ့စ်ဘွတ်ကနေ ကိစ္စတစ်ခုရှင်းတာ တွေ့လိုက်ရတယ်။ ကွယ်လွန်သွားတဲ့ သူ့ဖခင် လီကွမ်းယူ နှစ်ပတ်လည်နေ့အခမ်းအနားကို လီရှန်လွန်းက အပိုင်စီးထားပါတယ်လို့ သူ့ညီမက သူ့ဖေ့စ်ဘွတ်ကနေ စွပ်စွဲထားတာကို လီရှန်လွန်းက ဒီလိုမဟုတ်တဲ့အကြောင်း ပြန်ရှင်းတာပါ။ မိသားစုကိစ္စမို့ မိသားစုချင်း ဖေ့စ်ဘွတ်ကပဲ ပြန်ရှင်းတဲ့သဘောဖြစ်ပေမယ့် ဒီလိုမျိုးပုဂ္ဂိုလ်ရေးကိစ္စတွေပေါ်လာရင် တိုင်းပြည်ခေါင်းဆောင်တွေနဲ့ ပတ်သက်လို့ လူထုတွေကြား ထင်ယောင်ထင်မှား မဖြစ်အောင် ဖေ့စ်ဘွတ်သုံးပြီး ရှင်းပြနိုင်တာ သတိထားမိလိုက်တယ်။

အလားတူကိစ္စမျိုး ထိုင်းမှာ ဝန်ကြီးချုပ်လုပ်သွားတဲ့ ယင်လတ်လုပ်ဖူးတယ်။ သူတာဝန်ယူတုန်းဖြစ်တဲ့ ဆန်ပြဿနာနဲ့ ပတ်သက်လို့ လူထုကြား ကောလာဟလတွေ ထွက်ထွက်လာရင် ယင်လတ်က သူ့ဖေ့စ်ဘွတ်ကနေ ချက်ချင်းထထရှင်းလေ့ရှိတယ်။ ဒီလိုမျိုးတွေမြင်တွေ့နေရတော့ မြန်မာလူကြီးတွေ ဖေ့စ်ဘွတ်သုံးဖို့ တိုက်တွန်းချင်လာတယ်။ ဖေ့စ်ဘွတ်သုံးတဲ့ မြန်မာအားလုံးလောက်နီးနီးက ဖေ့စ်ဘွတ်ကို သတင်းပလင်းဖလှယ်တဲ့စာမျက်နှာအဖြစ် သုံးနေကြတာမို့ မြန်မာလူကြီးမင်းများ ဖေ့စ်ဘွတ်သုံးကြဖို့ ဆန္ဒရှိလာတာလည်း ဖြစ်ပါတယ်။

အဲဒီဝက်ဘ်ဆိုက်တွေထဲ ပြန်ကြားရေးတစ်ခုလောက်ကလွဲပြီး ဘုရားစူးဝက်ဘ်ဆိုက်တွေဖြစ်ခဲ့တယ်။ ဘာမှ အသက်မဝင်ခဲ့ကြဘူး။ အခုအစိုးရသစ်တက်လာတော့ ထုံးစံအတိုင်း သမ္မတရုံးဝက်ဘ်ဆိုက်ပဲ စတင်အသက်ဝင်လာတာတွေ့ရတယ်။ နောက်သမ္မတအတိုင်ပင်ခံရုံး အင်တာနက်စာမျက်နှာ အသက်ဝင်လာပြီး နိုင်ငံ့ဦးသျှောင်သတင်းမပြတ်တင်ပေးလာတယ်။ ဒီနေရာမှာ လတ်တလောအကျိုးရှိပုံတစ်ခု ကောက်ကာ ငင်ကာထောက်ပြပြောလိုတယ်။

နိုင်ငံတော်အတိုင်ပင်ခံရုံး အင်တာနက်စာမျက်နှာ အသက်မဝင်ခင် အတိုင်ပင်ခံဒေါ်အောင်ဆန်းစုကြည် မျက်စိခွဲရတယ်။ မီဒီယာက နေပြည်တော်ရောက် ပါတီပြောခွင့်ရသူမေးတော့ မျက်စိခွဲတာမှန်တယ်။ အတွင်းလား၊ အပြင်လား၊ အပေါ်လား၊ အောက်လားတော့ မသိဘူး။ အသေးစိတ်မပြောနိုင်ဘူးလို့ပြောတယ်။ မီဒီယာတာဝန်က လူထုခေါင်းဆောင် ကျန်းမာရေးသတင်းဖြစ်လို့ အတတ်နိုင်ဆုံး ပြည့်ပြည့်စုံစုံ ဖော်ပြချင်လို့ နှိုက်နှိုက်ချွတ်ချွတ် မေးခြင်းဖြစ်တယ်။ ဒီပြဿနာက နောက်တစ်ကြိမ် ဒေါ်စုမျက်စိခွဲတော့ ပြေလည်သွားတယ်။ အတိုင်ပင်ခံရုံး အင်တာနက်စာမျက်နှာက ဒေါ်စုမျက်စိခွဲတယ်။ အောင်မြင်တယ်။ ဘယ်မျက်စိ ဘယ်လိုအတွင်းတိမ်ဖြစ်လို့ခွဲတာ စသည်ဖြင့် ချက်ချင်းဆိုသလိုသတင်းထုတ်ပေးလိုက်တော့ အားလုံးအဆင်ပြေသွားခဲ့တယ်။ ဒီမတိုင်မီလေးမှာလည်း ဒေါ်စု သင်္ကြန်တွင်းရုံးတက်ပြီး အရေးကြီးတဲ့အလုပ်တွေလုပ်ခဲ့တယ်လို့ အတိုင်ပင်ခံရုံးစာမျက်နှာက သတင်းထုတ်ခဲ့လို့ လူထုခေါင်းဆောင် ကျန်းမာရေးအတွက် စိုးရိမ်နေတဲ့သူတွေ စိတ်သက်သာရာရခဲ့ကြတယ်။ ပြန်ကောက်ရရင် နိုင်ငံတော်အတိုင်ပင်ခံနဲ့ သမ္မတတို့ သူတို့ကိုယ်ပိုင်၊ သူတို့ကိုယ်တိုင် အင်တာနက်စာမျက်နှာ မသုံးကြပေမယ့် သူတို့နဲ့ ပတ်သက်တဲ့သတင်းများ ထုတ်ပြန်ပေးနေတဲ့ အင်တာနက်စာမျက်နှာတွေ အလုပ်ဖြစ်နေတာ တွေ့ရပြီး ကျန်အစိုးရအဖွဲ့ဝင်တွေနဲ့ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ရဲ့ အင်တာနက်စာမျက်နှာတွေတော့ ခုထိ အလုပ်မဖြစ်သေးပါဘူး။

ကိုယ်ပိုင် ဖေ့စ်ဘွတ်သုံးလက်စ ပြည်ထောင်စုဝန်ကြီးတစ်ယောက်နဲ့ သူ့ဌာနစာမျက်နှာတစ်ခု အလုပ်စတင်လုပ်တာ တွေ့ရတာကလွဲလို့ ကျန်ဌာနတွေ အင်တာနက်သုံးပြီးသတင်းထုတ်ပြန်တာမျိုး မလုပ်ကြသေးဘူး။ အထူးသဖြင့် လူထုနဲ့ တိုက်ရိုက်ပတ်သက်သက်ဆိုင်နေတဲ့ ဝန်ကြီးဌာနတွေနဲ့ အရေးကြီးတဲ့ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ အင်တာနက်သုံးသတင်းထုတ်ကြဖို့ တိုက်တွန်းလိုပါတယ်။ တိုင်းပြည်တွင်း အများနဲ့ဆိုင်တဲ့ အရေးကိစ္စတစ်ခုခုပဲ ပေါ်ပေါ်၊ ကောလာဟလတစ်ခုခုပဲ ထွက်ထွက် ဒီအရေးဒီကောလာဟလနဲ့ ပတ်သက်လို့ အင်တာနက်သုံးပြီး အချိန်မဆိုင်းဘဲ သတင်းမှန်ထုတ်ပြန်ပေးနိုင်တယ်။ ဆိုရှယ်မီဒီယာသုံးနေကြတဲ့ သတင်းမီဒီယာသမားတွေက အဲဒီသတင်းမှန် ထုတ်ပြန်ချက်တွေကို ကိုးကားပြီး အချိန်မဆိုင်းဘဲ တိုင်းပြည်ကို ထပ်ဆင့်တင်ဆက်ပေးနိုင်တယ်။ နောက်ဆက်တွဲအကျိုးကျေးဇူးတွေ အများကြီးရှိနေတာကို တွက်ဆကြည့်ရင်သိနိုင်တယ်။ အစိုးရအဖွဲ့နဲ့ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့အနေနဲ့ အထူးသဖြင့် မြန်မာတွေသုံးတဲ့ ဆိုရှယ်မီဒီယာသုံးပြီး သတင်းထုတ်ပြန်ပေးကြဖို့လိုတယ်လို့ မြင်တယ်။ အချိန်ကုန်၊ ငွေကုန်သက်သာပြီး အင်မတန်မှထိရောက်တာမို့ အခုကစလို့ သုံးကြည့်ကြဖို့လည်း တိုက်တွန်းချင်တယ်။ တတ်နိုင်ရင် အစိုးရ ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ကြဖို့ ဖြစ်တယ်။

အင်နိုအယ်လ်ဒီနဲ့ မီဒီယာဆိုတာ ရဲဘော်ရဲဘက်တွေလို ပေါင်းသင်းဆက်ဆံနေထိုင်လာခဲ့တာမှန်ပေမယ့် အခု အင်နိုအယ်လ်ဒီက နိုင်ငံတော်တစ်ခုလုံးတာဝန်ယူနေရတဲ့အဖွဲ့အစည်းဖြစ်နေပြီ။ မီဒီယာနဲ့ ရင်းနှီးတဲ့ အင်နိုအယ်လ်ဒီ ကလူတွေလည်း တိုင်းပြည်တာဝန်အကြီးကြီး တွေယူနေရလို့ အရင်လိုမီဒီယာကို အချိန်ပေးပြီး စိတ်ရှည်လက်ရှည်ပြောပြခွင့်ရှိချင် မှရှိတော့မယ်။ ဒါကြောင့် ဆိုရှယ်မီဒီယာက တစ်ဆင့် သတင်းမီဒီယာနဲ့ ဆက်ဆံပြောဆိုလိုက်ရင် အဖိုးနည်းဝန်ပါ ပြေလည်စရာ အကြောင်း ရှိပါတယ်။ သတင်းမှန်ထုတ်မှာ သေချာတဲ့ အဖွဲ့အစည်းတစ်ရပ်အဖြစ် မီဒီယာက ယုံကြည်သလို လူထုကလည်း အလားတူပဲဖြစ်မယ်။ လူကြီးမင်းများ ဖေ့စ်ဘွတ် မသုံးအားရင်တောင် လိုတိုရှင်းနဲ့ အမြန်ထုတ်ပြန်နိုင်ပြီး ပြေလည်စရာ အကြောင်းတွေချည်းရှိတဲ့ အင်တာနက်ဆိုရှယ်မီဒီယာတစ်ခုစီ တရားဝင်ဖွင့်ပြီး သတင်းထုတ်ပြန်ပေးပါ။ သတင်းမှန် သတင်းမြန်တွေနဲ့ လူထုထောက်ခံမှု ဆက်ယူကြပါ။ အင်နိုအယ်လ်ဒီခေတ်ရောက်မှ သတင်းမီဒီယာသမားတွေ မည့်ချင်ပါ။

ဝက်ဘ်ဆိုက်တွေထဲ ပြန်ကြားရေးတစ်ခုလောက်က လွဲပြီး ဘုရားစူးဝက်ဘ်ဆိုက်တွေ ဖြစ်ခဲ့တယ်။ ဘာမှ အသက်မဝင်ခဲ့ကြဘူး ။ ။ ။

ကျေးလက်ဒေသရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များအား အစိုးရအနေဖြင့် ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ရန်လိုအပ်နေ

ကျေးလက်ဒေသများရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းရှင်များအား အစိုးရအနေဖြင့် ငွေကြေးကူညီထောက်ပံ့မှုများ ပြုလုပ်ပေးပါက စိုက်ပျိုးတောင်သူများနှင့်မွေးမြူရေးလုပ်ငန်းရှင်များအတွက် လုပ်ငန်းအတွက် အဆင်ပြေလာနိုင်ပြီး အောင်မြင်မှုများရလာနိုင်ကြောင်း မအူပင်မြို့နယ်မှ ငါးမွေးမြူရေးလုပ်ငန်းရှင် ဒေါက်တာမြင့်စိန်က ပြောသည်။

“ စပါးစိုက်ချိန်၊ ငါးမွေးချိန် ငွေလိုလို့ အစိုးရဆီက ငွေချေးရင်တောင် မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းအပေါင်ထားပြီး ချေးရတယ်။ အတိုးနှုန်းကလည်းများတယ်။ အစိုးရသစ်အနေနဲ့ စိုက်ပျိုးတောင်သူတွေနဲ့ မွေးမြူရေးသမားတွေကို အတိုးနှုန်းသက်သာစွာနဲ့ ငွေချေးပေးမယ်ဆိုရင်တော့ မလိုလားအပ်တဲ့ အတိုးနှုန်းတွေ သက်သာသွားမယ်။ အပြင်မှာချေးတယ်ဆိုတာက ရင်းနှီးမှုချေးလို့ရတယ်။ နိုင်ငံတော်ပိုင်းက တကယ်အလုပ်လုပ်တဲ့သူ ဟုတ်၊ မဟုတ် စစ်ဆေးပြီး ငွေချေးပေးမယ်ဆို ပိုကောင်းတယ်။ လုပ်ငန်းလုပ်ရတာပိုအဆင်ပြေသွားမယ်”ဟုဦးကပြောသည်။

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းစတင်ရန် အရင်းအနှီးလိုအပ်ပါက ဘဏ်များတွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ အပေါင်ထား၍ တစ်နှစ်လျှင် အတိုးနှုန်း ၁၃ ရာခိုင်နှုန်းဖြင့်ချေးယူရကြောင်းနှင့် အကယ်၍ ပြင်ပတွင် ငွေချေးရပါက အတိုးနှုန်း တစ်လလျှင် နှစ်ကျပ်နှုန်းပေးရကြောင်း လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

“ အရင်အစိုးရလက်ထက်တုန်းက စိုက်ပျိုးမွေးမြူရေးတွေကို အောင်မြင်အောင်လုပ်စေချင်တယ်ဆိုပေမယ့် အောက်ခြေမှာ ငွေကြေးကူညီမှုအပိုင်းက အားနည်းခဲ့တယ်။ ကျေးလက်ဒေသမှာရှိတဲ့ စိုက်ပျိုးမွေးမြူရေးသမားတွေကို အစိုးရသစ်အနေနဲ့ငွေကြေးထောက်ပံ့မှုတွေလုပ်ပေးမယ်ဆိုရင် ရင်းနှီးမြှုပ်နှံသူတွေလည်း အားရှိသွားမယ် ” ဟု ဒေါက်တာမြင့်စိန်ကပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေနက်ကွင်းများတွင် စပါးနှင့်ငါး တွဲဖက်စိုက်ပျိုးမွေးမြူမည်ဆိုပါက လုပ်ငန်းအစပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားသော်လည်း စနစ်တကျလုပ်ကိုင်မည်ဆိုပါက နောက်ပိုင်းတွင် အောင်မြင်မှုများရလာနိုင်ကြောင်း Orchard ကုမ္ပဏီမှ သိရသည်။

အဆိုပါ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မလက်တိုကျေးရွာရှိ ဧက ၄၅၀ ခန့်ရှိသည့် Orchard Farm ရေနက်ကွင်းတွင် ဧက ၁၀၀ခန့်ကို အထွက်ကောင်းသည့် ဆင်းသုခစပါးပျိုးပင်များအား ဓာတ်မြေသြဇာသုံးစွဲခြင်း မပြုဘဲ သဘာဝနည်းအတိုင်း စိုက်ပျိုးထားပြီး ငါးများကိုလည်း သဘာဝအတိုင်းမွေးမြူကာ တိုင်းရင်းငါးမျိုးစိတ်များ မွေးမြူထားကြောင်းသိရသည်။

သတင်း - သီသီမင်း၊ဓာတ်ပုံ-စိမ်းခက်

မန္တလေးကျုံးပတ်လည်နှင့် လမ်းလယ်ကျွန်းများတွင် သင်္ကြန်ကာလအတွင်း ပျက်စီးခဲ့သည့်ပန်းအလုပင်များ ပြန်လည်စိုက်ပျိုး

မန္တလေး ဧပြီ ၁၉

မန္တလေးကျုံးပတ်လည်နှင့် လမ်းလယ်ကျွန်း၌ သင်္ကြန်ကာလတွင် ပျက်စီးခဲ့သည့် ပန်းပင်များ၊ မြက်ပင်များကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ ဝန်ထမ်းများက ဧပြီ၁၉ ရက်တွင် အစားထိုးပြန်လည်စိုက်ပျိုးနေကြောင်း သိရသည်။

“ကျုံးပတ်လည်မှာ သင်္ကြန်တွင်းပျက်စီးခဲ့တဲ့ ပန်းပင်တွေနေရာမှာ ပြန်လည်အလှဆင် စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ သစ်ပင်တွေ ရှင်သန်ကြီးထွားအောင် ကနဦး မြေသားပြုပြင်တာတွေလုပ်ပြီးမှ ဖွဲ့နဲ့ နုန်းရောစပ်ပြီး သဘာဝမြေဩဇာ ထည့်သွင်းစိုက်ပျိုးမယ်။ ဒီလုပ်ငန်းတွေကို စည်ပင်ဝန်ထမ်းတွေက သင်္ကြန်ရုံးပိတ်ရက်မှာ အနားမယူဘဲ လုပ်ဆောင်နေကြပါတယ်”ဟုဌာနမှဌာနမှူး ဦးစိုးမိုးသိမ်းက ပြောသည်။

အဆိုပါ လမ်းလယ်ကျွန်းများတွင် ထိုင်ဝမ်ပိစပ်ပင်နှင့် မြက်ခင်းအလှအစားထိုး ပြန်လည်စိုက်ပျိုးခြင်း၊ အလှပန်းအိုးများ ထည့်သွင်းစိုက်ပျိုးခြင်းတို့ကို အဖွဲ့ကိုးဖွဲ့ဖြင့်ဆောင်ရွက်နေကြောင်း၊ သင်္ကြန်မဏ္ဍာပ်များကြောင့် ပျက်စီးသွားသည့်သစ်ပင်များ ကိုပြုပြင်ခြင်းနှင့် အစားထိုးစိုက်ပျိုးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ရင်းနှီးမြှုပ်နှံမှု သတိ

ခင်မောင်ညို (ဘောဂပေဒ)

၁၉၉၆ ခုနှစ်မှာ အမေရိကန်နိုင်ငံက နယူးယောက် စတော့ဒိုင် (New York Stock Exchange) အပါအဝင် စတော့ဒိုင်တွေ၊ ဘဏ္ဍာရေးစျေးကွက်တွေကို ရောက်ဖူးခဲ့ပေမယ့် ၂၀၁၆ ခုနှစ်ရောက်မှ ရန်ကုန်စတော့ဒိုင် (Yangon Stock Exchange) ဖွင့်လို့ စရောက်ဖူးပါတယ်။ ဒါပေမယ့် သူ့ကိုမဖွင့်မီ လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်ကတည်းက စိတ်ဝင်စားခဲ့လေတော့ မဖွင့်မီကရော၊ ဖွင့်တဲ့အချိန်မှာပါ အနီးကပ် အလွတ်သဘော လေ့လာစောင့်ကြည့်ခဲ့ပါတယ်။

အများပိုင်းကုမ္ပဏီတစ်ခုရဲ့ ရှယ်ယာတွေကို ပထမဆုံး အရောင်းအဝယ် စတင်လုပ်တော့မယ်ဆိုတော့ တကယ်ရော အရောင်းအဝယ်ဖြစ်မှာလား။ ရှယ်ယာအဟောင်းတွေကို ထုတ်ရောင်းတဲ့သူရှိပါ့မလားလို့ စိုးရိမ်ပူပန်မှုတွေ ရှိခဲ့ပေမယ့် တကယ်တမ်းမှာ ရောင်းသူရှိသလို ဝယ်သူတွေကလည်း အင်အားကောင်းလေတော့ မူလဖွင့်ဈေးထက် တစ်ရက်ပြီးတစ်ရက် တက်သွားတာတွေ့ရတယ်။ ရှယ်ယာဝယ်တဲ့သူအများစုဟာ တကယ်တမ်းရှယ်ယာအကြောင်း၊ ကုမ္ပဏီအကြောင်း၊ ဈေးကွက်အကြောင်းသေသေချာချာသိရှိလို့မဟုတ်၊ တခြားအိမ်ခြံမြေဈေးကွက်၊ မော်တော်ကားဈေးကွက်စတဲ့ ဈေးကွက်တွေအေးနေလို့ အသစ်အဆန်းဈေးကွက်ကို စိတ်ဝင်စားပြီး အင်နဲ့အားနဲ့ ရောက်လာကြတာဆိုတဲ့ သုံးသပ်ချက်တွေ ထွက်ပေါ်လာခဲ့ပါတယ်။ ဝယ်အားကောင်းလေတော့ ဈေးတွေတက်နေရာက ရောင်းတဲ့ဘက်ကလိုက်လာတဲ့အခါ ဝယ်တဲ့ဘက်က နောက်ဆုတ်လို့ နောက်ဆုံးမှာတော့ တစ်ပတ်အတွင်းမှာကိုပဲအပြောင်းအလဲ၊ အလှုပ်အရှားများပြီးဈေးပြန်ကျလာတာ တွေ့ရပါတယ်။

အပြင်သတင်းတွေထဲမှာ ရှယ်ယာဈေးကွက်ကဈေးကျပြီး ငရုတ်၊ ကြက်သွန်နီစျေးမကျတာကို နှိုင်းယှဉ်ပြီး ဝေဖန်လာတာ တွေ့ရတယ်။ တကယ်တော့ စတော့ရှယ်ယာဈေးကွက်ဟာ ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ပြီး ငရုတ်၊ ကြက်သွန်နီကအခြေခံစားကုန်ဈေးကွက်ဖြစ်ပါတယ်။ အခြေခံစားကုန်တွေက မစားလို့မဖြစ်ပေမယ့် ရင်းနှီးမြှုပ်နှံမှုကတော့ ဝင်ငွေအပိုအလျှံရှိမှသာ လုပ်နိုင်တာဖြစ်ပြီး မဝယ်လည်းရ၊ ဝယ်ရင်လည်းရလို့ သဘောသဘာဝချင်းတော့ မတူလှပါဘူး။

ရန်ကုန်စတော့ရှယ်ယာဈေးကွက်နဲ့ ပတ်သက်လို့ စာအုပ်တွေ ထုတ်ဝေကြ၊ ရေးသားကြ၊ ဟောပြောပွဲတွေ လုပ်ကြ၊ သင်တန်းတွေပေးကြနဲ့ လုပ်နေပေမယ့် ယေဘုယျအားဖြင့်တော့ အများပြည်သူကို ကျယ်ကျယ်ပြန့်ပြန့် ပညာမပေးနိုင်သေးဘူးလို့ ဆိုရပါမယ်။

စတော့ရှယ်ယာဈေးကွက်ဟာတခြားဈေးကွက်တွေထက် အတက်အကျ၊ အလှုပ်အရှား မြန်ဆန်သွက်လက်နေပေမယ့် စွမ်းရည်မြင့်မားတယ်လို့တော့ မဆိုနိုင်ပါဘူး။

ရင်းနှီးမြှုပ်နှံမှုလောကမှာလည်း တခြားစီးပွားရေးလောကလို "ကံ" က အရေးကြီးတယ်။ ကိုယ်ကဈေးပေါလို့ဆိုပြီး ဝယ်လိုက်တဲ့ ရှယ်ယာတစ်ခုဟာ ဈေးတက်နိုင်သလို ဒီထက်လည်းဈေးကျနိုင်ပါသေးတယ်။

မကြာခဏပြောလေ့ရှိသလို မနိုင်မနင်းမလုပ်နဲ့၊ ခြေနိုင်လက်နိုင်လုပ်ဆိုတဲ့စကားဟာ ရင်းနှီးမြှုပ်နှံမှုလောကမှာလည်းအရေးပါတယ်။

ကံနဲ့ပတ်သက်လို့ပြောရရင် ကံကောင်းချိန်မှာအလျှဒါနလုပ်၊ ဆင်းရဲနေတာ ဒါနအားနည်းလို့ ဖြစ်တဲ့အတွက် အလျှဒါနလုပ်ဖို့လိုပြန်တယ်ဆိုတဲ့ စကားကိုရင်းနှီးမြှုပ်နှံမှုနယ်ပယ်မှာလည်း ကြားသိရပြန်ပါတယ်။

အလားတူပဲ အဆက်အသွယ်ကောင်းတဲ့ မိတ်ကောင်းဆွေကောင်းတွေ လိုပြန်တယ်။ မိတ်ဆွေကောင်းရှိရင် ကိစ္စအားလုံးပြီးစီးတယ်ဆိုတဲ့ စကားရှိသားမဟုတ်လား။ မိတ်ကောင်းဆွေကောင်းတွေ၊ အဆက်အသွယ်ကောင်းရှိတဲ့သူတွေဟာအခွင့်အလမ်းကောင်းတွေကိုဆောင်ယူလာတတ်ကြပါတယ်။

ဈေးကွက်ဟာ နေ့ချင်းညချင်းပြောင်းလဲသွားတတ်လို့ ခပ်ရိုင်းရိုင်းပြောရရင် သူဌေးဖြစ်နိုင်သလိုခွေးလည်း ဖြစ်နိုင်ပါတယ်။ မနိုင်မနင်းမစွန့်စားသင့်ပါဘူး။

ကြွေးယူတိုင်းမကောင်းဘူးလို့ မဆိုနိုင်ပါဘူး။ ထိထိရောက်ရောက်လုပ်နိုင်ရင် ကြွေးယူတာကောင်းတယ်။ မလုပ်နိုင်ရင် ကိုယ်ပဲနစ်နာမယ်။

နာရီမကြာခဏအသစ်ပြောင်းပတ်တဲ့ မိတ်ဆွေတစ်ယောက်နဲ့ ကြုံဖူးတယ်။ သူကတော့ အမြဲတမ်းအသစ်ပတ်နေနိုင်တယ်လို့ ကြွားပေမယ့် တဖြည်းဖြည်းသူ့ငွေတွေလုံးပါးပါးလာလို့ အသစ်ပေမယ့် အညံ့စားနာရီတွေ ပတ်လာရတာသတိထားမိတယ်။ ရင်းနှီးမြှုပ်နှံမှုလုပ်ရာမှာ ကြီးရာကနေသေးသွားရတာမျိုးကမကောင်းပါဘူး။ သေးသေးနဲ့စပြီး တဖြည်းဖြည်းချင်း ကြီးသွားရတာမျိုးက ပိုပြီးကောင်းပါတယ်။

ဘဝမှာ ကြုံတွေ့ရတဲ့ တခြားကိစ္စတွေလိုပါပဲ။ ရင်းနှီးမြှုပ်နှံမှု လုပ်ရတယ်ဆိုတာလည်း တစ်ဖက်မှာအကျိုးကျေးဇူးရှိနိုင်သလိုတစ်ဖက်မှာလည်းဆုံးရှုံးနိုင်ခြေတွေ ရှိပါတယ်။ အဲဒီနှစ်ခုမှာဆုံးရှုံးနိုင်မယ့် အလားအလာတွေကိုပိုပြီး အာရုံစိုက်ဖို့ ကောင်းပါတယ်။ အခြေခံခိုင်အောင်လုပ်ရင် တိုးတက်မယ့် အကျိုးခံစားရမယ့်ကိစ္စတွေ ပိုများလာနိုင်တယ်။

ကျွန်တော့်ညီတစ်ယောက်ဆိုရမယ့် အကျိုးကျေးဇူးတွေ သိပ်မြင်တတ်

ရန်ကုန်စတော့ရှယ်ယာဈေးကွက်နဲ့ ပတ်သက်လို့ စာအုပ်တွေ ထုတ်ဝေကြ၊ ရေးသားကြ၊ ဟောပြောပွဲတွေလုပ်ကြ၊ သင်တန်းတွေပေးကြနဲ့လုပ်နေပေမယ့် ယေဘုယျအားဖြင့်တော့ အများပြည်သူကို ကျယ်ကျယ်ပြန့်ပြန့် ပညာမပေးနိုင်သေးဘူးလို့ ဆိုရပါမယ်။

တယ်။ ဒါပေမယ့် ဆုံးရှုံးနိုင်ခြေတွေကို ဘယ်တော့မှထည့်မတွက်ဘူး။ လက်တွေ့လုပ်တဲ့အခါ သူတွက်ထားတဲ့အကျိုးကျေးဇူးတွေမရဘဲ တွက်မထားတဲ့ ဆုံးရှုံးနိုင်ခြေတွေကပိုများပါတယ်။

မြန်မာနိုင်ငံမှာ ဘယ်တုန်းကဘယ်သူတော့ ဘယ်လောက်ခံလိုက်ရပြီဆိုတဲ့ စကားကိုမကြာခဏ ကြားရ၊ ပြောရလေ့ရှိပါတယ်။ အများအားဖြင့် လောဘကြောင့်ခံရတာဖြစ်သလို မသိနားမလည်၊ မိုက်မဲလို့၊ တစ်နည်းအားဖြင့် "အ"လို့ ခံရတာတွေလည်းအများကြီးပါ။ အထူးသဖြင့် ကျွန်တော်တို့လူမျိုးက သူများလုပ်ရင် လိုက်လုပ်လေ့ ရှိ၊ သူများဝယ်ရင် လိုက်ဝယ်၊ သူများရောင်းရင် လိုက်ရောင်း၊ ကိုယ့်ဘာသာကိုယ် စဉ်းစားတဲ့၊ ဆင်ခြင်သုံးသပ်တဲ့ အလေ့အထနည်းပါးတယ်။ ဆရာဦးအောင်သင်းပြောသလိုပြောရရင် ဦးနှောက်ကိုခါးတောင်းကျိုက်လေ့မရှိဘူး။ အပင်ပန်းခံမစဉ်းစားဘူး။ သူများစကားဆိုယုံလွယ်တယ်။ တကယ်တော့ ဘယ်သူ့တွက်ကိန်းမှန်မယ်လို့ ပြောမရဘူး။ ဘယ်ဟာမှ အလကားမရဘူး၊ ကောင်းလွန်းအားကြီးနေပြီဆိုရင်တော့ မကောင်းတော့ဘူး" ဆိုတဲ့ စကားတွေဟာအဓိပ္ပာယ်မဲ့တဲ့ အလကားစကားတွေ မဟုတ်ကြဘူး။

"အ"တာကိုတစ်နည်းအားဖြင့် ပျင်းတာ (သက်သောင့်သက်သာ နေချင်တာ)နဲ့ ကိုယ့်ကိုယ်ကိုယုံကြည်မှု လွန်ကဲတာလို့လဲအဓိပ္ပာယ် ဖွင့်တတ်ကြပြန်ပါတယ်။

လူ့အဖွဲ့အစည်းရဲ့ အကြီးကျယ်ဆုံးအမှားတစ်ခုရှိတယ်။ အဲဒါကတော့ ဘဝဆိုတာ ကြိုတွက်လို့မရဘူးဆိုတာပါပဲတဲ့။ မြန်မာလိုပြောရရင်တော့ "ဖြစ်ချင်တိုင်းလည်းမဖြစ်ရဘူး၊ မဖြစ်ချင်ပေမယ့်လည်း ဖြစ်ရတတ်တယ်"။ သူ့ဘာသာသူ ဖြစ်ချင်လို့ ဖြစ်နေလေတော့ ဆုံးရှုံးနိုင်တဲ့ အန္တရာယ်တွေ ရှိနေတာပါ။ ဘယ်တော့မှ အားလုံးစင်းလုံးချောဖြစ်နေမယ်လို့ တွက်ဆလို့ မရပါဘူး။ ဒါကြောင့် ဒီလိုမဖြစ်ရင် ဘယ်လိုလုပ်မယ်ဆိုတဲ့ ရွေးချယ်စရာနည်းလမ်းတွေ ရန်ထားတတ်ကြတယ်။ အကောင်းဆုံး ပြင်ဆင်တွက်ဆထားတာတောင်မှ မျှော်လင့်မထားတာတွေ ဖြစ်တတ်သေးတယ်။

၁၉၈၈ ခုနှစ်မတိုင်မီ ကျောင်းသားကိစ္စတွေ မကြာခဏဖြစ်တော့ တာဝန်ရှိ ပုဂ္ဂိုလ်တွေကအဆင့် (၁)၊ အဆင့် (၂)၊ အဆင့် (၃) တွေ ခွဲထားတယ်။ တကယ်တမ်းဖြစ်လာတဲ့အခါကျတော့ အဲဒီအဆင့်တွေ အားလုံးကို ကျော်တက်သွားတာတွေ့ရတယ်။

လုပ်သာကိုင်သာရှိတဲ့ အခြေအနေမျိုး၊ လုပ်ချိန်ကိုင်ချိန်ရမယ့် အခြေအနေမျိုးကို ကြိုတင်ဖန်တီးထားဖို့ လိုတယ်။ မျှော်လင့်မထားတာတွေ အတွက်လည်း ရင်ဆိုင်ဖို့ အဆင်သင့်ပြင်ဆင်ထားရမယ်။

ကြက်ဥတွေအားလုံးကို ခြင်းတစ်ခြင်းထဲစုထည့်မထားနဲ့ဆိုလို့ ခြင်းတွေ ဖြန့်ထည့်ထားပေမယ့် အဲဒီခြင်းတွေ အားလုံးက အခြေအနေတစ်ခုထဲ အောက်မှာဆိုရင် ဆုံးရှုံးနိုင်ခြေတွေကို ဖြန့်ကြက်ထားတယ်လို့ မဆိုနိုင်ပါဘူး။

ရင်းနှီးမြှုပ်နှံမှုလောကဟာ လူ့လောကလိုပဲ စိတ်ဝင်စားစရာ ကောင်းတယ်။ လူ့လောကမှာအောင်မြင်သူနည်းနည်းပဲရှိသလို ရင်းနှီးမြှုပ်နှံမှုလောကမှာလည်း တကယ်တမ်း ထိပ်တန်းရောက်သူနည်းနည်းပဲရှိတယ်။ ကျန်တာတွေက သူလိုကိုယ်လိုတွေပါပဲ။ ။

တက်ရိပ်ပြနေသော ပြည်ပပို့ကုန်ပဲများ သင်္ကြန်အပြီးကာလ ကျပ်ငါးထောင်နှင့် တစ်သောင်းထိမြင့်တက်

မန္တလေး ဧပြီ ၁၉

ပြည်ပသို့ တင်ပို့နေရသည့် မတ်ပဲ၊ ပဲစင်းငုံနှင့် ကုလားပဲဖြူကြီး (V-2) ပဲအမျိုးအစားများမှာ သင်္ကြန်မတိုင်မီကာလက တက်ရိပ်ပြနေရာမှ အိန္ဒိယဘက်မှ အဝယ်လိုက်လာသဖြင့် သင်္ကြန်အပြီး ဧပြီ ၁၉ ရက်တွင် ကျပ်ငါးထောင်မှ တစ်သောင်းအထိ မြင့်တက်သွားကြောင်း မန္တလေးပဲဈေးကွက်မှ သိရသည်။

"အဲဒီပဲတွေက လောလောဆယ်မှာ နယ်က ပစ္စည်းအဝင်မရှိဘူး။ လက်ကျန်ပစ္စည်းတွေနဲ့ အရောင်းအဝယ်ဖြစ်နေတယ်။ ဝယ်လိုအားကောင်းတော့ ထုံးစံအတိုင်း ဈေးတက်လာတာပေါ့။ ဒါပေမယ့် သင်္ကြန်မတိုင်မီ ဝယ်ပြီး လျှောင်ထားသူတွေက ခုပေါက်ဈေးကို ရောင်းမှာ မဟုတ်ဘဲ ဆက်ပြီးလျှောင်ထားမယ့် အခြေအနေပါ" ဟု ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

သင်္ကြန်မတိုင်မီ ပထမပတ်က မတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ နှင့် ကုလားပဲဖြူကြီး (V-2)မှာ ကျပ် ၁၀၀၅၀၀ ရှိခဲ့ရာ သင်္ကြန်အပြီး ဧပြီ ၁၉ ရက် ကုန်စည်ဒိုင် စတင်ဖွင့်လှစ်ချိန်၌ မတ်ပဲတစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀၊ ပဲစင်းငုံ ကျပ် ၁၄၅၀၀၀ နှင့် ကုလားပဲဖြူကြီး (V-2)မှာ ကျပ် ၁၀၅၀၀၀ ရှိရာ ကျပ်ငါးထောင်မှ တစ်သောင်းဝန်းကျင် ဈေးတက်လာခြင်းဖြစ်သည်။

"လက်ရှိမှာ ရွှေဈေးနဲ့ ဒေါ်လာဈေး ကျဆင်းနေပေမယ့် ပဲဈေးတွေက တက်နေတယ်။ အဝယ်ကလည်း အိန္ဒိယဘက်က ခါတိုင်းနှစ်ဆိုရင် ငွေဈေးကျရင် ပဲဈေးက လိုက်ကျတတ်ပေမယ့် ဒီနှစ်မှာ လိုက်ကျစရာ အကြောင်းမရှိဘူး"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ပဲများမှာ ရိတ်သိမ်းပြီးဖြစ်၍ အထွက်မရှိတော့ဘဲ လျှောင်လက်များ လက်ဝယ်ရှိနေသကဲ့သို့ အချို့ တောင်သူများကလည်း ဈေးကောင်းစောင့်နေခြင်းဖြစ်ကြောင်း၊ မြန်မာပဲများမှာ ဓာတုလွတ်စိုက်ပျိုးထားသဖြင့် အိန္ဒိယဈေးကွက်တွင် မျက်နှာပန်းလှ၍ အခြားနိုင်ငံပဲများနှင့် ယှဉ်ပါက မြန်မာပဲများကို ဦးစားပေးဝယ်ယူကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)
အောင်ရဲသွင်

တောင်သူများထံမှ ပွဲရုံများထက် နှမ်းမျိုးဈေးကြီးသော်လည်း နှမ်းမျိုးကောင်းမျိုးသန့် ရရှိလို၍ အဝယ်များလျက်ရှိ

မကွေး ဧပြီ ၁၉

မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားခေါ်ကြသည့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် မိုးဦးကျ မေလနှင့် ဇွန်လတို့တွင် ဆီထွက်သီးနှံဖြစ်သော နှမ်းစိုက်ပျိုးနိုင်ရန်အတွက် နှမ်းမျိုးစေ့များ ဝယ်ယူရာတွင် ပွဲရုံများထက် တောင်သူများမျိုးချန်ထားသော နှမ်းမျိုးစေ့များ ဈေးကြီးသော်လည်း မျိုးကောင်းမျိုးသန့်ရရှိရန်အတွက် တောင်သူများထံမှ နှမ်းမျိုးများကိုသာ အဝယ်များလျက်ရှိကြောင်း သိရသည်။

ယာတစ်ဧက၊ နှစ်ဧကရှိသော တောင်သူများသည် စိုက်ပျိုးထားသော စိုက်ပျိုးစရိတ်အရင်းအနှီးများအတွက် နှမ်း၊ မြေပဲ စသော သီးနှံများကို မျိုးစေ့များ ချန်နိုင်ခြင်းမရှိဘဲ ရရှိသောဈေးနှုန်းနှင့် စိုက်ပျိုးစရိတ်အတွက် ချေးယူထားသောငွေကြေးများအား ပြန်ဆပ်ရသည်ဖြစ်၍ ယခုကဲ့သို့ မိုးဦးကျနီးသော စိုက်ပျိုးရာသီကာလများတွင် စိုက်ပျိုးရန်အတွက်မျိုးစေ့များ ဝယ်ကျရာ၌ ဈေးနှုန်းကိုမမြင်ဘဲ မျိုးကောင်းမျိုးသန့်ရရှိနိုင်သော နေရာများကို ရှာပြီး မျိုးစေ့ဝယ်ယူကြကြောင်း မကွေးမြို့နယ် မကြီးကန်ကျေးရွာမှ တောင်သူဦးညိုက ပြောသည်။

"သီးနှံအထွက်တိုးပြီး ဈေးကောင်းရဖို့အတွက်ဆိုရင်တော့ ဘယ်သီးနှံကိုပဲ စိုက်ပျိုးစိုက်ပျိုး မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးရဖို့က အဓိကကျပါတယ်" ဟု ဆားတိုင်ကန်ကျေးရွာမှ တောင်သူ ဦးချစ်ဖေက ပြောသည်။

နှမ်းမျိုးစေ့ပေါင်းများစွာရှိသည့်အနက် မကွေးမြို့နယ်၏ ရာသီဥတု အခြေအနေ၊ မြေအနေအထားအရ စိုက်ပျိုးကြသော နှမ်းမျိုးစေ့အမည်များမှာ ဒေသအခေါ် ဘပန်၊ စက်လှည့်၊ ရွှေတစ်ဆုပ်၊ ဂွလေးနီ၊ စမုန်နက် နှမ်းမျိုးစေ့များကိုသာ အကြိုများကြသည်ဟု သိရသည်။

တောင်သူများထံမှ နှမ်းမျိုးစေ့သည် တစ်တင်းလျှင် တစ်သောင်းခွဲ၊ နှစ်သောင်းခန့်အထိ စျေးပိုမြင့်ကြောင်းသိရသော်လည်း တောင်သူများအနေဖြင့် နှမ်းမျိုးစေ့များကို သိမ်းဆည်းစဉ်အခါက သေချာသန့်စင်၍ ခြောက်သွေ့အောင်နေလှန်းပြီး သေချာစနစ်တကျသိမ်းဆည်းထားသောကြောင့် တောင်သူများထံမှ နှမ်းမျိုးကိုသာ စိတ်ချရ၍ စျေးကြီးသော်လည်း ဝယ်ယူကြသည်ဟု သိရသည်။ **(မိုး)**

အိုဆာကာ လယ်ယာသစ်တောစိုက်ပျိုးရေးသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူ ၃၅ ဦး လေ့ကျင့်သင်ကြားပေးခဲ့

နေပြည်တော် ဧပြီ ၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဧပြီ ၁၇ ရက် ညနေ ၃ နာရီတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပခန်းကြီးဒေသ ရွာသာရွာကျေးရွာရှိ ဂျပန်-မြန်မာ ချစ်ကြည်ရေးအစီအစဉ်အရ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော အိုဆာကာ လယ်ယာ သစ်တောစိုက်ပျိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိကြရာ ဂျပန်ပညာရှင် သင်တန်းကျောင်းအုပ်ကြီး Mr. KITSUKI Fumio က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကျောင်း၏သမိုင်းကြောင်းနှင့် အနှစ်(၂၀)အတွင်း သင်တန်းသား၊ သင်တန်းသူ ၃၅ ဦးအား လေ့ကျင့်သင်ကြားပေးခဲ့မှု အခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ၊ လူမှုနေထိုင်ရေး အဆင့်အတန်းတိုးတက်မြင့်မားရန် အဓိကကျသည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အရှိန်အဟုန်မြင့် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ သူကောင်းတည်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၎င်းနောက် OISCA သင်တန်းကျောင်းအတွင်း ခင်းကျင်းပြသထားသော သင်တန်းကျောင်းမှ ထုတ်လုပ်ထားသည့် အိမ်တွင်းမှလုပ်ငန်းပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် သင်တန်းကျောင်း၏ လယ်ယာထွက်ကုန် ကုန်ချောထုတ်လုပ်သည့် လယ်ယာထုတ်ကုန်အဆောက်အအုံများအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ညနေ ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် သူကောင်းတည်လျှပ်စစ်မြစ်ရေတင် လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရောဝတီမြစ်ရေကို ရေတင်စက်ကြီးများဖြင့် အဆင့်ဆင့်တင်ယူပြီး စိုက်ပျိုးရေနှင့် ဒေသသောက်သုံးရေပေးဝေနေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းခိုင်က လျှပ်စစ်ရရှိမှုအခြေအနေနှင့် ဓာတ်အားရရှိမှုအခြေအနေပေါ်မူတည်၍ ရေပေးဝေနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေးဝေဖြန့်ဖြူးပေးနေသည့် ရေကိုအကျိုးရှိရှိ အသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေ အနည်းလိုသီးနှံပုံစံများ ချမှတ်စိုက်ပျိုးနိုင်ရေး ပညာပေးဆွေးနွေးကြရန်နှင့် ရေတင်စီမံကိန်းမှ ပေးဝေရန် မူလလျာထားချက်ပြည့်မီသည်အထိ ကြိုးစားဆောင်ရွက်ကြရမည့် အစီအမံများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

စည်ပင်သာယာဝတ်စုံကို မြင်သည်နှင့် လေးစားချစ်ခင်မြတ်နိုးသည့်စိတ်ရရှိစေရန် အဓိက ရည်ရွယ်ချက်ထားဆောင်ရွက်မည်ဟု ရန်ကုန်မြို့တော်ဝန်ဆို

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်မြို့တော်အတွင်း နေထိုင်နေကြသော ရန်ကုန်မြို့တော်သူ မြို့တော်သားပြည်သူလူထုအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စည်ပင်သာယာဝတ်စုံကို မြင်လိုက်သည်နှင့် ဝတ်စုံအပေါ် လေးစားသည့်စိတ်၊ ချစ်ခင်မြတ်နိုးသည့်စိတ်ရရှိစေရန် အဓိက ရည်ရွယ်ချက်ထားဆောင်ရွက်သွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ရန်ကုန်မြို့တော်ဝန်နှင့် စည်ပင်သာယာရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့် ဦးမောင်မောင်စိုးက ပြောသည်။

ဧပြီ ၆ ရက်က ကျင်းပခဲ့သော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ ခန့်အပ်ခြင်းနှင့် ကတိသစ္စာပြုခြင်း၊ လွှတ်တော်အစည်းအဝေးအပြီးတွင် ရန်ကုန်မြို့တော်ဝန်နှင့် စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ရန်ကုန်မြို့တော်ဝန်အဖြစ် ခန့်အပ်ခံရပြီးနောက် ထားရှိထားသည့် ရည်ရွယ်ချက်များကို မေးမြန်းခဲ့ရာတွင် ပြန်လည်မှတ်ချက်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

"အဓိကအချက်က စိတ်ချမ်းသာတဲ့လူတွေကို ဆက်ပြီးစိတ်ချမ်းသာစေချင်တယ်။ လူမှုရေးအရ မပြေလည်သေးတဲ့သူတွေ၊ ဘဝမှာ နေထိုင်မှုအခက်အခဲရှိတဲ့သူတွေ၊ အဲလိုလူတွေကိုလည်း စိတ်ချမ်းသာစေချင်တယ်။ ကျွန်တော်ရဲ့အမြင်အရ ပြောရရင်တော့ ရန်ကုန်သူရန်ကုန်သား မြို့တော်သူ မြို့တော်သားတွေဟာ စည်ပင်သာယာရဲ့ ဝတ်စုံကို မြင်လိုက်ရရင်ပဲ အရမ်းကိုကြည်နူးပြီးတော့ ဝတ်စုံကို လေးစားတဲ့စိတ်၊ ချစ်ခင်မြတ်နိုးတဲ့စိတ်၊ အဲဒါရဖို့အတွက် ကျွန်တော့်စိတ်ထဲမှာထားတယ်။ အဲဒါ အဓိက အချက်ပဲ။ ကျွန်တော်တို့ ဝတ်စုံကို လူလေးစားရမယ်။ ချစ်ခင်ရမယ်။ ကျွန်တော်တို့ကို မေတ္တာထားနိုင်ရင် ကျွန်တော်တို့က ပြန်ပြီး မေတ္တာထားနိုင်ရမယ်။ လုပ်ထုံးလုပ်နည်းကတော့ လုပ်ထုံးလုပ်နည်းအတိုင်းပဲ သွားမှာပဲ။ စည်းမျဉ်းစည်းကမ်းအတိုင်းသွားမှာပဲ။ ဒါပေမယ့် စည်းမျဉ်းစည်းကမ်း တိကျလို့ရှိရင် ဘယ်သူမှ မနစ်နာကြပါဘူး။ ဒါ ကျွန်တော်ရဲ့ ရည်ရွယ်ချက်ပါ။ ကျွန်တော်ကတော့ အားလုံးကို စိတ်ချမ်းသာစေချင်ပါတယ်"ဟု ရန်ကုန်မြို့တော်ဝန်က ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တော်သူ မြို့တော်သားများအတွက် ဝန်ဆောင်မှုပေးအပ်ရသည့် ကော်မတီတစ်ရပ်ဖြစ်ပြီး မွေးဖွားသည်မှ သေဆုံးသည်အထိ စည်ပင်သာယာနှင့် ပတ်သက်မှုရှိနေသည်ဟု ယခင်မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်သူများက မှတ်ချက်ပြုပြောဆိုမှုများရှိခဲ့သည်။ သို့ရာတွင် လူထုနှင့် တိုက်ရိုက်ထိတွေ့ပတ်သက်မှုများရှိနေကာ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော်လည်း လူထုအနေဖြင့် စည်ပင်သာယာ၏ ဝန်ဆောင်မှုများအပေါ် သဘောကျ နှစ်သက်ခြင်းမရှိခဲ့ဘဲ စည်ပင်ယူနီဖောင်း ဝတ်စုံမြင်သည်နှင့် အမြင်မကြည်လင်မှုများ ဖြစ်ပေါ်ရသည်ဟု ရန်ကုန်မြို့ခံများက ဆိုကြသည်။ ခေတ်အဆက်ဆက် ပြည်သူလူထုက ရွေးချယ်နိုင်ခြင်းမရှိသည့် ကော်မတီဝင်များနှင့် စည်ပင်သာယာ၏ ဆောင်ရွက်ချက်များကြောင့် အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်ပေါ်ခဲ့ရပြီး အချို့သောစီမံကိန်းများ၊ ကန်ထရိုက်တိုက်ကဲ့သို့ လူနေအိမ်များ စသည်ဖြင့် စည်ပင်သာယာလက်အောက်ရှိ မြို့ပြရေးရာလုပ်ငန်းများဆောင်ရွက်ရာတွင် အငြင်းပွားဖွယ်ရာများနှင့် စနစ်မကျမှုများရှိခဲ့ကြောင်း ဝေဖန်မှုများရှိခဲ့သည်။

ပြီးခဲ့သည့် အစိုးရသက်တမ်းအတွင်း စည်ပင်သာယာကော်မတီဝင်များကို အများပြည်သူက ရွေးချယ်လာနိုင်ခြင်းအပြင် လက်ရှိအစိုးရသက်တမ်းတွင်လည်း ပွင့်လင်းမြင်သာမှုရှိသည့် ပြည်သူလူထုရွေးချယ်ထားသော ဒီမိုကရေစီအစိုးရဖြစ်သည်ဟူသော မျှော်လင့်ချက်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်ဝန်တို့အပေါ် အများပြည်သူမျှော်လင့်ချက်များစွာ ထားရှိထားကြပြီး လက်ရှိမြို့တော်ဝန်အဖြစ် ခန့်အပ်ခံရသည့် ဦးမောင်မောင်စိုး၏ ရည်ရွယ်ချက်နှင့် သဘောထားအပေါ် ကြိုဆိုမှုများရှိသည်ဟု သိရသည်။

(၀၀၁)

သစ်တောသစ်ပင် ခုတ်လဲဖျက်ဆီးသူများကို ဝိုင်းဝန်းဖော်ထုတ်ကြိုတင်ကာကွယ်သင့်ပြီ

စိုင်းလူမင်း

သစ်တောပြုန်းတီးမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီမံချက်ချမှတ်ဆောင်ရွက်နေသော်လည်း သစ်တောများ ဆက်လက်ပြုန်းတီးနေဆဲဖြစ်သည်။

ယခုအခါ သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတုပြောင်းလဲလာကာ ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်ဖြစ်သည့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အပူလွန်ကဲခြင်း စသည့်အကျိုးဆက်များကို ရင်ဆိုင်နေရပြီဖြစ်သည်။

သစ်တောပြုန်းတီးခြင်းကို အဓိကဖြစ်စေသောအကြောင်းရင်းများမှာ စီးပွားဖြစ်တရားမဝင် သစ်ထုတ်လုပ်ခြင်းအပြင် တရားမဝင်သစ်ထုတ်လုပ်မှု များပြားလာခြင်း၊ ပြည်တွင်းမှ ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် အပြောင်ရှင်းစနစ်ဖြင့် ခုတ်ယူခြင်း၊ အချို့အဖွဲ့အစည်းများက တရားမဝင်သစ်ခိုးထုတ်ခြင်းများကြောင့် ဖြစ်သည်။

ထို့အပြင် ယခင်ကမြန်မာနိုင်ငံတွင်သစ်ခုတ်ရာ၌ အသုံးပြုခဲ့သော စနစ်တစ်ခုဖြစ်သည့် သစ်တောဌာနက သတ်မှတ်ထားသည့် မြန်မာ့ရွေးချယ်ခုတ်ယူခြင်းစနစ်ကို ဘေးဖယ်၍ သစ်များကို အလွန်အကျွံခုတ်ယူခြင်းနှင့် သစ်တောများကို တတ်ကျွမ်းနားလည်သော သစ်တောပညာရှင်များက စီမံဆောင်ရွက်ခွင့် မရှိခြင်းတို့ကြောင့် သစ်တောများ တစ်နေ့ထက်တစ်နေ့ ပိုမိုပြုန်းတီးလာလျက်ရှိသည်။

ထိုသို့ သစ်တောသစ်ပင်လျော့နည်းလာပြီး သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာသဖြင့် ရာသီဥတုဖောက်ပြန်မှုနှင့် ကြုံတွေ့နေရသည်မှာ အမှန်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်များအတွင်းကလည်း မုတ်သုံအဝင်နောက်ကျခြင်း၊ အထွက်စောခြင်း၊ မိုးခေါင်ခြင်း၊ မိုးများခြင်း၊ ဆောင်းကာလ တိုတောင်းခြင်း၊ ပူပြင်းခြောက်သွေ့မှုကာလရှည်လျားခြင်းစသည့် ရာသီဥတုဖောက်ပြန်ခြင်းတို့ကို ကြုံတွေ့လာရသည်။

မြန်မာနိုင်ငံတွင် သက်ဆိုင်ရာဌာနများက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောရေယာများ တိုးပွားအောင် အပြင်းအထန်ပြန်လည်လုပ်ကိုင်ခြင်း၊ သစ်ပင်ထုတ်ယူမှုကို ထိန်းသိမ်းဆောင်ရွက်ခြင်း၊ တရားမဝင်သစ်ခုတ်မှုများကို တားဆီးကာကွယ်တိုက်ဖျက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော်လည်း မျှော်မှန်းသလောက် ပြန်လည်ရောက်ရှိနိုင်ရန်အတွက် များစွာကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင်သစ်များကိုပြည်ပနယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ခိုးထုတ်တင်ပို့မှုများ ရှိနေဆဲဖြစ်သောကြောင့်ဖြစ်သည်။ များသောအားဖြင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ကသာခရိုင်ရှိ မြို့နယ်ဒေသတို့မှ အများဆုံးခိုးယူတင်ပို့မှုများပြုနေသည်ကို တွေ့ရသည်။

ယင်းကဲ့သို့ သစ်ခိုးထုတ်သယ်ဆောင်မှုများကို ကသာခရိုင်အတွင်း မြို့နယ်ဒေသအချို့တို့၌ အဖွဲ့အစည်းအချို့နှင့် အဖွဲ့အစည်းအချို့တို့မှ မွေးမြူထားသော သတင်းပေးအချို့ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းအချို့မှ သစ်အရောင်းအဝယ်ပြုလုပ်ခြင်း၊ နယ်ဖြတ်ကြေးယူခြင်း၊ လမ်းကြောင်းရှင်းပေးခြင်း၊ ဖြတ်ကျော်သွားလာမည့်လမ်းကြောင်းတစ်လျှောက်ရှိ အဖွဲ့အစည်းအချို့တို့အား စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်း မပြုလုပ်စေရန်အတွက် ဆက်သွယ်ချိတ်ဆက်ပေးခြင်းများပြုလုပ်ကာ လမ်းကြောင်းအမျိုးမျိုးမှနေ၍ ခိုးယူသယ်ဆောင်မှုများပြုလုပ်နေသည်ကို လည်းတွေ့ရသည်။

လူသားအားလုံး ရှင်သန်ရပ်တည်နိုင်ရေးအတွက် ရာသီဥတုမျှတခြင်းသည် အဓိကအချက်ဖြစ်နေသည်ကို အားလုံးသိရှိကြပြီးဖြစ်သည်။ ရာသီဥတု ဖောက်ပြန်ပျက်စီးခြင်း၏ အဓိကလက်သည်မှာ သစ်တောများ ပျက်စီးပြုန်းတီးခြင်းဖြစ်သည်။

သို့ဖြစ်ရာ သစ်တောသစ်ပင်များကို ခုတ်လဲခြင်း၊ ဖျက်ဆီးခြင်းလုံးဝ မပြုလုပ်နိုင်ရန် လိုအပ်နေပြီဖြစ်ရာ ကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုသာ ကြည့်၍ သစ်တောသစ်ပင်ခုတ်လှဲဖျက်ဆီးသူများ၊ တရားမဝင်သစ်ခိုးထုတ်ရာတွင် ငွေကြေးယူ၍ လမ်းကြောင်းရှင်းပေးခြင်း၊ မြို့နယ်ဖြတ်ကြေးယူခြင်း၊ လိုင်စင်မဲ့ကားများဝယ်ယူ၍ တရားမဝင်သစ်များသယ်ယူပို့ဆောင်ခြင်းများကို ဝိုင်းဝန်းဖော်ထုတ်ထိန်းသိမ်းပြီး ကြိုတင်ကာကွယ်မှုဖြင့် တားဆီးကြရန်လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

✻ ကျောဖုံးမှ

အန်တီ ဒေါ်စုစုလွင်က ၂၀၁၂ ခုနှစ်ကတည်းက နှစ်တိုင်းအလျှုလုပ်လာခဲ့တာပါ။ သမ္မတကြီးမလာနိုင်ပေမယ့် သမ္မတကြီး အလျှုအပေါ် ဂုဏ်ယူပါတယ်"ဟု နိုင်ငံတော်သမ္မတနှင့်ဇနီးတို့လျှုဒါန်းသည့် အလျှုတော်မင်္ဂလာအခမ်းအနားနှင့် ပတ်သက်၍ ပြောသည်။

အလျှုကျင်းပရာသို့ လာရောက်သည့် သုံးခွမြို့နယ် ရွာသာကြီးကျေးရွာမှ တောင်သူ ဦးအောင်သန်းက "ကျွန်တော်တို့သမ္မတကြီးက သုံးခွမှာ အလျှု လာလုပ်တယ်ဆိုတော့ ဂုဏ်ယူပါတယ်။ အစိုးရသစ်က ပြည်သူ့တွေအတွက် စွမ်းစွမ်းတမံဆောင်ရွက်ပေးမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ရွာတွေမှာ အဓိကလိုအပ်တာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့ပါ။ လမ်းပန်းဆက်သွယ်ရေးသာကောင်းရင် ကျွန်တော်တို့ လယ်ယာထွက်ကုန်တွေကို လွယ်လင့်တကူသယ်ပို့ရောင်းချနိုင်မှာဖြစ်လို့ ကျွန်တော်တို့ရဲ့ လယ်ယာထွက်ပစ္စည်းတွေ စျေးကောင်းကောင်းရမယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့ ဒီဒေသ ပတ်ဝန်းကျင်မှာတော့ အများစုက လယ်သမားတွေပဲ"ဟု ဆိုသည်။

သုံးခွမြို့နယ် အမှတ်(၂)မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဆွေက "လက်ရှိအစိုးရအဖွဲ့အနေနဲ့ တာဝန်ယူရတဲ့အချိန်က တိုတောင်းသေးပေမယ့် သုံးခွမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက်လမ်းတွေ လုပ်ဖို့လိုပယ်။ အနည်းဆုံး ရွာချင်းဆက်လမ်းတွေ လုပ်ပေးမှ ကျန်းမာရေးအတွက်ရော ပညာရေးအတွက်ပါ အဆင်ပြေမယ်။ ရန်ကုန်တိုင်းဒေသကြီးထဲမှာ ကျွန်တော်တို့မြို့က ရေနဲ့ပတ်သက်ပြီး တော်တော်လေးကို ဒုက္ခရောက်တဲ့ အထဲမှာပါတယ်။ ရေကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့မြို့အတွက် လုပ်ဆောင်သွားဖို့ အစီအစဉ်ရှိပါတယ်"ဟု ပြောသည်။

အဆိုပါ နှစ်ဦးဒါန စတုဒိသာအလျှုတော်မင်္ဂလာကို ၂၀၁၂ ခုနှစ်ကတည်းက စတင်ပြုလုပ်ခဲ့ပြီး ယခုအကြိမ်သည် လေးကြိမ်မြောက်လျှုဒါန်းမှုဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

● မြန်မာ့လက်ရွေးစင်အသင်းဖွဲ့စည်းမှ

နိုင်ရန်အတွက် နောက်ဆုတ်ကျင်းပရန် ညွှန်ကြားလျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ ပြင်ဆင်သည့်အနေဖြင့် ဇွန်လဆန်းပိုင်းတွင် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး မေ ၂၈ ရက်တွင် မလေးရှားလက်ရွေးစင်အသင်းနှင့် သုဝဏ္ဏကွင်း၌ ခြေစမ်းကစားရန် သဘောတူညီမှုရရှိထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဧပြီ ၂၁ ရက်တွင် လေ့ကျင့်မှုများစတင်ပြုလုပ်မည်ဖြစ်ပြီး MNL ညွှန့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲအတွက် တစ်ပတ်ကျော်အချိန်ယူပြင်ဆင်မည်ဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ဂိုး-ကျော်ဇင်ဖြိုး(မကွေး)၊ ရန်အောင်လင်း(ဟံသာဝတီ)၊ ပြည့်ဖြိုးအောင်(Southern)၊ နောက်တန်း-ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း၊ သီဟထက်အောင်(ရန်ကုန်)၊ နန္ဒကျော်၊ ကျော်ဇင်လွင်(မကွေး)၊ အောင်ဇော်(ဟံသာဝတီ)၊ ဟိန်းသီဟဇော်(ရှမ်း)၊ ဖြိုးကိုကိုသိန်း(ဧရာဝတီ)၊ အလယ်တန်း-ရန်အောင်ကျော်၊ ကြည်လင်း(ရန်ကုန်)၊ ရဲကိုဦး၊ လှိုင်းဘိုဘို၊ မျိုးကိုထွန်း (ရတနာပုံ)၊ သီဟဇော် (ဧရာဝတီ)၊ မောင်မောင်လွင်(ဟံသာဝတီ)၊ ရန်နိုင်ဦး(ဧရယျာရွှေမြေ)၊ ဆောင်လမန်(ချင်း)၊ ရှေ့တန်း-အောင်သူ၊ ဝင်းနိုင်စိုး(ရတနာပုံ)၊ ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်) တို့ ပါဝင်ကြသည်။

❒ ဧရာဝတီမြစ်အတွင်း

သင်္ဘောအား ဓားပြတိုက်လုယက်မှုမှ

ပိတ်ဆို့ဖမ်းဆီးခဲ့ရာ မသက်ဘသူ စစ်ကိုင်းမြို့နယ် ရိပ်သာကျွန်းကျေးရွာနေ ဝင်းစိုး(၄၁)နှစ်အား ညနေ ၃ နာရီ ၄၅ မိနစ်တွင် "လွှင်ဆမ်ဆစ်" သင်္ဘောဆိုက်ကပ်ထားသည့် မြစ်လယ်သဲသောင်ပြင်မှ လည်းကောင်း၊ နောက်ကြည့်ကျွန်း ကျေးရွာနေ ဆန်းညွှန့်ဦး (ခ) ငကျစ် (၃၂)နှစ်ပါ ခြောက်ဦးအား ညနေ ၄ နာရီ မိနစ် ၂၀ တွင် ရိပ်သာကျွန်းကျေးရွာ အတွင်းမှလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဆန်းညွှန့်ဦး (ခ) ငကျစ်

နှာနီ (ခ) ဇော်သန်းဦး

မင်းမင်းထွန်း

သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ

အဆိုပါ ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ ငဇော်(ခ)ဇော်ဇော်(စိစစ်ဆဲ)မှ ဦးဆောင်ပြီး ဆန်းညွှန့်ဦး(ခ)ငကျစ်၊ ချစ်ချော၊ အောင်စိုးဦး၊ မောင်ဦး၊ စိုးစိုး၊ ငထွန်း(ခ) ဖက်တီး၊ အောင်ဝင်းစိုး၊ မင်းမင်းထွန်း၊ ငမဲ၊ ဇော်သန်းဦး၊ ကျွဲကြီး (ခ)ဇော်မင်းဦးနှင့် သီဟဝင်းတို့ပါဝင်သော ၁၃ ဦးသည် စက်လှေနှစ်စင်းတွင် ငါးဦးနှင့် ရှစ်ဦးစီခွဲ၍ စီးနင်းခဲ့ကြပြီး ရိပ်သာကျွန်းရေဆိပ်မှ ပုဏ္ဏားခြံရေလယ်ကျွန်းအနီးသို့ သွားရောက်ပြီး သင်္ဘောအားစောင့်ဆိုင်းခဲ့ကြကြောင်း။

"လွှင်ဆမ်ဆစ်"အမည်ရှိ သင်္ဘောသည် ပုဏ္ဏားခြံရေလယ်ကျွန်းအနီးသို့ ရောက်ရှိစဉ် ငဇော်(ခ)ဇော်ဇော် စီးနင်းသော ရှစ်ဦးပါ စက်လှေမှ ခရီးသည်ဟန်ဆောင်၍ သင်္ဘောကိုတားပြီး ကမ်းသို့ကပ်ခိုင်းရာ မကပ်သဖြင့် စက်လှေနှစ်စင်းက သင်္ဘောအား ချဉ်းကပ်လိုက်ပါခဲ့ကြောင်း၊ ရေတိမ်ပိုင်း၌ သင်္ဘောသောင်တင်စဉ် စက်ခန်းအား လေးခွများဖြင့် ပစ်ခတ်ပြီးနောက် စက်လှေနှစ်စင်းမှအဖွဲ့များက ဓားရှည်များနှင့် လေးခွများ ကိုင်ဆောင်၍ သင်္ဘောပေါ်သို့ တက်ရောက်ပြီး သင်္ဘောမှန်များကို ရိုက်ခွဲကာ ရွှေ၊ ငွေနှင့် လူသုံးကုန်ပစ္စည်းများကို လုယက်ယူဆောင်ပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သတင်းဆက်ဖော်ထုတ်ပြီး ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဧပြီ ၁၈ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပြစ်မှုကျူးလွန်သူများအနက်မှ ရိပ်သာကျွန်းကျေးရွာနေ နှာနီ (ခ) ဇော်သန်းဦး (၃၀)နှစ်အား နေအိမ်မှ လည်းကောင်း၊ တစ်ရွာတည်းနေ မင်းမင်းထွန်း(၂၀)နှစ်အားယင်းကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်းမှ လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ကျန်ပြစ်မှုကျူးလွန်သူ လေးဦး ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်-ဖျာပုံ ပြေးဆွဲနေသည့် ယာဉ်လိုင်းအချို့ ယာဉ်စီးခများ နှစ်ဆကောက်ခံသဖြင့် ပြည်သူများအခက်တွေ့

ဖျာပုံ ဧပြီ ၁၉

မြန်မာသင်္ကြန်မတိုင်မီ အကြိုကာလမှစ၍ သင်္ကြန်ပြီးနောက်ပိုင်း မြန်မာနှစ်ဆန်းရက်များတွင် ဖျာပုံမှ ရန်ကုန်သို့ပြေးဆွဲနေသည့် ယာဉ်လိုင်းအချို့ ဧပြီ ၂၀ ရက်အထိ ယာဉ်စီးခ နှစ်ဆတိုးမြှင့်ကောက်ခံနေသဖြင့် ခရီးသွားပြည်သူများ အခက်ကြုံနေကြကြောင်း သိရသည်။

"ကျွန်တော်တို့ အခုကာလ ဖျာပုံကနေရန်ကုန်ကို ပြေးဆွဲတဲ့ ယာဉ်စီးခက ခေါင်းခန်းခရီးသည်တွေကို ကျပ် ၆၀၀၀ ကနေ ကျပ် ၇၀၀၀ အထိကောက်ခံပြီး ကျန်နေရာ ယာဉ်စီးခအတွက် တစ်ဦးလျှင် ကျပ် ၅၀၀၀ နှုန်းနဲ့ ဧပြီ ၂၀ ရက်အထိ ကောက်ခံပြေးဆွဲမှာဖြစ်ပါတယ်"ဟု ဖျာပုံ-ရန်ကုန် ပြေးဆွဲနေသည့် မှန်လုံ ကားသေး(စူပါကာစတန်)ယာဉ်လိုင်းများ၏ တာဝန်ရှိသူများက ဧပြီ ၁၈ ရက်တွင် ပြောကြားသည်။

ဖျာပုံနှင့် ရန်ကုန်သည် မိုင်ပေါင်း ၆၀ ကျော်ကွာဝေးပြီး ပုံမှန်အားဖြင့် ယခင်က ယာဉ်စီးခနှုန်းထားမှာ ခရီးသည်တစ်ဦးလျှင် ကျပ် ၁၅၀၀ နှုန်းမှ ကျပ် ၃၅၀၀ အထိသာ ကောက်ခဲ့သည့် ခရီးစဉ်များတွင် ယခုကဲ့သို့ ယာဉ်စီးခများ အနည်းဆုံးနှစ်ဆခန့် တိုးမြှင့်ကောက်ခံနေသဖြင့် ခရီးသွားပြည်သူများ အခက်ကြုံနေကြရသည်။

"ကျွန်မတို့ ဒီသင်္ကြန်ကာလကျမှပဲ တစ်နှစ်မှတစ်ခါ မိဘရပ်ထံပြန်ကြရတာပါ။ ဖျာပုံပြန်လာတုန်းကလည်း အရင် ကျပ် ၁၅၀၀ သာပေးရတဲ့ ကားက ကျပ် ၈၀၀၀ အထိ ပေးရပါတယ်။ အခုသင်္ကြန်ပြီးလို့ ပြန်တဲ့အခါမှာလည်း ယာဉ်စီးခက တစ်ဦးကို ကျပ် ၆၀၀၀ နဲ့ မိဘထံက ဒေသထွက်ကုန်အဖြစ် ငါးပိရေချိုပုံး သေးသေးသယ်ခဲ့မိလို့ အခုတန်ဆာခက ကျပ် ၁၅၀၀ တောင်းတယ်။ ပိုက်ဆံကလည်း အပြန်စရိတ် ကျပ် ၆၀၀၀ ပဲပါတော့တယ်။ ကျွန်မတို့ မဖြစ်မနေအလုပ်ပြန်ဝင်ရမှာမို့ မတန်တဆဈေးကြီးပေးပြန်ကြရတဲ့အတွက် တော်တော်စိတ်ပျက်မိပါတယ်"ဟု ခရီးသည်တစ်ဦးက ပြောသည်။

ယခုကဲ့သို့ ယာဉ်စီးခ မတန်တဆကောက်ခံပြေးဆွဲနေသည့် ဖျာပုံ-ရန်ကုန် ယာဉ်လိုင်းအများစုရှိသလို ပြည်သူများအဆင်ပြေစေရေးအတွက် ပုံမှန်နှုန်းဖြင့် ပြေးဆွဲနေသည့် ယာဉ်လိုင်းလည်းရှိပေရာ ပြည်သူများအနေဖြင့် သွားလာရေး အဆင်ပြေလွယ်ကူစေရန်အတွက် ယာဉ်စီးခနှုန်းထားများ အားလုံးတစ်ပြေးညီ ပုံမှန်ပြေးဆွဲနိုင်ရေးလိုလားနေကြောင်း ရေးသားလိုက်ရပါသည်။

သူဇာနွယ်(ဖျာပုံ)

ဖလမ်း၌ လူတစ်ဦးကြိုးဆွဲချသေဆုံး

ဖလမ်း ဧပြီ ၁၉

ချင်းပြည်နယ် ဖလမ်းမြို့ တလန်လိုရပ်ကွက်တွင် နေထိုင်သူ ဦးလာလ်နယ်ထန်း(၂၅) နှစ်သည် အစ်ကိုဖြစ်သူဦးအောင်ကိုထွန်း၏နေအိမ်တွင် မီခိုနေထိုင်သူ တစ်ဦးဖြစ်ပြီး အရက်အလွန်အကျွံသောက်ရာ ဧပြီ ၁၉ ရက် နံနက် ၉ နာရီက မိမိကိုယ်ကို ကြိုးဆွဲချသေဆုံးခဲ့သည်။

အဆိုပါဖြစ်စဉ်အား ဖလမ်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ခရိုင်(မြန်/ဆက်)

ဟားခါးမြို့၌ နေအိမ်တစ်လုံး မီးလောင်ကျွမ်းမှုဖြစ်ပွား

ဟားခါး ဧပြီ ၁၉

ဧပြီ ၁၉ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ချင်းပြည်နယ် ဟားခါးမြို့ ဗိုလ်ချုပ်လမ်း ပြည်နယ် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနရုံးအနီး Gas အိုးများရောင်းချသည့် (GASPA ဆိုင်) ဒေါ်ဗျက်နွမ်ကျဲရ၏နေအိမ် မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းများ၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်/မြို့နယ် မီးသတ်တပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၃၀၀ ခန့်နှင့် မီးသတ်ယာဉ် ငါးစီး၊ အုပ်ချုပ်မှုယာဉ် တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ရာ ညနေ ၄ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ကာ နှစ်ထပ်နေအိမ်တစ်လုံး၊ ဆိုင်ကယ် လေးစီး ပျက်စီးဆုံးရှုံးခဲ့ရာ ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၁၅၀၀၀၀ ခန့်ရှိပြီး လူသေဆုံးမှုမရှိကြောင်း သိရသည်။

ခရိုင်(မြန်/ဆက်)

ပြည်တွင်းရေးရာ

ဖွံ့ဖြိုးဝေဆာ လုံဟောရွာ



ကလေးဝင်းသူ

-ရှစ်ခွင်ဂြိုဟ်၊ ပျော်စံကြ
ဘွဲ့မည်ရာ "အောင်မည်ရတနာ"
ဦးတင်သ၊ ပနာနိမ်ခြွေ
ဂုဏ်အရိုန်ပြောင်ဝင်း...။
(မြင့်မြတ်တဲ့ စေတီတော်ကို)
ဦးတင်ကာ ကန်တော့ပါရဲ့လေး...။
ခြောက်ကိုးဆယ် ဘယာသေး
ကွာဝေးလို့ ပေါ်လာ...
စာရေးလို့ကြော်ငြာမယ်...ဖော်သဟာမိတ်ပေါင်း...။
(စုပေါင်းလို့ တောင်းဆုခွေမယ်)
တောင်းဆုတွေ၊ ပြည့်ဝစေသား...။

အထက်ပါ တေးစာသားလေးကား ဂန့်ဂေါမြို့နယ် လုံဟောရွာသား ဂီတစာဆိုကိုမောင်မြင့်(ရွှေညီမြေ) ရေးစပ်သီကုံးထားသည့် လုံဟောရွာအောင်မြေရတနာပဌာန်းစေတီတော်ငွေရတုပွဲဆင်နွှဲစဉ်က သီဆိုဖျော်ဖြေခဲ့သော တေးတစ်ပုဒ်ဖြစ်ပါသည်။

မယ်ဒလင်ဖြင့် သီဆိုတီးမှုတ်စပ်ဆိုခဲ့သော တေးတစ်ပုဒ်ဖြစ်ပါသည်။ ကျွန်တော်သည် တေးပြုစာဆို ဦးမောင်မြင့် ဖိတ်ခေါ်သဖြင့် ချင်းလုံဟောရွာလေးတွင် ကျင်းပသည့် အောင်မြေရတနာပဌာန်းစေတီတော် ငွေရတုပွဲသို့ ဆင်နွှဲခွင့်ရရှိခဲ့ပါသည်။

အောင်မြေရတနာပဌာန်းစေတီတော်ကြီး၏ ငွေရတုပွဲကို ၁၃၃၇ ခုနှစ် တပို့တွဲလဆန်း (၉)ရက်မှ (၁၁)ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ယောနယ်ရှိ သံယာများသာမက ရန်ကုန်၊ မန္တလေး၊ မုံရွာမြို့များမှ ဆရာတော်၊ သံယာတော်များပါ ကြွရောက်အားပေးချီးမြှင့်တော်မူခဲ့ကြသည်။ ပင့်သံယာ ၁၀၀ ကျော်ဖြင့် ပြုလုပ်ခဲ့သော လုံဟောရွာအောင်မြေရတနာပဌာန်းစေတီတော်ငွေရတုပွဲသို့ ဂန့်ဂေါမြို့ပေါ်နှင့် လုံဟောရွာအနီးရှိ ဇာဟော၊ လာပို့၊ စိုင်ဒူး၊ တောင်ယာပြင်၊ မန်ကျည်းခင်၊ ရှုံးရှီ၊ အနောက်ဂန့်ဂေါ၊ ပျားရွာများက သာမကဂန့်ဂေါမြောက်ပိုင်းရှိ တောင်ခင်ရမ်း၊ မြောက်ခင်ရမ်း၊ နှမ်းခါး၊ ဟံသာဝတီကျေးရွာများကပါ လာရောက်ဆင်နွှဲပူဇော်ကြပါသည်။

ထိုပဌာန်းစေတီတော်ကြီး ငွေရတုအောင်ပွဲအပြီးတွင် စာရေးသူသည် လုံဟောရွာအနောက်ဘက်ရှိ လုံဟောရွာက ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ထားသော လုံဟော-ဟားခါးသွားကားလမ်းမကြီးနှင့် နိုင်ငံတော်အစိုးရက ဖောက်လုပ်ပေးထားသော လုံဟော-ကလေး၊ လုံဟော-ဂန့်ဂေါသွားကားလမ်းမကြီးတို့ကို သွားရောက်လေ့လာခဲ့ရသည်။

ကျွန်တော့်ကို တည်းအိမ်ရှင် ဦးမောင်မြင့်ကပင် ဆိုင်ကယ်ဖြင့် ပို့ပေးသည်။ နိုင်ငံတော်အစိုးရက ဖောက်လုပ်ခဲ့သော လမ်းကို ဦးမောင်မြင့်ကပင် လမ်းပြပေးခဲ့ရသည်ဟု သိရသည်။

ထိုလမ်းမှာ လုံဟော-ကလေး၊ လုံဟော-ဂန့်ဂေါ သွားလာနိုင်သော ကားလမ်းသစ်ဖြစ်သည်။ ထိုလမ်းမှာ လေးမိုင်ရှည်ပြီး တစ်မိုင်ကျော်ကျော်ကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဖောက်လုပ်ပေးခဲ့ပြီး ကျန်သုံးမိုင်ကျော်ကျော်ကို ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ဖောက်လုပ်ပေးခဲ့သည်ဟု သိရသည်။

စာရေးသူဆိုင်ကယ်ဖြင့် သွားရောက်လေ့လာသော အခါ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖောက်လုပ်ခဲ့သောလမ်းမှာ အဆင့်မီ၍ သာယာဖြောင့်ဖြူးလျက်ရှိပြီး ကျန်သုံးမိုင်ကျော်မှာ ယခုနှစ်မှ ဖောက်လုပ်ပြီးစီးခဲ့သဖြင့် မြေသားလမ်းသာဖြစ်ပြီး လမ်းမချောမွေ့သေးပါ။ တစ်မိုး ရွာပြီးမှ မြေသိပ်၍ လမ်းကောင်းမည်ဟု သိရသည်။

မည်သို့ဆိုစေ၊ ယခင်က မြစ်ကူးချောင်းခြားလမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့သော ချင်းလုံဟောရွာလေးမှာ ယခုအခါ ရာသီမရွေးသွားလာနိုင်သော ကားလမ်းနှစ်သွယ်ပေါက်ခဲ့ပြီဖြစ်၍ ဖွံ့ဖြိုးဝေဆာသာယာလျက်ရှိနေသည်။

ဂန့်ဂေါ-ဇာဟော-လုံဟောသွားဇာဟောချောင်းဖြတ် လုံဟောကြိုးတံတားကြီးကိုလည်း ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားရာ ယခင်က အနေဝေး၊ အသွားခက်လှသော လုံဟောရွာလေးမှာ အနေမဝေး အသွားမခက်တော့ပါ။

လုံဟောရွာမှ ငါးမိုင်သာဝေးသည့် ဂန့်ဂေါမြို့ကြီးသို့ လုံဟောကြိုးတံတားပေါ် လွယ်ကူစွာဖြတ်ကျော်၍ လည်းကောင်း၊ နိုင်ငံတော်အစိုးရမှ ဖောက်လုပ်ပေးထားသော လုံဟော-ဂန့်ဂေါ-ဟားခါးလမ်းမကြီးမှလည်းကောင်း လွယ်ကူစွာ သွားလာနိုင်ကြပြီဖြစ်သည်။

ချင်းလုံဟောကျေးရွာလေးသည် ဂန့်ဂေါမြို့အနောက်မြောက်ဘက် ငါးမိုင်အကွာ ချင်းပြည်နယ် ဟားခါးမြို့နယ်စပ်တွင် တည်ရှိသည်။ ဂန့်ဂေါမြို့မှ လုံဟောရွာသို့လာလျှင် ပထမမြစ်သာမြစ်ကို ဖြတ်ရသည်။ ဒုတိယဇာဟောချောင်းကို ဖြတ်ရသည်။ မြစ်တစ်မြစ်နှင့် ချောင်းတစ်ချောင်းက ကာဆီးပိတ်ဆို့ထားသည်။

"မြစ်ကိုမြင်လျှင် တံတားဆင်၊ ချောင်းကိုရောက်လျှင် တံတားဆောက်"ဟူသော ထုံးအရ နွေရာသီတွင် မြစ်သာမြစ်ကို တံတားဆင်၍ ကူးဖြတ်သွားလာနိုင်သည်။ ဇာဟောချောင်းကို ကိုယ်ထူကိုယ်ထ ကြိုးတံတား ဆောက်၍ထားသဖြင့် လွယ်ကူစွာသွားလာနိုင်ကြပြီ။ မိုးရာသီတွင်ကား လုံဟော-ဂန့်ဂေါ-ဟားခါးလမ်းမှတစ်ဆင့် လွယ်ကူစွာ သွားလာနိုင်ကြပြီ။

အိမ်ခြေ ၁၈၄ အိမ်၊ လူဦးရေ ၁၀၀၃ ဦးသာ နေထိုင်နေကြသော ရှမ်းထန်းချင်းလူမျိုးတို့ ပျော်ရွှင်နေရာ ချင်းလုံဟောရွာလေးမှာ ယခုအခါ ဇီဝဓာတ်ငွေ့ကန်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးထားသဖြင့် တစ်ရွာလုံး လျှပ်စစ်မီးထိန်ထိန်ညီးလျက် ရှိနေသည်။ အိမ်တိုင်း၌ တီဗီရှိ၍ ခေတ်မီနေကြပြီ။ ဆိုင်ကယ်သံ တည်ညံဖြင့် စည်ကားနေသည်။

ဘုန်းတော်ကြီးကျောင်းရေကန်မှ ဖြန့်ဝေပေးနေသော ရေတိုင်များဖြင့် ရေမီးပြည့်စုံနေကြပြီ။ နိုင်ငံတော်အစိုးရက ဖောက်လုပ်ပေးသော လုံဟော-ဂန့်ဂေါသွားကျေးလက်လမ်းတို့ဖြင့် ဆက်သွယ်သွားလာရေးကောင်းနေပြီ။

ဂန့်ဂေါဒေသ ယောနယ်ရှိ ချင်းလုံဟောရွာလေးမှာ ဖွံ့ဖြိုးဝေဆာ အလှဖြာ၍ နေပါလေသတည်း။

မန္တလေးမြို့တွင် ကွမ်းစားသုံးမှုပျောက်ရေးစီမံချက် အဆင့်လိုက် ဆောင်ရွက်သွားမည်

မန္တလေး ဧပြီ ၁၉

မန္တလေးမြို့တော် သန့်ရှင်းသာယာလှပစေရေးနှင့် အများပြည်သူကျန်းမာရေးအတွက် ကွမ်းစားသုံးမှုနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းများ ကျဆင်းပျောက်ရေးအတွက် စီမံချက်ချမှတ်ကာ အဆင့်လိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကွမ်းစားခြင်းက ကောင်းကျိုးထက် ဆိုးကျိုးကို ပိုဖြစ်စေပါတယ်။ ကွမ်းတံတွေးကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို အမြင်မတင့်တယ်သလို ကွမ်းစားခြင်းကြောင့် ကျန်းမာရေးကိုလည်း ထိခိုက်စေပါတယ်။ ဒါကြောင့် စီမံချက်တွေ အဆင့်ဆင့်ရေးဆွဲပြီး ပျောက်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကွမ်းလုပ်ငန်းနဲ့ ဆက်စပ်သူတွေရဲ့ အလုပ်အကိုင်အခွင့်လမ်းနဲ့ စားဝတ်နေရေးတွေကိုလည်း ထည့်သွင်းစဉ်းစားပေးရမှာ ဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ယင်းကဲ့သို့ စီမံချက်ဖြင့် ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် မြို့နယ်အလိုက် ကွမ်းယာဆိုင်၊ ကွမ်းရွက်၊ ကွမ်းသီး၊ ကွမ်းနှင့် ပတ်သက်သည့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်စာရင်းများ အတိအကျကောက်ယူရန်၊ ဒုတိယအဆင့်တွင် ကျန်းမာရေးဖြစ်ပြီး ကွမ်းယာကြောင့် ဖြစ်တတ်သည့် ရောဂါများကို အသိပညာပေးဟောပြောခြင်း၊ အိန္ဒိယနိုင်ငံမှ ဝင်ရောက်လာသည့်ကွမ်းပစ္စည်းများ တားဆီးခြင်း၊ ရုံးများ၊ ဆေးရုံ၊ ဆေးခန်း၊ ရုပ်ရှင်စသည့် အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများတွင် ကွမ်းမစားရ အသိပညာပေးခြင်း၊ ပညာပေးစာစောင်များ ကပ်ခြင်း၊ ရုပ်ရှင်/ဗီဒီယိုများမှ ထည့်သွင်းကြေညာခြင်း၊ ဥပဒေစည်းကမ်းများ သတ်မှတ်ခြင်း၊ ပညာပေးကာလနှင့် အရေးယူကာလများ သတ်မှတ်ခြင်းတို့ဖြစ်သည်။

ထို့အပြင် တတိယအဆင့်တွင် မြို့နယ်/ရပ်ကွက်အလိုက် ကွမ်းစားသုံးသူကင်းစင်မှု ကြေညာခြင်း၊ အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းအတွက် ဂုဏ်ပြုချီးမြှင့်ခြင်းများဖြစ်ပြီး ပါဝင်ပူးပေါင်းလုပ်ဆောင်ရမည့် အဖွဲ့အစည်းများမှာ ပြည်သူ့ရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့တော်စည်ပင်၊ ကျန်းမာရေးဌာန၊ စိုက်ပျိုးရေးဌာန၊ ပညာရေးဌာန၊ စီးပွား/ကူးသန်းနှင့် လူမှုရေးအဖွဲ့အစည်းများဖြစ်ကြောင်း သိရသည်။ မြို့ခံတစ်ဦးဖြစ်သူ ဒေါ်မိုးမြေကလည်း "ကွမ်းစားတာကို ပညာပေးဖို့ အောက်ခြေဒေသခံတွေအထိ ပါဝင်ဖို့ လိုတယ်။ ကွမ်းမစားတဲ့ ကောင်းကျိုးကိုသိအောင် ပညာပေးရမယ်။ အခြေခံပညာကျောင်းများကစပြီး ကွမ်းစားခြင်းဆိုးကျိုးတွေကို သရုပ်ပြပညာပေးမှုတွေနဲ့ ကွမ်းနဲ့ပတ်သက်တဲ့ စီးပွားရေးလုပ်သူတွေကို တခြားအလုပ်အကိုင်အခွင့်အလမ်းတွေရှာဖွေပေးရမှာပါ"ဟု အကြံပြုပြောကြားသည်။

ကွမ်းစားသုံးခြင်းသည် ရိုးရာထုံးတမ်းအစဉ်အလာအရ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့သဖြင့် ၎င်းခလေ့ ပျောက်ရေးအတွက် အတိုင်းအတာတစ်ခုအထိ အချိန်ယူ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်တွား)

လွှင်လင်မြို့က မြတ်ဆရာပူဇော်ကန်တော့ပွဲမှ အင်ဗျက်လုံး အပြုံးမျက်နှာ

ရှမ်းပြည်နယ်(တောင်ပိုင်း) လွှင်လင်မြို့ အထက(၁)တွင် မြတ်ဆရာပူဇော်ပွဲကျင်းပစဉ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)လွှင်လင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ဧပြီ ၁၁ ရက် နံနက် ၉ နာရီက ၁၉၈၅-၁၉၉၉ ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများက စီစဉ်ကျင်းပသည့် ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

လွှင်လင်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမတွင်ကျင်းပသည့် ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို စာရေးသူသည် ၁၉၈၉-၁၉၉၀ ပညာသင်နှစ်မှ ကျောင်းသားဟောင်းတစ်ဦးအဖြစ် ပါဝင်တက်ရောက်ကန်တော့ခဲ့ရာ မြင်သမျှ၊ တွေ့သမျှ၊ ကြုံခဲ့သမျှများကို မှတ်တမ်းတင်ကာ ဤဆောင်းပါးဖြင့် ပြန်လည်မျှဝေပါသည်။

ဧပြီ ၁၀ ရက် မွန်းလွဲပိုင်းမှစတင်၍ ရပ်ဝေးမှ ဖိတ်ကြားထားသော ကန်တော့ခံဆရာကြီး ဆရာမကြီးများသည် လွှင်လင်မြို့သို့ ရောက်ရှိလာရာ ကြိုတင်ညှိနှိုင်းတာဝန်ပေးထားသည့် ကျောင်းသားဟောင်းများက ခရီးဦးကြိုဆိုကာ တည်းခိုမည့်နေရာအသီးသီးသို့ပို့ဆောင်ပြီး ခေတ္တအနားယူစေပါသည်။ အချို့က မိမိတို့တာဝန်ယူထားသည့် တာဝန်ကျရာ ကန်တော့ပွဲကျင်းပမည့်နေရာတွင် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေကြသည်။ ထိုနေ့ညနေ ၅ နာရီခွဲတွင် ကန်တော့ခံရပ်ဝေးမှဆရာကြီး ဆရာမကြီးများကို ညနေစာဖြင့် တည်ခင်းဧည့်ခံရန် လွှင်လင်မြို့ အမှတ်(၂) ရပ်ကွက်ရှိ ကျောင်းသားဟောင်း၏ မိဘနေအိမ်တွင်စီစဉ်ဆောင်ရွက်ပေးသည်။ လွှင်လင်မြို့သည် တောင်ပေါ်မြို့ဖြစ်ရာ တောင်ပေါ်နွေဟုဆိုသော်လည်း ညနေဆည်းဆာနေညိုညိုအချိန်တွင် မပူလွန်း၊ မအေးလွန်းသဖြင့် ရာသီဥတုသည် အင်မတန်မှ သာသာယာယာရှိနေပါသည်။ များမကြာမီ ဆရာကြီး ဆရာမကြီးများကို ကားကြီးကားငယ်အသွယ်သွယ်ဖြင့် ကျောင်းသားဟောင်းများက ပင့်ဆောင်၍ခြံဝင်းကျယ်ကြီးအတွင်း မောင်းဝင်လာကြရာ ခရီးဦးကြိုပြုနေသည့် ကျောင်းသားဟောင်းများ၏ရင်ထဲတွင် တဒုန်းဒုန်းဖြင့် ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် ကြိုဆိုနေကြသည်။ ဆရာနှင့်တပည့် မတွေ့ကြမဆုံကြသည်မှာ နှစ်ပေါင်းသုံးဆယ်နီးပါး ကြာမြင့်ခဲ့သည်ဖြစ်သည်။ ထို့အတူ လွန်ခဲ့သော ကာလများအတွင်း ဆရာ ဆရာမများအချင်းချင်း အတူတာဝန်ထမ်းဆောင်ခဲ့သည့် လုပ်ဖော်ကိုင်ဖက်များ ပြန်လည်တွေ့ကြသည့် ဆရာကန်တော့ပွဲ၏အကြိုညစာစားပွဲဖြစ်ပါသည်။ ဆရာ ဆရာမများအချင်းချင်း၊ ဆရာနှင့်တပည့် ပြန်လည်ဆုံတွေ့ကြချိန်တွင် တစ်ဦးနှင့်တစ်ဦး ဖက်လဲတကင်း နှုတ်ဆက်ကြရင်း ဝမ်းသာဝမ်းနည်း ပီတိမျက်ရည်များဖြင့် အင့်ဗျက်လုံး အပြုံးမျက်နှာ ကိုဆောင်ကာ ဖော်မပြနိုင်သည့် ရင်တွင်းခံစားချက်များနှင့် ကိုယ်စီကိုယ်စီ ဝမ်းသာလို့ မျက်ရည်ကျနေကြသည်။ အကြိုညစာစားပွဲတွင် စေတနာ မေတ္တာအသွယ်သွယ် ပြောကြဆိုကြ နှုတ်ဆက်ကြဖြင့် ကြည်နူးမိခဲ့ရသည်။ ည ၈ နာရီတွင် ရပ်ဝေးမှ လာရောက်ရ၍ ခရီးပန်းလာသဖြင့် အနားယူရန် ပြန်လည်ပို့ဆောင်ပေးကြသည်။

ယနေ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)လွှင်လင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ၁၉၈၅-၁၉၉၉ ခုနှစ် ကျောင်းသားဟောင်းများက စီစဉ်ကျင်းပသော ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ကျင်းပသည့် ဧပြီ ၁၁ ရက်နေ့ပင်ဖြစ်သည်။ ဆရာကန်တော့ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မတီအသီးသီးတွင် တာဝန်ယူထားကြသည့် ဒေသခံ ကျောင်းသားဟောင်းများသည် တက်တက်ကြွကြွညီညီညွတ်ညွတ် မိမိတို့၏တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ပေးကြသည်။

ထိုနေ့နံနက် ၉ နာခန့်မှ စတင်၍ ကန်တော့ခံရပ်နီးရပ်ဝေးမှ ဆရာကြီး ဆရာမကြီးများ၊ ရပ်နီးရပ်ဝေးမှ ကျောင်းသားဟောင်းများ လာရောက်ချိန်တွင် တစ်ဦးနှင့်တစ်ဦး ရင်းနှီးကျွမ်းဝင်စွာနှုတ်ဆက်နေပုံများမှာ ဝမ်းသာကြည်နူးမိပါသည်။ ဆရာကြီး ဆရာမကြီးများမှာ တတိယအရွယ်ဖြစ်သည့် အသက် (၇၀)ကျော် (၈၀)ရှိနေကြသော်လည်း မိုင်ပေါင်းရာချီဝေးသည့် အရပ်ဒေသမှ ကန်တော့ခံရန် လာရောက်ကြသည့် ဆရာ့စေတနာသည် ယခုတိုင် နုပျိုနေဆဲဖြစ်သည်။ အလားတူပင် ကျောင်းသားဟောင်းများမှာလည်း ဒုတိယအရွယ် အသက်(၄၀)ကျော် (၅၀) ရှိနေကြသည်။ ယခုလိုပြန်လည်ဆုံတွေ့ကြချိန်တွင် ဝမ်းသာမဆုံးပီတိအပြုံးများဝေဆာနေကြသည်။ အမိကျောင်းတော်ကြီးကို ပြန်လည်ခြေချမိသော် ငယ်စဉ်က ကျောင်းသားဘဝ အခြေအနေများကို ပြန်ပြောင်းအောက်မေ့သတိတရရှိနေကြသည်။ ကျောင်းသားဟောင်းများသည် ဒေသအသီးသီးတွင် နိုင်ငံ့ဝန်ထမ်းများ၊ စစ်မှုထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များအဖြစ် တာဝန်ကိုယ်စီရှိနေကြပေသည်။ မြန်မာနှစ်သစ်ကူးအချိန် အခါ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်၊ အလုပ်ပိတ်ရက်နှင့် တိုက်ဆိုင်ကြုံကြိုက်နေသဖြင့် အမိကျောင်းတော်ကြီး၏ မြတ်ဆရာပူဇော်ကန်တော့ပွဲကို အရောက်လာကြသည့် စိတ်ဓာတ်သည် မြန်မာလူမျိုးများ၏ ချီးကျူးဖွယ် ဂုဏ်သတင်းများပင်ဖြစ်သည်။

ပထမအကြိမ်မြတ်ဆရာပူဇော်ကန်တော့ပွဲ အခမ်းအနားမစတင်မီ နံနက် ၁၀ နာရီတွင် ကောင်းမှုကုသိုလ်ပြုပွဲကို ကျင်းပရာ လွှင်လင်မြို့ ရတနာစည်စာသင်တိုက်မှ နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင် ရတနာစည်ဆရာတော် အပါအဝင် သံယာငါးပါးအားပင့်ဖိတ်၍ တရားတော်နာယူခြင်း၊ လျှုဖွယ်ဝတ္ထုဆက်ကပ်ခြင်းနှင့် ကွယ်လွန်လေပြီးသော ဆရာကြီး ဆရာမကြီးများအားရည်မှန်း၍ ရေစက်ချအမျှပေးဝေကြသည်။ ယင်းနောက် သံယာတော်များအား နေ့ဆွမ်းဆက်ကပ်ကြသည်။ တစ်ဆက်တည်းမှာပင် ကန်တော့ခံရပ်ဝေးရပ်နီးမှ ဆရာကြီး ဆရာမကြီးများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး ဆရာကန်တော့ပွဲသို့ လာရောက်ကြသည့် မြို့ပေါ်နှင့် ရပ်နီးရပ်ဝေးများမှ ကျောင်းသားဟောင်းများကိုလည်း နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပြီး မိတ်ဆုံစားပွဲကို ကျင်းပသည်။

မွန်းလွဲ ၁ နာရီတွင် ၁၉၈၅-၁၉၉၉ ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများက စီစဉ်ကျင်းပသည့် ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကိုကျင်းပရာ ရှေးဦးစွာ ကျောင်းသားဟောင်းများက မြတ်ဆရာသီချင်းကို သံပြိုင်သီဆို၍ အခမ်းအနားဖွင့်လှစ်ကြသည်။ ယင်းနောက် အစီအစဉ်အတိုင်း မြတ်ဆရာများအား ကန်တော့ကြရာ ရတနာစည်ဆရာတော် ရေးစပ်သီကုံးပေးသည့် ကန်တော့ချီးဖြင့် ကန်တော့ကြသည်။ အဆိုပါကန်တော့ချီးမှာ-အာစရိယပူဇေမိ သုံးကြိမ်ရွတ်ဆိုပြီး **အာစရိယဝုဏ္ဏောအနန္တော**ဟု မိန့်ဟောပါဠိလာရှိသည့်အားလျော်စွာ ပညာတန်ဆောင် မီးရှူးရောင်ဖြင့် ဦးဆောင်ညွှန်းပြ အာစရိယဆရာ၊ တစ်ဖြာတစ်ဝ ဘဝပင်လယ် ရေပြင်ကျယ်၌ သွယ်သွယ်ဘေးရန် လေဒဏ်၊ လှိုင်းဒဏ်၊ မုန်တိုင်းဒဏ်ဟု အန္တရာယ်များ ရန်စွယ်ကြားမှ ကျော်လွှားလွန်မြောက်ခရီးပေါက်အောင် ရောက်လိုရာသို့ သယ်ဆောင်ပို့သည် ကူးတို့ဦးစီး လေ့မျှုးကြီးပမာ **အာစရိယ၊ သညာသမာ အာဘာနတ္ထိ ပညာသမံနနတ္ထိ၊ တတ်သိဖွယ်ရာ မြတ်ပညာကို စေတနာ၊ ဝါသနာ၊ အနစ်နာနှင့် အကြင်နာ၊ စာနာ** နာငါးနာ အပြည့်ထား၍ စိတ်ထားသာ၊ စည်းကမ်းသာ၊ စာပေသာ၊ လုံ့လသာ၊ ပညာသာ သာငါးသာ တပည့်များအဖြစ် ထွန်းသစ်တောက်ပ လောကအလယ်တင့်တယ်မြင့်မားအောင် သင်ကြားပေးတော်မူကြသည့် အာစရိယ ဆရာကြီး ဆရာမကြီးတို့အား ဆယ်ဖြာ လက်စုံကြာပဒုံဖြင့် ခြေစုံဦးစိုက် ဦးတိုက်ရိုကျိုး ကောင်းမှုကုသိုလ်ပြုကြပါကုန်၏။

အန္တိုဂ္ဂသံရာမှ ယနေ့တိုင်အောင်ပုထုဇဉ်ဘဝ လောဘ ဒေါသ မောဟ စသည့်အကုသိုလ်စိုးလွှမ်းမိုးထား၍ မပြစ်မှားသင့်သောဆရာ ဆရာမများအပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိခဲ့သည်ရှိသော် ထိုအပြစ်တို့မှ သနားသည်းခံ ခွင့်လွှတ်နိုင်ကြပါစေခြင်းအကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယတစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ကျေးဇူးကြီးလှ ဆရာ ဆရာမတို့အား ကာယဝစီနာချီလျက် သုံးလီဒွါရပဏာမဖြင့် ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပူဇော်ကန်တော့ကြပါကုန်၏။

ဤသို့သည်သာ ကန်တော့ပါသော အကျိုးအားကြောင့် ဒုက္ခကင်းကုန်၊ အေးမျိုးစုံ၊ နိဗ္ဗာန်ဘုံကို ခိုလှုံရပါလို၏။ နိဗ္ဗာန်မလှုံ၊ ဖြစ်ရကြုံ၊ လူ့ဘုံနတ်ဘုံ ထိုမျိုးမှာ ဖြစ်ရပါလို၏။ တတ်မျိုးအဖုံဖုံ၊ အလုံးစုံ၊ ကြားမြင်ရုံနှင့် တတ်သိရပါလို၏။ ဒါနသီလ၊ ဓမ္မမွေ့ထုံ၊ ဘေးရန်လုံ၊ အာရုံကောင်းနှင့်သာ တွေ့ကြုံရပါလို၏။ ပညာအုပ်စုံ၊ ဥစ္စာလုံ၊ လောကီဂုဏ်နှင့် ပြည့်စုံရပါလို၏။ ဒုစရိုက်ကင်းကွာ၊ အရာရာလိမ္မာယဉ်ကျေးရပါလို၏။ နက်နဲထက်သန်၊ ထိုးထွင်းမြန်၊ ပညာဉာဏ်နှင့်ပြည့်စုံရပါလို၏။ အာစရိယဂုဏ်အဟံဝန္ဒာမိ သုံးကြိမ်ရွတ်ဆို၍ ရှိခိုးကန်တော့ကြသည်။

ယင်းနောက် ကန်တော့ခံ ဆရာကြီး ဆရာမကြီး ၇၀ အား ကန်တော့ငွေ တစ်ဦးလျှင် ကျပ်နှစ်သိန်း၊ မျက်နှာသုတ် တဘက်တစ်ထည်နှင့် အမှတ်တရလွယ်အိတ်များ ကိုလျှုဒါန်းကြသည်။ ဆက်လက်၍ ၁၉၈၅-၁၉၈၈ ခုနှစ် များကာ ကျောင်းအုပ်ဆရာမကြီးဖြစ်ခဲ့သော ဆရာမကြီး ဒေါ်သောင်းညွှန့်၊ ဆရာကြီး ဦးသန့်စင်နှင့် ဆရာမကြီး ဒေါ်နွဲ့နွဲ့အေးတို့က ဆုံးမသြဝါဒစကားနှင့် ဆုတောင်းစကားများ ပြောကြားပေးကြပြီး အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။ ထို့နောက် ကျောင်းသားဟောင်းများက အမိကျောင်းတော်ကြီး ဝင်းအတွင်း၌ အမှတ်တရသစ်ပင် စိုက်ပျိုးကြသည်။ ထိုနေ့ညပိုင်းတွင် မိတ်ဆုံညစာစားပွဲကျင်းပခဲ့သည်။

မည်သို့ပင်ဖြစ်စေ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ၁၉၈၅-၁၉၉၉ ခုနှစ် ကျောင်းသားဟောင်းများစီစဉ်ကျင်းပသည့် မြတ်ဆရာပူဇော်ကန်တော့ပွဲသည် ထိုကျောင်း၏ နှစ်ပေါင်းသုံးဆယ်နီးပါးကြာမှ ပထမဆုံးအကြိမ်ကျင်းပသည့်ပွဲဖြစ်သောကြောင့် ဝမ်းသာပီတိ ဝမ်းဆီထိသက့ဲသို့ အင့်ဗျက်လုံး အပြုံးမျက်နှာများဖြင့် ဘယ်တော့မှ မေ့မရနိုင်သည့် မြတ်ဆရာပူဇော်ကန်တော့ပွဲကြီးဖြစ်ခဲ့ပေသည်။ နောင်နှစ်နောင်နှစ်များတွင်လည်း ယခုကဲ့သို့ စည်ကားသိုက်မြိုက်စွာ အစဉ်အလာမပျက် ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်းဖြင့် ဆုမွန်ကောင်းတောင်းရင်းဖြင့် ပထမအကြိမ်မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဤဆောင်းပါးဖြင့် ရေးသားဂုဏ်ပြုလိုက်ရပေသည်။ ။

မိုးလွင်ဦး(လွှင်လင်)

*

မြို့လုံးကျွတ် ဝါဆိုသီလရှင် ၄၆၄ ပါးအား ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲများလျှုဒါန်း

မကွေး ဧပြီ ၁၉

မကွေးမြို့ သီလရှင်ကျောင်းတိုက် ၁၄ တိုက်ရှိ ဝါဆိုသီလရှင် ၄၆၄ ပါးအတွက် ဆွမ်းဆန်စိမ်း၊ စာရေးတံမဲနှင့် အခြားလျှုဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလျှုပွဲကို ရန်အောင်ရပ်ကွက် ဇီဇဝါလမ်း၌ ယနေ့ညနေ ၅ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါလောင်းလျှုပွဲ၌ ရန်အောင်ရပ်မိသားစု လစဉ်သံယာ့ဒါန ဆွမ်းလောင်းအသင်းက ဆန် ၁၁ အိတ်၊ စာရေးတံမဲအတွက် ငွေကျပ် ၁၄၉၄၆၀၀ နှင့် ၁၉၉၂-၉၃ စာသင်နှစ် မကွေး အထက(၁)ကျောင်းသား ကျောင်းသူဟောင်းများက သီလရှင်တစ်ပါးလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ဝတ္ထုငွေကျပ် ၂၃၂၀၀၀၀ ပါဝင်လျှုဒါန်းခဲ့ကြပြီး အအေးအလျှုရှင်များက အချိုရည်၊ ဘာလီရည်များ ပါဝင်လျှုဒါန်းခဲ့ကြသည်။

"ဒီအသင်းကို ၂၀၁၃ ခုနှစ်ကစတင်ဖွဲ့စည်းခဲ့ပြီးတော့ အခုပွဲက (၃)ကြိမ်မြောက် နှစ်စဉ် ဆွမ်းဆန်စိမ်းနဲ့စာရေးတံမဲ လျှုဒါန်းပွဲဖြစ်ပါတယ်။ ခုလိုလျှုဒါန်းနိုင်အောင် လမ်းအလိုက် လစဉ်လျှုဒါန်းငွေ ကောက်ခံတာ၊ အလျှုခံမဏ္ဍပ်ဖွင့်ဆောင်ရွက်တာတွေလုပ်ပါတယ်။ လဆန်းနဲ့လပြည့်ကျော် ၁၂ ရက်နေ့တိုင်း လစဉ်သံယာအပါး ၃၀၀ ကျော် အရုဏ်ဆွမ်းလောင်းပါတယ်။ နှစ်စဉ်ကတော့ မြို့လုံးကျွတ်သံယာကုန် တစ်ကြိမ်၊ မြို့လုံးကျွတ်သီလရှင်တစ်ကြိမ် လျှုဒါန်းမှုတွေလုပ်ပါတယ်။ ဒီနှစ် ထူးခြားတာတစ်ခုက ကျောင်းသား ကျောင်းသူဟောင်းတွေ ပါဝင်လျှုဒါန်းမှုပြုလုပ်လာတာပဲဖြစ်ပါတယ်" ဟု ရန်အောင်ရပ်မိသားစုလစဉ်သံယာ့ဒါနဆွမ်းလောင်းအသင်း ဘဏ္ဍာရေးမှူး ဦးတင်မောင်ဝင်းက ပြောသည်။

သီလရှင် ၄၆၄ ပါးသည် ဇီဇဝါလမ်းနှင့် ပြည်တော်သာလမ်းထောင့်မှ ဇီဇဝါလမ်းအတိုင်း တောင်သို့၊ ထိုမှ အထက(၁)လမ်းနှင့် သုခီတာလမ်းထောင့်အထိ အလျှုခံကြွရောက်ခဲ့ပြီး လမ်းဘေးဝဲ၊ ယာတစ်လျှောက်ရှိ ရပ်ကွက်နေပြည်သူများက ဆွမ်းဆန်၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ အချိုမှုန့်၊ ဆပ်ပြာမှုန့် အစရှိသည့် ကုသိုလ်ဒါနများ ပါဝင်လျှုဒါန်းခဲ့ကြသည်။

အလျှုပွဲဖြစ်မြောက်ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်နှင့် ပရဟိတအဖွဲ့လူငယ်များ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ ရပ်မိရပ်ဖများ ပူးပေါင်းပါဝင်ကြပြီး ယင်းနေ့နံနက်ပိုင်းက ၁၉၉၂-၉၃ မကွေးအထက(၁) ကျောင်းသား ကျောင်းသူဟောင်းများက သီရိစန္ဒာရုံသီလရှင်စာသင်တိုက်၌ သီလရှင်အပါး ၁၅၀ အား ဆွမ်းဆက်ကပ်လျှုဒါန်းခဲ့ကြောင်း ကျောင်းသားဟောင်းတစ်ဦးဖြစ်သူ ကိုနေမျိုးဆွေကျော်ထံမှ သိရသည်။

ဇေယျတု(မကွေး)

ရုပ်မြင်သံကြားအစီအစဉ်များ

[၂၀ - ၄ - ၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၄၀ "ဘယ်အချိန်အရေးကြီးဆုံးလဲ" တရားတော် (အပိုင်း-၁) (ဆရာတော်ဘဒ္ဒန္တ တေဇောသာရ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၃၇)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (LENOVO Mobile Exclusive Store (Hledan Branch) ဖွင့်ပွဲအခမ်းအနား)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၀၀ Cartoon Series (Go Go Giggles)
၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၈၅)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ အနုပညာမိုးကောင်းကင်
၁၁း၂၀ ဟင်းချက်ရအောင်
၁၁း၄၀ MRTV-4 Stage
၁၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၅၉)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၅)
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၃၇)
၃း၃၅ ရန်ကုန်မြင်ကွင်းကျယ် (မော်လမြိုင်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန် ဆုပေးပွဲအခမ်းအနား)
၅း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Happy Call Launching)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၃၈)
၇း၀၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်"(အပိုင်း-၆)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်(Role of Saccharomyces Boulardii (CNCM I-745) Starin in infants and adults gastroenterology Symposium by BIOFLOR)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၈၆)
၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၆၀)
၉း၄၅ အနုပညာမိုးကောင်းကင်
၁၀း၀၅ Let's Talk
၁၀း၃၅ MRTV-4 Stage
၁၁း၀၀ World of Knowledge (Hidden Worlds : Australia's Dingo Island)

mitv

07:26 Yangon Markets: Nyaung Pin Lay Market
07:33 The Richly Blessed Gem Land
08:03 News
08:26 Local Tour Guide: Pho Khant
08:39 Oboist and His Life
09:03 News
09:26 Chef Life "Myo Min Soe Oo"
09:36 A Visit to San-Taw-Shin Kyike-Hti-Yo Pagoda
09:52 Inspiration
10:03 News
10:26 Fantastic Orchid Garden From The Flower City
10:36 A Chance to Change Their Future
10:54 Myanmar Traditional Art Bronze Casting
07:26 A Day in Bagan
07:47 The 110th Anniversary of Yangon Zoological Garden
08:03 News
08:26 Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar
08:41 Art Students: Their Dream
08:48 Myanmar Leading Woman: May Sabai Phyu & L.Hkawn Htoi

နောင်ချိုမြို့နယ်၌ မိုးသက်လေပြင်းတိုက်ခတ်မှုနှင့်အတူ မိုးကြိုးရှစ်ကြိမ်ခန့်ပစ်

နောင်ချို ဧပြီ ၁၉

နောင်ချိုမြို့နယ်တွင် ယနေ့ နံနက် ၄ နာရီက မိုးသက်လေပြင်းတိုက်ခတ်မှုနှင့်အတူ မိုးကြိုးရှစ်ကြိမ်ခန့်ပစ်ချခဲ့ကြောင်း သိရသည်။

မိုးကြိုးပစ်ချမှုကြောင့် နောင်ချိုမြို့ပေါ်ရှိအုန်းပင်ကြီးတစ်ပင် ထိခိုက်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များ သေကျေထိခိုက်မှုမရှိကြောင်း သိရသည်။ လျှပ်စစ်မီးများ ခေတ္တပြတ်တောက်ခဲ့သော်လည်း ယခုအခါ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ စသုံးနိုင်ပြီဖြစ်သည်။ မိုးရာသီလျှပ်စစ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် မြို့နယ်လျှပ်စစ်မှူး ဦးရဲလင်းကျော်ကြီးကြပ်ကာ လျှပ်စစ်ဝန်ထမ်းများက ဓာတ်တိုင်၊ မီးကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်၊ ချိန္ဒယ်များကို ခုတ်ထွင်ရှင်းလင်းကြကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

ကေတီဟုမ်းစ်ပြောလာတဲ့ ယခုနှစ်အတွက် အနှစ်သက်ဆုံးနေ့

ဟောလိဝုဒ်ရဲ့ကြယ်ပွင့်ဖြစ်တဲ့ ကေတီဟုမ်းစ်က ယခုနှစ်အတွင်း သူ့အတွက် အနှစ်သက်ဆုံးနေ့ကတော့ သမီးလေး ဆူရီခရူးစ် အသက်(၁၀)နှစ်ပြည့်ခဲ့တဲ့ မွေးနေ့လေးပဲဖြစ်တယ်လို့ သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ပါတယ်။

ကေတီဟုမ်းစ်နဲ့ မင်းသားတွမ်ခရူးစ်တို့ရဲ့ ရင်သွေးလေးဖြစ်တဲ့ ဆူရီခရူးစ်ဟာ ဧပြီ ၁၉ ရက်မှာ အသက်(၁၀)နှစ်ပြည့်ခဲ့ပြီဖြစ်ကာ ကေတီဟုမ်းက သမီးလေးအတွက်မွေးနေ့ဆုတောင်းကိုလည်း လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ပေးပို့ခဲ့ပါတယ်။ ဒါ့အပြင် ဆူရီအနှစ်သက်ဆုံးဖြစ်တဲ့ ကပ်ကိတ်လေးတွေရဲ့ဓာတ်ပုံကိုလည်း ပူးတွဲပေးပို့ခဲ့ပါတယ်။

ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ကေတီဟုမ်းစ်နဲ့ တွမ်ခရူးစ်တို့ဟာ လွန်ခဲ့တဲ့ ၂၀၀၅ ခုနှစ်အတွင်းမှာ စေ့စပ်ခဲ့ကာ ၂၀၀၆ ခုနှစ် ဧပြီ ၁၈ ရက်မှာ သမီးလေး ဆူရီကို မွေးဖွားခဲ့ပြီး နိုဝင်ဘာ ၁၈ ရက်မှာတော့ နှစ်ဦးသား တရားဝင်လက်ထပ်ခဲ့ကြပါတယ်။ အိမ်ထောင်သက်ငါးနှစ်ခန့်မှာ တရားဝင်ကွာရှင်းခဲ့ကြပါတယ်။ ကေတီဟုမ်းစ်အတွက် ယခုတစ်ကြိမ်ကွာရှင်းတာဟာ ပထမဦးဆုံးအကြိမ်ဖြစ်ခဲ့ပေမယ့် တွမ်ခရူးစ်အတွက်ကတော့ တတိယအကြိမ်မြောက်ပါ။ သူတို့နှစ်ဦးတရားရုံးမှာ ဆူရီရဲ့စောင့်ရှောက်ခွင့်အတွက် ပြိုင်ဆိုင်ခဲ့ရာမှာတော့ ကေတီဟုမ်းစ်ကအနိုင်ရခဲ့ကာ လတ်တလောမှာ သမီးဖြစ်သူနဲ့အတူ နေထိုင်လျက်ရှိပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

ကန်ဂျင်နဲ့ ဟန်ဘိုရန်တို့တွဲဖက်ကာ ရုပ်ရှင်ရိုက်ကူးမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Super Junior"က အဖွဲ့ဝင် ကန်ဂျင်ဟာ မင်းသမီး ဟန်ဘိုရန်နဲ့တွဲဖက်ကာ သည်းထိတ်ရင်ဖိုဒရမ်မာရုပ်ရှင်တွင် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း ဧပြီ ၁၉ ရက်က စတားဂျေအန်တာတိန်းမန့်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

အဆိုပါရုပ်ရှင်မှာ ကန်ဂျင်ဟာ စိတ်ကျန်းမာရေးဆရာဝန်တစ်ဦးအဖြစ် ဒေါင်ဝူးနေရာက သရုပ်ဆောင်သွားမှာဖြစ်ပြီး ဟန်ဘိုရန်ကတော့ ဇာတ်ညွှန်းရေးဆရာမ ဆိုဂျင်အဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း သိရပါတယ်။

"The Sound of Bells" လို့အမည်ရတဲ့ အဆိုပါရုပ်ရှင်မှာ ဟန်ဘိုရန်ရဲ့ ဇာတ်ကောင်ဖြစ်တဲ့ ဆိုဂျင်ဟာ အရက်အလွန်အကျွံသောက်သူတစ်ဦးဖြစ်ပြီး ဝမ်းနည်းစရာအတိတ်တွေကို ပိုင်ဆိုင်ထားသူလည်း ဖြစ်ပါတယ်။ ဒါပေမယ့်သူရဲ့ အိပ်မက်ဖြစ်တဲ့ စာရေးဆရာတစ်ဦးဖြစ်လိုတဲ့ ရည်ရွယ်ချက်ကိုတော့ လက်မလွှတ်တမ်းကြိုးပမ်းခဲ့ပါတယ်။ ကန်ဂျင်ရဲ့ဇာတ်ကောင်ဖြစ်တဲ့ ဒေါင်ဝူးက ဆိုဂျင်ရဲ့အတိတ်က အရိပ်ဆိုးတွေကို မေ့ဖျောက်နိုင်အောင်ကူညီပေးကာ သူ့ရဲ့အိပ်မက်ကိုလည်းကူညီဖော်ဆောင်ပေးရင်း သူတို့နှစ်ဦးချစ်သူတွေဖြစ်ခဲ့ကြပါတယ်။

ယခုရိုက်ကူးမယ့်ရုပ်ရှင်ဟာ ကန်ဂျင်အတွက် လွန်ခဲ့တဲ့သုံးနှစ်အတွင်း ပထမဦးဆုံးရိုက်ကူးခဲ့တဲ့ ရုပ်ရှင်လည်း ဖြစ်ပါတယ်။ ဟန်ဘိုရန်ကတော့ ယခုနှစ်အစပိုင်းမှာ ထုတ်လွှင့်ခဲ့တဲ့ရုပ်ရှင် "All Is Well" မှာလည်း ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်ပါတယ်။

လာမယ့်ဇူလိုင်လတွင်းမှစတင်ပြီး တရုတ်နိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတွေမှာ အွန်လိုင်းနဲ့ မိုဘိုင်းဗီဒီယာတွေကနေတစ်ဆင့် ထုတ်လွှင့်ပြသသွားဖို့ စီစဉ်ထားတဲ့ အဆိုပါရုပ်ရှင်ရဲ့ ရိုက်ကူးရေးလုပ်ငန်းတွေကိုတော့ ယခုဧပြီလ ကုန်မှာ စတင်သွားဖို့စီစဉ်ထားကြောင်း သိရပါတယ်။

"Kolma" မှာ ပြန်လည်ဆုံစည်းကြမယ့် ဒေစီရစ်ဒ်လေးနဲ့ ဂျေဂျေအဘရမ်စ်

သိပ္ပံစိတ်ကူးယဉ်ရုပ်ရှင်တွေဖြစ်တဲ့ "Star Wars" ရုပ်ရှင်တွေနဲ့ နာမည်ကျော်တစ်ဦးဖြစ်လာခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်ဒေစီရစ်ဒ်လေးဟာ နောက်ဆုံးထွက်ရှိခဲ့တဲ့ရုပ်ရှင် "Star Wars: The Force Awakens"ရဲ့ ဒါရိုက်တာ ဂျေဂျေအဘရမ်စ်နဲ့တွဲဖက်ကာ ရုပ်ရှင်သစ်တစ်ကားကို ရိုက်ကူးသွားမှာ ဖြစ်ကြောင်း အေ့စ်ရှိုးဘေ့ဇ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ယာဉ်တိုက်မှုတစ်ခုအတွင်း သူ့ရဲ့ချစ်သူကိုဆုံးရှုံးခဲ့ရတဲ့ အမျိုးသမီးတစ်ဦးရဲ့အကြောင်းကို စိတ်ဝင်စားဖွယ်ပုံဖော်ရိုက်ကူးသွားမယ့် အဆိုပါရုပ်ရှင်ကိုတော့ "Kolma" လို့ အမည်ပေးထားကာ ယင်းရုပ်ရှင်မှာ ရစ်ဒ်လေးဟာ အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း သိရပါတယ်။

လတ်တလောမှာ ရစ်ဒ်လေးဟာ ပါရာမောင့်ထ်ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ ရုပ်ရှင်သစ်တစ်ကားကို လက်ခံရိုက်ကူးပေးသွားဖို့လည်း ဆွေးနွေးလျက်ရှိပြီး အဘရမ်စ်ကတော့ "Bad Robot" အတွက် ထုတ်လုပ်ရေးလုပ်ငန်းတွေနဲ့ အလုပ်များနေပါတယ်။

တရုတ်ရုပ်ရှင်တွင် T.O.P ပါဝင်သရုပ်ဆောင်မည်

တောင်ကိုရီးယားအမျိုးသားပေါ့ပ်တေးဂီတအဖွဲ့ "Big Bang" က အဖွဲ့ဝင် T.O.Pဟာ ဂီတဘက်မှာသာမက သရုပ်ဆောင်ပိုင်းမှာပါ အောင်မြင်တဲ့ အနုပညာရှင်တစ်ဦးဖြစ်ပါတယ်။ T.O.P ဟာ နိုင်ငံခြားရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး ယခုတစ်ကြိမ်မှာလည်း တရုတ်ရုပ်ရှင်တစ်ခုဖြစ်တဲ့ "Out of Control"မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း အောကေပေ့ါ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါရုပ်ရှင်ဟာ တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်ကာ ယင်းရုပ်ရှင်မှာ T.O.P ဟာ ဟောင်ကောင်နာမည်ကျော်မင်းသမီး စီစီလီယာချန်းနဲ့ တွဲဖက်သရုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

T.O.P ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က ယခုသတင်းကို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပြီး အဆိုပါအေဂျင်စီရဲ့ ပြောကြားချက်အရ ရုပ်ရှင်နဲ့ ရုပ်သံဇာတ်လမ်းတွဲတွေကို လက်ခံရိုက်ကူးပေးဖို့အတွက် T.O.P ကို တောင်ကိုရီးယားရုပ်ရှင်ကုမ္ပဏီများသာမက ပြည်ပကုမ္ပဏီများကပါ ကမ်းလှမ်းမှုများစွာရှိခဲ့ပြီး ယင်းတို့အနက်မှ သူနဲ့အလိုက်ဖက်ဆုံးဖြစ်စေမယ့် ဇာတ်ကောင်ပါဝင်တဲ့ရုပ်ရှင်ကိုရွေးချယ်ကာ သရုပ်ဆောင်စေခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

ပရီမီယာလီဂ်တစ်နှစ်တာအကောင်းဆုံးကစားသမားဆု ဆန်ခါတင်စာရင်းတွင် အဂူရိ၏အမည်ပါဝင်လာခြင်းမရှိ၍ အံ့ဩမိကြောင်း ပယ်လီဂရီနီထုတ်ဖော်ပြောကြား

မန်စီးတီးတိုက်စစ်မှူး အဂူရိသည် ယခုနှစ်ဘောလုံးရာသီပွဲစဉ် (၂၆) ပွဲ ဝင်ရောက်ကစားရာတွင် သွင်းဂိုး ၂၁ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သော်လည်း ပရီမီယာလီဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆု ဆန်ခါတင်စာရင်းတွင် အဂူရိ၏အမည် ပါဝင်လာခြင်းမရှိသောကြောင့် ၎င်းအနေဖြင့် အံ့ဩမိကြောင်း မန်စီးတီးနည်းပြ ပယ်လီဂရီနီက ပြောကြားခဲ့သည်ဟု ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။ ပရီမီယာလီဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆု ဆန်ခါတင်စာရင်းတွင် လက်စတာ ကစားသမား သုံးဦးဖြစ်သည့် ဂျေမီဗာဒီ၊ ကန်တီ၊ မာရက်ဇ်၊ ဝက်စ်ဟမ်းကွင်းလယ်လူပါယက်၊ အာဆင်နယ်ကွင်းလယ် ဖန်တီးရှင် အိုဇေးလ်နှင့် စပါးတိုက်စစ်မှူး ဟယ်ရီကိန်းတို့ ပါဝင်နေကြသည်။

အဂူရိမှာ ပရီမီယာလီဂ်တွင် ပင်နယ်တီဧရိယာအတွင်း အဆုံးသတ်အကောင်းဆုံး တိုက်စစ်မှူးတစ်ဦးအဖြစ် အားလုံးက လက်ခံထားသော်လည်း ဆန်ခါတင်ဆုစာရင်းတွင် လက်စတာတိုက်စစ်မှူး ဂျေမီဗာဒီနှင့် စပါးတိုက်စစ်မှူး ဟယ်ရီကိန်းတို့သာပါဝင်လာပြီး အဂူရို၏အမည် စာရင်းပါဝင်လာခြင်းမရှိသည်မှာ အငြင်းပွားစရာဖြစ်ရပ်ဖြစ်လာခဲ့သည်။

ထို့ပြင် ဗာဒီနှင့် ဟယ်ရီကိန်းတို့နှစ်ဦးလုံးမှာ အင်္ဂလိပ်လူမျိုးပွားစရာ အခြေအနေကို ပိုမိုဖန်တီးပေးနေသကဲ့သို့ဖြစ်စေခဲ့သည်။ ခဲ့သည့် ပရီမီယာလီဂ်ပွဲစဉ် (၃၃)တွင်လည်း တစ်ဦးတည်း သုံးဂိုး မန်စီးတီးအသင်းသည်လည်း ချန်ပီယံလီဂ်အကြိုဗိုလ်လုပွဲသော ပရီမီယာလီဂ်အသင်းဖြစ်နေရာ ဆုစီစစ်လျစ်လျူရှုခဲ့ခြင်းမှာ လက်မခံနိုင်စရာအခြေအနေပင်ဖြစ်သည်။

ပယ်လီဂရီနီက ပြီးခဲ့သည့် လေးနှစ်အတွင်း အဂူရိမှာ ပရီမီယာလီဂ်၌ ခြေစွမ်းကောင်းတစ်ရပ်ပြသ နိုင်ခဲ့သော်လည်း အကောင်းဆုံးကစားသမားအဖြစ် တစ်ကြိမ်တစ်ခါမျှ ရွေးချယ်ခံရခြင်းမရှိသည်မှာ အံ့အားသင့်ဖွယ်ကောင်းကြောင်း၊ ဆန်ခါတင်ဆုစာရင်းတွင်ပါဝင်နေသည့် ကစားသမားများတွင် အကောင်းဆုံး ကစားသမားကို ၎င်းအနေဖြင့် ရှာဖွေနိုင်ခြင်းမရှိ၍ မဲပေးမည်မဟုတ်ကြောင်း၊ အဂူရိမှာ ပရီမီယာလီဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုနှင့် လွဲချော်မည်ဖြစ်သော်လည်း ဂိုးသွင်းဘုရင်ဆု (ရွှေဖိနပ်ဆု)ရရှိရန် နီးစပ်နေပြီဖြစ်ကြောင်း ဆိုလိုက်သည်။

မေ လဲ့ သင်း - စု စည်း ရေး သား သည်

အွန်နရီသာ အကောင်းဆုံးအသင်းဖော်ဖြစ်ကြောင်း ဖာဘရီဂတ်စ် ယုံကြည်

ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်က သူ၏ ပရော်ဖက်ရှင်နယ် သက်တမ်းတစ်လျှောက် အကောင်းဆုံးအသင်းဖော်တစ်ဦးကိုသာ ရွေးချယ်ပြရမည်ဆိုလျှင် ထိုသူမှာ အာဆင်နယ် တိုက်စစ်မှူးဟောင်း သီယာရီ အွန်နရီပင်ဖြစ်ကြောင်း ဖွင့်ဟခဲ့သည်။ ဖာဘရီဂတ်စ်က မက်ဆီအား ထည့်သွင်းစဉ်းစားခြင်းမပြုလျှင် ကျန်ကစားသမားများထဲတွင် အွန်နရီသာ ခြေစွမ်းအကောင်းဆုံး ကစားဖော်တစ်ဦးဖြစ်ကြောင်း ယုံကြည်ထားသည်။

ဖာဘရီဂတ်စ်သည် အွန်နရီနှင့် လေးရာသီတွဲဖက်ကစားခွင့်ရခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ ဖာဘရီဂတ်စ်က သူ၏ပရော်ဖက်ရှင်နယ်သက်တမ်းတစ်လျှောက် စပိန်လက်ရွေးစင်အသင်း၊ အာဆင်နယ်၊ ဘာစီလိုနာနှင့် ချယ်လ်ဆီးစသည့် ထိပ်တန်းကလပ်အသင်းများတွင် ကစားခဲ့သူဖြစ်၍ အကောင်းဆုံးအသင်းဖော်တစ်ဦးကို ရွေးချယ်ပြရန်မှာ အင်မတန်ခက်ခဲသည့် ကိစ္စရပ်ဖြစ်ကြောင်း၊ သို့သော် မက်ဆီမှာ ကမ္ဘာ့အကောင်းဆုံး ကစားသမားဖြစ်သည်ကို လူတိုင်းသိရှိပြီးဖြစ်၍ မက်ဆီအား ချန်လှပ်ကာ စဉ်းစားမည်ဆိုလျှင် အွန်နရီသာ အကောင်းဆုံးအသင်းဖော်ဖြစ်ကြောင်း ဆိုခဲ့သည်။

ဖာဘရီဂတ်စ်က "ကျွန်တော်က တောရက်စ်၊ ဒေးဗစ်ဗီလာ၊ ဇာဗီ၊ အင်နီယေစတာ၊ အွန်နရီတို့လို ထိပ်တန်းခြေစွမ်းရှိတဲ့ကစားသမားတွေနဲ့ တွဲဖက်ကစားလာရတဲ့သူဖြစ်လို့ တစ်ဦးတည်းရွေးချယ်ပြပါဆို ကျွန်တော့်အတွက် ခက်ပါတယ်။ အွန်နရီက အကောင်းဆုံးကစားသမားဖြစ်သလို အကောင်းဆုံးသင်ကြားပြသပေးနိုင်သူလည်းဖြစ်ပါတယ်"ဟု စကိုင်းစပို့စ်နှင့် အင်တာဗျူးပြုလုပ်စဉ် ဖြေကြားခဲ့သည်။ **(မေလဲ့သင်း)**

စတုတ်စီးတီးအား အနိုင်ရရှိခဲ့သည့်စပါးအသင်း ထိပ်ဆုံးမှ လက်စတာနှင့် ငါးမှတ်အကွာရောက်ရှိ

ပရီမီယာလီဂ်ပွဲစဉ်(၃၄)အဖြစ် စတုတ်စီးတီးအသင်းနှင့် စပါးအသင်းတို့ ဧပြီ ၁၈ ရက် ညပိုင်းက စတုတ်စီးတီးအသင်း၏ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ စပါးအသင်းက ဟယ်ရီကိန်းနှင့် အယ်လီတို့၏ သွင်းဂိုးလေးဂိုးဖြင့် စတုတ်စီးတီးအသင်းအား လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

စပါးအသင်းသည် အဆိုပါပွဲစဉ်အနိုင်ရရှိခဲ့ခြင်းကြောင့် ပရီမီယာလီဂ်အမှတ်ပေးဇယား၏ ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည့် လက်စတာစီးတီးအသင်းအောက် အမှတ်ပေးဇယား ဒုတိယနေရာတွင် ငါးမှတ်အကွာဖြင့် ရပ်တည်နိုင်ခဲ့သည်။ စတုတ်စီးတီးအသင်းနှင့် စပါးအသင်းတို့၏ပွဲစဉ်တွင် တိုက်စစ်မှူးဟယ်ရီကိန်းသည် စပါးအသင်းအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ယခုနှစ်ပရီမီယာလီဂ်ထိပ်တန်းဂိုးသွင်းရှင်စာရင်းတွင် သွင်းဂိုး ၂၄ ဂိုးဖြင့် အဆင့်(၁) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

စတုတ်စီးတီးအသင်းအား နိုင်ပွဲရရှိခဲ့ခြင်းကြောင့် နည်းပြပိုချက်တီနို၏ စပါးအသင်းသည် ပွဲစဉ်(၃၄) အပြီးတွင် ရမှတ် ၆၈ မှတ်အထိ ရယူနိုင်ခဲ့ပြီး လက်ရှိအမှတ်ပေးဇယား၏ ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည့် လက်စတာစီးတီးအသင်းမှာ ပွဲစဉ်(၃၄)တွင် သရေပွဲဖြစ်ခဲ့ခြင်းကြောင့်သာ စပါးအသင်းနှင့် ငါးမှတ်အကွာ အနေအထားသို့ ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။

စပါးအသင်းနှင့် လက်စတာစီးတီးအသင်းတို့သည် လက်ရှိတွင် ပရီမီယာလီဂ်လက်ကျန်ပွဲစဉ်အဖြစ် လေးပွဲကစားရန်ကျန်ရှိနေပြီး လက်စတာစီးတီးအသင်း၏ လက်ကျန်လေးပွဲမှာ ဆွမ်ဆီးအသင်းအား အိမ်ကွင်းတွင်လည်းကောင်း၊ မန်ယူအသင်းအား အဝေးကွင်းတွင်လည်းကောင်း၊ အဲဗာတန်အသင်းအား အိမ်ကွင်းတွင်လည်းကောင်း၊ ချယ်လ်ဆီးအသင်းအား အဝေးကွင်းတွင်လည်းကောင်း အသီးသီးယှဉ်ပြိုင်ရမည်ဖြစ်သည်။ စပါးအသင်းမှာမူ ဝက်စ်ဘရွန်းအသင်းအား အိမ်ကွင်းတွင်လည်းကောင်း၊ ချယ်လ်ဆီးအသင်းအား အဝေးကွင်းတွင်လည်းကောင်း၊ ဆောက်သမ်တန်အသင်းအား အိမ်ကွင်းတွင်လည်းကောင်း၊ နယူးကာဆယ်အသင်းအား အဝေးကွင်းတွင်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စပါးအသင်းသည် နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ယခုနှစ် ပရီမီယာလီဂ်ပြိုင်ပွဲတွင်လည်း တိုက်စစ်ပိုင်းက သွင်းဂိုး ၆၄ ဂိုးအထိ ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သည့်အပြင် နောက်တန်း ခံစစ်ကြောင်းကလည်း သွင်းဂိုး ၂၅ ဂိုးသာ ခွင့်ပြုပေးခဲ့ရသည်။ စပါးအသင်း၏ ယခုနှစ်အဝေးကွင်း ခြေစွမ်းပိုင်းကိုကြည့်ပါက အဝေးကွင်း ၁၆ ပွဲတွင် တစ်ပွဲသာ ရှုံးပွဲကြုံခဲ့ပြီး ကိုးပွဲနိုင်၊ ခြောက်ပွဲသရေရလဒ်ထွက်ပေါ်ထားသည်။ (ငွေကြယ်)

ချန်ပီယံဆုအတွက်နိုင်ပွဲရယူမယ့်ဘာစီလိုနာ

စပိန်လာလီဂါရင်ခုန်သံ - ၃၅

စပိန်လာလီဂါပွဲစဉ်တွေမှာတော့ ဘာစီလိုနာရဲ့ခြေချော်မှုတွေနဲ့အတူ အမှတ်ကွာဟမှုကကျဉ်းသထက်ကျဉ်းလာကာ ပိုမိုအကြိတ်အနယ်ရှိလာပါတယ်။ ဒါကြောင့် လာမယ့်ဧပြီလ ၂၃၊ ၂၄၊ ၂၅၊ ၂၆ နေ့တွေမှာကျင်းပမယ့် ပွဲစဉ် ၃၅ မှာရောဘာစီလိုနာ နိုင်ပွဲရယူနိုင်မလားဆိုတာကို စောင့်ကြည့်သွားရဖို့ရှိနေပါတယ်။

LFP

ရှိုင်းမင်းမင်း

ဗယ်လက်ကာနို-ရီးယဲလ် ည ၈း၃၀ (၂၃-၄-၁၆)

ရီးယဲလ်မက်ဒရစ်ဟာ လက်ရှိအချိန်မှာချန်ပီယံဖြစ်နိုင်ဖို့အတွက် မျှော်လင့်ချက်ပြန်လည်ကောင်းမွန်လာတာကြောင့် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ရီးယဲလ်မက်ဒရစ်အနေနဲ့ ဒီပွဲအပြီးမှာ ချန်ပီယံလီဂ်အကြိုဗိုလ်လုပွဲအဖြစ် မန်စီးတီးနဲ့အဝေးကွင်းပွဲကစားရဖို့ရှိပေမယ့်လည်း ဗယ်လက်ကာနိုကခြေစွမ်းပိုင်းသာမန်ထက်မပိုတဲ့အသင်းပါ။ ဗယ်လက်ကာနိုအနေနဲ့ တန်းမဆင်းရဖို့အတွက် အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း ရီးယဲလ်ကို တုံ့ပြန်ကစားနိုင်ဖို့တော့ ခက်ပါတယ်။ ရီးယဲလ်ကပဲ အနိုင်ရသွားမှာသေချာပါတယ်။

အက်သလက်တီကို-မာလာဂါ ည ၁၀း၄၅ (၂၃-၄-၁၆)

အက်သလက်တီကိုဟာ ခြေစွမ်းပိုင်းကောင်းမွန်တဲ့အသင်းဖြစ်သလို ဘာစီလိုနာကို ဖိအားပေးနိုင်ဖို့အတွက်လည်း အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အက်သလက်တီကိုအနေနဲ့ဒီပွဲအပြီးမှာ ချန်ပီယံလီဂ်အကြိုဗိုလ်လုပွဲအဖြစ် ဘိုင်ယန်နဲ့ကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့တော့ ခက်ပါတယ်။ ဒါပေမယ့် မာလာဂါခြေကလည်း အကျဘက်ရောက်နေသလို အက်သလက်တီကိုရဲ့ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် အက်သလက်တီကိုပဲအနိုင်ရမယ်။

ဘာစီလိုနာ-ဂိ‌ဝ်ရှန် နံနက် ၁း၀၀ (၂၄-၄-၁၆)

ဘာစီလိုနာက ချန်ပီယံလီဂ်ကနေထွက်ခဲ့ရပြီဖြစ်တာကြောင့် လာလီဂါမှာချန်ပီယံဖြစ်ဖို့ အားစိုက်ကစားနေပေမယ့် ခြေစွမ်းကတော့ ကျဆင်းနေပါတယ်။ အထူးသဖြင့် တိုက်စစ်ကဂိုးသွင်းခြေကျဆင်းလာတာကိုတွေ့ရပါတယ်။ ဒါပေမယ့် အက်သလက်တီကို၊ ရီးယဲလ်တို့ရဲ့ ဖိအားပေးမှုတွေကြောင့် ဘာစီလိုနာတို့နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်သလို ဂ‌ီ‌ဝ်ရှန်ခြေကလည်း အားနည်းမှုတွေရှိနေပါတယ်။ အိမ်ကွင်းမှာ ဘာစီလိုနာတို့ နိုင်ပွဲရယူသွားနိုင်မှာပါ။

လီဗန်တေး-ဘီဘာအို ညနေ ၄း၃၀ (၂၄-၄-၁၆)

လီဗန်တေးဟာ တန်းမဆင်းရဖို့အတွက် မျှော်လင့်ချက်ရှိနေတာကြောင့် နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေသလို ခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေတယ်လို့ ဆိုနိုင်ပါတယ်။ အိမ်ကွင်းလည်း ဖြစ်နေတာကြောင့် လီဗန်တေးတို့ ပိုမိုအားစိုက်ကစားလာဖို့လည်း ရှိနေပါတယ်။ ဘီဘာအိုကလည်း ဥရောပဝင်ခွင့်ရယူနိုင်ဖို့အတွက် အားစိုက်ကစားနေတဲ့အသင်းဖြစ်သလို ခြေလည်းကောင်းမွန်နေပါတယ်။ ဒါကြောင့် အကြိတ်အနယ်ရှိဖို့ သေချာနေတဲ့ပွဲဖြစ်သလို ခြေပိုကောင်းတဲ့ ဘီဘာအိုက ကပ်အနိုင်ရသွားနိုင်ပါတယ်။

ဆီဗီလာ-ဘတ်တစ် ည ၈း၃၀ (၂၄-၄-၁၆)

ဆီဗီလာက ဥရောပဝင်ခွင့်မျှော်လင့်နိုင်သေးတာကြောင့် အားစိုက်ကစားနေပါတယ်။ ဒါပေမယ့် ဆီဗီလာဟာလက်ရှိအချိန်မှာတော့ ခြေကကျဆင်းနေတာကိုသတိပြုရမှာ သေချာနေပါတယ်။ အထူးသဖြင့် ဘတ်တစ်ကတန်းမဆင်းရဖို့အတွက် စိတ်ချရတဲ့အခြေအနေမှာ မရှိတာကြောင့် အားစိုက်ကစားလာမယ်ဆိုရင် ဆီဗီလာတို့ ပိုမိုအခက်တွေ့သွားနိုင်ပါတယ်။ အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း ဆီဗီလာတို့ အခက်တွေ့နိုင်ကာ နိုင်ရင်တောင် ပြတ်သားဖွယ်မရှိပါဘူး။

ဂ‌ီ‌ဝ်ဖေး-ဗလင်စီယာ ည ၁၀း၄၅ (၂၄-၄-၁၆)

ဗလင်စီယာရဲ့ခြေက အခုနောက်ပိုင်းအတော်လေးကောင်းမွန်နေတာကို တွေ့ရပါတယ်။ ဆီဗီလာ၊ ဘာစီလိုနာတို့လို အသင်းကောင်းတွေကို ဆက်တိုက်အနိုင်ရယူနိုင်ခဲ့သလို တိုက်စစ်ကစားပုံကလည်း ကောင်းမွန်လာတာကို တွေ့ရပါတယ်။ အခုပွဲကို အဝေးကွင်းမှာကစားရမှာဖြစ်ပေမယ့်လည်း ပြိုင်ဘက်ဂ‌ီ‌ဝ်ဖေးကလည်း ခြေစွမ်းပိုင်း အတော်လေးအားနည်းတဲ့အသင်းဖြစ်တာကြောင့် ဗလင်စီယာတို့အခွင့်အရေးရနိုင်ပါတယ်။ ဗလင်စီယာပဲ အနိုင်ရသွားမှာပါ။

ဗီလာရီးယဲလ်- ဆိုစီဒက် နံနက် ၁း၀၀ (၂၅-၄-၁၆)

ချန်ပီယံလီဂ်ဝင်ခွင့်ရဖို့အတွက် အားစိုက်ကစားနေတဲ့ ဗီလာရီးယဲလ်ဟာ ခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေပါတယ်။ အိမ်ကွင်းလည်းဖြစ်တဲ့အတွက် ဒီပွဲစဉ်မှာလည်း နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဆိုစီဒက်ကတော့ အသင်းလိုက်ရှုန်းကန်ကစားအားကျဆင်းနေသလို ခြေစွမ်းပိုင်းကလည်း သာမန်ထက်မပိုပါဘူး။ အထူးသဖြင့် ဆိုစီဒက်ဟာ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း ပိုမိုကျဆင်းတတ်တာကြောင့် ဗီလာရီးယဲလ်တို့ အခွင့်အရေးပိုရနိုင်သလို အိမ်ကွင်းနိုင်ပွဲလည်း ရသွားနိုင်ပါတယ်။

ဆယ်လ်တာဗီဂို-ဂရန်နာဒါ နံနက် ၁း၀၀(၂၆-၄-၁၆)

ဂရန်နာဒါက တန်းမဆင်းရဖို့အတွက် အာမခံနိုင်တဲ့အခြေအနေမှာ လုံးဝမရှိသေးတာကြောင့် နောက်ပိုင်းပွဲတွေမှာအားစိုက်ကစားနေသလို ခြေလည်းကောင်းမွန်နေကာ အမှတ်ရအောင် ကစားနိုင်တာကိုလည်း တွေ့ရပါတယ်။ ဒါပေမယ့် ဆယ်လ်တာဗီဂိုကလည်း ဥရောပဝင်ခွင့်အတွက် အားစိုက်ကစားနေသလို ခြေကလည်း ကောင်းမွန်နေကာ အိမ်ကွင်းအားလည်းရှိနေပါတယ်။ ဆယ်တာဗီဂိုတို့ အနည်းငယ်အခက်တွေ့နိုင်ပေမယ့်လည်း နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

ဟိုင်းကြီး-ပုသိမ်ကားလမ်းတွင် ယာဉ်တိမ်းမှောက်၍ ဒဏ်ရာများရရှိ

ပုသိမ် ဧပြီ ၁၉

ဟိုင်းကြီး-ပုသိမ်ကားလမ်းတွင် ဧပြီ ၁၈ ရက်နံနက် ၇ နာရီခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဟိုင်းကြီးကျွန်းဘက်မှ ပုသိမ်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သီရိမင်္ဂလာလမ်း နေ ကိုသူရ(၃၀) နှစ် မောင်းနှင်သည့် ယာဉ်အမှတ် BB/----(NISSAN)ယာဉ်သည် ဟိုင်းကြီး-ပုသိမ်မောင်းနှင်သည့် မြတ်ကောင်းကင် လိုင်းကားအား ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ယာဉ်မောင်းနှင့် အမျိုးသား ၎င်းဦးဒဏ်ရာများရရှိပြီး ယာဉ်ရှေ့ပိုင်းကြေမွ ပျက်စီးခဲ့သည်။ ဒဏ်ရာရရှိသူ၎င်းဦးအနက် ဦးဟန်ရွှေနှင့် ဦးမင်းကိုနှစ်ဦးကို အရေးပေါ်ဆေးကုသမှုခံယူရန် ပုသိမ်မြို့သို့ ပို့ဆောင်ထားပြီး ယာဉ်မောင်းအပါအဝင် ဦးထွန်းဝင်းနှင့် ဇင်မျိုးအောင်တို့ သုံးဦးမှာ ကျောက်ချောင်းတိုက်နယ်ဆေးရုံတွင် ဆေးကုသလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ကိုသူရအားဟိုင်းကြီးကျွန်းမြို့ အမှတ် (၂) ရဲဝန်ကွက်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်သူဟိန်း(ပြန်/ဆက်)

ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ကြီး၏ အန္တိမ အဂ္ဂိစျာပန သာဓုကီဠန ပူဇာအစီအစဉ်

နေ့ရက် - သာသနာတော်နှစ် ၂၅၅၉ ခု၊ ကောဇာသက္ကရာဇ်- ၁၃၇၈ ခု၊
တန်ခူးလပြည့်နေ့၊ သောကြာနေ့။
ခရစ်နှစ် - ၂၀၁၆ ခုနှစ် ဧပြီလ ၂၂ ရက်။
အချိန် - မွန်းလွဲ (၁)နာရီ
နေရာ - အမျိုးသားဓမ္မာရုံတော်ကြီး၊ ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာ၊
သဲဖြူချောင်းကျေးရွာ၊ ပဲခူးတိုင်းဒေသကြီး။

(အန္တိမ အဂ္ဂိစျာပန သာဓုကီဠနပူဇာနေ့တွင် ရန်ကုန်ရိပ်သာကြီးမှ ကားများစီမံထားပြီး နံနက် ၈ နာရီတွင် ပဲခူးဆယ်မိုင်ကုန်း တောစခန်းရိပ်သာသို့ ထွက်ခွာပါမည်)

ဓမ္မပူဇာ အစီအစဉ်များ

ဓမ္မပူဇာကျင်းပရာနေရာ - ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ
အမှတ် (၈၀-က)၊ သံလွင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁။ နေ့ရက်- ၁၃၇၈ ခု၊ တန်ခူးလဆန်း (၁၀)ရက် တနင်္ဂနွေနေ့။ (၁၇. ၄. ၂၀၁၆) ည (၇)နာရီ။ တရားချီးမြှင့်မည့်ဆရာတော်-ကံ့ကော်မြိုင် သာသနာ့ရိပ်သာဆရာတော် အရှင်သာသနဘဒ္ဒ။

၂။ နေ့ရက် - ၁၃၇၈ ခု၊ တန်ခူးလဆန်း (၁၁)ရက် တနလာနေ့။ (၁၈. ၄. ၂၀၁၆) ည (၇)နာရီ။ တရားချီးမြှင့်မည့်ဆရာတော်-တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်။

၃။ နေ့ရက် - ၁၃၇၈ ခု၊ တန်ခူးလဆန်း (၁၂)ရက် အင်္ဂါနေ့။ (၁၉. ၄. ၂၀၁၆) ည (၇)နာရီ။ တရားချီးမြှင့်မည့်ဆရာတော်-ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ။

ဓမ္မပူဇာကျင်းပရာနေရာ - ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာ၊ သဲဖြူချောင်းကျေးရွာ၊
ပဲခူးတိုင်းဒေသကြီး။

၁။ နေ့ရက် - ၁၃၇၈ ခု၊ တန်ခူးလဆန်း (၁၃)ရက် ဗုဒ္ဓဟူးနေ့။ (၂၀. ၄. ၂ ၀၁၆) ည (၇)နာရီ။ တရားချီးမြှင့်မည့်ဆရာတော်-မော်လမြိုင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော် အရှင်နန္ဒသိရီ။

၂။ နေ့ရက် - ၁၃၇၈ ခု၊ တန်ခူးလဆန်း (၁၄)ရက် ကြာသပတေးနေ့။ (၂၁. ၄. ၂၀၁၆) ည (၈း၃၀) နာရီ။ တရားချီးမြှင့်မည့် ဆရာတော်-သီတဂူ ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဥာဏိသရ။

ရည်စူးကုသိုလ်ပြုအခမ်းအနားအစီအစဉ်

နေ့ရက် - သာသနာတော်နှစ် ၂၅၅၉ ခု၊ ကောဇာသက္ကရာဇ်- ၁၃၇၈ ခု၊
တန်ခူးလဆန်း (၁၃)ရက် ဗုဒ္ဓဟူးနေ့။ ခရစ်နှစ်- ၂၀၁၆ခု၊
ဧပြီလ (၂၀)ရက်
အချိန် - နံနက် (၈း၃၀)နာရီ
နေရာ - သာဓုဇန တောသနာ ဓမ္မာရုံတော်ကြီး၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၊ ရန်ကုန်။

စံကျောင်းပြောင်း အခမ်းအနားအစီအစဉ်

နေ့ရက် - သာသနာတော်နှစ် ၂၅၅၉ ခု၊ ကောဇာသက္ကရာဇ်-၁၃၇၈ ခု၊
တန်ခူးလဆန်း(၁၃)ရက်၊ ဗုဒ္ဓဟူးနေ့။
ခရစ်နှစ် - ၂၀၁၆ခု၊ ဧပြီလ (၂၀)ရက်။
အချိန် - မွန်းလွဲ(၁း၃၀)နာရီ
နေရာ - သာဓုဇန တောသနာ ဓမ္မာရုံတော်ကြီး ပဏ္ဍိတာရာမ
ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊ ရန်ကုန်။

သင်္ကြန်ကာလအတွင်း မန္တလေးခရိုင်အတွင်းဖြစ်ပွားခဲ့သည့် မှုခင်းပေါင်း ၃၉ ခုတွင် မူးယစ်ရမ်းကားမှုအများဆုံးဖြစ်ပွားခဲ့

မန္တလေး ဧပြီ ၁၉

၂၀၁၆ သင်္ကြန်ကာလတွင် မန္တလေးခရိုင်အတွင်း ဖြစ်ပွားခဲ့သည့် မှုခင်းပေါင်း ၃၉ မှ အနက် မူးယစ်ရမ်းကားမှု အများဆုံးဖြစ်ပွားခဲ့ပြီး ၁၂ မှုရှိခဲ့ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှ ဒု-ရဲမှူး ကြီးစိန်ထွန်းက ပြောသည်။

"သင်္ကြန်ဆိုတော့ သောက်စားကြတာရှိတာပေါ့။ အလွန်အကျွံသောက်တဲ့အခါမှာ မဖြစ်သင့်တာတွေဖြစ်တယ်။ ရဲတပ်ဖွဲ့နဲ့ လုံခြုံရေးတာဝန်ယူတဲ့သူတွေကလည်း သင်္ကြန်လည်ပတ်ကြတဲ့ကားတွေ၊ ဆိုင်ကယ်တွေမှာ တုတ်၊ ဓား၊ လက်နက်နဲ့အရက်၊ ဘီယာပုလင်းတွေတွေ့ရင် သိမ်းဆည်းတာတွေ လုပ်ပါတယ်။ မူးယစ်ရမ်းကားတဲ့အမှုက များတယ်"ဟု ၎င်းက ပြောသည်။

ယခုနှစ် သင်္ကြန်ကာလ၎င်းရက်အတွင်း ဖြစ်ပွားခဲ့သည့် အမှုများမှာ လူသတ်မှု နှစ်မှု၊ အခြားမှုခင်းနှစ်မှု၊ ကြိုတင်ကာကွယ်မှု ၁၈ မှု၊ ယစ်မျိုးမှုနှစ်မှု၊ လက်နက်မှုသုံးမှု၊ မူးယစ် ရမ်းကားမှု ၁၂ မှုရှိခဲ့ပြီး သေမှုသေခင်းနှင့် အမှုဖွင့်ခဲ့ သည့်အမှု ၎င်းမှုရှိခဲ့ကြောင်း သိရသည်။

"သေမှုသေခင်းက ကျိုးရေထဲမှာ ရေဆင်းကူးကြရာက ရေနစ်သေဆုံးခဲ့သူ လေးဦးရှိတယ်။ ဆည်တော်ကြီးမှာ တစ်ယောက်ရေနစ်သေဆုံးခဲ့တယ်။ ဒါမျိုးတွေကျတော့ သေမှုသေခင်းနဲ့ အမှုဖွင့်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သင်္ကြန်ကာလအတွင်း ခရိုင်ရဲတပ်ဖွဲ့အင်အား ၁၃၁၃ ဦးဖြင့် လုံခြုံရေးဆောင်ရွက် ခဲ့ပြီး ယာဉ်ထိန်းရဲ၊ သတင်းတပ်ဖွဲ့၊ မြို့တော်စည်ပင်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် NGO အဖွဲ့များကလည်း လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခင်နှစ်ထက် မှုခင်းအရေအတွက် ကျဆင်းခဲ့ကြောင်း သိရသည်။

(အောင်ရဲသွင်)

မူးယစ်ကိုပစ်ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

(၂၅)နှစ်ပြည့်ငွေရတုမဂ်လာဆုမွန်လွှာ

ချစ်ဒယ်ဒီ ဦးသက်ဦး (S.R.Shipping)-ချစ်မေမေ ဒေါ်သန်းသန်းဆင့်တို့၏ ၂၀-၄-၂၀၁၆ ရက်တွင် ကျရောက်သော ငွေရတု မဂ်လာရက်မြတ်မှသည် နောင်ရတုများစွာတိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ အသက်ရှည်စွာဖြင့် ပျော်ရွှင်သောနေ့ရက်များစွာ ချစ်မိသားစုနှင့်အတူ ဖြတ်သန်းနိုင်ပါစေ။

ချစ်သမီး-ဒေါက်တာဆုမျက်ချယ်ဦး

ချစ်သား-ထက်နိုင်ဦး-**B.E NA(M.M.U)**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ R.S.E.Part I စာမေးပွဲ ဖြေဆိုခွင့်ရှိသူ သတ်မှတ်ချက်

၂၀၁၆ ခုနှစ် ဧပြီလ (၉) ရက်နေ့ ကြေးမုံ သတင်းစာ စာမျက်နှာ (၁၄) နှင့် ၂၀၁၆ ခုနှစ် ဧပြီလ (၁၀) ရက်နေ့ မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၂၇) တွင် ဖော်ပြပါရှိသည့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာ R.S.E.Part I စာမေးပွဲ ကျင်းပမည့်ရက်ကြေညာချက် ပါ စာမေးပွဲ ဖြေဆိုခွင့် ရှိသူများ သတ်မှတ်ချက်ကို အောက်ပါအတိုင်း အစားထိုး မြင်ဆင် သတ်မှတ်ပါသည်။

(က) BE ဘွဲ့ရပြီး လုပ်သက် (၁၀) နှစ် အထက် ရှိသူများ
(ခ) B Tech ဘွဲ့ရပြီး လုပ်သက် (၁၂) နှစ် အထက် ရှိသူများ
(ဂ) AGTI လက်မှတ်ရပြီး လုပ်သက် (၁၅) နှစ် အထက် ရှိသူများ
(ဃ) R.S.E.Part I ဖြေဆိုပြီး မအောင်မြင်သေးသူများ

ပြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ်(၂၈/၄၄)၊ ဝိုင်ဇာသောတင်းဆန်းလမ်း
ဒိုင်ဝင်းသောဘီလူးနယ်၊ရန်ကုန်မြို့။

(BE ဘွဲ့ ရရမြင်း RE Part I ဖြေဆိုခွင့်ကို ဆက်လက်လုပ်ကိုင်ပြန်ကြေညာခဲ့ပေသည်။)

Phone : 01 251213 , 703275
Website : www.myanmarengc.org
E mail : mengc.headquarters@myanmarengc.org

ရေးမြို့နယ် ကိုးမိုင်ရွာအနီးခ္ဍ ယာဉ်တိမ်းမှောက်မှုဖြစ်ပြီး ယာဉ်မောင်းသေဆုံး

ရေး ဧပြီ ၁၉

ရေးမြို့နယ် ခေါဇာမြို့ ကိုးမိုင်ကျေးရွာအလွန် မိုင်တိုင် အမှတ် (၉/၅) နှင့် (၉/၆)ကြားတွင် ယနေ့ နံနက် ၈ နာရီခန့်က လိုက်ထရပ်ယာဉ်တစ်စီး လမ်းဘေးဝဲဘက်ခြမ်းရေမြောင်းအတွင်းသို့ အရှိန်လွန်ထိုးကျ တိမ်းမှောက်သဖြင့် ယာဉ်မောင်းသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နေ ဂျေဖိုးမောင်းနှင်သည့် လိုက်ထရပ်အဖြူရောင်ယာဉ်မှာ လူ ၁၀ ဦးတင်ဆောင်ပြီး ပုသိမ်မြို့မှ ထားဝယ်သို့သွားစဉ် အဆိုပါနေရာ၌ တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းဂျေဖိုးမှာ သေဆုံးခဲ့ပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ခေါဇာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ထွန်ထွန်-ရေး)

ဂုဏ်ယူဝမ်းမြောက်ကြောင်း

အဂ္ဂမဟာသီရိသုမ္မသိရီ ဆရာမကြီး ဒေါ်အေးအေးခန့်၏ မြေး (Top Top GEMS & JEWELLERY) ဦးအောင်နိုင်ဦးနှင့် ဒေါ်ဥမ္မာသင်း (GOLDEN MOON JEWELLERY) တို့၏တစ်ဦးတည်းသောသမီး မစမ်းရေနှင်း(@)မေရီခန့် သည် ES4E ကျောင်းမှ အဋ္ဌမတန်းစာမေးပွဲကို ၆ ဘာသာဂုဏ်ထူးအဆင့်(A)ဖြင့် အောင်မြင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သင်ကြားပေးသော ဆရာ/ဆရာမများအားလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

အဂ္ဂမဟာသီရိသုမ္မသိရီ ဆရာမကြီး ဒေါ်အေးအေးခန့်(ဘန်ကောက်)၊
ဖိုးစော(သန်လျင်)၊ သန်လျင်မောင်မောင်ဦး၊
မောင်သွေးရင့် (သန်လျင်)၊
အန်တီပြုံး၊ အန်တီအေးမာ၊ အန်တီလေး

SH မြင့်သူထက် YU
Non-Stop ၂၃.၄ စမည် ဆရာ/မ (နေ့စား) နည်းပြ (ယဉ်ကျေးမှု) ပြည်တွင်းအခွန် ကွန်ပျူတာ စာစီစာရိုက်
MBBS B.DS UDE
ပါဆောက္ခ(ဦးခ်ိုး) ဝါရင့် ဆရာ ဗဟိုကြီးများသင်တန်း
စ.၉.၁၀ တန်း (ဘာသာစုံ)
ကျောင်းသား/သူ နှင့် ကျွမ်းကျင် ဆရာဖြစ်
၃၃.၄ စမည် တန်းစုံ၊ မေကျာစုံ
ကိုက် (၃၇) ခု လွှာ၊ ပေ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း) ၊ ရန်ကုန်။
ဖုန်း - ၀၉၅၃၁၀၀၈၇၁၅၊ ၀၉၅၃၁၃၀၉၂၄၂၊ ၀၉၂၅၆၃၃၇၁၀၅

အနီး၊ အဝေး၊ မနီးမဝေး၊ အကွာဝေးတိုင်း၏ အုံ့မခန်းမြင်ကွင်းသစ်

Tasal Digital Multifocal(Free Form) မှန်သည် အလွန်ကျယ်ဝန်းသောမြင်ကွင်းကြောင့် တပ်ဆင်သူတိုင်းအားပြတ်သားထင်ရှားသောမြင်ကွင်းကို လွယ်ကူစွာရရှိပါသည်။

ရုပ်ပျက်မှန်

Germany Product

Ph.01 248 248 Ph.01 652 802

Multifocal တပ်တိုင်း၊ အစဉ်မပြေသူများကို အထူးတလည် ဖိတ်ခေါ်လိုက်ပါသည်။

ဖတ်စရာ၊ မှတ်စရာ

“စီးကရက်စွဲမြဲနေကြသူများ”

à အောင်ကျော်ညို(ဆင်ချဆိပ်)

ကျွန်တော်တို့နိုင်ငံသားများ ဆေးလိပ်၊ ဆေးတံသောက်သုံးလာခဲ့ကြသည်မှာ သမိုင်းနှင့်ချီ၍ ကြာခဲ့ပါပြီ။ ဆေးလိပ်အထောက်အထားထက် ဆေးတံသောက်အထောက်အထားများကို ရှေးဟောင်းမြို့များတူးဖော်ရာတွင် အများအပြားတွေ့လာရသည်။ အထူးသဖြင့် မြေသွားဆေးတံများ၊ မိမိတို့နိုင်ငံ၏ အစောဆုံးပဒေသရာဇိန်နိုင်ငံများဖြစ်ကြသည့် ပျူတို့၏ သရေခေတ္တရာ၊ ရခိုင်တို့၏ ဝေသာလီမြို့ဟောင်းမြေကြီးအောက်တွင် တွေ့လာရခြင်း။ “ဆေးတံတိုတည်ချိုလောက်၊ ရော့သောက်တော့ပေး---”အစရှိ ကျေးလက်တေးလက်သည်လည်း ဆေးတံကို ကျေးလက်လူငယ်တို့ စွဲမြဲသောက်သုံးခဲ့ကြောင်း သမိုင်းအထောက်အထားတစ်ရပ်ပင် ဖြစ်ပါသည်။

မျက်မှောက်ကာလတွင် ဆေးတံသောက်ယဉ်ကျေးမှုကွယ်ပျောက်သလောက်ဖြစ်သွားပါပြီ။ ယင်းနေရာတွင် ဆေးလိပ်က အစားဝင်ရောက်နေရာယူလာနေသည်။ အထူးသဖြင့် စီးကရက်များ။ ယင်းအပြင် ဒေသထွက်ပြောင်းဖူးဖက်ဆေးလိပ်များ၊ သနပ်ဖက်ဆေးလိပ်များ၊ ဆေးသားလိပ်၊ ဆေးပြင်းလိပ်များ၊ တချို့ဒေသများတွင် သတင်းစာစက္ကူတွင် ဆေးထည့်ပြီး ဆေးလိပ်သောက်နေကြသူများလည်းရှိနေသည်။ လက်လှမ်းမီရာ ပုံစံအမျိုးမျိုးနှင့် ဆေးလိပ်စွဲမြဲနေကြသူများ။ ဤသို့ဖြင့် ဆေးလိပ်သောက်ခြင်းသည် အစဉ်အလာအားဖြင့် အခြေခိုင်မာအမြစ်တွယ်ကာ မိမိတို့နိုင်ငံသားများအတွက် ယဉ်ကျေးမှုတစ်ခုလိုဖြစ်တည်နေခဲ့ပြီ။

မျက်မှောက်ကာလတွင် နည်းပညာ၏ကျေးဇူးကြောင့် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ဆေးလိပ်အန္တရာယ်ကို သိနေကြပြီးလည်း ဆေးလိပ်သောက်မှုကိုကား မပျောက်ဖျက်နိုင်ကြသေး။ “တစ်ခါတစ်ရံမှာ စိတ်ကသိန္နင့်ပြီးသားအရာကို သင့်နှလုံးသားက လက်ခံဖို့အချိန် ပိုပြီးလိုအပ်ပါတယ်။ ဟင်နရီဂျိမ်း၏ မှတ်ချက်ပေးစကားကို အချိန်နှင့် ကုရမည့်ဝေဒနာ အထူးသဖြင့် သက်ကြီးရွယ်အိုများ။ ထမင်းတစ်နပ်မစားရနေနိုင်သည်။ ဆေးလိပ်မသောက်ရ မနေနိုင်။ ခံတွင်းချဉ်လာသည်ဆိုပြီး ဆေးလိပ်ဘူးကို ကိုယ်နှင့် မကွာရှိနေကြသည်။ ဆေးလိပ်၏ စွဲမြဲဂုဏ်သတ္တိတစ်ရပ်ဟုဆိုရမည်။

ဆေးလိပ်ကို ကွယ်လွန်ချိန်အထိ စွဲမြဲသောက်သုံးသွားခဲ့သူ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးနှစ်ဦး ဖတ်မှတ်ဖူးပါသည်။ အာရှတိုက်သားများဖြစ်ကြသည့် တရုတ်ခေါင်းဆောင်ကြီး မော်စီတုံးနှင့် ဗီယက်နမ်မျိုးချစ်ခေါင်းဆောင် ဟိုချီမင်းတို့ဖြစ်ကြသည်။ ယခုလည်း ဆေးလိပ်သမားဆရာကြီးနှစ်ဦးနှင့် အကြောင်းဆုံးလာခဲ့ရသည်။ သတင်းစာတိုက်တစ်ခုတွင်ဝင်လုပ်ဖြစ်ခဲ့စဉ် အသက် ၇၆ နှစ်အရွယ် ကာတွန်းဆရာကြီးတစ်ဦးနှင့် ရင်းနှီးခွင့်ရခဲ့သည်။ လက်ဖက်ရည်ဆိုင်မကြာမကြာထိုင်ဖြစ်သည်။ ထိုင်လိုက်ပြီဆိုသည်နှင့် အသင့်ပါလာသည့် စီးကရက်ဘူးကို ဖောက်သောက်ပါတော့သည်။ မြင်တွေ့ရသည့် ကျွန်တော့်မှာ တအံ့တသြနှင့်။ ‘မအံ့သြနဲ့၊ ကျွန်တော်ဆေးလိပ်သောက်လာတာကြာပြီ။ ဘာမှမဖြစ်ဘူး။ ဆေးလိပ်သောက်တတ်ဖို့သာလိုတယ်” ပေါ့ပေါ့ပါးပါး ဆရာကြီး၏စကား။

နောက်ထပ်တစ်ဦးကား ရန်ကုန်လမ်း ၄၀ နှင့် ကုန်သည်လမ်းထောင့်မှာရှိသော‘လေအံကုန်း’မှာ သွားထိုင်ရင်းတွေ့လာရခြင်း။ ကာတွန်းဆရာကြီးကဲ့သို့ပင် လက်ဖက်ရည်ဆိုင်မှာထိုင်ပြီဆိုသည်နှင့် စီးကရက်ဖွာပြီး။ အသက် ၈၀ ကျော်ပြီးလည်း ကျန်းမာရေးကောင်းနေတုန်း။ စီးကရက်မသောက်သူ ကျွန်တော့်အတွက်ကား မြင်ကွင်းမလှမပ အကျည်းတန်လွန်းနေသည်။ ဆရာကြီးကား အပြုံးမပျက်။ ဘာမှမပြော။ ဆရာကြီးနှင့် စီးကရက်အကြောင်း တစ်နေ့ရေးဖြစ်မည် ပြောတော့လည်း စကားမပြန် ပြုံးမြဲပြုံးလျက်။

စီးကရက်ကို အဆိပ်ဟုတင်စားကာ စီးကရက်သမားများကို “သေချင်းဆိုးများ” ဟုပင် ရင့်ရင့်သီးသီးသုံးနှုန်းခဲ့သူ စေတနာရှင်စာရေးဆရာကြီး တစ်ဦးရှိခဲ့ဖူးသည်။ စီးကရက်ကို ကိုယ်တိုင်သောက်မှမဟုတ်ပါ။ အင्ဂေ့ကို တစ်ဆင့်ခံရှုရှိုက်မိရုံနှင့် ဝေဒနာထပ်တူခံစားကြရာရာ၊ ကောင်းကျိုးမပေး မူးယစ်ဆေးပင်ဖြစ်သည်။ သို့သော် ယခုတွေ့နေရသူ ဖိုးသက်ရှည်ဆရာကြီးနှစ်ဦးမှာ အသက်ရှည်ကြာ အနာကင်းမဲ့ဖြစ်နေခြင်းမှာ အဘယ်ကြောင့်နည်း။

ကာတွန်းဆရာကြီးက သူစီးကရက်သောက်လျှင် “ဖွာရုံ ဖွာသည် မရှိက်ပါ” ဟု မိန့်ကြားဖူးသည်။ စီးကရက်ပုံမှန်သောက်နေသူ တစ်ဦး၏ နည်းနာတစ်ခု စီးကရက်ပုံမှန်သောက်နေပါလျက် အသက်ရှည်ကြာ အနာကင်းမဲ့ရှိနေနိုင်ခြင်းသည် သောက်တတ်ပါက “ဆေး” မဖြစ်သည့်တိုင် “ဘေး” မဖြစ်နိုင်ဟု ကောက်ချက်ချရမလို ဖြစ်နေသည်။ မည်သို့ဆိုစေ စီးကရက်၏ ဆိုးပြစ်အထွေထွေကို ပညာရှင်များက ဖော်ပြသတိပေးထားပြီးဖြစ်ရာ မိမိတို့လိုက်နာနိုင်ကြရပါမည်။ မလိုက်နာပါက ကြုံတွေ့လားရမည့် အန္တရာယ်များမှာ မည်သူမပြုမိမိမှမို့ ကိုယ်ပြုသည့်ကံ ကိုယ်ခံရရုံမကဘေးပတ်ဝန်းကျင်ကိုပါ ဒုက္ခဖြစ်စေပြန်ရာ အသိသတိဖြင့် ထပ်တူကျ ဆင်ခြင်နိုင်ကြပါစေ။ ။

တယ်လီနောရုံး(မန္တလေး)မိသားစု နှစ်ဦးအလှူ။ မန်းတောင်ခြေဘိုးဘွားရိပ်သာတွင်ကုသိုလ်ပြု

မန္တလေး ဧပြီ ၁၉

မြန်မာနိုင်ငံတွင်လုပ်ကိုင်လျက်ရှိသော ဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီဖြစ်သော တယ်လီနောဆက်သွယ်ရေး(မန္တလေး) ရုံးခွဲ မိသားစုများ မြန်မာနှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၇၃ လမ်း ဥပုတ်တော်ရပ်ကွက်ရှိ မန်းတောင်ခြေဘိုးဘွားရိပ်သာသို့ သွားရောက်၍ ဘိုးဘွားများအားခေါင်းလျှော်၊ လက်သည်းခြေသည်းညှပ်ပေးပြီး နံနက်စာအာဟာရများ ကျွေးမွေးကာ ကုသိုလ်ပြု ဘိုးဘွားများအား နှစ်သစ်ကူးဂါရဝပြု ဆေးဝါး၊ လူသုံးကုန်၊ စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။ အခမ်းအနားသို့ မန်းတောင်ခြေဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။ ယင်းနောက် နံနက် ၆ နာရီကလည်း ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီးသို့ သွားရောက်၍ ဘုရားဖူးလာပြည်သူများအား ရေသန့်ဘူးများအလှူဒါနပြုခဲ့ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ဆည်ရိပ်ခိုပြီး အနားယူအပန်းဖြေ

ကျွန်းလှ ဧပြီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ဆည်သို့ သင်္ကြန်ကာလတွင် ဒေသခံပြည်သူများအပြင် အနီးပတ်ဝန်းကျင်မြို့နယ်များမှ ပြည်သူများပါ လာရောက်ရေကစားကြသူများနှင့် အပန်းဖြေကြသူတို့ဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

“သဖန်းဆိပ်ဆည်ကိုရောက်ရင် အပန်းပြေတယ်လို့ပြောကြပါတယ်။ တချို့က ဆည်ရိပ်ကိုခိုပြီး အနားယူအိပ်စက်ကြ၊ ရေလည်ဘုရားသွားဖူးကြ၊ မြို့ဟောင်းကနာရီစင်ကိုကြည့်ရှုကြ၊ လူငယ်လူရွယ်တွေကတော့ ရေကစားကြပြီး မိသားစုလိုက် အပန်းဖြေလာကြသူများနဲ့ စည်ကားပါတယ်” ဟု လာရောက်အပန်းဖြေသူတစ်ဦးက ပြောသည်။

အပန်းဖြေရေကစားသူများ အန္တရာယ်မဖြစ်စေရန် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ကျေပွန်မှုကြောင့် အေးချမ်းစွာ ပြီးသွားကြောင်း၊ နောင်နှစ်တွေမှာ ဆည်နှင့် အနီးအနားပတ်ဝန်းကျင်တွင် ဖျော်ဖြေရေးမဏ္ဍပ်များအား စိစစ်ပြီး ခွင့်ပြုပေးသင့်ကြောင်းကို ဒေသခံပြည်သူတစ်ဦးက ပြောသည်။

မျိုးဝင်းညို(ကျွန်းလှ)

စာတည်းထံပေးစာ

လမ်းညွှန်ဆိုင်းဘုတ် ထင်ရှားစွာ စိုက်ထူပေးစေလို

ကျောက်ပန်းတောင်းမြို့မှ တောင်တွင်းကြီးမြို့သို့ သွားလာလိုလျှင် ကားလမ်းနှစ်သွယ်ဖြင့်သွားနိုင်သည်။ ယခင်လမ်းဟောင်းမှာ ကျောက်ပန်းတောင်း-ရေနံချောင်း-မကွေး-တောင်တွင်းကြီး လမ်းဖြစ်ပြီး ၁၀၇ မိုင် ၂ ဖာလုံကွာဝေးသည်။ လမ်းသစ်မှာ ကျောက်ပန်းတောင်း-မိတ္ထီလာလမ်းပေါ်ရှိ ဇီးဖြူကုန်းရွာမှလမ်းခွဲ၍ ကျောက်ပန်းတောင်း-ဇီးဖြူကုန်း-ရွာမွန်-နတ်မောက်-မြို့သစ်-တောင်တွင်းကြီး လမ်းသစ်ဖြစ်ပြီး ၇၇ မိုင်သာကွာဝေးသဖြင့် လမ်းဟောင်းနှင့်လမ်းသစ် နှိုင်းယှဉ်ပါက မိုင် ၄၀ နှင့် ၂ ဖာလုံသက်သာကြောင်း သိရသည်။

သို့သော် ကျောက်ပန်းတောင်းမြို့မှ ၁၃ မိုင် ၆ ဖာလုံအကွာ ဇီးဖြူကုန်းရွာအနီးရှိ ရွာမွန်-နတ်မောက်မြို့သို့ဆိုသည့် လမ်းခွဲကိုညွှန်ပြသည့် ဆိုင်းဘုတ်မှာ လမ်းအတွင်းဘက်နေရာသို့ ရောက်ရှိနေခြင်း ဆိုင်းဘုတ်သေးငယ်ခြင်း၊ အဓိကလမ်းညွှန်လိုသည့် ရွာမွန်-နတ်မောက်လမ်းညွှန်သည် ကျောက်ပန်းတောင်း -မိတ္ထီလာ ကားလမ်းမပေါ်မှ အလွယ်တကူမမြင်နိုင်ခြင်းတို့ကြောင့် လမ်းခွဲကျော်သွားခြင်းများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

လမ်းခရီးတိုတောင်းသဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာနိုင်သော်လည်း လမ်းညွှန်ဆိုင်းဘုတ်မမြင်ဘဲ လမ်းလွဲပါက ခရီးကြန့်ကြာနိုင်သဖြင့် အချို့ခရီးသွားကားများမှာ စိတ်ချရသည့် ယခင်လမ်းဟောင်းကိုသာ အသုံးပြုနေသေးကြောင်း သိရသည်။

ဖြတ်လမ်းရှိခြင်းဖြင့် ခရီးသွားပြည်သူများ စိတ်ချလက်ချအသုံးပြုနိုင်ရေး၊ လမ်းခရီးချောမွေ့စေရေးတို့အတွက် ဖြတ်လမ်းကြီးများ၊ လမ်းခွဲများကို လမ်းမကြီးများပေါ်မှ ဖြတ်သွားလျှင် မြင်နိုင်ရန် လမ်းညွှန်ဆိုင်းဘုတ်များ ထင်ရှားစွာစိုက်ထူပေးစေလိုကြောင်း တင်ပြလိုက်ရပါသည်။

ကိုဇော်(ဓာတုဗေဒ)

❑

နောက်ဖေးမြောင်း ပိတ်ထားခြင်းမှ အမြန်ဖယ်ရှားပေးပါ

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ပုသိမ်မြေရပ်ကွက် (၂) လမ်း ကန်ထရိုက်တိုက်၏ နောက်ဖေးမြောင်းတွင် မိလ္လာကန်အတွက် မြောင်းမြေသုံးပေ ဆောက်လုပ်ခွင့်ရှိပါသည်။ သို့သော်မြောင်းမြေ ခုနစ်ပေခန့် မြောင်းပိတ်ပြီး ဆောက်လုပ်ထားသည့်အတွက် လက်ရှိနောက်ဖေးမြောင်းမှ ရေဆိုးများ မစီးဆင်းနိုင်ဘဲ ခြင်များပေါက်ပွားခြင်းကြောင့် ရပ်ကွက်လူထုမှာ ခြင်ကိုက်သည့်ဒဏ်ကို ခံစားနေရပါသည်။ ယင်ကြောင့် နောက်ဖေးမြောင်းအား အမြန်ဆုံးဖယ်ရှားပေးပါရန် လေးစားစွာ တင်ပြအပ်ပါသည်။

လမ်းသားများ

ကျူးကျော်ဆိုင်ခန်းများ ဖယ်ရှားပေးစေလို

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် ကျန်စစ်သားအိမ်ရာတွင် ရေမြောင်းကျော်၍ ဆိုင်ခန်းများဖွင့်ခြင်း၊ ရေမြောင်းကိုပိတ်၍ ကွန်ကရစ်အသေလောင်းခြင်းတို့ကြောင့် ရေမြောင်းများပိတ်ဆို့၍ ရေလှိုင်ခြင်းများဖြစ်နေပါသည်။ ထို့အပြင်အဆိုပါ ဆိုင်ခန်းများသည် တိုက်ခန်းရှေ့ရှိ လူသွားလမ်းနှင့် စည်ပင်ပိုင်မြေပေါ်တွင် အခိုင်အမာဆောက်လုပ်ထားခြင်းကြောင့် အခြားအထုပ်များမှာ လူအများစုသည် ဝင်ထွက်ရန် ခက်ခဲခြင်း၊ မီးဘေးအန္တရာယ်ဖြစ်ပါက ရှောင်ရှားရန် ခက်ခဲခြင်းတို့ ရှိနေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ အမြန်ဆုံး ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်နေပြည်သူတစ်ဦး

ဆောင်းပါး

à မြန်ဂုဏ်ဆောင်

ရေ...ရေ...ရေ...

ကမ္ဘာ့လူသားတိုင်းအတွက် လိုအပ်သော ရေ . . . ။

အပြောင်းအလဲမရှိ ထာဝရတစ်သမတ်တည်း ရပ်တည်နေသောပစ္စည်းမှာ ရေသာဖြစ်သည်။ ကမ္ဘာပေါ်ရှိ အရာအားလုံးသည် လူသားနှင့်အတူ ရေပမာဏသည် အစဉ်တည်ရှိနေသည်။ ကမ္ဘာကြီး တည်စကပင် ရေထုက အစဉ်ထာဝရ ပမာဏအတိုးအလျော့မရှိ။ လူသားအရေအတွက် လူဦးရေကသာ မွေးဖွားခြင်းနှင့် သေဆုံးခြင်း အချိုးအစား မတူညီသောအခါ ကမ္ဘာ့လူဦးရေက အတိုးအလျော့ခြားနားသွားသည်။ လူသားဦးရေက နှစ်စဉ် သန်းထောင်ချီ တိုးလာသည်။ ကမ္ဘာ့ရေထုက တည်မြဲပမာဏဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့လူသားတစ်ဦးချင်းစီအတွက် ရယူပိုင်ဆိုင်ခွင့်ရေပမာဏက ယုတ်လျော့နေသည်။

ကမ္ဘာ့ရေနေ့ (World Water Day)အဖြစ် မတ် ၂၂ ရက်ကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ခဲ့သည်။ ၂၀၁၆ ခုနှစ်က ကမ္ဘာ့ ရေနေ့ဆောင်ပုဒ်ကို 'ရေနှင့်အလုပ်များ' (Water and Jobs)ဟူ၍ သတ်မှတ်ခဲ့သည်။ "ရေမရှိလျှင် အလုပ်မလုပ်နိုင်' ဟူ၍ညွှန်းဆိုသည်။ ရေထဲမှ သယံဇာတရသည်။ ရေကြောင့် ဘဝများရှင်သန်ရသည်။ ရေမှ လူသားတို့၏ ဘဝ၊ ကုန်ပစ္စည်း၊ စားဝတ်နေရေးကို ဖန်တီးနိုင်စွမ်းသည်။ ရေကို စနစ်တကျအသုံးချနိုင်ပါမှ ဆင်းရဲသောတိုင်းပြည်ဘဝကို ကယ်တင်နိုင်မည်။

ကမ္ဘာ့ရေသုံးစွဲမှုပမာဏက တစ်နှစ် ၇,၄၅၀ ဘီလီယံကုဗမီတာ၊ ကမ္ဘာ့လူဦးရေက သန်း ၇,၄၀၀ ကျော်ဖြစ်ရာ လူသားတစ်ဦးချင်း၏ ရေပိုင်ဆိုင်မှုက နည်းလှသည်။

ကမ္ဘာ့လူသားတစ်ဦးချင်းစီ၏ ရေပိုင်ဆိုင်မှုထုထည်က ၁၉၇၀ ပြည့်နှစ်က လူသားတစ်ဦးချင်း တစ်နှစ် ပိုင်ဆိုင်မှု ရေဂါလန် လေးသိန်းခွဲ၊ ၁၉၉၀ ပြည့်နှစ်တွင် ရေဂါလန် သုံးသိန်း၊ ၂၀၀၀ ပြည့်နှစ်တွင် ဂါလန် နှစ်သိန်းခွဲဖြစ်ရာလာမည့် ၂၀၂၅ ခုနှစ်တွင် ရေဂါလန်တစ်သိန်းရှစ်သောင်းဖြစ်နိုင်သည်။ 'ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံခန့်က နှစ်စဉ် တစ်လခန့် ရေ မလုံလောက်မှုများဖြင့် ရင်ဆိုင်ရသည်'ဟူ၍ နယ်သာလန်တွမ်တီးတက္ကသိုလ် အာဂျင်ပိုင်ဟိုထရာ ကပြောကြားကြောင်း New York Times သတင်းစာတွင်ဖော်ပြသည်။ နှစ်စဉ် လူသားလေးသန်း ရေရှားပါးမှုဖြစ်ခဲ့ရာ တရုတ်နှင့် အိန္ဒိယက လူသားနှစ်သန်းကြုံတွေ့ရပြီး ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ နိုက်ဂျီးရီးယား၊ မက္ကဆီကို၊ အမေရိကန် ပြည်ထောင်စု အနောက်နှင့် တောင်၊ ကယ်လီဖိုးနီးယား၊ တက်ဆင်စ်၊ ဖလော်ရီဒါတွင် လူသားနှစ်သန်း ရေရှားပါးခဲ့ရသည်။

ဤကမ္ဘာကြီးကိုဝန်းရံထားသောရေပမာဏမှာ ၇၀ ရာခိုင်နှုန်း၊ ထုထည်ပမာဏ ကုဗ ရာခိုင်နှုန်း၊ ပင်လယ်ရေမဟုတ်သောရေင်းကသည် ဒသမ ၉ ရာခိုင်နှုန်းတည်ရှိနေသည်။ ကမ္ဘာ့လူသား၊ တိရစ္ဆာန်၊ သစ်ပင်များအတွက် အသုံးဝင်သော ရေချိုက ၂ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်တည်နေသည်။

ရေ၏ဖြစ်တည်မှုဖြစ်စဉ်အရ ရေခဲထုက ၆၈ ဒသမ ၇ ရာခိုင်နှုန်း၊ မြေအောက်ရေထုက ၃၀ ဒသမ ၁ ရာခိုင်နှုန်း၊ မြေပေါ်ရေက ၁ ဒသမ ၂ ရာခိုင်နှုန်း၊ မြေအောက်ရေခဲက ၆၉ ရာခိုင်နှုန်း၊ ကန်ရေက ၂၀ ဒသမ ၉ ရာခိုင်နှုန်း၊ မြေဆီလွှာရှိခိုအောင်းရေ အစိုဓာတ်က ၃ ဒသမ ၈ ရာခိုင်နှုန်း၊ ရွှံ့ညွန်ရေက ၂ ဒသမ ၆ ရာခိုင်နှုန်း၊ မြစ်ရေက သုည ဒသမ ၄၉ ရာခိုင်နှုန်း၊ လူ၊ တိရစ္ဆာန်၊ သစ်ပင်များရှိရေက သုည ဒသမ ၂၆ ရာခိုင်နှုန်း၊ လေထုထဲရှိ ရေခိုးရေ ငွေ့က သုံးရာခိုင်နှုန်းဖြစ်ကြသည်။ ကမ္ဘာ့ရေထုများတွင် လူသားတို့အတွက် သောက်သုံးရေက အနည်းငယ် သုည ဒသမ ၇၆၇၂ ရာခိုင်နှုန်း (တစ်ရာခိုင်နှုန်းပင်မရှိ)သာဖြစ်သည်။ မူလ ရေချိုဘဝမှ ရေင်နှာဘဝသို့ ဖြစ်စဉ်အရ ပြောင်းလဲခဲ့ရသည်။ မည်သည့်အချိန်က စတင်ပြောင်းလဲမှုကို မခန့်မှန်းနိုင်ပါ။

ကမ္ဘာ၏ မူလရေထုပမာဏက မည်သို့မျှ မပျက်သုဉ်းဘဲ မူလအရှိအတိုင်းသာ တည်မြဲနေသည်။ မည်သည့်နေရာသို့မှ ထွက်မသွား၊ ရောက်မသွားဘဲ ပုံသေပမာဏဖြင့် ရပ်တည်နေသည်။ ကမ္ဘာ့လူဦးရေကသာ မွေးဖွားနှုန်းနှင့် သေဆုံးနှုန်းမညီမျှဘဲ မွေးဖွားနှုန်း မြင့်မား၍ ကမ္ဘာ့လူဦးရေက တစ်နှစ်ထက်တစ်နှစ် ပိုမိုလာရသည်။ ၁၈၀၄ ခုနှစ်က ကမ္ဘာ့လူဦးရေ သန်း ၁,၀၀၀ ပြည့်ခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် သန်း ၇,၂၀၀ ဖြစ် လာသည်။ ၂၀၁၆ ခုနှစ် ယခုနှစ်တွင် သန်း ၇,၄၀၀ ဖြစ်နေပြီ။ ယခုနှုန်းအတိုင်း ကမ္ဘာ့လူဦးရေတိုးနေပါက ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေ သန်း ၉,၇၀၀ ဖြစ်လာနိုင်သည်။

ပညာရှင်များက ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ သုံးပုံနှစ်ပုံ ရေရှားပါးမှုဒဏ် ကြုံတွေ့ရမည်ဟူ၍ ဟောကိန်းထုတ်ထား . . .

စတုရန်းမိုင် သန်း ၃၂၆ မိုင်၊ မက်ထရစ်တန် ဘီလီယံ သန်း ၁,၄၀၀ ရှိသည်။ ရေထု၊ ရေ၊ ရေခဲ၊ ရေခိုးရေငွေ့တို့ ပေါင်းစပ်ပါဝင်ကြသည်။

ကမ္ဘာကြီးကို အာကာသထဲမှ အပေါ်စီးဖြင့် မြင်ကြည့်က ဧရိယာစတုရန်းမိုင် သန်း ၆၀ ခန့်ရှိသော ရေထုဖြစ်၍ အပြာရောင် အသွင်အပြင်ကို ဖန်တီးနေသည်။ ကမ္ဘာ့ထုထည် သုံးပုံနှစ်ပုံက ရေထုဖြစ်၍ အပြာရောင် အသွင်အပြင်ကို ဖန်တီးနေသည်။ ကမ္ဘာ့ထုထည် မြေပြင်ထက်ဝယ် ပင်လယ်ရေက ၉၆ ဒသမ ၅ ရာခိုင်နှုန်း၊ ရေချိုက ၃ ဒသမ ၅ ကမ္ဘာ့လူသားများက ရေအသုံးချနိုင်မှု ရေအရင်းအမြစ်တွင် တစ်နှစ်ပတ်လုံးရပိုင်ခွင့် မတူညီကြပါ။ အချိန်နေရာဒေသအလိုက် ကွဲပြားခြားနားသည်။ အချို့ဒေသရပ်ဝန်းက ရေပေါကြွယ်ဝပြီး လူဦးရေနည်းသည်။ အချို့ဒေသရပ်ဝန်းတွင် ရေရှားပြီး လူဦးရေများသည်။

ရေထုသံသရာလည်ပုံ၊ ဖြစ်ပျက်ပုံအတိုင်း လူနှင့် တိရစ္ဆာန်အသုံးပြုပုံက သေးငယ်သော ကိန်းဂဏန်း ပမာဏမျှသာဖြစ်ရာ ပင်လယ်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့မှ ရေငွေ့က ကောင်းကင်ရောက်၊ တိမ်ဖွဲ့ပြီး မိုးရေအဖြစ် ပြန်ရွာချသည်။

မိုးရေကို မဟာပထဝီမြေကြီးကထိန်းသည်။ မြေကျစ်လွန်းလျှင် ရေမစုပ်၊ မထိန်းနိုင်တော့ပါ။ မြေပွလွန်းလျှင် ရေနှင့်အတူမျောပါသည်။ ယခင်က အဝီစိတွင်း ရေတူးဖော်လျှင် ပေ ၁၀၀၊ ပေ ၂၀၀ မျှဖြင့်သာ ရေထွက်သော်လည်း ယခု ရေထုရရန် ပေ ၇၀၀၊ ပေ ၈၀၀ ထိ တူးဖော်သော်လည်း ရေက မသေချာဖြစ်နေသည်။

နွေမရောက်မီ ရေခန်းခြောက်သည်။ ရေချို ကန်များ၏ဧရိယာ ကျုံ့သွားသည်။ ကုန်းမြေသာ ဖြစ်လာသည်။ ရေချိုပေါ်ကြွယ်ဝသော နိုင်ငံက ရေရှားပါးသောနိုင်ငံအဖြစ်သို့ ပြောင်းလဲခံယူလိုက်ရသည်။

မြန်မာနိုင်ငံက ကမ္ဘာတွင် ရေအရင်းအမြစ်ပိုင်ဆိုင်မှု အများဆုံးနိုင်ငံစာရင်းတွင် အဆင့် ၁၄၊ အာရှတိုက်တွင် အဆင့်ခြောက် အဖြစ်ရပ်တည်နေသည်။ ကမ္ဘာကြီးက မီးတောက်လောင်သော နေထုကိုပတ်နေရာ ကမ္ဘာက ပိုပူလာသည်။ ရာသီဥတုဖောက်ပြန်လာသည်။ ဆိုးကျိုးကား လေပြင်းတိုက်၊ မုန်တိုင်းထန်၊ မြေပြို၊ မြေလျင်လှုပ်၊ ရေခဲပြင်အရည်ပျော်၊ ပင်လယ်ရေမြင့်တက်၊ သစ်တောသစ်ပင် အပင်မျိုးစုံ နေလောင်ခံရသည်။

ကမ္ဘာ့ရေထုတွင် ပင်လယ်သမုဒ္ဒရာများရှိ ရေင်းက ၉၆ ဒသမ ၅ ရာခိုင်နှုန်းပါဝင်ပြီး ရေချို (Fresh Water)က ၃ ဒသမ ၅ ရာခိုင်နှုန်းသာ ပါဝင်သည်။ ရေချိုကို ထပ်မံခွဲခြားစိတ်ဖြာလိုက်ပါက ရေခဲမြစ်၊ ရေခဲတောင်၊ ဝင်ရိုးစွန်းရှိ ရေခဲပြင်များက ၁ ဒသမ ၇၆၂ ရာခိုင်နှုန်း၊ မြေအောက်ရေ (Ground Water) က ၁ ဒသမ ၇ ရာခိုင်နှုန်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ကန်၊ ဆည်နှင့် ရေတိမ်ဒေသ (Wetlands) များရှိရေ (Surface Water)က သုည ဒသမ ၀၀၂ ရာခိုင်နှုန်းဖြင့် ဖုံးလွှမ်းဖွဲ့စည်းထားသည်။ ကမ္ဘာ့မြေမျက်နှာပြင်၌ ရေ ၇၁ ရာခိုင်နှုန်းဖုံးလွှမ်းရာ ရေပမာဏ၏ ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိသည်။ ကမ္ဘာ့လူသား သန်း ၇၄၀၀ ကျော်အနက် သန်းတစ်ထောင်ကျော်မှာ ဘေးကင်းသော၊ သန့်ရှင်းသောသောက်ရေ (Safe Drinking Water) လုံလောက်မှုမရနိုင်ပါ။

လူသားဝန်းကျင်တွင် ရေသည် အသွင်ပုံစံမျိုးစုံဖြင့် တာဝန်ယူထားသည်။ သောက်ရေ အသွင်၊ သုံးရေအသွင်၊ စိုက်ရေအသွင်၊ ပျိုးရေအသွင်၊ မီးဘေးအန္တရာယ်ကာကွယ်ရေး အသွင်တည်ရှိကြသည်။ ရေအနက် သောက်သုံးရေ၊ ချိုးရေ၊ အဝတ်လျှော်ရည်တို့သည် ဘေးကင်းသည့်ရေ (Safe Water) ဖြစ်ရန်လိုသည်။ ရေသယံဇာတ ရှားပါးမှု (Scarcity in Water Resources)က လူသားဘဝ ရပ်တည်မှုကို ဒုက္ခပေးနိုင်သည်။

ကမ္ဘာသူ ကမ္ဘာသားတို့ ကမ္ဘာ့ရေထု သုံးစွဲမှုအင်အားက တစ်နှစ် ၇,၄၅၀ ဘီလီယံ ကုဗမီတာရှိသည်။ သန်း ၇,၄၀၀ ကျော် ကမ္ဘာ့လူသားတို့၏ ရေသယံဇာတမပြည့်စုံမလုံလောက်ပါက ဘဝရပ်တည်မှုခက်ခဲလာမည်။

လူသားသည် ဘဝတစ်ခုအဖြစ် ရပ်တည်နေထိုင်ရေးအတွက် မိခင်ဝမ်းကြာတိုက်တွင် သန္ဓေတည်စမှစတင်၍ ရေကို အားထားခဲ့ရသည်။ သန္ဓေသားအဖြစ် တည်မြဲဖွဲ့စည်းစဉ် ရေဖြင့် ပေါင်းစပ်ဖွဲ့စည်းသည်။ မိခင်၏ သွေးသားမှတစ်ဆင့် အချင်း၊ အချင်းမှ ချက်ကြိုး၊ ချက်ကြိုးမှ ရင်သွေးကိုယ်ခန္ဓာသို့ သွေးရောက်၊ သွေးမှတစ်ဆင့် ရေဓာတ်ကို ရင်သွေးမှ ရယူသုံးစွဲသည်။ ရေကို ခန္ဓာကိုယ်အတွက် အဆိပ်အတောက်ဖြစ်သော ဓာတုပစ္စည်းများနှင့် ကျောက်ကပ်မှတစ်ဆင့် ဆီးသို့ရောက်သည်။ ဆီးကို ကလေးငယ်၏ ခန္ဓာကိုယ်မှ စွန့်သည်။ ရင်သွေးသည် ရေ၏ရေမွှာရေများ ကြားဝယ်ရှိသည်။

ရေမွှာထဲတွင် ကလေးစွန့်သောဆီးအပြင် မိခင်၏ ကလေးကို လုံခြုံထားသော ရေမွှာ အိတ်အမြေးပါးက ရေမွှာများကို ထုတ်လုပ်ပါသည်။ ထိုရေဓာတ်ကို မိခင်သားအိမ်ထဲတွင် ကလေးက ထိုရေကိုသောက်သုံးသည်။ ရေဓာတ်က ရေမွှာအိတ်မှရရှိသောရေနှင့် မိခင်သွေးသားမှရရှိသောရေဟူ၍ နှစ်မျိုးရှိသည်။

ရေမွှာပေါက်လျှင် မိခင်ဝမ်းကြာတိုက်တွင်နေခဲ့ရသော သွေးစွန်းသောရေနှင့် ဆီးတို့က ပြင်ပသို့ထုတ်ပစ်လိုက်သည်။ ထို့ကြောင့် ရင်သွေးသည် မိခင်ဝမ်းကြာတိုက် ဝမ်းဗိုက်ထဲမှာပင် ရေဖြင့် ရင်းနှီးကြီးထွားရသည်။ မိခင်ဝမ်းအတွင်း၌ သန္ဓေသားအဖြစ်နေစဉ် ခန္ဓာကိုယ်တစ်ခုလုံး၌ ရေသည် ရာနှုန်းပြည့်ပါဝင်ခဲ့ရာ အမိဝမ်းကျွတ်၍ မွေးကင်းစအရွယ် ရေဓာတ်လျော့နည်းသွားသည်ဖြင့် ရေသည် ခန္ဓာကိုယ်တစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်းရှိသွားသည်။ သိတတ်စအရွယ် ကလေးငယ်ဘဝ၌ ရေသည် ခန္ဓာကိုယ်တစ်ခုလုံး၏ ၇၅ ရာခိုင်နှုန်းဖြစ်သွားသည်။ အရွယ်ရောက်သောအခါ ရေသည် ခန္ဓာကိုယ်တစ်ခုလုံး၏ ၇၀ ရာခိုင်နှုန်းဖြစ်သွားသည်။ ရေပမာဏ ၆၅ ရာခိုင်နှုန်းက လူဆဲလ်များအတွင်းရှိပြီး ၃၅ ရာခိုင်နှုန်းက ဆဲလ်အကြားနှင့် သွေးထဲတွင်ရှိသည်။ အဆုတ်၌ ရေပါဝင်မှု ၉၀ ရာခိုင်နှုန်း၊ ဦးနှောက်၌ ရေပါဝင်မှု ၈၅ ရာခိုင်နှုန်း၊ သွေး၌ ရေပါဝင်မှု ၈၂ ရာခိုင်နှုန်းဖြစ်ကြသည်။

အထက်အညာတွင် ရေသောက်ရန် ရေလေးတစ်အိုးရဖို့ အခိုန်ပေးပြီး ဝေးလံသီခေါင်သောဒေသမှ ရေခပ်ကြရသည်။ ရေအိုးသုံးလေးလုံးခေါင်းပေါ်ဆင့်၍ ရေခပ်ကြသော ရွှေဘိုသူများကို မြင်ယောင်မိသည်။

မြို့ပေါ်နေလူတန်းစားတို့က ရေသန့်ဘူးတစ်ဘူး နှစ်ရာကျပ်၊ သုံးရာကျပ် ပေးဝယ်သောက်နေကြရသည်။

အမိနိုင်ငံရှိ ကျေးရွာပေါင်း ခြောက်သောင်းကျော်တွင် ကျေးရွာသုံးသောင်းကျော် ရေပြတ်လပ်မှုဒဏ်ခံနေရသည်။

ကမ္ဘာ့ရေအရင်းအမြစ် ပညာရှင်များက ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ သုံးပုံနှစ်ပုံ ရေရှားပါးမှုဒဏ် ကြုံတွေ့ရမည်ဟူ၍ ဟောကိန်းထုတ်ထားသည်။

ကမ္ဘာ့မှာ ရေချိုရှားပါးနေစဉ် မြန်မာက ခါသကြိန်မှာ ရေချိုကို အလဟဿဖြုန်းတီးနေကြသည်။ ခါသကြိန်ရက် အကြို၊ အကျ၊ အကြတ်၊ အတက်နေ့များတွင် ရေဂါလန်သန်းပေါင်းများစွာ ဖြုန်းတီးပစ်လိုက်ကြသည်။ ရေကစားမဏ္ဍပ်များတွင် ရေချိုဂါလန်သိန်းချီ၍ဖြုန်းကြသည်။ သဘာဝသယံဇာတ ရေချိုရေသန့်များကို အချိန်ပိုင်းအတွင်း ရေစုပ်စက်များဖြင့် ရေပက်နေကြသည်။ ကမ္ဘာမှာ ရေချိုဖြုန်းတီးသောလူမျိုးသည် မြန်မာဖြစ်နိုင်သည်။

ကမ္ဘာလောကကြီးတွင် ၇၁ ရာခိုင်နှုန်းက ရေထုဖြင့် ဖုံးလွှမ်းထားရာ ရေထု၏ ၉၇ ဒသမ ၂ ရာခိုင်နှုန်းက သောက်သုံးမရသော ရေငန်အဖြစ်ရပ်တည်ရှိပြီး ရေချိုက ၂ ဒသမ ၈ ရာခိုင်နှုန်းသာဖြစ်သည်။ ရေချိုက ရေခိုး ရေငွေ့၊ မြေအောက်ရေထု၊ ရေခဲအဖြစ်ဖြင့် ဖြစ်တည်နေပြီး ရေချိုပမာဏက ရေအားလုံး၏ သုည ဒသမ သုံးရာခိုင်နှုန်းသာ ရှိသည်။

လူသားတစ်ဦးအဖြစ် ရပ်တည်ရန် ရေပမာဏ ၇၀ ရာခိုင်နှုန်းပါဝင်သောကြောင့် လူတစ်ဦးက အစားမစားဘဲ ရက် ၂၀ နေနိုင်သော်လည်း ရေမသောက်ဘဲ သုံးရက်ပင် မနေနိုင်။ သေဆုံးကြရသည်။

ကမ္ဘာ့လူဦးရေတိုးလာမှုကိုလိုက်ပြီး ရေချိုပမာဏက တိုးမလာနိုင်ပါ။ ထို့ကြောင့် လူသားတစ်ဦးချင်းစီ၏ ရေသုံးစွဲပိုင်ခွင့်က နည်းသည်ထက်နည်းလာသည်။ ရေချိုသောက်သုံးပိုင်ခွင့် ပိုနည်းလာသည်။

နှစ်စဉ်တိုးလာသော အပူချိန်၊ ရာသီဥတုဖောက်ပြန်မှုကြားမှာ လူသားဖြစ်ရသော ကမ္ဘာ့လူသားများ၏ ရေအပေါ်ဖြစ်တည်မှုအခွင့်အလန်းက တစ်နှစ်ထက်တစ်နှစ်၊ တစ်ရက်ထက်တစ်ရက် ပိုမိုနည်းလာရသည်။

လူသားပယောဂကြောင့် သစ်တောသစ်ပင်များ ပြုန်းလာသည်။ ဓာတ်သတ္တုများ ပျက်သုဉ်းလာသည်။ စွန့်ပစ်အမှိုက်များ မီးရှို့မှုကြောင့် ဥတုရာသီဖောက်ပြန်လာသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာမှ တစ်နေ့တစ်နေ့ ရေဂါလန် သန်း ၂၀၀ ပေးဝေနေရာ နေ့စဉ်နီစွမ်ရေ ရေထု ၄၀ ရာခိုင်နှုန်း ဆုံးရှုံးနေသည်။ တရားမဝင်ရေဆိုးသုံးမှု၊ ရေအလဟဿဖြစ်မှု၊ အချည်းအနှီး ရေပိုက်မှ ထွက်ကျနေမှုများကို ကြုံတွေ့ကြရသည်။

မြေပေါ်ရေရှိရေး ပေ ၂၀၊ ပေ ၃၀ တူးဖော်ရာမှ ရေရရှိရန် ကျောက်သားထုကို ဖြတ်ကျော်၍ အဝီစိရေတူးဖော်နေကြရသည်။

စင်ကာပူ၊ မလေးရှားနိုင်ငံများတွင် ရေဆိုးရေညစ်များကို ပြန်သန့်စင်ပြီးအသုံးပြုနေစဉ် ကျေးလက်ဒေသ ကျေးရွာခြောက်သောင်းကျော် အပြည့်အဝရေမရရှိမှုကို ကြုံကြရသည်။ ရေချိုမရှိသော စင်ကာပူနိုင်ငံသည် မလေးရှားမှရေကို ဝယ်သုံးနေရသည်။ အသုံးပြုပြီးရေကို ရေသန့် ပြန်လည်ထုတ်လုပ်နေရသည်။ ပင်လယ်ရေငန်မှတစ်ဆင့် ရေချိုထုတ်ယူနေရသည်။

ရေရှားပါးသော သဲကန္တာရနိုင်ငံ အစ္စရေးတိုင်းပြည်က ရေကို ချွေတာသုံးနေရပြီး ချိုးရေကို ရေပိုက်ဖြင့် သစ်ပင်ရေလောင်း နေရသည်။ ဂျပန်နိုင်ငံက ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးရုံမှ စွန့်ပစ်ရေကို စိုက်ပျိုးရေး မျက်နှာစာတွင်သုံးနေရသည်။ ကမ္ဘာနိုင်ငံများတွင် ရေရှားပါးမှုကြောင့် ရေခွန်တိုးမြင့်ကောက်ခံ၍ ရေချွေတာသုံးစွဲမှုကို ဝန်ဆောင်ပညာပေးနေသည်။

မြန်မာပြည်၏ ရေရှားပါးသော ဒေသများတွင် စဉ့်အိုးများဖြင့် မိုးရေလှောင်ကြသည်။ အချို့တောင်ပေါ် ဖယ်ခုံ၊ မိုးပြို၊ လွယ်ကော်ဒေသများတွင် သွပ်မိုး၊ အိမ်ခေါင်မိုးမှ ရေတလျှောက်သွယ်၍ ကန်များဖြင့် ရေလှောင်ကြသည်။ နွေရာသီရေပြဿနာကို ကုစားကြသည်။ စဉ့်အိုး ၁၀ လုံးခန့်ကို အိမ်ခြံစည်းရိုးခြံ စဉ့်အိုးတွင်း ရေသိုလှောင်ထားကြသည်။ ရေစဉ့်အိုးတစ်လုံး ရေလေးဂါလန်ဆံ့ရေထမ်းပုံး ၁၂ ပုံးဝင်ပါက ရေ ၄၈ ဂါလန်ကို သိုလှောင်နိုင်သည်။ ရေစဉ့်အိုး ၁၀ လုံးဆိုပါက ရေသိုလှောင်မှုပမာဏ ၄၈၀ ဂါလန်ဖြစ်မည်။ ရေကို နွေရာသီ ရေပြတ်ချိန်၌ စဉ့်အိုးတစ်လုံး ရက် ၇၀ ကျော် အသုံးပြုနိုင်သည်။

စာမျက်နှာ ၁၇ သို့

ရေ...ရေ...ရေ...



မြန်မာတို့ ရေချွေတာမှုကိုစောင့်ထိန်းပါက ဆန်ဆေးရေကို သိုလှောင်ပြီး ကျွဲ၊ နွားရေအဖြစ် အသုံးပြုနိုင်သည်။ ရေချိုးရာတွင်လည်း ချိုးရေကို ရေကန်ခံ၍ချိုးပါက ရေပြန်လည် အသုံးပြုပြီး သစ်ပင်ပန်းပင် ရေလောင်းနိုင်သည်။

ရေဆာလျှင် ရိုးရိုးရေကိုသာသောက်ပါ။ ကိုယ်ဝန်ဆောင်စဉ် ရေပိုသောက်ပါ။ ပုံမှန်ထက် ၃-၄ ခွက် ပိုသောက်ပါ။ 'ခန္ဓာကိုယ်တွင် လုံလောက်သောရေပမာဏရရန် တစ်နေ့လျှင် ရှစ်အောင်စပါဖန်ခွက် ရှစ်ခွက်ပြည့်အောင်သောက်ပါ'ဟူ၍ အာဟာရပညာရှင်များကဆိုသည်။

ပင်ပန်းနွမ်းနယ်လျှင် အင်အားကုန်ခမ်းမှုကိုဖြည့်ရန် ရေတစ်ဖန်ခွက်သောက်ပါ။ ရေသည် ခန္ဓာကိုယ်ထဲမှ ဆဲလ်များဆီသို့ အောက်ဆီဂျင်ဓာတ်များ ပို့ဆောင်ပေးနိုင်စွမ်းသည်။

ဦးနှောက်တစ်သျှူး၏ ၈၅ ရာခိုင်နှုန်းက ရေဖြစ်သည်။ ရေဓာတ်ခန်းခြောက်ပါက ကိုယ်ရောစိတ်ပါ နွမ်းနယ်ရသည်။ စိတ်ဖိစီးလျှင် အလုပ်စားပွဲ၌ ရေပုလင်းထားပြီး မကြာခဏ ရေသောက်ပါ။ ရေလုံလောက်စွာ မသောက်မိပါက ဆီးကျောက်တည်နှုန်းမြင့်မည်။ ရေက ဆီးကျောက်ဖြစ်စေမည့်ဆား၊ သတ္တုဓာတ်ကို ဖျော်စေနိုင်စွမ်းသည်။ ရေသည် ကြွက်တက်ခြင်းကိုကာကွယ်သည်။ ခန္ဓာကိုယ်အဆစ်ကိုအားကောင်းစေသည်။ ရေဓာတ်က ခန္ဓာကိုယ်ကြွက်သား၊ အရိုးအဆစ်ကို ကြံ့ခိုင်စေနိုင်စွမ်းသည်။ ရေကအရေပြားဆဲလ်များ အစိုဓာတ်ရပြီး ခန္ဓာကိုယ်မှ အဆိပ်အတောက်ကို ထွက်စေနိုင်စွမ်းသည်။ ရေသည် အမျှင်ဓာတ်ကဲ့သို့ အစာကြေညက်စေနိုင်သည်။ ရေဓာတ် ခန်းခြောက်ပါက ခန္ဓာကိုယ်မှ စွန့်စပ်စွဲညစ်များ ထွက်ရှိရန် ခက်ခဲစေသည်။

မြန်မာသစ်တောဖုံးလွှမ်းမှုသည် အတွေ့သမား စီးပွားရေး ဝိသမလောဘသားများနှင့် အခွင့်ထူးခံကုမ္ပဏီများ၏ ပယောဂကြောင့် အစိုးရအာဏာရှိသူများနှင့် ပူးပေါင်းပြီး တောင်ကတုံးဖြစ်အောင် ဖန်တီးလိုက်ကြသည်။ မြန်မာပြည် သစ်တောဖုံးလွှမ်းမှု ဧရိယာက ၁၉၅၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၅၇ ရာခိုင်နှုန်းဖြစ်ရာမှ ယခု နှစ်ပေါင်း ၆၀ အကြာ ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၂၀ ရာခိုင်နှုန်းသာကျန်သည်။ သစ်တောပြုန်းတီးမှုက ဆယ်နှစ်အတွင်း ဟတ်တာနှစ်သန်း (၈က သိန်း ၅၀)ပြုန်းတီးခဲ့သည်။

အမိမြန်မာပြည်သည် သစ်တောပိုင်ဆိုင်မှုအနေအထားက မယုံကြည်အောင် ပြောင်းလဲသွားသည်။ ၂၀၁၀ ပြည့်နှစ်ကစတင်၍ ၂၀၁၅ ခုနှစ်ထိ တစ်နှစ်လျှင် သစ်တော ဧရိယာ ၅၄၆၀၀၀ ဟတ်တာ (၁၃၄၉၁၉၅ ဧက) နှုန်း ပြုန်းတီးလာသည်။ ၂၀၁၀ ပြည့်နှစ်က လက်ကျန်သစ်တောဧရိယာ ၁ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ပြီး ကမ္ဘာ့သစ်တောပြုန်းတီးမှုအများဆုံး ၁၀ နိုင်ငံတွင် တတိယအဆင့် နံပါတ်သုံးနေရာ၌ ရပ်တည်နေရာယူလာသည်။ ပထဝီမြေအနေအထားအရ မြောက်မှတောင်သို့နိမ့်ဆင်းသော မြေမျက်နှာသွင်ပြင်အရ မြစ်ချောင်းများမှရေသည် မြောက်မှတောင်သို့ စီးဆင်းကြသည်။

ရေအရင်းအမြစ် ပျက်ဆီးဆုံးရှုံးမှုက သဘာဝအရ ရင်ဆိုင်ကြုံတွေ့ရသည်။ ရေနေသဘာဝ လျော့ပါးရာမှ ရေချိုအရင်းအမြစ်နေရာတွင် စက်ရုံ၊ အလုပ်ရုံ၊ သတ္တုမိုင်း၊ စိုက်ခင်းများမှစွန့်ပစ်ရေက ရေကောင်း ရေသန့်ကို ရေဆိုးဖြစ်စေသည်။

ရေထုညစ်ညမ်းမှု ဘေးထွက်ဆိုးကျိုးကြောင့် မန္တလေးတိုင်းဒေသကြီးမှ တောင်သမန်အင်းက ရေပျော်ငါးသတ္တဝါများ အစုလိုက်အပြုံလိုက်သေကြရသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အာဆီယံအမွေအနှစ်စာရင်းဝင် ကမ္ဘာ့ဇီဝအဝန်းမြေစာရင်းဝင်အင်းလေးကန်ရပ်ဝန်းဒေသ ရေထုပျက်စီးရသည်။ အရောင်ပြောင်းလဲသွားသည်။

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုကြောင့် နှစ်တိုင်းကြုံတွေ့ရသောပြဿနာတစ်ခုမှာ အပူချိန် စံချိန်သစ်တင်ခြင်း၊ အအေးစံချိန်သစ်တင်ခြင်း၊ ပူလွန်း၊ အေးလွန်း၊ မိုးများလွန်း၊ မိုးခေါင် ခြောက်သွေ့လွန်းခြင်းကို ခါးစည်းရင်ဆိုင်ကြရသည်။

'ရေဆိုသည်မှာ အသက်ပမာ ဘဝပါ။ ရေဘူးနှင့်ဖိနပ်မပါ နွေခါမှသိ။ ရေအိုင်သာလျှင် ငါးများသည်။ ရေကြည်ရာမြက်နုရာ။ ရေဝင်နိုင်လျှင် ရေကြည်သောက်ရ။ ရေဝေးသည့်ကြာ မပွင့်သာ။ ရေကုန် အိုင်ပျက်။ ရေမရှား မြေမရှား။ ရေမလာခင် ကန်သင်းဖို့။ ရေကုန်သည့်အိုင် လိုင်းဘောင်ဘင်မခတ်နိုင်။ ရေတွင်းကောင်းမှ ရေအေးမြ။ ရေကန်အသင့် ကြာအသင့်။ ရေရွှေးလျှင်သောက်စရာမရှိ၊ မြေရွှေးလျှင် နေစရာမရှိ။ ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်။ ရေကြည်တစ်ပေါက်။ ရေခန်းလျှင် ရေတွင်းတူးပါ။ ရွှေကိုမလို၊ ငွေကိုမလို၊ ရေကိုသာလိုသည်' ဟူ၍ ကြွေးကြော်ကြသည်။

ငွေကို အရှာရခက်သကဲ့သို့ ရေကိုလဲ ရှားပါးသောဒေသတွင် အရှာရခက်သည်။

ငွေကိုစုဆောင်းတတ်မှ ချမ်းသာသကဲ့သို့ ရေကို လည်း ချွေတာစုဆောင်းနိုင်မှ ဘဝဖူလုံ အဆင်ပြေနိုင်သည်။

ငွေကို ချွေတာသုံးစွဲတတ်သကဲ့သို့ ရေကို လည်း ချွေတာဖို့လိုသည်။

ငွေကို စနစ်တကျသုံးစွဲဖန်တီးနိုင်စွမ်းမှ ဘဝအဆင်ပြေ အနေလှသကဲ့သို့ ရေကို လည်း စနစ်တကျ သုံးတတ်ဖို့လိုလာသည်။

ရေသည် သက်ရှိလူသားနှင့် သတ္တဝါတို့အသက်ရှင်ရေးအတွက် အခြေခံအကျဆုံး သဘာဝ အရင်းအမြစ်ဖြစ်သည်။ လူသားနှင့် သတ္တဝါများအသက်ရှင်မှုက ရေ၏အစွမ်းကြောင့်သာဖြစ်သည်။

သန့်ရှင်းသောရေတွင် ဗက်တီးရီးယား၊ ပိုင်းရင်၊ ပိုးသတ်ဆေး၊ ရောဂါပိုး၊ အနုဇီဝ၊ နိုက်ထရိတ်၊ အဆိပ်သင့်သတ္တု၊ ဓာတုပစ္စည်း၊ ညစ်ညမ်းပစ္စည်းများလုံးဝမပါကြောင်း သိပ္ပံပညာရှင်များက အကြွင်းမဲ့ယုံကြည်ထားကြသည်။ အနာဂတ်သေချာအောင် ရေစုပါ။ ရေသန့်ရှိနေခြင်းသည် ကျန်းမာချမ်းသာပြီး ဘဝလှသည်။

လူသားတစ်ဦး တစ်နေ့ရေလိုအပ်ချက်က ၂၈၀၀ စီစီဖြစ်ပြီး တိုက်ရိုက်လိုအပ်သောရေပမာဏ ၁၅၀၀ စီစီဖြစ်သည်။ နေ့စဉ်လူတစ်ဦးစီ၏ ရေပမာဏအသုံးပြုသည့်ရေ ၂၈၀၀ စီစီဖြင့်တွက်လျှင် လူဦးရေသန်း ၇၄၀၀ အတွက် ရေချိုပမာဏ စီစီ နှစ်ကုဋေဖြစ်နိုင်သည်။

ရေချိုဘဝမှ ရေဝန်ဘဝသို့ပြောင်းလဲစေနိုင်သော ဒြပ်စင်သတ္တု ၁၀ မျိုးတွင် ကလိုရင်း၊ ဆိုဒီယမ်၊ မဂ္ဂနီစီယမ်၊ ဆာလ်ဖိတ်၊ ကယ်လ်စီယမ်၊ ပိုတက်စီယမ်၊ ဗရိုမင်း၊ စထရောင်တီယံ၊ ကာဗွန်၊ ဗိုရွန်တို့ပါဝင်ကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့တို့၏လေ့လာချက်အရ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နာမကျန်းရောဂါစွဲကပ်ခြင်း၏ ငါးပုံလေးပုံနှင့် သေဆုံးသူ၏ ၃၀ ရာခိုင်နှုန်းက ရေမသန့်ရှင်းမှုကြောင့်ဖြစ်ကြောင်း သုတေသနပြုခဲ့သည်။

လူသားဝန်းကျင်တွင် စိုက်ပျိုးရေးကဏ္ဍတွင် ဂျုံတစ်ကီလိုဂရမ် (၂ ဒသမ ၂ ပေါင်) ထွက်ရန် ရေလီတာတစ်ထောင်လိုအပ်သည်။ အသားထုတ်လုပ်ရန် နွားတစ်ကောင်မွေးရာတွင် ရေလီတာ ၁၅၀၀၀ လိုအပ်သည်။ အာရှနှင့် အာဖရိကတွင် ဟင်းသီးဟင်းရွက်စားသုံးမှုအတွက် တစ်နေ့ ရေလီတာနှစ်ထောင်၊ ဥရောပနှင့် အမေရိကန်တွင် အသားစားသုံးရန် တစ်နေ့ရေလီတာ ငါးထောင်ကုန်သည်။

ယူနီဆက် (UNICEF) အဆိုအရ ဖွံ့ဖြိုးဆဲနိုင်ငံတွင် အမျိုးသမီးတစ်ဦး ရေ ၂၀ လီတာရရန် ၃ ဒသမ ၇ မိုင်ခရီးသွားရသည်။ အာဖရိကတွင် ၆ ဒသမ ၂ မိုင်သွားရသည် ဟူ၍ ညွှန်းဆိုသည်။

ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (United Nations Environment Programme - UNEP) ၏ ဆန်းစစ်သုံးသပ်ချက်အရ 'ကမ္ဘာ့လူဦးရေ၏ သန်းတစ်ထောင်ကျော်သည် သောက်သုံးရေမရရှိမှု၊ သန်း ၃၄၀၀ ခန့်အား ရေချိုရရှိရေး မြေမ်းခြောက်ခံနေရမှုတို့ကို ရင်ဆိုင်နေရကြောင်း' ညွှန်းဆိုသည်။

ကမ္ဘာ့လူဦးရေ၏ထက်ဝက်သည် နှစ်စဉ်ရေအခက်အခဲကြုံတွေ့နေကြရာ အသုံးပြုလိုက်သောရေချိုကို ပြန်လည်ဖြည့်ဆည်းပေးရန် ပင်လယ်သမုဒ္ဒရာရေမျက်နှာပြင်ကို အားကိုးရပေမည်။ ပင်လယ်သမုဒ္ဒရာ ရေ ငွေ့ပြန်ခြင်းမှ ၈၀ ရာခိုင်နှုန်းက ပင်လယ်သမုဒ္ဒရာပေါ်သို့ ပြန်လည်မိုးရွာချပြီး ၂၀ ရာခိုင်နှုန်းက မြေပြင်သို့ရွာချသည်။ မြေကြီးအောက် ရေကို ပြန်လည်ဖြည့်စွမ်းပေးသည်။ လူသားလိုအပ်ချက်အရ မြေအောက်ရေကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ထုတ်သုံးပါက မြေအောက်ရေလွှာနိမ့်ဆင်းသွားနိုင်ပါသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် နိုင်ငံတကာတွင် ရေချိုရှားပါးပြတ်လပ်မှု အနည်းဆုံး တစ်လ၊ အများဆုံး ခြောက်လ (နှစ်ဝက်)ရင်ဆိုင်ကြုံတွေ့ရမည့် ဒေသနိုင်ငံစာရင်းတွင် အမိမြန်မာပြည်ပါဝင်နေသည်။ ၂၀၁၆ ခုနှစ် အယ်နီညို (El Nino) က နိုင်ငံအသက်သွေးကြော မြစ်မင်းဧရောကို ရေထုလျော့သွားနိုင်ပါသည်။ ထို့ကြောင့် သဘာဝကို အကောင်းဆုံး၊ အမှန်ကန်ဆုံး တုန့်ပြန်နိုင်ရန် သဘာဝစိန်ခေါ်မှုကို ကျော်လွှားနိုင်ရန် လူသားတိုင်းက ရေကို ချွေတာသုံးရမည်။ မလိုအပ်ဘဲ ရေပိုက်မှရေသုံးမှုကို ရှောင်ရမည်။ အပင်များကိုအသုံးချလျက် ဂေဟစနစ် ကျင့်သုံးရမည်။ သဘာဝပတ်ဝန်းကျင်နှင့် ရေသံသရာ၊ ဇလဗေဒသံသရာကို အသုံးပြုနိုင်ရမည်။

လူသားဘဝရှင်သန်ရပ်တည်ရေး၊ စဉ်ဆက်မပြတ် ရေအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ရေအရင်းအမြစ်များ ရေရှည်တည်တံ့ရေး၊ ရေနှင့် ဆက်နွယ်သော အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေး၊ တစ်နိုင်တစ်ပိုင် သူ့တာကိုယ့်တာ ပူးပေါင်းဆောင်ရွက်ရေး၊ ရေသယံဇာတနှင့် ဂေဟစနစ်ထိန်းသိမ်းရေးတို့ကို လူသားတစ်ဦးချင်းစီ၏ အနိမ့်ဆုံးဝန်တာအဖြစ် တာဝန်ကျေပွန်သင့်ပါသည်။

ရေပြဿနာစိန်ခေါ်နေမှုကို လူသားစွမ်းအင်ဖြင့်သာ ရင်ဆိုင်ဖြေရှင်းကြပါစို့။

ရေ . . . ရေ . . . ရေ . . . ။

ကမ္ဘာ့လူသားတိုင်းအတွက် လိုအပ်သော ရေ။

ကျမ်းကိုး -

(၁) ရေခြေရာ၊ အငြိမ်းစား သစ်တောတက္ကသိုလ်ပါမောက္ခချုပ် ဦးဝင်းကြည်
(၂) ရေအရင်းအမြစ်ဆိုင်ရာ ပညာရှင်များနှင့် တွေ့ဆုံခြင်း၊ လင်းမြတ်၊ မော်ကွန်းမဂ္ဂဇင်း၊ ၂၀၁၆ ဖေဖော်ဝါရီလ
(၃) ရေပေါသလောက် ရေတက်နေတဲ့တိုင်းပြည်၊ လင်းမြတ်၊ မော်ကွန်းကမဂ္ဂဇင်း၊ ၂၀၁၆ မတ်လ
(၄) ရေကြည်တစ်ပေါက် (ကျော်ဦး)
(၅) မြန်မာစွယ်စုံကျမ်းများ (စာပေဗိမာန်)
(၆) သုတစွယ်စုံမဂ္ဂဇင်းများ (ပြည်မြန်မာစာပေတိုက်)
(၇) အာရောဂျံမဂ္ဂဇင်းများ (စိတ်ကူးချိုချိုစာပေ)

စာမျက်နှာ ၁၆ မှ

ကျေးလက်ဆည်ကြောင့် ဒေသခံများ အလုပ်အကိုင်များ များပြားလာ

ဝန်းသိုး ဧပြီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုးမြို့နယ် လက်ပန်ကြီးတောရ ရေလွှဆည်(နန်းလိုင်)သည် ကောလင်း၊ ဝန်းသိုးမြို့နယ်များရှိ ကျေးရွာများသို့ နွေ၊ မိုး၊ ဆောင်းသုံးရာသီ သောက်ရေသုံးရေရှိရေးအတွက် နန်းလိုင်ရေလွှဆည်ကိုပိတ်၍ မြို့တွင်းသို့ ရေပေးသွင်းမှုများ ပြုလုပ်ခဲ့ကြသည်။

၁၉၅၅ ခုနှစ်မှစတင်၍ လက်ပန်ကြီးတောရအုပ်စုရှိ ကျေးလက်ဒေသခံပြည်သူများအား စိုက်ပျိုးရေရရှိရေးအတွက် ချောင်းကို ကျောက်တုံးကြီးများ၊ သစ်လုံးများဖြင့် ကာရန်ပြီး လက်လုပ်ဆည်ပြုလုပ်ခဲ့ရာ ခိုင်ခံ့မှုမရှိသဖြင့် ဆည်မြောင်းဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နန်းလိုင်ချောင်းကို ပိတ်၍ အလျား ပေ ၁၅၀၊ အနံ ၆၈ ပေ၊ အမြင့် ၇ ပေရှိ ကျောက်စီရေလွှဆည်ကိုလည်းကောင်း၊ အကျယ် ၆ ပေ၊ အမြင့် ၉ ပေ ရေထိန်းတမံကို လည်းကောင်း ငွေကျပ် ၁၁၀၅ သိန်း အကုန်အကျခံ၍ တည်ဆောက်ခဲ့သည်။

ယခုအခါ နန်းလိုင်ဆည် ရေပေးဝေမှုစနစ်အောင်မြင်၍ အယ်နီညို (El Nino) အပူလှိုင်းဒဏ်အတွက် ကောလင်း၊ ဝန်းသိုးမြို့နယ်တို့မှ ဒေသခံပြည်သူများ ရေပူပင်ရမှုမရှိဘဲ စိုက်ရေး၊ ပျိုးရေး၊ ဥယျာဉ်ခြံနှင့် သောက်ရေသုံးရေရရှိရာ လယ်ယာမြေကေ ၇၈၀ အတွက် ရေဖူလုံသွားသဖြင့် ဒေသခံတောင်သူ နှစ်ထောင်ကျော်မှာ အလုပ်အကိုင်အခွင့်အလမ်းများ များပြားပြီး ဝင်ငွေရရှိနေကြောင်း သိရသည်။

ကိုကိုညီမ်း(ကောလင်း)

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ဘိန်းအစားထိုးသီးနှံစိုက်ပျိုး

တောင်ကြီး ဧပြီ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အရှေ့မြို့ပတ်လမ်း အမှတ်(၃၉) ရေအေးကွင်းရပ်ကွက်ရှိ ရှမ်းပြည်နယ်အတွင်း ရေရှည်တည်တံ့ခိုင်မြဲသော အစားထိုး ဖွံ့ဖြိုးရေးစီမံကိန်းများရုံး (United Nations Office on Drugs and Crime - UNODC)တောင်ကြီးက ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နှင့် လွိုင်လင်မြို့တို့တွင် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးနိုင်ရန် လုပ်ငန်းစီမံကိန်းကို ကြိုတင်ဆောင်ရွက်ထားကြောင်း UNODC (တောင်ကြီး) စီမံကိန်းရုံးမှသိရသည်။

၂၀၁၅ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးသော ဟိုပုံးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု သုံးအုပ်စု၊ ကျေးရွာ ၁၂ ရွာတွင် ဘိန်းအစားထိုးသီးနှံ ကော်ဖီစိုက်တောင်သူ ၂၇၅ ဦး၊ လွိုင်လင်ခရိုင် လွယ်လင်မြို့နယ် ပင်လုံအရှေ့ လွယ်မိုင်းတောင်ကျေးရွာအုပ်စု ကိုးအုပ်စု၊ ကျေးရွာ ၃၈ ရွာတွင် ကော်ဖီစိုက်တောင်သူ ၄၈၇ ဦး၊ ရွာင်မြို့နယ် မြိုင်ကျေးရွာအုပ်စု ကော်ဖီစိုက်တောင်သူတို့အတွက် အော်ဂဲနစ်စနစ်ဖြင့် ၄၈ ဦး ကော်ဖီစိုက်ပျိုးလျက်ရှိကြသည်။

ကော်ဖီစိုက်ပျိုးရေးကို ကမ္ဘာ့ဈေးကွက်စီးပွားရေးသို့ ထိုးဖောက်တင်ပို့နိုင်ရေးအတွက် Green Gold ကော်ဖီ အသင်းစုအဖွဲ့ကိုဖွဲ့စည်းပြီး ၂၀၁၇-၂၀၁၈ ခုနှစ်ထိ ပံ့ပိုးကူညီသွားမည်ဖြစ်ရာ တောင်သူဦးရေ တစ်ထောင်၊ စိုက်ကေ ၂၅၀၀ ပြည့်မီအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေလင်းပြည့်စုံ

အာဂတီဘီနှင့်မဟာလူသား

à ပါမောက္ခဦးဝင်းနိုင်

ဆရာဝန်ကျွန်တော်အတွက် အလုပ်ပိတ်ရက်ရယ်လို့ သတ်သတ်မှတ်မှတ် မရှိလှပါဘူး။ လူနာပါးချိန်မှာ နားရတာမျိုးပါ။ ဒီအချိန်လေးမှာပဲ လူမှုရေးလေးတွေလုပ်နိုင်ပါတယ်။ တနင်္ဂနွေတစ်ရက်မနက်ပိုင်း အိမ်မှာရှိတုန်း တူမလေးကဲကဲတို့ အလည်ရောက်လာပါတယ်။ မတွေ့ရတာကြာပြီလေ။ သူကလည်းကျောင်းသားလေးပဲကိုး။ ပိုဆိုးတာက တက္ကသိုလ်ဝင်တန်းဖြေနေရတော့ အပြင်မထွက်နိုင်၊ စာပဲကြိုးစားနေရလို့တဲ့။ ခုတော့သူ့အမေဖြစ်သူ ကျွန်တော့်အစ်မ သဲသဲနဲ့ သူမရောက်တာကြာလို့တစ်ကြောင်း၊ အငြင်းပွားစရာကတစ်ကြောင်းကြောင့် ကျွန်တော့် အိမ်လာလည်ဖြစ်တာတဲ့။ ငြင်းခုံကြတဲ့အကြောင်းကလည်း ကျွန်တော် အဆုတ်ဆရာဝန်နဲ့ ပတ်သက်နေတယ်လေ။ တီဘီအကြောင်းတဲ့။ ဖြစ်ပုံက ဒီလိုပါ။ ကဲကဲကစာမေးပွဲအောင်ပြီးလို့အခွင့်သာရင် ဆေးကျောင်းတက်ချင်တယ်တဲ့။ ကျွန်တော်က ဆရာဝန်ဆိုတော့ မျိုးဆက်သစ်တွေကို ကြိုဆိုရမှာပေါ့။ ပြဿနာက ကျွန်တော့်အစ်မ သူ့အမေသဲသဲ။ တူမလေးက တီဘီဖြစ်ခဲ့ဖူးလို့ ခြောက်လလောက်သောက်ခဲ့ရဖူးတယ်လေ။ တီဘီထပ်ဖြစ်ရင် ဘယ်လိုလုပ်မလဲပေါ့။ ဆရာဝန်မဖြစ်ခင် လူနာထပ်ဖြစ်နေမှာ စိုးတာပေါ့လေ။ ဟုတ်တော့ ဟုတ်ပါတယ်။ မိဘတွေက သားသမီးတွေကို ခလုတ်မထိဆူးမပြိစေချင်တာ သဘာဝကျပါတယ်။ ဆေးကျောင်းတက်ရင်၊ ဆရာဝန်ဖြစ်ပြီးရင် တီဘီလူနာကို ရှောင်လို့ရမှာမှ မဟုတ်တာ။ ဒီလိုတီဘီလူနာနဲ့ထိတွေ့ရင်း တီဘီရောဂါကူးစက်နိုင်တာကို အဆုတ်တီဘီဖြစ်တုန်းက သိထားကြတာကိုး။ ဒီတော့ ကျွန်တော့်ကိုဗဟိုပြုပြီး မေးရင်းမြန်းရင်းပေါ့။

သမီးကဲကဲ။ ။ မေမေ့ကို ပြောပေးပါဦး ဦးဦးရယ်။ တီဘီက ပြန်ဖြစ်ချင်မှ ပြန်ဖြစ်မှာပါ။ မဟုတ်ဘူးလား။ နောက်ပြီး ဦးဦးတို့က တီဘီရောဂါတွေလျော့နည်းပျောက်ကွယ်တော့မှာ မဟုတ်လား။ သမီးကဆရာဝန်လုပ်ချင်လို့ ဆေးကျောင်းတက်ချင်တာ။ တီဘီကြောက်လို့ မတက်ရဘူးဆိုတော့ အဆင်မပြေလိုက်တာ။ မေမေ့ကိုကူပြောပေးပါဦး။

မေမေသဲသဲ။ ။ တီဘီကများလာတယ်လို့ ကြားရတယ်နော်။ လျော့ဖို့၊ ပျောက်ဖို့နေနေသာသာ။ ဒီပြင်ဆေးယဉ်ပါးတီဘီတွေလည်းရှိတယ်တဲ့။ ဟုတ်တယ်မဟုတ်လား ငါ့မောင် ဆရာဝန်ကြီးရဲ့။

ကျွန်တော်ဆရာဝန်။ ။ အမေရော သမီးပါမှန်ကြပါတယ်။

သမီးကဲကဲ။ ။ နှစ်ယောက်စလုံး ဘယ်လိုမှန်သွားတာတုန်း ဦးဦးရဲ့။ ဆန့်ကျင်ဘက် ဖြစ်နေတဲ့ဟာ။

ကျွန်တော်ဆရာဝန်။ ။ဦးဦးက နှစ်ယောက်စလုံးကို အမှန်ပေးတာတကယ်ပါ။ အမေက အရှိတရားနဲ့ စဉ်းစားရင်မှန်တယ်။ သမီးက အသိတရားနဲ့ ယှဉ်ရင်မှန်တယ်လေ။ ဒါကြောင့်။

မေမေသဲသဲ။ ။မင်းလုပ်လိုက်လာမှ ပိုရှုပ်ကုန်ပြီ။ မင်းရှင်းပြပေတော့။

ကျွန်တော်ဆရာဝန်။ ။ရှင်းပါ့မယ်။ အဖြစ်က-'အာဂတီဘီနဲ့ မဟာလူသား'တို့ ဆင်ခွဲနေတဲ့ ယှဉ်ပြိုင်တိုက်ပွဲဖြစ်နေလို့ပါ။

သမီးကဲကဲ။ ။ဆေးကျောင်းတက်ဖို့ပြောရင်း ကနေတိုက်ပွဲအကြောင်းကို စိတ်ဝင်စားလာပြီ။ ပြောပါဦး ဦးဦးရဲ့။ 'အာဂတီဘီပိုး'ဆိုတာကြီး။

ကျွန်တော်ဆရာဝန်။ ။ဟုတ်ပ။ တီဘီက သာမန်မဟုတ်ဘူး။ 'အာဂတီဘီ'ကွဲ့ ကဲကဲရဲ့။

သူနဲ့ ဒို့လူသားတွေရဲ့ အငြိုးအတေးတွေက နှစ်ပေါင်းထောင်ချီကြာခဲ့ပြီ။ လွန်ခဲ့တဲ့ နှစ်(၄၀၀၀)လောက်က အီဂျစ်မိမိရုပ်ကြွင်းတွေမှာ တီဘီသဲလွန်စတွေ တွေ့တယ်။ အဲဒီအချိန်ကတည်းက ဒို့လူသားတွေကို တိုက်ခဲ့တာ၊ လူသားတွေအလဲ၊ အကွဲဖြစ်ခဲ့ကြရတယ်။

သမီးကဲကဲ။ ။တီဘီဖြစ်တာ၊ တီဘီဆေးတိုက်ခဲ့လိုက်ရောပေါ့။ အဲဒီကတည်းက ရှင်းပစ်လိုက်ရမှာနော်။ မဟုတ်ဘူးလား။

ကျွန်တော်ဆရာဝန်။ ။ရှင်းပစ်ဖို့နေနေသာသာ တီဘီပိုးကြောင့် ဆိုတာတောင် မသိခဲ့ဘူး။

'ဟစ်ပိုကရေး တီး' (Hippocrates-400BC)တောင် ဒီရောဂါဟာဖြစ်ရင် သေဖို့များတယ်ဆိုတာလောက်ပဲ သိခဲ့တာ။ 'အရစ္စ တိုတယ်' (Aristotle-354-322 BC) ကတော့ ရောဂါဖြစ်တဲ့လူနဲ့ အနီးကပ်နေရင် ဝင်သက်ထွက်သက်လေကနေ ရောဂါရနိုင်တယ်လို့ ထင်ခဲ့တယ်။ တီဘီဆိုတဲ့ရောဂါကို တောင် သတ်သတ်မှတ်မှတ် မသတ်မှတ်နိုင်ခဲ့သေးဘူးကွဲ့။

သမီးကဲကဲ။ ။ ဒါဆို တီဘီဆိုတဲ့အခေါ် အဝေါ်က ဘယ်လိုဖြစ်လာတာလဲ။

ကျွန်တော်ဆရာဝန်။ ။ တီဘီရောဂါဖြစ်တဲ့ ကလီဇာတွေမှာ Tubercle လို့ခေါ်တဲ့ အစိအဖုသေးသေးလေးတွေ ဖြစ်တတ်တာကို သတိထားမိပြီး Tuberculosis လို့ခေါ်တာ။ Dr.J.L.Schonlein ကစပြီး မှည့်ပေးခဲ့တာ။

မေမေသဲသဲ။ ။ ဒါဆိုကူးစက်တတ်တယ် ဆိုတာကော ဘယ်တုန်းကမှ သိတာလဲ။

ကျွန်တော်ဆရာဝန်။ ။ ၁၈၈၀ခုနှစ်လောက်မှာသိပြီး။ ပြတိန်မှာတီဘီဖြစ်ရင် ကျန်းမာရေးဌာနတွေကို သတင်းပို့ရပြီး စည်းကမ်းမဲ့တံတွေးထွေးတာတွေ တားမြစ်ပြီလေ။

သမီးကဲကဲ။ ။ ချောင်းဆိုးရင် နှားခေါင်း၊ ပါးစပ်အုပ်တာကော လုပ်ခိုင်းပြီပေါ့နော်။

ကျွန်တော်ဆရာဝန်။ ။ ဟုတ်ပ။ ဟုတ်ပ။ အဲဒီအချိန်တုန်းကစပြီး ဒီလိုကောင်းတဲ့အမူအကျင့်တွေစပြီလေ။ ဒါတောင်တကယ်ဖြစ်စေတဲ့ပိုးကို မတွေ့သေးဘူး။ နော်။

မေမေသဲသဲ။ ။ ဒါဆို ပိုးကိုတွေ့တာ ဘယ်တော့မှလဲ။

ကျွန်တော်ဆရာဝန်။ ။ ၁၈၈၂ခုနှစ်မှာ ဂျာမနီနိုင်ငံသား Dr.Robert Koch ကစတွေ့တာ။

၁၈၈၂ ခုနှစ် မတ်လ ၂၄ ရက်မှ ကြေညာတယ်။ ဒီတွေ့ရှိမှုကြောင့် ၁၉၉၁မှာ နိုဘယ်လ်ဆုရတယ်လေ။

မေမေသဲသဲ။ ။ ဒါကြောင့် မတ်လ ၂၄ရက် ရောက်တိုင်း ကမ္ဘာ့တီဘီနေ့ရယ်လို့ ကျင်းပတာကိုးနော်။

ကျွန်တော်ဆရာဝန်။ ။ ဟုတ်တယ်မမ။ သူက ၁၈၉၀ ခုနှစ်မှာ တီဘီပိုးကနေ Tuberculo Protein ဆိုတာကို ခွဲထုတ်နိုင်ခဲ့သေးတယ်။ နောက်ပိုင်းမှာ Tuberculin test/T testလို့ခေါ်တဲ့ တီဘီပိုး ခန္ဓာကိုယ်ထဲမှာ ရှိ၊ မရှိစမ်းတဲ့ ဓာတ်ပစ္စည်းပေါ့။

သမီးကဲကဲ ။ ။ ဒါကြောင့် ဦးဦးပြောတဲ့တိုက်ပွဲမှာ မဟာလူသားက ပါနေတာကိုး။ တီဘီပိုးကို အခွံ့ခွာတော့မှာပေါ့နော်။

ကျွန်တော်ဆရာဝန် ။ ။ အဲဒီလောက် မလွယ်လှဘူးလေ။ တီဘီပိုးက ကိုယ်ထဲဝင်လာပြီးရင် အောင်းနေတာ။ ရောဂါ လက္ခဏာပြရင်တောင် တီဘီဟုတ်ရဲ့လားဆိုတာ ခွဲရခက်သေးတာ။

မေမေသဲသဲ ။ ။ ဓာတ်မှန်ရိုက်တာတို့၊ သလိပ်စစ်တာတို့ လုပ်မှာပေါ့။ မဟုတ်ဘူးလား။

ကျွန်တော်ဆရာဝန် ။ ။ ဟုတ်ပါတယ် မမ။ ဓာတ်မှန်အတွက် X-ray ကို ၁၈၉၅ ခုနှစ်ကျမှ Wilhelm Rontgen က စတွေ့တာလေ။ နောက်ပိုင်းကျပါမှ ရင်ဘတ်ဓာတ်မှန် (Chest X-ray)ရိုက်ကြည့်လို့ရတာ။

သမီးကဲကဲ ။ ။ ဒါဆို တီဘီပိုးဘယ်ပြေးတော့မလဲ။ ရောဂါပိုးကို ရှာတွေ့ပြီ သူ့ကြောင့် ရောဂါဖြစ်တာကိုလည်း ဓာတ်မှန်နဲ့သိနိုင်နေပြီပဲ။

ကျွန်တော်ဆရာဝန် ။ ။ ရောဂါတစ်ခုကုဖို့ ဒီလောက်မလွယ်ဘူးလေ။ ပိုးက ကိုယ်ထဲကို အသက်ရှူလမ်းကြောင်းက ဝင်တာ။ ကိုယ်ထဲမှာ ရောဂါပျံ့တာ၊ လူ့ခန္ဓာကိုယ်ကတုံ့ပြန်မှုလုပ်တာ စတာတွေကို လေ့လာခဲ့ရသေးတာ။ နောက်ပြီး ပိုးကိုသတ်နိုင်မယ့်ဆေး ရှာရသေးတာလေ။

မေမေသဲသဲ ။ ။ တီဘီဆေးတွေမပေါ်ခင်က တီဘီကို ဘယ်လိုကုခဲ့ကြလဲကွဲ့။

ကျွန်တော်ဆရာဝန် ။ ။ ကုပုံကုနည်း မှားခဲ့တာတွေ ရှိတယ်။ ၁၈၄၀ လောက်တုန်းက အမေရိကန်မှာရှိတဲ့ Mammoth Cave ခေါ်တဲ့ ဂူအကြီးကြီးထဲကို လူနာတွေ ရွှေ့စေပြီး ထားခဲ့ဖူးတယ်။ အပူချိန်နဲ့ ဂူအနေအထားအရ ကောင်းမယ်ထင်လို့တဲ့။ တစ်နှစ်လောက်အတွင်း ရာနဲ့ချီတဲ့ လူနာတွေအားလုံး ဆုံးပါးကုန်တယ်။

သမီးကဲကဲ။ ။သမီးတီဘီဖြစ်တုန်းက အဆုတ်လူနာတွေဆို လေကောင်း ကောင်းရှူ။ အစာကောင်းကောင်းစားလို့ ဦးဦးပြောဖူးတယ်နော်။

ကျွန်တော်ဆရာဝန်။ ။သမီးကဲကဲက မှတ်ဉာဏ်ကောင်းပဲ။ ဟုတ်တယ်။ ၁၈၅၂ခုနှစ်လောက်မှာ Sanatorium Treatmenအဆိုပြီး ပေါ်ခဲ့ဖူး တယ်။ ပင်လယ်ကမ်းခြေမှာ လေကောင်းကောင်းရှူ။ နေကောင်းကောင်းပြပြီး အစာကောင်းကောင်းကျွေး၊ လေ့ကျင့်ခန်းလုပ်ပြီး ကုတာပေါ့ကွယ်။ အဲဒီတုန်းက ရောဂါသည်တွေအတွက် အားကိုးရာကုထုံးပေါ့။ ရောဂါသည်တွေကို သီးသန့်ခွဲထားနိုင်တော့ ကူးစက်တာလည်း နည်းသွားတာပေါ့လေ။

သမီးကဲကဲ။ ။ဒါဆို သမီးသောက်ခဲ့ရဖူးတဲ့ဆေးတွေက ဘယ်တုန်းက စပေါ်တာလဲ။ သမီးတို့က မဟာလူသားတွေပဲလေ။ ပိုးတွေ့မှတော့ နိုင်တဲ့ဆေးရှာနိုင်မှာပါ။

ကျွန်တော်ဆရာဝန်။ ။ဟုတ်ပ။ ၁၉၄၃ခုနှစ်မှာ Streptomycin၊ ၁၉၄၉ခုနှစ်မှာ PAS၊ ၁၉၅၂ခုနှစ်မှာ Isoniazid၊ ၁၉၅၄ခုနှစ်မှာ Pyrazinamide ၊ ၁၉၅၅ခုနှစ် မှာ Cycloserine၊ ၁၉၆၂ခုနှစ်မှာ THQBUTOL၊ ၁၉၆၃ ခုနှစ်မှာ Rifampicinတို့ကို ရှာတွေ့ခဲ့ကြတယ်။

သမီးကဲကဲ။ ။ ဟာ---ဒီလောက်ဆေးတွေပေါ်နေမှတော့ တီဘီပိုးကို ရှင်းနိုင်ပြီပေါ့။

မေမေသဲသဲ။ ။ ညည်းဦးလေးက ပြောထားတယ်လေ။ အာဂတီဘီတဲ့။ဒီလောက်တော့ မလွယ်လောက်ဘူးမဟုတ်လား။

ကျွန်တော်ဆရာဝန်။ ။ဟုတ်တယ်မမ။Streptomycin ထိုးဆေးပေါ်တော့ ရောဂါပျောက်အောင် ကုနိုင်တာသိတယ်။ဒါနဲ့ကုကြည့်တော့ ပြန်ဖြစ်တဲ့ လူတွေရှိတာတွေ့ရတယ်။ ဆေးတစ်မျိုးတည်းနဲ့ မနိုင်ဘူးပေါ့။

သမီးကဲကဲ။ ။ဩော်ဒါကြောင့် သမီးတီဘီဖြစ်တုန်းက ဆေး သုံး၊ လေးမျိုးပေါင်းထားတဲ့ဆေးလုံးကြီးတွေ သောက်ခဲ့ရတာကိုး။

ကျွန်တော်ဆရာဝန်။ ။အေးဟုတ်တယ်ကွဲ့၊ ဆေးကို ဘယ်ဆေးတွေပေါင်းသောက်ရမယ်။ ဘယ်လောက်ကြာကြာ သောက်ရမယ် စသည်ဖြင့် သုတေသနတွေ လုပ်ခဲ့ကြရတယ်။ နှစ်ချီကုခဲ့ရာကနေ ခြောက်လ ရှစ်လ ကုရတဲ့ ကုထုံးတွေပေါ်လာတာပေါ့။

မေမေသဲသဲ။ ။ဒါပေမဲ့ခုထိ တီဘီကိုကမ္ဘာပေါ်က ပျောက်သွားအောင်မရှင်းနိုင်သေးဘူးမဟုတ်လား။

ကျွန်တော်ဆရာဝန်။ ။ဟုတ်တယ်မမ။ ၁၉၈၀လောက်ထိ တီဘီတိုက်ဖျက်ရေးက အခြေအနေကောင်းခဲ့တယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ တီဘီပိုးတွေက တစ်ကြော့ပြန်ခေါင်းထောင်ဖို့ အကြောင်းဖန်လာတယ်။ အဲဒါက HIV/AIDS ပေါ်လာတာပဲ။ ကိုယ်ခံ အားကျတဲ့သူတွေမှာ တီဘီပိုးတွေက အလွယ်တကူဝင်တယ်။ ရောဂါဖြစ်လွယ်တယ်။ ကုတော့လည်းခက်ခဲ၊ ကြန့်ကြာတတ်တယ်။

သမီးကဲကဲ။ ။ လူနာတွေက ဆေးမှန်မှန် မသောက်ရင်လည်း ပြန်ဖြစ်တတ်တယ်မဟုတ်လား။

ကျွန်တော်ဆရာဝန်။ ။ပြန်ဖြစ်ရုံတင်မကဘူး။ ဆေးယဉ်ပါးတီဘီ(အပြင်းစားတီဘီ)တောင်ဖြစ်သွားသေးတယ်။

မေမေသဲသဲ။ ။တီဘီကလည်းများလာ၊ ဆေးယဉ်ပါးတီဘီကလည်းဖြစ်လာနဲ့တော့ဒုက္ခပါပဲ။

သမီးကဲကဲ။ ။ မဟာလူသားကတော့ လက်ပိုက်ကြည့်ပြီး အရှုံးမပေးလောက်ပါဘူးနော် ဦးဦး။

ကျွန်တော်ဆရာဝန်။ ။ မပူပါနဲ့သမီးရယ်။ မဟာလူသားပါဆိုနေမှ။ ဘယ်ငုံ့ခံပါလိမ့်မလဲ။ တီဘီရောဂါကို စောစောရှာနိုင်မယ့်နည်းတွေ ထွင်တာပေါ့။ ဒို့ပြင်ဆေးယဉ်တီဘီ ဟုတ်၊ မဟုတ် အမြန်စမ်းတဲ့စက်တွေထွင်တာပေါ့။ ဥပမာ Gene expert လို စက်တွေပေါ့။ ၂ နာရီအတွင်းအဖြေ သိတယ်လေ။ ဒီရောဂါပိုးအတွက် ဆေးတွေလည်း အရေးတကြီးလိုအပ်လာတော့ အမြန်ရှာကြပြန်တာပေါ့။

မေမေသဲသဲ။ ။ ဒါဆို ခုအခြေအနေက ဘယ်လိုရှိနေသတုန်း။

ကျွန်တော်ဆရာဝန်။ ။ ဆေးအသစ်တွေ ပေါ်လာပြီး ဆေးယဉ်တီဘီအတွက် ဆေးအသစ်တွေ တိုးလာပြီ။ အရင်က၂၀-၂၄ လ ကုခဲ့ရ၊ ကုနေရတဲ့ ကုထုံးကို ဒီထက်တိုတိုကုရအောင်၊ ဥပမာ ၉လ-၁ နှစ်နဲ့ ကုလို့ရအောင် စမ်းသပ်နေကြပြီ။ အောင်လည်းအောင်မြင်နေပါပြီ။

သမီးကဲကဲ။ ။ ဟေး. . . ဒါမှ မဟာလူသားကွ။ ဘယ်ရလိမ့်မတုန်း။

မေမေသဲသဲ။ ။ ကြွေးကြော်မနေနဲ့ဦး။ ပြန်ထပ်ဖြစ်မှ၊ ဆေးယဉ်တီဘီဖြစ်နေမှ ဒုက္ခရောက်နေဦးမယ်။

ကျွန်တော်ဆရာဝန်။ ။ ဟုတ်တယ် သမီးရဲ့။ တီဘီရောဂါက မဖြစ်အောင်ဆင်ခြင်နိုင်လေ ကောင်းလေပဲ။

သမီးကဲကဲ။ ။ ဦးဦးက သမီးကို နှာခေါင်းစည်းစည်းခိုင်းမလို့လား။

ကျွန်တော်ဆရာဝန်။ ။ လူကောင်းစည်းဖို့ထက် လူနာကစည်းရမှာ။ လူနာရယ်မှ မဟုတ်ပါဘူး။ ချောင်းဆိုး၊ နှာချေတိုင်း နှာခေါင်းနဲ့ပါးစပ်ကို လက် ကိုင်ပဝါ ဒါမှမဟုတ် နှာခေါင်းစည်းနဲ့ လုံအောင်စည်း ဆိုးရမယ်။ တံတွေကို စည်းမဲ့ကမ်းမဲ့ မထွေးရဘူး။ ပြည်သူ့နီတိတွေ ပေါ့ကွယ်။

သမီးကဲကဲ ။ ။ဒါဆို သမီးဆေး ကျောင်းတက်ချင်တဲ့ကိစ္စ ဦးဦးဘယ်လို ဆုံးဖြတ်ပေးမှာလဲ။ ပေးတက်မှာ မဟုတ်လား။

ကျွန်တော်ဆရာဝန် ။ ။တီဘီက အာဂပိုး ဆိုပေမယ့် ဦးဦးတို့ကလည်း မဟာလူသားပဲလေ၊ အနိုင်အရှုံးမကွဲပြားသေး ပေမယ့် ခုလို အင်နဲ့အားနဲ့ တိုက်ခိုက်နေမတော့ အောင်ပွဲက မဟာလူသားဘက်မှာရှိမှာ မဟုတ်လား။ သမီးအပါအဝင် ပြည်သူတစ်ရပ်လုံးက ကူလိုက်ရင် ဦးဦးတို့က အာဂတီဘီပိုးကို ရှင်းထုတ်နိုင်တဲ့ မဟာလူသားဖြစ်မှာ မလွဲပါဘူးလေ။

မေမေသဲသဲ ။ ။ ဒီလိုဆို ငါ့မောင်ဆရာဝန်ကြီးရဲ့သဘောထားက. . . ။

ကျွန်တော်ဆရာဝန် ။ ။ ကျွန်တော်တို့ မဟာလူသားမျိုးနွယ်တွေ ဆက်လက်တည်တဲ့ ရှင်သန်နိုင်ဖို့၊ အာဂတီဘီပိုးကို အနိုင်ယူမယ့် မဟာလူသားမျိုးဆက်သစ်တွေ လိုအပ်နေမှတော့ ကဲကဲကို ဆရာဝန် ဖြစ်ခွင့်ပေးရမှာပေါ့။

သမီးကဲကဲ ။ ။ ဟေး ဒါမှ တို့ဦးဦးကွ။ အာဂတီဘီကို အနိုင်ယူမယ့် မဟာလူသားဖြစ်အောင် ကြိုးစားပါ မယ်လို့ ကတိပေးပါတယ် ဦးဦး။

(တီဘီရောဂါရှင်များကို စာနာစိတ်ထားရင်း တီဘီရောဂါတိုက်ဖျက်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသော ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများအားလုံးကို လေးစားဂုဏ်ပြုလျက် ရေးသားအပ်ပါသည်။)



တီဘီက အာဂပိုးဆိုပေမယ့် ဦးဦးတို့ကလည်း မဟာလူသားပဲလေ၊ အနိုင်အရှုံးမကွဲပြားသေးပေမယ့် . . .

သက္ကရာဇ်–သာသနာနှစ်–ခရစ်နှစ်တို့၏ဆက်စပ်ပတ်သက်သောမှတ်ချက်များ

à ဦးတင်စိန် (အင်/ယာမှူး၊မီးရထား–ငြိမ်း)

"သမန္တစက္ခုဒီပနီကျမ်း ဒုတိယတွဲ၌ မုံရွေးဇေတဝန်ဆရာတော်ကြီးက ကာလဒေသအလျောက် သင်္ကေတပညတ်မှတ် သားရေးသားရုံမျှသာ အကျိုးရှိသည်။ ထိုအရေးအသားအမှတ်အကွရာ တိမ်းသည်ဟူ၍ သံသရာရေးလျှောပါးနွမ်းနယ် ကောင်းသောအရာ မဟုတ်၍တစ်ကြောင်း၊ ဤသို့သော အရေးကို အတပ်မှန်သိရသဖြင့် 'ဝဋ်' အပေါင်းမှ ထွက်မြောက်နိုင်အောင် အကျိုးဆောင်သော ပညာသမ္မာဒိဋ္ဌိဉာဏ်၏ အာရုံမဟုတ်သည်လည်းတစ်ကြောင်းဖြစ်၍ ငါတို့အလိုကား လျော်ရာလျော်ရာတော်သင့်ကြလေသည်ချည်းပင်ဖြစ်တော့သည်။ ထို့ကြောင့် သက္ကရာဇ်ဟူသောအခေါ်အဝေါ်အရ အသုံးအနှုန်းတို့သည် သင်္ဃနာတင်ကျမ်းဂန်တို့၌ မပါရှိခဲ့ကုန်ချေ။ လောကအကြောင်းဆိုင်ရာ ဗေဒင်ကျမ်း၊ ရာဇဝင်ကျမ်းတို့၏ အဆိုအလိုအားဖြင့်သာ သိရှိခဲ့ကုန်၏။ အကျဉ်းချုပ်အားဖြင့်ဆိုရသော် ဘိုးတော်အဠ္ဌနမင်းမှ လာသက္ကရာဇ်(၁၄၈)အရောက်တွင် ဘုရားပရိနိဗ္ဗာန်စံတော်မူ၏။ "ဟူ၍ ၂-၁-၂၀၁၆ရက်ထုတ် ကြေးမုံသတင်းစာတွင် ပါရှိသော အဆိုကျော် ဦးထွန်းရွှေ၏ 'သက္ကရာဇ်အကြောင်းသိကောင်းစရာ' ဆောင်းပါးမှ ဖတ်ရှုသိရှိရပါသည်။

မုံရွေးဇေတဝန်ဆရာတော်ကြီးမိန့်ဆိုသကဲ့သို့ သက္ကရာဇ်အမှတ်အသားဟူသည် သံသရာရေးလျှောပါးအောင် 'ဝဋ်' အပေါင်းမှ ထွက်မြောက်နိုင်အောင်အကျိုးမဆောင်နိုင်ပါ။ ပညာသမ္မာဒိဋ္ဌိဉာဏ်ကသာလျှင် သံသရာရေးပါအောင် 'ဝဋ်' အပေါင်းမှ ထွက်မြောက်နိုင်အောင် အကျိုးဆောင်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်၏ ဒေသနာတော်များကို မှတ်တမ်းတင်ထားရှိကုန်သော သင်္ဃနာတင်ကျမ်းတို့၌ မပါရှိခြင်းဖြစ်ပါသည်။

သက္ကရာဇ်အမှတ်အသားများနှင့်ပတ်သက်၍ ဗေဒင်ကျမ်းတို့အနေနှင့် မည်သို့သဘောထားသည်ကို မသိရှိပါ။ ရာဇဝင်ကျမ်းတို့၏ ဖွင့်ဆိုချက်များ၌မူ သက္ကရာဇ်နှင့်ပတ်သက်၍ အမျိုးမျိုးကွဲလွဲလျက်ရှိနေခြင်းကြောင့် သက္ကရာဇ်နှင့် ဆက်စပ်လျက်ရှိသည့် သာသနာနှစ်၊ ခရစ်နှစ်တို့မှာလည်း ဗုဒ္ဓဝင်ကျမ်းဂန်များ၌ အမျိုးမျိုးကွဲလွဲလျက်ရှိနေပါသည်။ ယခုကဲ့သို့သော ပညာခေတ်ကြီးတွင် ထိုသို့သောကွဲလွဲမှုများမှာ လုံးဝမရှိသင့်တော့ဟု ထင်မြင်မိပါသည်။ သုတေသီပညာရှင်များအနေနှင့် အဘက်ဘက်မှ သုတေသနပြု၍ အမှန်ဖြစ်အောင်ပြင်ဆင်သင့်ပါသည်။

ဦးစိန်ထွန်း (မာမကသုတေသီ)၏ 'ကမ္ဘာပတ်၍ ဘုရားရှာခြင်း' စာအုပ်၊ စာမျက်နှာ(၁၈၂)၌ "အသောကနန်းတက်သောခရစ်နှစ်ကို အိန္ဒိယရာဇဝင်များအရ ဘီစီ ၂၇၃ ဟုဆိုထားခြင်းကြောင့် အသောကနန်းတက်သော သာသနာနှစ် ၂၁၄ နှင့်ပေါင်းပါက ဗုဒ္ဓပရိနိဗ္ဗာန်ပြုသောနှစ်မှာ ခရစ်နှစ်အားဖြင့် ဘီစီ ၄၈၇ ဖြစ်သည်" ဟု ဖော်ပြရေးသားထားပါသည်။

ဆရာပါရဂူ၏ 'ရာဇာနှင့်သာသနာ' စာအုပ်၊ စာမျက်နှာ ၈ ၌ "အသောကရာဇာသည် ၂၇၃ ဘီစီတွင် ထီးနန်းကို သိမ်းပိုက်ပြီး ဘီစီ ၂၆၉ တွင် ရာဇဘိသေက ခံယူသည်" ဟု ဆိုထားခြင်းကြောင့် ဆရာပါရဂူအဆိုနှင့် ဦးစိန်ထွန်း (မာမကသုတေသီ)၏ အဆိုကိုကညီနေပါသည်။

ဆရာညိုသောင်း၏ 'ဘာသာကြီးလေးခု အနှစ်သာရများ' စာအုပ်၊ စာမျက်နှာ ၁၇၆၌ ဗုဒ္ဓဖွားမြင်သောနှစ်မှာ ခရစ်နှစ်အားဖြင့် ဘီစီ ၅၆၇ ဟုဆိုထားရာ ဗုဒ္ဓပရိနိဗ္ဗာန်ပြုသောနှစ်မှာ ၅၆၇-၈၀-၄၈၇ ဘီစီဖြစ်နေပါသည်။ ဦးစိန်ထွန်း (မာမကသုတေသီ)၊ ဆရာပါရဂူ တို့၏ အဆိုနှင့်ကိုက်ညီနေပါသည်။

ဆရာကြီးဦးရွှေအောင်၏ 'ချမ်းသာကိုရှာဖွေခြင်း' စာအုပ်၊ စာမျက်နှာ ၁၃၆၌မူ ဗုဒ္ဓဖွားမြင်သောခရစ်နှစ်ကို ဘီစီ ၅၆၇ ဟုဆိုထားရာ ဗုဒ္ဓပရိနိဗ္ဗာန်ပြုသောနှစ်မှာ ၅၆၇-၈၀=၄၈၇ ဘီစီဖြစ်နေပါသည်။ ဆရာကြီးဦးရွှေအောင်၏ အဆိုအရဗုဒ္ဓပရိနိဗ္ဗာန်ပြုသောနှစ် (၄)နှစ်ကွာခြားနေရခြင်းမှာ အသောက ထီးနန်းရရှိသောနှစ်နှင့် ရာဇဘိသေကခံယူသောနှစ်တို့အား အကောက်အယူလွဲမှားခြင်းတို့ကြောင့်ဟု ဆိုစရာရှိပါသည်။

ဦးကုလား၏ရာဇဝင်ကြီးနှင့်ဒီပဝံသ မဟာဝံသကျမ်းတို့တွင်မူ ဗုဒ္ဓပရိနိဗ္ဗာန်ပြုသောနှစ်ကို ဘီစီ-၅၄၄ဟု ဖော်ပြထားရာ နှစ်အားဖြင့် မျှားစွာမှကွာခြားနေပါသည်။

သက္ကရာဇ်၊ သာသနာနှစ်၊ ခရစ်နှစ်တို့၏ ဆက်စပ်မှုများကို ဆရာနန္ဒာသိန်းဇံ၏ ထေရဝါဒနှင့် ပတ်သက်သောမှတ်ချက်များ" စာအုပ် "ဗုဒ္ဓပွင့်တော်မူရာကာလ" အခန်းတွင် အောက်ပါအတိုင်း အသေးစိတ် ဖော်ပြရေးသားထားပါသည်။

"ဦးကုလား၏"မဟာရာဇဝင်ကြီးအရ စန္ဒဂုတ်ထီးနန်းရရှိသော သာသနာနှစ် ၁၆၂သည် သီရိလင်္ကာနိုင်ငံ၌ ခရစ်နှစ် ၃၅ (သာသနာ၈၉၄)ခန့်ကရေးသားခဲ့သော ဒီပဝံသကျမ်းနှင့်ခရစ်နှစ် ၄၅(သာသနာ၉၉၄)ခန့်ကရေးသားခဲ့သော မဟာဝံသကျမ်းတို့မှ ကိုးကားလျက်ရရှိခြင်းဖြစ်သည်။ ထိုသို့ကိုးကားရရှိခြင်းမှာ ခိုင်လုံသည်ဟုမဆိုနိုင်ပေ။ အိန္ဒိယ၌ရှေးခေတ်အခါက ခေတ်ပြိုင် မှတ်တမ်းများရေးသားထားလေ့မရှိခြင်းကြောင့် ဗုဒ္ဓပရိနိဗ္ဗာန်ပြုရာကာလ။ ဗုဒ္ဓပွင့်တော်မူရာကာလ။ ဗုဒ္ဓဖွားတော်မူရာကာလတို့ကို သိရှိနိုင်ရန် ထိုခေတ်ကမှတ်တမ်းရေးလေ့ရှိသည့် ဂရိမှတ်တမ်းများကို အားကိုးအားထားပြုရသည်။ ဂရိဘုရင်အလက်ဇန္ဒားသည် အိန္ဒိယသို့ဝင်ရောက်သိမ်းပိုက်ပြီး ဘီစီ-၃၂၃တွင်ကွယ်လွန်ခဲ့သည်။ ထိုနောက်အိန္ဒိယနိုင်ငံကြီး အစိပ်စိပ်အမွှာမွှာပြိုကွဲရာထိုအချိန်၌ မောရိယမင်းဆက်ဖြစ်သည့် စန္ဒဂုတ်ဘုရင်ကြီးအိန္ဒိယ၌ ပေါ်ထွန်းခဲ့သည်။ စန္ဒဂုတ်သည် အစိပ်စိပ်မြွှာမြွှာပြိုကွဲနေသော အိန္ဒိယကိုနှစ်နှစ်ခန့်အချိန်ယူပြီးစည်းရုံးခဲ့ရသည်ဟု ယူဆပါက စန္ဒဂုတ်ထီးနန်းရရှိသည့် ခရစ်နှစ်မှာ ဘီစီ-၃၂၁ဟူ၍ ကျိုးကြောင်းဆက်စပ်လျက်မှတ်ယူနိုင်သည်။ ထို့ကြောင့် ပါသည်။

ရှေးဦးစွာသံသယရှိကြသည်။ ဒုတိယအနေဖြင့် ဂရိမှတ်တမ်းများအရ စန္ဒဂုတ်ထီးနန်းရရှိသော ခရစ်နှစ်မှာလည်းမှန်းဆဆက်စပ်တွက်ချက်ယူခြင်းသာဖြစ်သည်။ တတိယအနေဖြင့် စန္ဒဂုတ်နှင့်ဗိန္ဒုသာရတို့၏ မင်းစည်းစိမ်(နန်းစံကာလ)များကိုလည်း ဝံသကျမ်းများလာအတိုင်းအမှန်ဟု ယူဆလက်ခံထားရခြင်း ပင်ဖြစ်သည်။"

ဒုတိယအနေဖြင့် ပညာရှိများသံသယရှိခဲ့ကြသော စန္ဒဂုတ်ထီးနန်းရရှိသောခရစ်နှစ်ကို မောင်မင်းနိုင် (ဝါးခယ်မ)၏ "ကမ္ဘာ့ဩဇာ အကြီးမားဆုံးပုဂ္ဂိုလ် ၁၀၀"စာအုပ်တွင် ကျွန်တော့အနေဖြင့် ရှာဖွေဖတ်ရှုရာ "အလက်ဇန္ဒားသည် ဂရိတ် အခန်းစာမျက်နှာ-၁၆၀၊ ၁၆၁၌ အောက်ပါအတိုင်းတွေ့ရှိရပါသည်။

"ပါးရှားဘုရင် ဒေးရီးယပ်စ်နှင် သူ့ကိုဆက်ခံသူတို့အား အလက်ဇန္ဒားက ဘီစီ ၃၃၀ တွင် ချေမှုန်းနိုင်ခဲ့ပြီး အာရှအလယ်ပိုင်းအထိ တစ်ဟုန်ထိုးချီတက်ခဲ့၏။ ထိုမှတစ်ဖန် အာဖဂန်နစ္စတန်အထိ ချီတက်ခဲ့ပြီး ဟင်ဒူကရ်တောင်ကိုဖြတ်ကာ အိန္ဒိယအထိ စစ်ချီခဲ့၏။ အလက်ဇန္ဒားသည် အိန္ဒိယအနောက်ပိုင်းတွင် အောင်ပွဲအဆင့်ဆင့်ရရှိခဲ့ပြီးနောက် အိန္ဒိယအရှေ့ပိုင်းအထိ ဆက်လက်ချီတက်

> **မြန်မာနိုင်ငံဗုဒ္ဓဘာသာဝင်တို့၏ အဓိကအကျဆုံးဖြစ်သည့် ဗုဒ္ဓ၏သမိုင်းဖြစ်စဉ်ကို အမှန်သို့ရောက်အောင် ကြိုးစားအားထုတ်သင့်၏။ ထိုသမိုင်း အမှားကြီးမှာ နှစ်ပေါင်း ၂၅၀၀ခန့်ကြာခဲ့ပြီးဖြစ်ရာ ဒီအတိုင်းထားပြီး ဆက်လက်သုံးစွဲရင်ကော မဖြစ်ဘူးလားဟူ၍ မေးစရာရှိ၏။ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏ အဆိုအရ သမိုင်းဟူသည်၊ သုတေသနလုပ်ထုံးလုပ်နည်းအရ မှားသည်ကိုတွေ့လျှင် ပြင်ဆင်ရမည်ဖြစ်၏။ ယနေ့ပညာခေတ်ကြီးတွင် အရာရာကို စူးစမ်းလေ့လာလျက်ရှိ၏။ ဗုဒ္ဓဘာသာဝင်တို့၏ အဓိကအကျဆုံးဖြစ်သည့် ဗုဒ္ဓ၏သမိုင်းဖြစ်စဉ်မဟာအမှားကြီးကို ကမ္ဘာသူကမ္ဘာသားလူအများက တစ်နေ့မဟုတ်တစ်နေ့ သိရှိလာကြမည်ဖြစ် ။ ။ ။ ။**

ဝံသကျမ်းများလာ(ဦးကုလား၏ မဟာရာဇဝင်ကြီးလာ) စန္ဒဂုတ်ထီးနန်းရရှိသော သာသနာနှစ်ဘီစီ-၃၂၁တို့ကို ပေါင်းခြင်းအားဖြင့် ဗုဒ္ဓပရိနိဗ္ဗာန်ပြုသောနှစ်ဘီစီ-၄၈၃ ရရှိသည်။

"ဗုဒ္ဓပရိနိဗ္ဗာန်ပြုသောကာလနှင့် အသောကရာဇာ ထီးနန်းရရှိသောကာလမှာ ၂၁၄နှစ်ကွာခြားသည်ဟု ဝံသကျမ်းများက အဆိုရှိသော်လည်း ဇိနဝါဒီတို့၏ အစဉ်အလာအရမူ နှစ်ပေါင်း၁၀၀ခန့်သာကြာသည်ဟုဆိုထားသည်။ သက္ကတဘာသာ၌ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနှစ်ပေါင်း ၁၀၀ သို့မဟုတ် ၁၁၆အကြာတွင် အသောကထီးနန်းရရှိသည်ဟုဆိုထားခြင်းကြောင့် ဗုဒ္ဓပရိနိဗ္ဗာန်ပြုသောနှစ်မှာ ၂၇၁ + ၁၁၆ = ၃၈၇ဘီစီဖြစ်နိုင်သည်။ (သာသနာနှစ်အားဖြင့် စန္ဒဂုတ်ထီးနန်းရရှိသော၁၆၂တွင် စန္ဒဂုတ်မင်းစည်း စိမ်၂၄နှစ်နှင့်သားတော်ဗိန္ဒုသာရမင်းစည်းစိမ်၂၈နှစ်တို့ကိုထည့်ပေါင်းခြင်းအားဖြင့် ဗိန္ဒုသာရ၏ သားတော် အသောကရာဇာထီး နန်းရရှိသောနှစ်မှာ သာသနာ၂၁၄ဖြစ်သည်။ ဦးစိန်ထွန်း၊ ဆရာပါရဂူ၊ ဆရာညိုသောင်းတို့က အသောကရာဇာထီးနန်းရရှိသော နှစ်မှာ ခရစ်နှစ်ဘီစီ-၂၇၃ဟုယူဆပြီး ဆရာနန္ဒသိန်းဇံက ဘီစီ-၂၇၁ဟုယူဆထားခြင်းဖြစ်သည်။

"ဝံသကျမ်းများလာ သာသနာ၁၆၂တွင် စန္ဒဂုတ်နန်းတက်သည်။ သာသနာ၂၁၄တွင် အသောကရာဇာ နန်းတက်သည်ဟူသော အဆိုကို ပညာရှင်များက ရန် ရည်ရွယ်ခဲ့သော်လည်း သူ၏ စစ်တပ်များမှ အင်အားကုန်ခန်းလာပြီဖြစ်၍ အလက်ဇန္ဒားမှာ စိတ်မပါလက်မပါဖြင့် ပါရှားသို့ပြန်လှည့်ခဲ့ရ၏။ ဘီစီ ၃၂၃ ခုနှစ် ဇွန်လ စောစောပိုင်းတွင် အလက်ဇန္ဒားမှာ ရုတ်တရက် ဖျားနာပြီး ၁၀ ရက်အကြာ ဘေဘီလုံတွင်ရှိစဉ် ကံကုန်သွားခဲ့၏"ဟူ၍ တွေ့ရှိရပါသည်။

'ကမ္ဘာ့ဩဇာအကြီးမားဆုံးသောပုဂ္ဂိုလ် ၁၀၀' စာအုပ်မှ အလက်ဇန္ဒား၏သမိုင်းကို စိစစ်ကြည့်သော် အလက်ဇန္ဒားသည် အိန္ဒိယမှ ပြန်လည်ထွက်ခွာသည်မှာ ၃၃၂ ဘီစီလောက်က ဖြစ်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အလက်ဇန္ဒား သည် ဘီစီ ၃၃၀ တွင် အာရှအလယ်ပိုင်းအထိ ချီတက်သိမ်းပိုက်ခဲ့ပြီး အာဖဂန်နစ္စတန်မှတစ်ဆင့် အိန္ဒိယအနောက်ပိုင်းထိ ချီတက်သိမ်းပိုက်သည်မှာ နှစ်နှစ်ခန့်မျှသာ ကြာနိုင်သည်ဟု ယူဆမိသောကြောင့်ဖြစ်ပါသည်။ အလက်ဇန္ဒားသည် ဆရာ နန္ဒ သိန်းဇံ ယူဆသကဲ့သို့ ကံကုန်ပြီးမှ အိန္ဒိယမှ ဆုတ်ခွာခြင်းမဖြစ်နိုင်ပါ။ အိန္ဒိယအနောက်ပိုင်းကို သိမ်းပိုက်ပြီး သူ၏စစ်တပ်များ အင်အားကုန်ခန်း၍ ပါရှားသို့ပြန်လှည့်ခဲ့ရပြီး ဘေဘီလုံ၌ ဘီစီ ၃၂၃ တွင် ကံကုန်ခဲ့ရခြင်းဖြစ်ပါသည်။

အထက်ပါအတိုင်း ဆက်စပ်တွေးကြည့်ပါမူ အလက်ဇန္ဒား အိန္ဒိယမှဆုတ်ခွာသည်နှင့် စန္ဒဂုတ်မင်းကြီးသည် ဘီစီ ၃၃၂ ၌ပင် အိန္ဒိယတွင် နန်းတက်သည်ဟု ယူဆနိုင်စရာရှိပါသည်။ စန္ဒဂုတ်နန်းတက်သောနှစ် ဘီစီ ၃၃၂ မှ စန္ဒဂုတ် နန်းစံနှစ် ၂၄ + ဗိန္ဒုသာရနန်းစံနှစ် ၂၈=၅၂ နှစ်နုတ်သော် ဗိန္ဒုသာရ၏သားတော် အသောကရာဇာ နန်းတက်နှစ်မှာ ၃၃၂-၅၂=၂၈၀ ဘီစီဖြစ်နိုင်ပါသည်။

အားလုံးကို ခြုံငုံသုံးသပ်ပါက အသောကရာဇာထီးနန်းရရှိသောနှစ်မှာ ၂၇၃ ဘီစီ၊ ၂၇၃ ဘီစီ၊ ၂၈၀ ဘီစီ တစ်ခုခုဖြစ်နိုင်ပါသည်။ အသောကရာဇာ ထီးနန်းရရှိသောနှစ်ကို ၂၈၀ ဘီစီဟု သတ်မှတ်ပါက ဗုဒ္ဓပရိနိဗ္ဗာန်ပြုသောနှစ်မှာ ၂၈၀+၁၁၆=၃၉၆ ဘီစီဖြစ်နိုင်ပါသည်။ ၁၁၆ နှစ်မှာ ဗုဒ္ဓပရိနိဗ္ဗာန်ပြုချိန်နှင့် အသောကရာဇာ ထီးနန်းရရှိချိန်အကြား ကွာခြားသောနှစ်ဖြစ်ပါသည်။ ဆရာနန္ဒသိန်းဇံက 'ထေရဝါဒနှင့်ပတ်သက်သောမှတ်ချက်များ'စာအုပ်တွင် ထိုသို့ ၁၁၆ နှစ် ကွာခြားကြောင်း ကျောက်စာအရ ခိုင်မာသည်ဟု ဆိုထားပါသည်။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုသောနှစ်ကို ဘီစီ ၃၉၆ ဟု ယူဆသတ်မှတ်ပါက ဗုဒ္ဓ၏ဖြစ်တော်စဉ် ခရစ်နှစ်များမှာ အောက်ပါအတိုင်းတွက်ချက်ရယူနိုင်ပါသည်။

ဗုဒ္ဓပရိနိဗ္ဗာန်ပြုသောနှစ် = ၃၉၆ ဘီစီ
ဗုဒ္ဓဘုရားရှင်ဖြစ်သောနှစ် = ၃၉၆ + ၄၅ = ၄၄၁ ဘီစီ
ဗုဒ္ဓဖွားမြင်သောနှစ် = ၃၉၆ + ၈၀ = ၄၇၆ ဘီစီ

မုံရွေးဇေတဝန်ဆရာတော်ကြီး၏အဆိုအရ ဘိုးတော်အဠ္ဌနမင်းမှလာသော သက္ကရာဇ် ၁၄၈ အရောက်တွင် ဘုရားပရိနိဗ္ဗာန်ရောက်ခြင်းဖြစ်ရာ ၃၉၆+၁၄၈=၅၄၄ ဘီစီသည် ဗုဒ္ဓပရိနိဗ္ဗာန်ပြုသောနှစ်မဟုတ်ဘဲ မဟာသက္ကရာဇ်၏ အစနှစ်ဖြစ်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

"ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် အဇာတသတ်မင်းကြီးသည် (၁)ခုချန်ထား၍ မဟာသက္ကရာဇ် ၁၄၈ ကို ဖြိုတော်မူ၏" ဟုဆိုရာတွင် မည်သို့သောအကြောင်းကြောင့်ဖြို သည်ကို ဗုဒ္ဓဘာသာဝင်များအနေနှင့် မျှားစွာမှ စဉ်းစားသင့်၏။ အမှန်အားဖြင့် ဗုဒ္ဓ၏ဖြစ်တော်စဉ်ကို ဖြိုဖျက်ခြင်းလုံးဝမပြုသင့်ချေ။ ဗုဒ္ဓ၏သာသနာနှစ်ကို ရေတွက်မည်ဆိုပါကလည်း ဗုဒ္ဓဖွားမြင်သောနှစ် ဗုဒ္ဓဘုရားရှင်ဖြစ်သောနှစ် စသည်ဖြင့် တစ်ခုခုမှစ၍ ရေတွက်သင့်၏။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးမှ ဗုဒ္ဓ၏သာသနာနှစ်ဟု ရေတွက်သတ်မှတ်ခြင်းမှာ ဗုဒ္ဓ၏ သာသနာနှစ်မဟုတ်ဘဲ သာဝကကြီးများ (မဟာထေရ်ကြီးများ)၏ သာသနာနှစ်ဖြစ်နေသည်ကို သတိပြုသင့်ပါသည်။

သရေခေတ္တရာ သုမုန္ဒရီမင်းနှင့်အပြိုင် အိန္ဒိယနိုင်ငံ သကမင်းများက သာသနာနှစ် ၆၂၂ကို ဖြိုခဲ့သည်မှာလည်း စဉ်းစားဖွယ်ကောင်းလှပါသည်။ မဟာသက္ကရာဇ် ၁၄၈ကို ဖြိုခဲ့သည်ဟူသောအမှားကို ပြင်ဆင်လို၍သော်လည်းကောင်း၊ အမှားကိုဖုံးကွယ်လို၍သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ သို့သော်သမိုင်းဟူသည် ကာလကြာမြင့်စွာ ဖုံးကွယ်၍ ရရိုးထုံးစံမရှိပါ။

ပုဂံပြည်ပုပ္ပားစောရဟန်းမင်း လက်ထက်သို့ရောက်ပြန်သောအခါ ပညာရှိများက ရိပ်မိသိရှိကြပြန်၍ သက္ကရာဇ်ဖြိုခြင်းဖြင့် အမှန်သို့ ရောက်အောင် ပြုပြင်ကြပြန်ရာ အရာမရောက်ခဲ့ချေ။ ထိုမဟာအမှားကြီးကို ခေတ်အဆက်ဆက်၌ ရိပ်မိသိရှိခဲ့ကြရာ နောက်ဆုံးအင်းဝခေတ် မိုးညှင်းမင်းတရား ကြီးလက်ထက်၌ သက္ကရာဇ်ဖြိုခြင်းဖြင့် ပြုပြင်ခဲ့ကြပြန်၏။ မပြိုသည့်အပြင် ခေတ်အဆက်ဆက်၌ မှားခဲ့သော မဟာအမှားကြီးသည် ယခုမျက် မှောက်ခေ-တိုင်အောင် ရောက်ရှိလာတော့၏။

မြန်မာနိုင်ငံဗုဒ္ဓဘာသာဝင်တို့၏ အဓိကအကျဆုံးဖြစ်သည့် ဗုဒ္ဓ၏သမိုင်းဖြစ်စဉ်ကို အမှန်သို့ရောက်အောင် ကြိုးစားအားထုတ်သင့်၏။ ထိုသမိုင်း အမှားကြီးမှာ နှစ်ပေါင်း ၂၅၀၀ခန့်ကြာခဲ့ပြီးဖြစ်ရာ ဒီအတိုင်းထားပြီး ဆက်လက်သုံးစွဲရင်ကော မဖြစ်ဘူးလားဟူ၍ မေးစရာရှိ၏။ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏ အဆိုအရ သမိုင်းဟူသည်၊ သုတေသနလုပ်ထုံးလုပ်နည်းအရ မှားသည်ကိုတွေ့လျှင် ပြင်ဆင်ရမည်ဖြစ်၏။ ယနေ့ပညာခေတ်ကြီးတွင် အရာရာကို စူးစမ်းလေ့လာလျက်ရှိ၏။ ဗုဒ္ဓဘာသာဝင်တို့၏ အဓိကအကျဆုံးဖြစ်သည့် ဗုဒ္ဓ၏သမိုင်းဖြစ်စဉ်မဟာအမှားကြီးကို ကမ္ဘာသူကမ္ဘာသားလူအများက တစ်နေ့မဟုတ်တစ်နေ့ သိရှိလာကြမည်ဖြစ်၏။ သိရှိပြီးသား လူအများကလည်း ကွယ်ရာ၌ အတင်းဆိုလျက် ကဲ့ရဲ့လျက်ရှိနေကြမည်ဖြစ်၏။

မုံရွေးဇေတဝန်ဆရာတော်ကြီးများ လက်ထက်အခါကပင် သက္ကရာဇ်-သာသနာနှစ်များ၏ အရေးအသားအမှတ်အကွရာ တိမ်းယိမ်းလျက်ရှိသည်ကို သိမြင်တော်မူခဲ့ကြ၏။ ထိုသို့ တိမ်းယိမ်းလျက်ရှိသော သက္ကရာဇ်-သာသနာနှစ် ခရစ်နှစ်တို့၏ ဆက်စပ်ပတ်သက်မှုများကို ဆရာနန္ဒာသိန်းဇံက အစဖော်ပေးခဲ့ပြီးဖြစ်ရာ ယခုလိုပွင့်လင်းမြင်သာသော ခေတ်အခါသမယ၌ ဗုဒ္ဓ၏ဖြစ်စဉ်သမိုင်းမဟာအမှားကြီးကို ပညာရှင်များအနေနှင့် ပြင်ဖြစ် အောင်မြင်ပေးကြပါရန် မေတ္တာရပ်ခံပန်ကြားလိုက်ရပါသည်ခင်ဗျား။

ပင်လယ်ရေနန်တား တာတမံကျောက်ချလုပ်ငန်း ကိုယ့်အားကိုယ်ကိုးတည်ဆောက်

ပေါင် ဧပြီ ၁၉

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် အလှပ်ကျေးရွာသည် ပြည်နယ်တွင် ဆန်စပါးအထွက်နှုန်းမြင့်မားသော လယ်ယာမြေ ဧက ၂၅၀၀ ခန့်ရှိသော်လည်း နှစ်စဉ်ပင်လယ်ရေနင်းရောက်ဖျက်ဆီးမှုကြောင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးနေကြရလျက်ရှိရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံကျေးရွာလူထုက ကိုယ့်အားကိုယ်ကိုး ရေနန်တား တာတမံကျောက်ချလုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ကြောင်း မတ် ၁၁ ရက်က တွေ့ရသည်။

ဒေသခံမွန်တိုင်းရင်းသားများ နေထိုင်ရာ အလှပ်ကျေးရွာအုပ်စု၀င်ဖြစ်သော ဝဲပတန်၊ ကဒတ်စိန်၊ ဇီးကုန်း၊ ဆယ်အိမ်စု၊ ခင်တန်း၊ သာယာကုန်း၊ ညောင်ပိုင်း စသည့် ကျေးရွာနေပြည်သူများထံမှ ၂၀၁၃၊ ၂၀၁၄ ခုနှစ် နှစ်နှစ်ကြာအောင် အလှူငွေများ ကောက်ခံစုဆောင်းကာ လယ်ယာမြေများ ပင်လယ်ရေနင်း၀င်၍ ပျက်စီးဆုံးရှုံးမှုမှ တားဆီးနိုင်ရန် တန်ဖိုးမြင့် လိပ်သဲကျောက်ကို သုံးကျင်းလျှင် ကျပ် ၁၇၀၀၀၀ နှုန်းဖြင့် ကျပ် ၁၁၃ သိန်းကျော် ကျောက်ကျင်းပေါင်း ၂၀၀ ချနိုင်ခဲ့ခြင်းဖြစ်သည်။

ရေမြေသဘာ၀အရ ခရီးလမ်းပန်းခက်ခဲမှုကြောင့် အဆင့်မြင့်အုပ်ချုပ်ရေးပုဂ္ဂိုလ်များ အရောက်အပေါက်နည်းပါးသဖြင့် ကာလကြာမြင့်စွာကပင် ပင်လယ်ရေနန်ဖုံးလွှမ်းဖျက်ဆီးမှုကို ခံနေခဲ့ကြရသည်ဖြစ်ရာ ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရသည်။ အလှပ်ကျေးရွာအုပ်စုအပါအ၀င် အိမ်ထောင်စု စုစုပေါင်း ၂၄၀၀ ခန့်ထဲမှ ဒေသခံရပ်မိရပ်ဖတစ်ဦးက "သူများက ပစ္စည်းရစ်အရပ်လို့ ဆိုချင်ဆို။ ကိုယ့်ရွာကိုတော့ မစွန့်နိုင်ဘူး၊ ပျ"ဟု မိမိတို့၏ဇာတိမြေကို မစွန့်နိုင်ဘဲ ပင်လယ်ရေဝန်၏ တိုက်စားမှုဒဏ်ကို ကြံ့ကြံ့ခံအန်တုနေကြခြင်းဖြစ်သည်။

"ကျွန်တော်တို့လယ်မြေတွေ ၀ါးမျိုခံရတာ မနည်းတော့ဘူး။ ဘုရားဒကာလယ်ဆို ဧက ၁၆၀ ရှိတဲ့ထဲက ၈၀ လောက်ပါသွားပြီ။ ကျွန်တော့်လယ်ဆိုဧက ၄၀ ပါသွားခဲ့ပြီးပြီ။ အခုလည်းလာဦးမယ်။ ကျွန်တော်တို့ နည်းပေါင်းစုံနဲ့လုပ်တယ်။ ရေတားတမံပေါ်က တိုင်ထိပ်မှာ ဟသ်ာ နှစ်ထပ်နားနေတဲ့ ရုပ်တုဟာ ရှေးလူကြီးသူမတွေရဲ့အယူအဆ ပင်လယ်ရေတားဆီးတဲ့ သဘောလို့ပြောတာပဲ။ ယုံတာ၊ မယုံတာအပထား၊ လုပ်နိုင်တာမှန်သမျှ လုပ်ရမှာပဲ။

"လက်တွေ့ကျောက်ချတာကလည်း မလုံလောက်သေးပါဘူး။ ကိုယ့်ရွာ လူထုအားနဲ့လုပ်ဖို့ နောက်ထပ်အလှူငွေကောက်ရဦးမှာပဲ။ လူကြီးတွေကတော့ အကူအညီရနိုင်မလား မျှော်လင့်ချက်နဲ့ ပြည်နယ်အစိုးရကို တင်ပြထားတယ် ပြောတယ်။ ရေရေရာရာတော့ မသိရသေးဘူး။ နှစ်စဉ်နီးပါး ပင်လယ်ရေနန်များ ၀င်ရောက်မှုဒဏ်ကို ခံကြရပါတယ်"ဟု အသက်(၆၀)ခန့်ရှိ ဒေသခံလယ်သမား ဦးဖေချစ်က နှစ်စဉ် ကြုံတွေ့နေရသည့် သူ၏ အခက်အခဲကို ပြောပြသည်။

(ရာမည-သွေးမွန်)

■

သတင်းစာဖတ်ပရိသတ်အား အနှုံးအညွှတ်တောင်းပန်ခြင်း

(၁၉-၄-၂၀၁၆)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၀)၏ ဒုတိယကော်လံတွင် ဖော်ပြခဲ့သော ကိုလွင်(ဆွာ)ရေးသားသည့် "အရက်၊ ဘီယာသောက်သုံးမှုနှင့် လူငယ်များ၏ အနာဂတ်လားရာ" သတင်းမှတ်စုတွင် ကလေးသူငယ်၏ အကျင့်စာရိတ္တကိုထိခိုက်စေသော အပြုအမူကိုဖော်ပြခဲ့ခြင်းနှင့် အရက်သေစာအမှတ်တံဆိပ်တို့ ပါရှိခဲ့ရာ သတင်းစာလုပ်ငန်းဆောင်ရွက်ပုံ (Code of Conduct)နှင့်သတင်းစာမူဝါဒ(Code of Practice) ဆောင်ရွက်မှုအားနည်းခဲ့ပါသဖြင့် နောင်အလားတူမဖြစ်အောင် ဂရုပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပရိသတ်အား အနှုံးအညွှတ်တောင်းပန်အသိပေးအပ်ပါသည်။

(စာတည်း)

သောက်သုံးရေလိုအပ်နေသော ယာကြီးကုန်းကျေးရွာသို့ ရေများသွားရောက်လှူဒါန်း

ရေစကြို ဧပြီ ၁၉

ရေစကြိုမြို့နယ် ယာကြီးကုန်းကျေးရွာ ပြည်သူများအတွက် ကံပွင့်မိသားစုနှင့်ဆက်နွယ်သူများရေအလှူတော်အဖွဲ့က ဂါလန် ၂၀၀၀ ဆံ့ရေသယ်ယာဉ်ဖြင့် ဧပြီ ၁၈ ရက် နံနက်ပိုင်းက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ကံပွင့်မိသားစုနဲ့ဆက်နွယ်သူများရေအလှူတော်အဖွဲ့အနေနဲ့ သောက်သုံးရေလိုအပ်လို့ဆက်သွယ်တာနဲ့တစ်ပြိုင်နက် သွားရောက်လှူဒါန်းပေးနေပါတယ်။ အခုလည်း ယာကြီးကုန်းကျေးရွာမှာ သောက်သုံးရေလိုအပ်နေပါတယ်လို့ ဖုန်းနဲ့ဆက်သွယ်လာတဲ့အတွက် အခုလိုသွားရောက်လှူဒါန်းတာဖြစ်ပါတယ်။ အခြားကျေးရွာတွေကလည်း သောက်သုံးရေလိုအပ်လို့ဆက်သွယ်လာရင် အချိန်မရွေးဆက်လက်လှူဒါန်းသွားဖို့ ပြင်ဆင်ထားပါတယ်။ တစ်ခုတော့ရှိတယ်။ ရေသယ်ယာဉ်သွားလို့ရတဲ့နေရာအထိပေါ့။ အချို့ရွာတွေကျတော့ ကျွန်တော်တို့ ရေသယ်ယာဉ်သွားလို့မရတာတွေရှိပါတယ်။ သွားလို့ရတဲ့နေရာအထိ သွားရောက်လှူဒါန်းမှာပါ"ဟု တာ၀နှ်ရှိသူတစ်ဦးကပြောသည်။

(ဖေထွက်ဇော်-ရေစကြို)

မြန်မာ့ရိုးရာဓလေ့များတွင် ပျောက်ကွယ်လုမတတ်ဖြစ်နေသော ကျေးလက်ရိုးရာ မိုးခေါ်လွန်ဆွဲပွဲ ပြန်လည်စတင်လာ

မန္တလေး ဧပြီ ၁၉

မြန်မာ့ရိုးရာဓလေ့တွင် ရှေးအစဉ်အဆက်ပြုလုပ်လာခဲ့သော အစဉ်အလာဓလေ့များစွာရှိသည်။ ထိုအထဲတွင် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်ကျေးရွာများတွင်ပြုလုပ်သော အစဉ်အလာနှစ်ခုရှိသည်။ ထိုအစဉ်အလာမှာ မိုးခေါင်သည့်ကာလတွင် ရန်ကင်းတောင်မှ ငါးရံ့မင်းရုပ်တုကိုပင့်ကာ ငါးရံ့မင်းပရိတ်ရွတ်ဖတ်ခြင်းနှင့် ကျေးရွာများတွင် မိုးခေါ်လွန်ဆွဲပွဲများပြုလုပ်ခြင်းပင် ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးကျေးရွာများတွင် ယခင်က မိုးခေါင်ပါက မိုးခေါ်လွန်ဆွဲပွဲများကို ညပိုင်းတွင် တစ်ရွာလုံးကျွတ် ပြုလုပ်ကြသည်။ အစဉ်အလာအယူအဆအရ မိုးခေါင်ကျော်စွာနတ်မင်းကိုတင်ကာ လွန်ဆွဲခြင်းဖြစ်သည်ဟု ဆိုကြသည်။ လွန်ဆွဲပွဲတွင် ဆိုင်းဗုံများဖြင့် မြူးမြူးကြွကြွတီးခတ်ပေးပြီး အပြိုင်လွန်ဆွဲကြသည်။ လွန်ဆွဲရာတွင် အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ အပျိုအဖွဲ့၊ အအိုအဖွဲ့များခွဲခြားဆွဲကြရသည်။ လွန်ပွဲတွင် အအေးများ၊ အချိုရည်များ ကုသိုလ်ပြုသူတို့ဖြင့် စည်ကားကြသည်။ လွန်ဆွဲရာတွင် လွန်ကြိုးအလယ်တွင် ကန်တော့ပွဲရွက်ကာ နိုင်သည့်ဖက် သွားရသည့် အစဉ် အလာဖြင့် ဆင်နွှဲကြသည်။

အထူးသဖြင့် လသာညများတွင် လွန်ဆွဲပွဲကို ဆင်နွှဲကြသည်။ ထိုသို့သောညများတွင် မိုးမရွာသည့်တိုင် တိမ်များတက်လာခြင်းများနှင့်လည်း တိုက်ဆိုင်သည့်အတွက် ယုံကြည်မှုပိုမိုလာကြောင်းလည်း သိရသည်။ အမြတ်တစ်ခုအနေဖြင့် အပူရှိန်ကြောင့် စိတ်ပျက်ကာ စိတ်ဓာတ်ကျနေမည့်အစားတစ်ရွာလုံး စုပေါင်းလွန်ဆွဲပွဲဆင်နွှဲစေကာ ပျော်ရွှင်မှုပေးစေခြင်းလည်း ပါ၀င်ပေသည်။ တစ်နည်းအားဖြင့် ကျေးရွာစုပေါင်းအင်အား စည်းလုံးညီညွတ်သည့်လေ့ကို ရရှိစေရန် ပွဲတစ်ခုဖြင့် စည်းရုံးသည့်သဘောလည်း ပါ၀င်နေပေသည်။ စိုက်ပျိုးမှုမှအစ အသင့်ဖြစ်စေရေး နှီးဆော်ပေးသည့်သဘောများလည်း ပါ၀င်နေမည်ဖြစ်သည်။

ခေတ်မီလာသော နောက်ပိုင်းကာလများတွင် ကျေးလက်ရိုးရာ မိုးခေါ်လွန်ဆွဲပွဲများ ပျောက်ကွယ်လာခဲ့သည်။ လက်ရှိကာလတွင် အယ်နီညိုအရှိန်ဖြင့် ရာသီဥတုပူပြင်းလျက်ရှိသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ကျေးရွာများ အပိုင်းလိုက်အနေဖြင့် မိုးခေါ်လွန်ဆွဲပွဲများကို အပျော်အဖြစ် ပြန်လည်ပြုလုပ်လာကြသည်။ လသာသည့်ညများတွင် အပျိုး၊ အအို၊ ကလေး၊ လူကြီး လွန်ပွဲကို အားပေးရင်း ခေတ္တပျော်ရွှင်မှုရကာ ပူအိုက်မှုကို မေ့လျော့သွားစေပေသည်။ ပျောက်ကွယ်လုမတတ်ဖြစ်နေသော ကျေးလက်ရိုးရာမိုးခေါ်လွန်ဆွဲပွဲများ မန္တလေးမြို့နှင့်အနီးကျေးရွာများတွင်ပြန်လည်စတင်ကျင်းပလာပြီဖြစ်ကြောင်း သိရသည်။

တိမ်တမန်

ဆောင်းပါး

ပြန်ချိန်နီးသော နှစ်ဖက်လှုနှုံးသား၏သတိသံဝေ

à ကြယ်စင်ဖေသင်

ပြန်ချိန်နီးတဲ့ခရီး၊ ဆင်းခါနီးတဲ့မှတ်တိုင်

မြန်မာနှစ်သစ်ကူ သင်္ကြန်ပွဲကြီးအပြီး နှစ်ဆန်းတစ်ရက်နေ့တွင် အိမ်နီးဝန်းကျင်ရှိသက်ကြီးရွယ်အိုအဘိုးအဘွားများဆီသို့ သွားရောက်၍ အလျှုအတန်း ကန်တော့ခဲ့သည်။ ကန်တော့ခံအဘိုးအဘွားများအနက် အသက် ၇၀ ကျော် အဘိုးတစ်ဦးသည် ဆုပေးစကားပြောရင်း သတိသံဝေဂရစရာ မှတ်သားစရာကိုပါ နှစ်သစ်လက်ဆောင်အဖြစ်ပေးလိုက်ရာ အိမ်ပြန်လမ်းတစ်လျှောက် တွေးစရာများဖြစ်သွားခဲ့သည်။

"အဘတို့က ပြန်ရတော့မယ်လေ။ ဘယ်ကလာသလည်းမသိတဲ့သူတွေ၊ ဘယ်ကိုပြန်ရမလည်းဆိုတာ မသိပေမယ့် အချိန်တန်တော့ ပြန်ကိုပြန်ရမှာပဲ။ မင်းတို့နဲ့ယှဉ်ရင် အဘတို့ရဲ့ပြန်ချိန်က သိပ်နီးကပ်နေပြီ။ နိဗ္ဗာန်ခရီး ဂိတ်ဆုံးမရောက်ခင်ကတော့ သံသရာခရီးစဉ်တစ်လျှောက် သွားနေရဦးမှာပဲ။ ဘဝတစ်ခုဆိုတာ အဲဒီခရီးစဉ်ထဲက မှတ်တိုင်တစ်ခုနဲ့တစ်ခုကြား ကာလမဟုတ်ဘူးလား။ မွေးဖွားခြင်းနှင့် သေဆုံးခြင်း ကြားကာလမှတ်တိုင်နှစ်ခုကြားမှာ ကိုယ်လိုက်ပါစီးနင်းနေရတဲ့ ဘဝယာဉ်ရထားကြီးက ကောင်းရင်လည်း ကောင်းမယ်၊ ဆိုးရင်လဲဆိုးမယ်၊ ထိုင်ခုံရပြီး အေးအေးလူလူနဲ့ စီးနိုင်တဲ့ဘဝအခြေအနေလည်းဖြစ်မယ်။ အခက်အခဲတွေ၊ ဆိုးဆိုးရွားရွားတွေ၊ ဒုက္ခတွေနဲ့ ရုန်းကန်စီးနင်းနေရတဲ့ ဘဝတစ်ခုလည်း ဖြစ်သွားနိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် သေဆုံးခြင်းမှတ်တိုင်ကျရင် ဆင်းကိုဆင်းရမှာပဲ။ ဘဝယာဉ်ကြီးပေါ်မှာ သတိနဲ့စီးဖို့၊ နေဖို့ဆင်းတဲ့အခါမှာလည်း သတိထားပြီးဆင်းနိုင်ဖို့ သိပ်ကိုအရေးကြီးတယ်။ ဒီအပြင် နောက်ခရီးစဉ်အတွက်ပါ စဉ်းစားထားကြရမယ်။ နိဗ္ဗာန်ဆိုတဲ့ ခရီးဂိတ်ဆုံးကို မြန်မြန်ဆန်ဆန် အခက်အခဲမရှိ ရောက်ရှိဖို့၊ သက်သောင့်သက်သာနဲ့သွားနိုင်ဖို့ အစကတည်းက "သတိ" ရှိနိုင်ဖို့ ကြိုကြိုတင်တင် ပြင်ဆင်ထားဖို့ လိုတာပေါ့။ ဘုရားဟောတရားဓမ္မတွေကို လေ့လာမှတ်တယ်ကွာ။ အဘတို့လို တဏှာဆိုတာကို လုံးလုံးဖြတ်နိုင်ဖို့ မနည်းအားထုတ်နေရတဲ့သူတွေအဖို့ကတော့ ဒီဘဝနဲ့တင် နိဗ္ဗာန်ဖြစ်တဲ့ ဂိတ်ဆုံးပန်းတိုင်ကို ရောက်နိုင်ဖို့ မလွယ်ကူဘူးကွ။ အနည်းဆုံးတော့ အပယ်တံခါးပိတ်အောင်တော့ လုပ်ထားနိုင်မှ တော်ကာကျမှာ။"

"အပယ်တံခါးပိတ်ဖို့လုပ်တဲ့အခါ ကုသိုလ်၊ အကုသိုလ် ဆိုတာ တွေ့ပါလာတယ်။ ကုသိုလ်ဆိုတာ အပြစ်ကင်းပြီး ကောင်းကျိုးဖြစ်စေတာ။ အကုသိုလ်ဆိုတာကတော့ ကုသိုလ်ရဲ့ပြောင်းပြန် အပြစ်မကင်း၊ ကောင်းကျိုးမဖြစ်စေတာတွေ။ ဒါလေးတောင်မခွဲခြားတတ်ရင်တော့ အပယ်တံခါးပိတ်ဖို့မလွယ်ဘူး၊ လောကီသားတွေမို့လို့ ကုသိုလ်လို့ဆိုတဲ့အခါမှာ လောကီကိစ္စတွေ ပါလာမယ်။ လောကီကောင်းမှုတွေကိုလည်း အမြဲမပြတ်ထည့်သွင်းစဉ်းစားနေကြရတယ်လေ။ ဒီတော့ ကျန်နေသေးတဲ့ အချိန်လေးမှာ လူ့လောကအသိုက်အဝန်းရဲ့ ကောင်းကျိုးဖြစ်စေတာတွေကို အားထုတ်လုပ်ကိုင်ထားရင် ကုသိုလ်အတွက် အထောက်အပံ့ဖြစ်တာပေါ့။ မိသားစုထဲမှာဆိုရင် ကိုယ်ပိုင်ဆိုင်တဲ့ ရုပ်ဝတ္ထုပစ္စည်းဥစ္စာတွေကို စွဲလမ်းစိတ်လျှော့ပြီး စွန့်လွှတ်ဖို့၊ မျှဝေဖို့ အားထုတ်တတ်ရမယ်၊ ပတ်ဝန်းကျင်မှာ အထောက်အပံ့ရစေဖို့ လျှပ်ဒါန်းပေးကမ်း စွန့်ကြဲမှုတွေ လုပ်ရမယ်။ နောက်ဆုံးအရေးကြီးတာက အဘတို့လို သက်ကြီးရွယ်ကြီးတွေဟာ သူ့နေရာနဲ့သူ အတွေ့အကြုံတွေ ရင့်ကျက်နေသူတွေဖြစ်လို့ ကိုယ့်သားသမီး၊ မြေးမြစ်အရွယ်တွေကို အတွေ့အကြုံကောင်းတွေ၊ စိတ်နေစိတ်ထား၊ အမူအကျင့်၊ စာရိတ္တတွေကောင်းမွန်ဖို့ သွန်သင်ပြသလမ်ညွှန်ပြီး ကောင်းမွေအဖြစ်ပေးတတ်ဖို့လိုတယ်။ ပတ်ဝန်းကျင်ဟာ မိမိကြောင့် ကောင်းကျိုးပဲဖြစ်ထွန်းစေပြီး ဆိုးကျိုးမဖြစ်ဖို့၊ မကောင်းတာတွေ မကျန်ရစ်စေဖို့ သတိကြီးကြီးထားပြီး လုပ်ရတော့မယ့်အချိန်ဖြစ်နေပြီ ငါ့မြေးရေ။"

အကျိုးတရားများကို စဉ်းစားရင်း စာရေးသူတို့ ဆယ်ကျော်သက်ရွယ်အချိန်က ရုပ်ရှင်မင်းသားကြီး ကျော်ဟိန်း သီဆိုခဲ့သည့် သီးချင်းထဲက စာသားအချို့ကို သတိရမိသည်။

"အကျိုးတရားများကို စဉ်းစားရင်း စာရေးသူတို့ ဆယ်ကျော်သက်ရွယ်အချိန်က ရုပ်ရှင်မင်းသားကြီး ကျော်ဟိန်း သီဆိုခဲ့သည့် သီးချင်းထဲက စာသားအချို့ကို သတိရမိသည်။

"အကုသိုလ်ဆိုတာ အပြစ်ကင်းပြီး ကောင်းကျိုးဖြစ်စေတာ။ အကုသိုလ်ဆိုတာကတော့ ကုသိုလ်ရဲ့ပြောင်းပြန် အပြစ်မကင်း၊ ကောင်းကျိုးမဖြစ်စေတာတွေ။ ဒါလေးတောင်မခွဲခြားတတ်ရင်တော့ အပယ်တံခါးပိတ်ဖို့မလွယ်ဘူး၊ လောကီသားတွေမို့လို့ ကုသိုလ်လို့ဆိုတဲ့အခါမှာ လောကီကိစ္စတွေ ပါလာမယ်။ လောကီကောင်းမှုတွေကိုလည်း အမြဲမပြတ်ထည့်သွင်းစဉ်းစားနေကြရတယ်လေ။ ဒီတော့ ကျန်နေသေးတဲ့ အချိန်လေးမှာ လူ့လောကအသိုက်အဝန်းရဲ့ ကောင်းကျိုးဖြစ်စေတာတွေကို အားထုတ်လုပ်ကိုင်ထားရင် ကုသိုလ်အတွက် အထောက်အပံ့ဖြစ်တာပေါ့။ မိသားစုထဲမှာဆိုရင် ကိုယ်ပိုင်ဆိုင်တဲ့ ရုပ်ဝတ္ထုပစ္စည်းဥစ္စာတွေကို စွဲလမ်းစိတ်လျှော့ပြီး စွန့်လွှတ်ဖို့၊ မျှဝေဖို့ အားထုတ်တတ်ရမယ်၊ ပတ်ဝန်းကျင်မှာ အထောက်အပံ့ရစေဖို့ လျှပ်ဒါန်းပေးကမ်း စွန့်ကြဲမှုတွေ လုပ်ရမယ်။ နောက်ဆုံးအရေးကြီးတာက အဘတို့လို သက်ကြီးရွယ်ကြီးတွေဟာ သူ့နေရာနဲ့သူ အတွေ့အကြုံတွေ ရင့်ကျက်နေသူတွေဖြစ်လို့ ကိုယ့်သားသမီး၊ မြေးမြစ်အရွယ်တွေကို အတွေ့အကြုံကောင်းတွေ၊ စိတ်နေစိတ်ထား၊ အမူအကျင့်၊ စာရိတ္တတွေကောင်းမွန်ဖို့ သွန်သင်ပြသလမ်ညွှန်ပြီး ကောင်းမွေအဖြစ်ပေးတတ်ဖို့လိုတယ်။ ပတ်ဝန်းကျင်ဟာ မိမိကြောင့် ကောင်းကျိုးပဲဖြစ်ထွန်းစေပြီး ဆိုးကျိုးမဖြစ်ဖို့၊ မကောင်းတာတွေ မကျန်ရစ်စေဖို့ သတိကြီးကြီးထားပြီး လုပ်ရတော့မယ့်အချိန်ဖြစ်နေပြီ ငါ့မြေးရေ။"

"အပယ်တံခါးပိတ်ဖို့လုပ်တဲ့အခါ ကုသိုလ်၊ အကုသိုလ် ဆိုတာ တွေ့ပါလာတယ်။

ဆောင်းပါး

ကိုယ်တိုင်သိမှ ရေးပါ

à ဦးဟန်ညွှန့်(၃၀၆၃)

သတင်းထောက်များတွေ့ဆုံခြင်း

မကြာသေးမီက ရန်ကုန်တွင်း ဆွေးနွေးပွဲတစ်ပွဲ တက်ခဲ့သည်။ မြန်မာနိုင်ငံ မှခင်းသတင်းထောက်များအသင်း(ဗဟို) ဖွဲ့စည်းရေးအခမ်းအနားဖြစ်သည်။ ပြည်ထဲရေးဝန်ကြီး(ဗြိမ်း)ဦးတင်လှိုင်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ သတင်းစာဆရာကြီး ဦးခင်မောင်လေး (ဖိုးသော-ခေတ်-မိုး)နှင့် အနယ်နယ်အရပ်ရပ်မှ သတင်းထောက်များ တက်ရောက်ခဲ့ကြသည်။ သတင်းမီဒီယာသမားများ စုံညီစွာ၊ ရင်နှီးပွင့်လင်းစွာ တွေ့ဆုံခဲ့ကြသည်။ သတင်းရေးရာ ဖလှယ်ခဲ့ကြသည်။

မှတ်သားဖွယ်ရာ ဆွေးနွေးကြ

သတင်းထောက်များ တွေ့ဆုံကြတိုင်း မိမိတို့၏ အတွေ့အကြုံများ၊ ထင်မြင်ယူဆချက်များ၊ မှတ်သားဖွယ်ရာများ ပြောကြ၊ ဆိုကြသည်။ ဘဝမှန်ဖို့ ခံယူချက်မှန်ဖို့၊ သတင်းထောက်ဟူသောဂုဏ်ပုဒ်ကို မပျက်ဆီးကြဖို့၊ အခွင့်အရေးမယူမိကြစေဖို့၊ လုံခြုံရေးအဖွဲ့အစည်းများ၏ အရန်အင်အားအဖြစ် သဘောထားဖို့ ပြည်သူ့အကျိုးပြုလုပ်ငန်းများပူးပေါင်းပါဝင်ဖို့ သိနိုင်ကြသည်။ သဘောတူကြသည်။

စာတစ်အုပ်

ထိုနေ့က တက်ရောက်လာသူများအား စာတစ်အုပ် လက်ဆောင်ဝေ့သည်။ သတင်းစာဆရာကြီး ဖိုးသောကြာ(ခေတ်+မိုး) ရေးသားပြုစုသော၊ "သတင်းသမားရဲ့ သတင်းဝက်ပါ" စာအုပ်ဖြစ်သည်။ ၂၀၀၈ ခုနှစ် ဇူလိုင်လတွင် ပထမအကြိမ်ထုတ်ဝေသည်။ ထုတ်ဝေသူ သူရိယစာပေဖြစ်သည်။

ဆောင်းပါး ၄၃ ပုဒ်

သတင်းသမားစိတ်နဲ့ သတင်းကိုယ်တွေ့ပညာ၊ သတင်းစာပညာအကြောင်း၊ သတင်းသမားခံယူချက်နဲ့ သီအိုရီ သတင်းသမားရဲ့ ဝက်ပါဘဝ၊ မြန်မာသတင်းစာဆရာကြီးများနဲ့ သူတို့ရဲ့ သတင်းအမွေပညာ စသည်ဖြင့် ဆောင်းပါး ၄၃ ပုဒ် ဖော်ပြပါရှိသည်။ ယနေ့တိုင် အသက်(၈၃)နှစ်ရှိပြီ ဖြစ်သော ဆရာကြီး ဖိုးသောကြာ၊ သတင်းမီဒီယာဆိုင်ရာ ဆောင်းပါးများရေးသားကာ လူငယ်မျိုးဆက်သစ်များအား အတွေ့အကြုံဝေဌဆ ဆရာကြီး ဖိုးသောကြာ ကျန်းမာရှင်လန်းစွာဖြင့် သတင်းမီဒီယာခရီးကို ဆက်လက်လျှောက်လှမ်းနိုင်စေကြောင်း ဆန္ဒပြုပါသည်။

ကိုယ်တိုင်သိမှ ရေးပါ

ကိုယ်တိုင်သိမှ သတင်းရေးပါ။ မသိဘဲ မရေးသင့်။ ဤအကြောင်းကို ဆရာကြီး ဖိုးသောကြာက အောက်ပါအတိုင်း ကိုယ်တွေ့ဖြစ်ရပ် သတိပေးရေးခဲ့သည်။

သတင်းကဒီလို

အဲဒီခေတ်က လျှမ်းလျှမ်းတောက် မယ်ဗမာတစ်ယောက်ရဲ့ "မောင်တော်စပ်သူ" နဲ့ လျှမ်းလျှမ်းတောက် ဘွဲ့များရှင်တစ်ဦးရဲ့ မောင်တစ်ယောက်တို့ဟာ သေဒဏ်ပေးနိုင်တဲ့ ပြစ်မှုကြီးတစ်ခုမှာ တရာခံများအဖြစ် ဟံသာဝတီစက်ရှင်တရားရုံးမှာ တရားစွဲခံရပါတယ်။ တစ်ဦးက လွတ်သွားပြီး တစ်ဦးကို စွဲချက်တင်ပါတယ်။ နောက်ဆုံးအမိန့်ချတဲ့နေ့မှာ တရားခံကို သေဒဏ်အပြစ်ပေးလိုက်ပါတယ်။ တရားခံရှေ့နေများကလည်း မြန်မာပြည်ရဲ့ ထိတ်ထိတ်ကြဲရှေ့နေကြီးတွေဖြစ်ကြတဲ့ ဒေါက်တာဦးအေးမောင်နဲ့ မွန်စံလှိုင်တို့ပါ ဥပဒေအရ သေဒဏ်အမိန့်ချမှတ်လိုက်တာနဲ့ စီရင်ချက်ကို တရားခံရှေ့နေများက တရားဝင်ကူးယူခွင့် လျှောက်ထားရပါတယ်။ အဲဒီအချိန်က စီရင်ချက်က အင်္ဂလိပ်ဘာသာနဲ့ ရေးနေကြဆဲပါ။ ဖိုးသောကြာက စီရင်ချက်ကို သတင်းရေးဖို့ ကြည့်မယ်လုပ်တုန်း အစိုးရရှေ့နေက ဖိုးသောကြာနဲ့ တရားရုံးသတင်းထောက်တွေကို စီရင်ချက် (စာကြမ်းလက်ရေးမူ)ကို အဓိပ္ပာယ်ရှင်းပြပါတယ်။

စီရင်ချက်မပြီး

ဖိုးသောကြာတို့က စီရင်ချက်ကိုရေးမှတ်ပြီး တရားရုံးအောက်ထပ်ကို ဆင်းအလာမှာ တရားခံကို ရဲက ထောင်ကြီးချုပ်ပို့ဖို့ ခေါ်ထုတ်လာပါတယ်။ အဲဒီအချိန်မှာ လူသတ်မှုတရား

ကိုယ်တိုင်သိသလို ဟန်ဆောင်အယောင်ပြ မရေးသင့်သလို သူတစ်ပါး ခူးခပ်ပြင်ဆင်ထားတဲ့ ထမင်းဝိုင်းကို လက်ဆေးပြီး . . .

ရှင်တရားရုံးမှာ တရားစွဲခံရပါတယ်။ တစ်ဦးက လွတ်သွားပြီး တစ်ဦးကို စွဲချက်တင်ပါတယ်။ နောက်ဆုံးအမိန့်ချတဲ့နေ့မှာ တရားခံကို သေဒဏ်အပြစ်ပေးလိုက်ပါတယ်။ တရားခံရှေ့နေများကလည်း မြန်မာပြည်ရဲ့ ထိတ်ထိတ်ကြဲရှေ့နေကြီးတွေဖြစ်ကြတဲ့ ဒေါက်တာဦးအေးမောင်နဲ့ မွန်စံလှိုင်တို့ပါ ဥပဒေအရ သေဒဏ်အမိန့်ချမှတ်လိုက်တာနဲ့ စီရင်ချက်ကို တရားခံရှေ့နေများက တရားဝင်ကူးယူခွင့် လျှောက်ထားရပါတယ်။ အဲဒီအချိန်က စီရင်ခံကို စီရင်ချက်အပြီးသတ် အချောမရေးဘဲ အမိန့်ချတယ်ဆိုတဲ့ စွပ်စွဲပြောဆိုသံထွက်လာတယ်။ တရားရုံးသတင်းထောက် ဖိုးသောကြာက (ယခင်ဘားလမ်း)မှာရှိတဲ့ ဒေါက်တာအေးမောင်နဲ့ မွန်စံလှိုင်တို့ရဲ့ ရှေ့နေရုံးခန်းကိုသွားအကြောင်းကြားမေးကြည့်တော့ ဒေါက်တာအေးမောင်က ချက်ချင်းလိုက်လာတယ်။ စက်ရှင်တရားသူကြီးကို သူ့ရုံးခန်းထဲမှာ ဝင်တွေ့တယ်။ စီရင်ချက် အပြီးသတ်မရေးရသေးဘဲ အမိန့်ချထားတာ သေချာသွားတယ်။ ဒေါက်တာအေးမောင်က အထက်ရုံးကို လျှောက်မယ်လို့ တရားသူကြီးကို အသိပေးပြီး တရားခံကို "မင်းမပူနဲ့" လို့အားပေးတယ်။ အဲဒီလှုပ်ရှားမှုတွေအားလုံးမှာ ဖိုးသောကြာကိုယ်တိုင် အနီးကပ်ရှိနေတာပါ။ ဒေါက်တာ အေးမောင်က ဖိုးသောကြာကို ဥပဒေအကြောင်းတွေ အသေအချာရှင်းပြတယ်။

အဖြစ်ထူးခြားစွာဖော်ပြတယ်။ အထက်ရုံးမှာ တရားခံနိုင်ပြီး အမှုကလွယ်သွားတယ်။ အခြားတစ်ဦးကရော ဖိုးသောကြာ ကိုယ်တိုင်သိခဲ့၊ ရေးခဲ့၊ ကိုယ်တိုင်ကြုံခဲ့တဲ့ အထက်ပါသတင်းကို၊ အခြားသတင်းထောက်တစ်ဦးက တစ်နေရာမှာ သူကိုယ်တိုင်သိ၊ သူကိုယ်တိုင်ပါဝင်၊ သူကိုယ်တိုင်လုပ်ခဲ့ရသလို သတင်းလိုက်ခဲ့ရသလို ပြန်ရေးတာ တွေ့ရတယ်။ ကိုယ်တိုင်မသိတဲ့ အကြောင်းအရာတွေကို သတင်းဒုက္ခတက္ကဲမဖြစ်အောင် ကိုယ့်ကလောင်ကိုယ်ထိန်းနိုင်သရွှေ့ထိန်းပါတယ်ခင်ဗျာဟူ၍ (ဆရာကြီးဖိုးသောကြာ၏စာအုပ်၊ စာမျက်နှာ-၉၄)တွင် ရေးသားထားသည်ကို ဖတ်ရသည်။ ကိုယ်တိုင်သိမှ ကိုယ်တိုင်ရေးလျှင် ထင်သာမြင်သာရှိမှာသေချာသည်။

သင်ခန်းစာ

သတင်းသမားတစ်ယောက်သည် ကိုယ်တိုင်သိမဟုတ်လျှင် ကိုယ်တိုင်သိသလို ဟန်ဆောင်အယောင်ပြ မရေးသင့်သလို သူတစ်ပါး ခူးခပ်ပြင်ဆင်ထားတဲ့ ထမင်းဝိုင်းကို လက်ဆေးပြီးဝင်စားတဲ့ အချောင်သမားပမာ အပြစ်တင်ခံရဖွယ်ရှိပါသည်။ ဂုဏ်သိက္ခာမြင့်မား၍ သတင်းမီဒီယာသမားကောင်းများ တိုးပွားတည်တံ့ပါစေကြောင်း။

ရန်ကုန်သင်္ကြန် ရေကစားကြသူများမှ စွန့်ပစ်အမှိုက်များ ယမန်နှစ်ထက် ယခုနှစ်တွင် သိသိသာသာလျော့နည်း

ရန်ကုန် ဧပြီ ၁၉

သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ရှိ ဖျော်ဖြေရေးမဏ္ဍပ်များ အနီးဝန်းကျင်တွင် ရေကစားကြသူအချို့ စွန့်ပစ်ခဲ့သော အမှိုက်များမှာ ယမန်နှစ်ကထက် ယခုနှစ်တွင် သိသိသာသာလျော့နည်းသွားကြောင်း ဧပြီ ၁၈ ရက်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ သန့်ရှင်းရေးလုပ်သားများ ပြောဆိုနေမှုကိုကြားသိရသည်။

"အရင်နှစ်တွေတုန်းက ဖျော်ဖြေရေးမဏ္ဍပ်၊ ရေကစားမဏ္ဍပ်တွေအနားမှာ ရေသန့်ဘူးခွံတွေ၊ အချိုရည်ဘူးခွံတွေ၊ ဘီယာဘူးခွံတွေ၊ အရက်ပုလင်းတွေ၊ ကျွတ်ကျွတ်အိတ်တွေ အတော်များများ သိမ်းဆည်းခဲ့ရပေမယ့် အခု သိသိသာသာလျော့နည်းသွားတယ်" ဟု လမ်းကြောင်းတွင် အမှိုက်များ လိုက်လံသိမ်းဆည်းနေသည့် သန့်ရှင်းရေးလုပ်သားတစ်ဦးက ပြောသည်။

ယခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် မူးယစ်ရမ်းကားမှုများ၊ ခိုက်ရန်ဒေါသဖြစ်ပွားမှုများ၊ ယာဉ်မတော်တဆဖြစ်ပွားမှုများ မဖြစ်ပေါ် စေရေးအတွက် ပြည်သူ့ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တို့က ပူးပေါင်းဆောင်ရွက်ကြသဖြင့် မှုခင်းဖြစ်ရပ်များ လျော့နည်းသွားသည်။ ထို့အတူ စီးပွားဖြစ်မဏ္ဍပ်များကို ခွင့်မပြုတော့သဖြင့် ယမန်နှစ်က မဏ္ဍပ်အရေအတွက်ထက် လျော့နည်းသွားသောကြောင့် ကားလမ်းများအပေါ်တွင် ရေကစားကြသူအချို့ စွန့်ပစ်ခဲ့သော စားကြွင်းစားကျန်များ၊ ကျွတ်ကျွတ်အိတ်များ၊ ရေသန့်ဘူးခွံ၊ အချိုရည်ဘူးခွံနှင့် အခြားစွန့်ပစ်ပစ္စည်းများ လျော့နည်းသွားကြောင်း ဒေသခံများက သုံးသပ်ပြောဆိုကြသည်။ **မောင်သုည**

အရိပ် ၃ ပါး

မော်(နေပြည်တော်)

လောကမှာ အရိပ်တွေအများကြီးရှိတယ်။ သက်ရှိရိပ်၊ သက်မဲ့ရိပ်မျိုးစုံပေါ့။ အဲဒီအရိပ်တွေထဲမှာ ကျွန်မတို့လူသားတွေ ထိုက်ထိုက်တန်တန် ရရှိတဲ့အရိပ်ကတော့ "အမိရိပ်၊ အဖရိပ်၊ လင်သားရိပ်"လို့ ဆိုရင် မှားမယ်မထင်ပါဘူး။

အခု ကမ္ဘာမှာ အစစအရာရာ ခေတ်မီတိုးတက်နေသလို ရာသီဥတုတွေ ဖောက်ပြန်ပြီး သဘာဝဘေးအန္တရာယ်တွေကိုလည်း နိုင်ငံတိုင်း၊ ဒေသတိုင်းမှာ တွေ့ကြုံခံစားနေကြရတယ်။ အဲဒီလိုပဲ လူသားတွေမှာလည်း စိတ်ဓာတ်တွေ ပြောင်းလဲဖောက်ပြန်နေကြတယ်။ မရှိသင့်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနနဲ့ အာယာတ တရားတွေကြောင့်ပဲပေါ့။

ယနေ့ တစ်ချို့လူငယ်လူရွယ်တွေလည်း အတုယူမှားကြပြီး မဖြစ်သင့်တာတွေ ဖြစ်နေကြတယ်။ အတောင်မစုံခင် အပျံသင်ကြပြီး မိဘရိပ်ကို ခြေစုံကန်သွားကြလို့ ဒုက္ခရောက်နေကြတဲ့ သားသမီးတွေလည်း မနည်းပါဘူး။

မိဘရိပ်ဆိုတာ အင်မတန်မှာ လုံခြုံအေးမြပါတယ်။ လင်သားရိပ်ကတော့ မြန်မာအမျိုးသမီးတွေအတွက် ဘဝတစ်သက်တာ လုံခြုံမှုပေးနိုင်တဲ့ အရိပ်တစ်ခုပါ။ အဲဒီအရိပ်တွေကို အေးချမ်းစွာနဲ့ ခိုလှုံဖို့လိုပါတယ်။

ကျွန်မတို့ လွန်ခဲ့တဲ့ နှစ် ၂၀ ဝန်ထမ်းဘဝက ခင်မင်ခဲ့တဲ့ မိတ်ဆွေမိသားစုရှိပါတယ်။ တစ်ဦးနဲ့တစ်ဦး မတွေ့ဖြစ်ကြပေမယ့် သာကြောင်း၊ မာကြောင်း အဆက်အသွယ်တော့ မပြတ်ကြပါဘူး။

ပြီးခဲ့တဲ့လတစ်ရက် သတင်းစာထဲမှာ မိတ်ဆွေအမျိုးသားနာရေးကြော်ငြာဖတ်လိုက်ရတော့ စိတ်မကောင်းဖြစ်ရတယ်။ ကျွန်မအမျိုးသားနဲ့ဆို ၈ လပဲကွာလိုက်တာ။ သူတို့က မတ္တရာမှာ ဆိုတော့ ကျွန်မလဲ မသွားလိုက်နိုင်ဘူး သတင်းပဲလှမ်းမေးရုံပေါ့။

နောက်တစ်လလောက်နေတော့ သူ့အမျိုးသမီး ရန်ကုန်ရောက်လို့ ကျွန်မဆီလာလည်ပါတယ်။ လာလည်တော့ အကြောင်းစုံပြောပြလို့ ကျွန်မလည်း ဒီဆောင်းပါးလေး ရေးချင်စိတ်ပေါ်လာတာပါ။

သူတို့မိသားစုလေးက ခင်ပွန်းက အရာရှိ ဇနီးက စီးပွားရေးလုပ်၊ သားသမီးတွေနဲ့ပေါ့ ဝန်ထမ်းဘဝတွေဆိုတော့ တစ်နယ်ပြီးတစ်နယ် ပြောင်းရတယ်။ ဒါပေမယ့် မိသားစုက ဘယ်မြို့ပြောင်းပြောင်း မလိုက်နိုင်ခဲ့ဘူး။ စီးပွားရေးတစ်ဘက်၊ ကလေးတွေပညာရေး တစ်ဖက်နဲ့ဆိုတော့ အမြဲခွဲနေကြရတယ်။ နှစ်တွေကြာလာတော့ လည်း ပြဿနာတွေ ပေါင်းစုံဖြစ်လာကြတာပေါ့ သားသမီးတွေကတော့ သွားလိုက်ပြန်လိုက် လုပ်ကြတယ်။

အမျိုးသမီးကလည်း စီးပွားကဖြစ်နေတော့ နောင်ရေးအတွက် စဉ်းစားပြီး လောဘမသတ်နိုင်ဘဲ စီးပွားရေးပဲ အာရုံထားနေတော့ မိသားစု ပေါင်းစည်းနေနိုင်ဖို့ အချိန်မတွေးခဲ့မိဘူး။

ဒီလိုနဲ့ ဝန်ထမ်းဘဝပင်စင်ယူတဲ့ အချိန်ရောက်လို့တောင် မိသားစုအတူနေလို့မရတဲ့ အခြေအနေ၊ တစ်ယောက်နဲ့တစ်ယောက် နာကျည်းစရာတွေ၊ မာန်မာနတွေ၊ အာယာတတွေနဲ့ ပြည့်နေကြတာ။ အမျိုးသားကလည်း ပင်စင်ယူပေမယ့် ကျွန်းမာနေသေးတော့ ကုမ္ပဏီတစ်ခုမှာ ဝင်လုပ်နေလို့ ဆက်ပြီးခွဲနေကြတာပေါ့ နှစ်ယောက်သားလည်း စကားမပြောကြတော့ဘူး။

ဒီလိုနဲ့ ၇ နှစ်လောက်နေတော့ သူ့ခင်ပွန်းဟာ (ပါကင်ဆန်ရောဂါ) ခြေတုန်၊ လက်တုန်ဖြစ်ပြီး တော်တော်လေး မကျန်းမာနေတယ်ကြားတော့ သူ့သားသမီးတွေက အမေရယ် အဖေ့ကို အိမ်ပြန်ခေါ်ပြီး ဆေးကုသပေးကြရအောင် အဖေ့အပေါ် ကြေအေးလိုက်ပါလို့ ပြောကြတော့ ဇနီးဖြစ်သူကလည်း အသက်တွေလည်းကြီးပါပြီ၊ သားသမီးတွေလည်း စိတ်ချမ်းသာပါစေဆိုပြီး အိမ်ခေါ်ဆေးကုသပေး၊ လိုအပ်တာတွေ လုပ်ပေးကြတယ်။ လူနာကတော့ သတိရတစ်ချက်၊ မရတစ်ချက်ပေါ့ မန္တလေးအထူးကုဆေးခန်းမှာ ၁၃ ရက်ကြာ ဖိဖိစီးစီး ကုသပေးကျွေးမွေးရင်းနဲ့ပဲ ဆုံးသွားတယ်။

ဆုံးပြီး သင်္ဂြိုဟ်ဖို့ ပြင်ကြဆင်ကြနဲ့ မြေချတဲ့ရက် သုသာန်ရောက်တော့ "မနိုင်ရယ် ကျွန်မလေ ဘယ်လိုခံစားလိုက်ရမှန်းမသိဘူး။ လူကဟင်းလင်းပြင်ကြီးထဲမှာ ထီးထီးကြီးဖြစ်ပြီး အကာအကွယ်မဲ့စွာနဲ့ မူးမေ့ပြီးလဲသွားလိုက်တာ ကိုယ်ပြောချင်နေတဲ့စကားတွေလည်း မပြောလိုက်ရဘူး။ ဒီတစ်ခါတော့ အပြီးခွဲသွားပြီပေါ့လို့ ပြောလာတော့ တကယ့်ကို စိတ်မကောင်းဖြစ်ရပါတယ်။"

လူဆိုတာ မိရိပ်၊ ဖရိပ်၊ လင်သားရိပ်တွေ သက်ရှိထင်ရှားရှိနေတုန်းဆိုရင် အရိပ်ရဲ့တန်ဖိုးကို သတိမမူ၊ တန်ဖိုးမထားတတ်ကြတာ ဓမ္မာပါပဲ။ အရိပ်ပေးတဲ့သူကလည်း တကယ့်အေးချမ်းတဲ့အရိပ်၊ လုံခြုံတဲ့အရိပ်ပေးတတ်ကြဖို့ လိုပါတယ်။ မိဘရိပ်ဆိုတာတော့ ထာဝရအအေးချမ်းဆုံး အရိပ်ပေါ့။

ယနေ့ကမ္ဘာမှာ မိဘတိုင်း၊ မိသားစုတိုင်း ရုန်းကန်လှုပ်ရှားဝမ်းဆာရှာနေကြရတယ်။ တစ်ချို့မိသားစုတွေဆို တစ်ခြားနိုင်ငံတွေမှာ သွားရောက်စီးပွားရှာနေကြရတော့ မိသားစုအသိုက်အမြုံ တစ်စုတစ်စည်းတည်းနဲ့ လက်ပွန်းတတီး မနေနိုင်ကြရဘူး။ အဲဒီတော့ အရိပ်ရဲ့တန်ဖိုးကို မမြင်နိုင်ကြဘူး။ အရိပ်တွေကိုလည်း မိမိရဲ့လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေနဲ့ ဖျက်ဆီးတတ်ကြတယ်။ အရိပ်ပေးတဲ့သူကလည်း အမှန်ကို ဆုံးဖြတ်နိုင်တဲ့တရား၊ အရှက်အကြောက်တရားဆိုတဲ့ တရားနှစ်ပါးနဲ့အညီ ကျင့်ကြံနေထိုင်ကြရင် အရိပ်ပေးတဲ့သူကော အရိပ်ခိုလှုံတဲ့သူကော နှလုံးစိတ်ဝမ်း အေးချမ်းကြမှာပါ။

လူ့ဘဝရယ်လို့ရလာရင် ထိုက်တန်တဲ့ အရိပ်ကိုယ်စီရကြပါတယ်။ ရလာတဲ့ သက်ရှိရိပ်၊ သက်မဲ့ရိပ်တွေကို မိမိရဲ့အတ္တ၊ မာန်မာန၊ လောဘ၊ ဒေါသတွေနဲ့ မဖျက်စီးမိကြပါစေနဲ့ လူသားအားလုံးလည်း အရိပ်သုံးပါးကို အေးချမ်းစွာ ပေးတတ်ကြပြီး ခိုလှုံနိုင်ကြပါစေ။

ဖြည်တွင်းရေးရာ

ဖတ်စရာ

à ကြည်လှိုင်မြင့်

ကျောင်းဆရာမ ကျွန်တော့်ညီမ

ကျွန်တော့်အဖေနဲ့ကျွန်တော့အမေက ကျွန်တော်အပါအဝင် သားသမီးငါးယောက်ကို ဒီကမ္ဘာလောကထဲက ကြင်နာမှုအပြည့်နဲ့ အရောက်ခေါ်ဆောင်လာပေးခဲ့တယ်။ သားလေးဦးနဲ့ သမီးတစ်ဦး။ သမီးမိန်းကလေးက အငယ်ဆုံး။ သူ့နာမည်က မြင့်မြင့်ထွေး။

မြန်မာလူမျိုးတွေရဲ့ အယူအဆအရ သားယောကျ်ားလေး လေးဦးက အဖေ့အခေါင်းထမ်း။ သမီးမိန်းကလေးတစ်ဦးက ငိုကြွေးဖို့ဆိုပြီး ယုံကြည်ကြတယ်။ တိုက်ဆိုင်မှုပဲလားတော့ မပြောတတ်ဘူး။ ညီမလေး လေးတန်းနှစ်မှာ ကျွန်တော်တို့အဖေ လူ့လောကကြီးထဲကနေ အပြီးအပိုင်ထွက်သွားခဲ့တယ်။

ငယ်ငယ်လေးနဲ့ အဖမဲ့ခဲ့ရတယ်။ အငယ်ဆုံးလည်းဖြစ်ပြန်ဆိုတော့ ညီမလေးကို တစ်အိမ်သားလုံးက သနားချစ်လေးနဲ့ အလိုလိုက်ခဲ့ကြတယ်။ သူဖြစ်ချင်တာလေးတွေကို ဖြည့်ဆည်းပေးကြတယ်။ အလိုလိုက်လွန်းလို့ တစ်ခါတစ်လေ သူ့ဟာသူဆုံးဖြတ်ရမယ့်ကိစ္စမျိုးတွေမှာဆို တွေဝေနေတတ်တဲ့ ကျွန်တော့်ညီမ။

အမေကလည်း အဖေ့တာဝန်တွေကိုပါ ပခုံးပြောင်းရယူလိုက်ရတဲ့အတွက် ကလေးတွေရဲ့ပညာရေးထက် စားဝတ်နေရေးအတွက်ကိုပဲ ဦးစားပေး ကြိုးစားရှုန်းကန်ခဲ့ရတယ်။ ဒါကြောင့် ညီမလေးကို အစ်ကိုတွေကပဲ ပဲ့ထိန်းပဲ့ကိုင်လမ်းညွှန်ခဲ့ကြရတယ်။

ကလေးဘဝတစ်လျှောက်လုံး အစ်ကိုတွေကိုချည်းပဲ အားကိုးခဲ့သူတစ်ယောက်။ ရယ်စရာလေးတစ်ခု မှတ်မိသေးတယ်။ သူ သူငယ်တန်း ပထမအစမ်းစာမေးပွဲမှာ အဆင့် ၅ ချိတ်တယ်။ အိမ်ရောက်တော့. . .

'အမေကြီး. . . သမီးဘေးက ကောင်းမလေးက အဆင့် ၂၅ တောင်ချိတ်တယ်။ သမီးကျတော့ ၅ ပဲချိတ်တယ်။ သမီးနောက်စာမေးပွဲတွေမှာ အဆင့် ၅၀ တို့ ၁၀၀ တို့ရအောင်ကြိုးစားမယ်' တဲ့။ မခံချင်စိတ်လေးတော့ရှိသားပဲ။ မပြိုင်တတ်ဘူး အောက်မေ့နေတာ။ သူကကြိတ်ပြိုင်နေတာကိုး။

သင်ယူရတဲ့ဘာသာရပ်တွေထဲမှာ သူက သင်္ချာမှာ အတော်ဆုံး။ ကောင်းကောင်းကြီးလိုက်နိုင်တယ်။ တော်သေးတယ် အတွက်အချက်လေး စိတ်ဝင်စားလို့။

'ကျောင်းမုန့်ဖိုးက တစ်နေ့ကို တစ်မတ်။ တနင်္လာနေ့ကနေ သောကြာနေ့အထိဆိုတော့ ၅ ရက်။ ၅ ရက်ဆိုတော့ ငါးမတ်။ အင်း. . . စနေ၊ တနင်္ဂနွေပါ ကျောင်းဖွင့်ရင်ကောင်းမယ်။ အဲ့ဒါဆို ငါးမူးပိုရမယ်'စသည်ဖြင့် တွက်တတ်လိုက်တာမှ ဂျောင်းဂျောင်းပြေး။

၁၀ တန်းအောင်ပြီး သတ္တဗေဒအထူးပြုဘာသာရပ်နဲ့ တက္ကသိုလ်တက်ခဲ့တယ်။ ကလေးလေးက မဆိုးဘူးဘဲ။ မဟာသိပ္ပံတက်ခွင့်ရတဲ့အထိ ကြိုးစားခဲ့တယ်။ အစ်ကိုတွေကတော့ ညီမလေးအတွက် ဂုဏ်ယူမဆုံး တပြုံးပြုံး။ မအေကြီးလည်း ဘဝအမောတွေပြေရတာပေါ့လေ။

အစ်ကိုတွေရဲ့လောဘကလည်း အတောမသတ်နိုင်။ မဟာဘွဲ့လည်းယူပြီးရော 'ဒေါက်တာဘွဲ့ဆက်ယူစမ်းပါ ညီမရာ'တဲ့။ ညီမကတော့ 'ဒေါက်တာဘွဲ့ဆက်မယူချင်တော့ဘူး။ အလုပ်ပဲ မြန်မြန်လုပ်ချင်ပြီ။ အလုပ်လုပ်ပြီး အမေကြီးနဲ့ အစ်ကိုတွေရဲ့ ကျေးဇူးတွေကို ပြန်ဆပ်ချင်ပြီ' စသည်ဖြင့် လေကြီးမိုးကြီး။

ညီမရဲ့ စိတ်ဆန္ဒပြင်းပြနေလို့လားတော့ မပြောတတ်ဘူး။ သူမဟာဘွဲ့ရပြီးတဲ့နှစ်မှာပဲ အခြေခံပညာဦးစီးဌာနက မူလတန်းပြရာထူးတွေခေါ်တယ်။ ဝင်ခွင့်စာမေးပွဲအောင်လို့ မူလတန်းပြဆရာမဖြစ်ခဲ့တယ်။

ပြဿနာက အဲ့ဒီမှာစတော့တာပါပဲ။ တာဝန်ကျတဲ့ရွာလေးက သူ့မွေးရပ်မြေသန်လျင်နဲ့ တော်တော်ကလေး လှမ်းတယ်။ နေ့ချင်းပေါက်တယ် ဆိုပေမယ့် ကားလမ်းမရှိဘူး။ အိမ်ကနေ လိုင်းကားတစ်နာရီလောက်စီးပြီးရင် ဆိုင်ကယ်ကယ်ရီဂိတ်ကို ၁၅ မိနစ် လောက်လမ်းလျှောက်။ ဆိုင်ကယ်တစ်နာရီခွဲလောက်ထပ်စီးမှ သူတည်းရမယ့် အိမ်ကိုရောက်တယ်။ ဒါက နွေရာသီနဲ့ ဆောင်းရာသီ။

မိုးရာသီဆိုရင် လိုင်းကားပေါ်ကနေဆင်းလိုက်တာနဲ့ ကျောင်းအထိ ရွှံ့ခင်းလမ်းတောက်လျှောက်။ အထုပ်အပိုးတွေကတစ်ဖက်။ ကိုယ့်ကိုယ်ကိုယ်လဲမကျအောင် ထိန်းရတာကတစ်ဖက်နဲ့ မသင်ယူရဘဲ ယိုးဒယားက ကတတ်သွားတယ်။ မိုးနတ်သူဇာသီတာဝင်းတို့၊ တစ်ခိုင်လုံးရွှေ အေးအေးမြင့်တို့တောင် ဆရာတင်သွားရမည့်အဖြစ်မျိုး။ ဒီကြားထဲ အနောက်တိုင်းဘရိတ်ဒန့်(စ်)က တစ်ချီတစ်ချီဝင်ဆွဲလိုက်ရသေးတယ်။

ပထမဦးဆုံးနေ့ဆိုတော့ အိမ်ကလူတွေ လိုက်ပို့ပေးခဲ့ရတယ်။ မိုးတွင်းကြီးဖြစ်လို့ ဆိုင်ကယ်စီးလို့မရ။ ကျောင်းရောက်ဖို့ သုံးနာရီလောက် လမ်းလျှောက်ခဲ့ရတယ်။

"ညီမရယ်----အဆင်ပြေပါ့မလား။ နေနိုင်ပါ့မလား"

"ငါ ဘာဆက်လုပ်ရမလဲ။ ဒီလောက်ခေါင်သီလိမ့်မယ်လို့ မထင်ထားဘူး။ စိတ်ညစ်လိုက်တာနော်။ အီးဟီး. . . ဟီး . . . အိမ်ပဲပြန်တော့မယ်"ဆိုပြီး ချုံးပွဲချင့်ခဲ့သေးတဲ့ ကျောင်းဆရာမ ကျွန်တော့ညီမ။

"ညီမရယ်. . . မငိုပါနဲ့။ စောစောသွားတော့ အိမ်ကို စောစောပြန်ရတာပေါ့"

သူ့ကိုသာ နှစ်သိမ့်နေတာ။ ကျွန်တော်ကိုယ်တိုင်ကလည်း ညီမလေးနဲ့ တစ်ခါမှမခွဲဖူးတော့ ရင်ထဲမှာ စူးစူးနစ်နစ်။ နာနာကြင်ကြင်။ အခုလို တစ်ခါမှမရောက်ဘူးတဲ့ အရပ်ဒေသမှာ ကိုယ့်ညီမလေးကို တစ်ယောက်တည်း ဘယ်ထားရက်ခဲ့ပါမလဲ။

ဒီလိုနဲ့ပဲ ရွာထိပ်ရောက်တော့ ကျောင်းအုပ်ဆရာမကြီးရယ်၊ ရွာသူရွာသားတစ်ချို့နဲ့ ကျောင်းသူ၊ ကျောင်းသားတစ်အုပ် လက်လေးတွေ့ဝှေ့ရမ်းပြီး ညီမအလာကို လာကြိုနေလိုက်ကြတာမှ ကြက်သီးတောင်ဖြန်းဖြန်းထတယ်။ အဲဒီလာကြိုနေတဲ့အုပ်စုထဲမှာ ကလေးအမေတစ်ချို့ကလည်း ကလေးလေးတွေကို ခါးတွင်းခွင်ခြီလို့ တစ်မျိုး။ ဘာမသိညာမသိ နှပ်ချေးတွဲလောင်းလေးတွေကလည်း ခုန်ဆွဲခုန်ဆွဲနဲ့ တစ်သွယ်။ သူတို့ရွာရဲ့ ဆရာမအသစ်လေးကို လိုလိုလားလား ကြိုဆိုနေလိုက်ကြတာ။ မြို့ကြီးတွေမှာဆို ဆရာ၊ ဆရာမနဲ့ မလွဲသာမချောင်သာ မျက်နှာချင်းဆိုင် ကြုံတွေ့ရပြီဆိုရင် အဲဒီကျောင်းသားက ညက အိပ်မက်မက်ထားလို့ မြေကြီးထဲမှာ ရွှေရှာသလိုလို ကောင်းကင်မှာပဲ ရဟန္တာကြွသွားတာကို ဖူးနေသလိုလို၊ သူ့နောက်မှာ ဘဝဟောင်းက အဆွေအမျိုးတစ်ယောက်ယောက် လိုက်ခေါ်နေလို့ လှည့်ကြည့်သလိုလိုနဲ့ မမြင်ချင်ယောင်ဆောင်တတ်ကြတယ်။ ကျေးလက်နဲ့မြို့ပြ ကွာခြားမှုကို စတင်တွေ့ထိခံစားမိခြင်းပါပဲ။

ညီမနေရမယ့် အိမ်လေးဆီကို ရောက်ခဲ့ပါပြီ။ အိမ်မှာဆိုပိုလ်အမြဲကျတတ်တဲ့ညီမ။ တခြားဆရာမတွေနဲ့ စုနေရမယ်ဆိုတော့ ကသိကအောက် အတော်လေးနိုင်မှာ အသေအချာပါပဲ။ ကောင်းပါတယ်လေ။ ဒါမှလည်း ကျွန်တော့်ညီမ လူတွေနဲ့ ဘယ်လိုပေါင်းသင်းဆက်ဆံရမလဲဆိုတာ ကိုပါ လုပ်သက်နဲ့အတူ ရင့်ကျက်လာပါလိမ့်မယ်။

ကျွန်တော်တို့လည်း ကျောင်းအုပ်ဆရာမကြီးနဲ့ ရွာမိရွာဖတွေဆီမှာ ညီမကိုအပ်ပြီး ပြန်ခဲ့ရတယ်။ ကျွန်တော်တို့ တောင် ရွာထိပ်မရောက်သေးဘူး။ ညီမ အနောက်ကနေ ပြေးလိုက်လာပြီး . . .

"သောကြာနေ့ကျရင် စောစောလာကြိုနော်"တဲ့။ အဲဒီလို ကျောင်းဆရာမ ကျွန်တော့်ညီမ။

ကျောင်းသတ်မှတ်ချက်က တနင်္လာနေ့မနက်ဆို အိမ်ကစောစောထွက်။ ကျောင်းမှာ တစ်ပတ်လုံးစာသင်။ သောကြာနေ့ညနေဆို အိမ်ပြန်။ ကျွန်တော့်ညီမကတော့ နေ့တိုင်းကို သောကြာနေ့ဖြစ်ချင်နေတာ။

အဲဒီတုန်းက တခြားသူတွေအတွက် အချိန်ကကုန်တာ မြန်တယ်။ ကျွန်တော်တို့မိသားစုအတွက်ကတော့ အချိန်ကကုန်ခဲလိုက်တာ။ သောကြာနေ့တိုင်းဟာ ကျွန်တော်တို့အတွက် အရေးတော်တော်လေးပါခဲ့တယ်။

တနင်္ဂနွေနေ့တွေဆိုရင် ကျွန်တော့်အမေ အလုပ်များပြီ။ ညီမအတွက် တစ်ပတ်စာ၊ ဟင်းချက်စရာဝယ်။ ကြော်လျှော်ချက်ပြုတ်။ စိန်ဗေဒါထက် လက်သွက်တဲ့အမေတောင် အလျင်မမီနိုင်ဖြစ်ခဲ့ရတယ်။

"အမေကြီး . . . ဒီတစ်ပတ်အတွက် ဟင်းများများလေး ပိုထည့်ပေးလိုက်ပါလား"

"သမီးရယ် . . . သမီးကိုထည့်ပေးလိုက်တဲ့ ဟင်းတွေကို အမေတို့မိသားစု ၅ ယောက် တစ်ပတ်စားလို့ရတယ်။ သမီး အရင်က ဟင်းစားမကြိုးပါဘူး။ အခုမှ ဘယ်လိုဖြစ်ပြီး ဟင်းစားကြီးသွားရတာလ"

"အဲဒီဟင်းတွေက သမီးလည်းမစားရပါဘူး။ သမီး ထမင်းစားခါနီးကျရင် သမီးအတန်းက ကလေးတွေရော တခြားအတန်းက ကလေးတွေပါ သမီးဆီလာကြတယ်။ သူတို့တွေ ထမင်းဘူးမပါကြဘူး။ ပါတဲ့ကလေးတွေကျတော့လည်း ဟင်းမပါဘူး။ သူတို့ရှေ့မှာ သမီး၊ ထမင်းမျိုမကျဘူး။ သူတို့တွေ ဆာနေကြမှာပဲဆိုပြီး သမီးရဲ့ဟင်းနဲ့ထမင်းကို သူတို့ကို ကျွေးလိုက်ပြီး သမီးက ပေါင်မုန့်စားပြီး ရေသောက်လိုက်တယ်"ဆိုတဲ့ ကျောင်းဆရာမ ကျွန်တော့်ညီမ။

အစ်ကို ၄ ယောက်ကိုလည်း မေးသေးတယ်။

"အစ်ကိုကြီးတို့ အစ်ကိုလေးတို့ဆီမှာ ပိုက်ဆံဘယ်လောက်ဆီရှိကြလဲ"

"ဟဲ့ ကျောင်းဆရာမဖြစ်နေပြီလေ။ ကိုယ့်လခနဲ့ကိုယ် လောက်အောင်သုံးပေါ့။ ငါတို့က ထပ်ပေးရဦးမယ်ဆိုတော့ လူကြားလို့မကောင်းပါဘူးဟာ"

"မဟုတ်ပါဘူး။ ကျောင်းက ကလေးတွေအတွက် စာရေးခုံနဲ့ ထိုင်ခုံလေးတွေလျှချင်လို့ပါ။ အစ်ကိုကြီးတို့ အစ်ကိုလေးတို့လည်း နောင်ဘဝမှာ ပညာပါရမီပါတာပေါ့။"

အစ်ကို ၄ ယောက်လည်း ရှိစုမဲ့စုလေးတွေထုတ်ပြီး ညီမအတန်းက ကလေးတွေအတွက် စာရေးခုံ၊ ထိုင်ခုံတွေ ရိုက်ပြီး ပညာပါရမီဖြည့်ခဲ့ကြရတယ်။ ညီမအတန်းအတွက်ပြီးသွားတော့ နောက်တစ်ခန်းပြီးတစ်ခန်းစာအတွက် ကြိုးစားဖြည့်ဆည်းပေးခဲ့ကြရတယ်။ ဒီလိုနဲ့ပဲ ညီမတို့ မူလတန်းကျောင်း လေးလည်း စာရေးခုံအစေ့၊ ထိုင်ခုံအစေ့ ဖြစ်ခဲ့ရပါပြီ။

သူ့အတန်းထဲက ကလေးတွေကို ခြေသည်း လက်သည်းညှပ်ပေးဖို့ လက်သည်းညှပ်နဲ့ တံစည်း ၁၀ စုံ၀ယ်ပြီး လာပို့ပေးပါဆိုလို့ ၀ယ်ပြီး မြန်မြန်လေးလိုက်ပို့ပေးခဲ့ရသေးတဲ့ အဖြစ်လေးတွေလည်း ရှိသေးတယ်။

ကျောင်းခေါင်မိုးကလည်း ကျောင်းသူ၊ ကျောင်းသားလေးတွေ အာကာသပညာရပ်ကို ထိုင်ရာမထ လေ့လာနိုင်လောက်အောင်ကို တိုးလျှိုပေါက် ပွင့်နေကြတယ်။ ကျောင်းအပြင်ဖက်ကို ထွက်စရာမလို။ အစ်ကိုတွေလည်း ထုံးစံအတိုင်း ပိုက်ဆံစုပြီး ကျောင်းခေါင်မိုး မိုးပေးခဲ့ရသေးတယ်။ ဒီလိုနဲ့ပဲ ကျောင်းသူကျောင်းသားလေးတွေ အာကာသပညာလေ့လာခွင့် ဆုံးရှုံးခဲ့ရတယ်။ စာသင်ရင်း အပြင်ဘေးဘီ ငေးကြည့်ခြင်းအတွက်လည်း ဆန္ဒမရှိစွာနဲ့ ရပ်ဆိုင်းခဲ့ကြရတယ်။ ကျွန်တော့်ညီမမျက်နှာလေး ပြုံးလို့။

မြို့တွေမှာဆို ဆရာ၊ဆရာမတွေ ပိုလျှံနေလို့ ဘာသာရပ်တစ်ခုကို သုံးလေးယောက်ခွဲပြီး သင်ကြတယ်။ ညီမကျောင်းမှာတော့ မြန်မာစာ ဒေါ်မြင့်မြင့်ထွေး။ အင်္ဂလိပ်စာ ဒေါ်မြင့်မြင့်ထွေး၊ သင်္ချာနဲ့အထွေထွေ သိပ္ပံဘာသာရပ် ဒေါ်မြင့်မြင့်ထွေး။ အခြားဘာသာရပ်ဆိုင်ရာ ဆရာမတွေ နေထိုင်မကောင်းလို့ ခွင့်ယူရတဲ့အခါမျိုးဆိုလည်း ကျွန်တော့်ညီမက ပင်တိုင်မင်းသမီးလေး။ အဲဒီလိုမျိုး ခေတ်သစ်စိန်ဗေဒါလုပ်နေရတာကိုလည်း မမောနိုင်မပန်းနိုင်ဖြစ်နေခဲ့တဲ့ ကျောင်းဆရာမ ကျွန်တော့်ညီမ။

အရင်တုန်းကဆို သောကြာနေ့မြန်မြန်ရောက်ပါစေဆိုပြီး ဆုအမြဲတောင်းနေခဲ့တဲ့ ကျောင်းဆရာမကျွန်တော့်ညီမ။ အခုတော့ . . .

အမေကြီး သမီး ဒီအပတ်စနေ၊ တနင်္ဂနွေ အိမ်ပြန်မလာတော့ဘူး။ ထမင်းတွေဟင်းတွေကတော့ထုံးစံအတိုင်းများများများလေးနော်။ ဘာဖြစ်လို့လဲ။ ကျောင်းမှာ အစည်းအဝေးရှိလို့လား။ မရှိပါဘူး ကလေးတွေကိုစနေ၊ တနင်္ဂနွေမှာ အချိန်ပိုခေါ်ပြီး စာသင်ပေးချင်လို့ပါ။

သမီးအနားယူဖို့အချိန်ကိုလည်း စဉ်းစားဦးလေ။ တော်ကြာနေထိုင်မကောင်းဖြစ်နေပါဦးမယ်။

ရပါတယ်အမေကြီးရယ်။ သမီးအနားယူရဖို့ထက် သူတို့လေးတွေကို စာအရမ်းတတ်စေချင်တယ်။ ၃ နှစ်ဆိုတဲ့ အချိန်ကာလက အခုကျတော့လည်း မြန်လိုက်တာ။ ညီမလုပ်သက် ၃ နှစ်တင်းတင်းပြည့်တဲ့နေ့မှာပဲ အထက်တန်းပြရာထူးနဲ့ အဲဒီရွာကနေ နောက်ထပ် ၂ နာရီ လောက် မော်တော်ထပ်စီးရတဲ့ရွာလေးကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်မိန့်ကျလာခဲ့ပါတယ်။ အဖေဆုံးတုန်းကတောင် ကျွန်တော့်ညီမ အဲဒီလောက် ဆွေးဆွေးနင့်နင့် မငိုခဲ့ဖူးဘူး၊ သူ့ကျောင်းကကလေးတွေနဲ့ ခွဲခွာရတော့မယ်ဆိုတော့ ပိုထားလိုက်တာမှ မျက်လုံးလေးတွေကို နီရဲမို့မောက်နေတာပဲ။ ခွဲခွာခြင်းရဲ့ သောကဝေဒနာကို ညီမတော်တော်လေး ကိုယ်တွေ့နားလည် ခံစားသဘောပေါက်ခဲ့ရတယ်။ အစိုးရဝန်ထမ်းဆိုတော့ အစိုးရရဲ့စေစားရာကိုတော့ သွားရမှာပဲဆိုပြီး အားတင်းပြီးသွားခဲ့တဲ့ ကျောင်းဆရာမ ကျွန်တော့်ညီမ။

ဒီရွာကပထမရွာထက်ပိုကြီးပြီး ပိုဖွံ့ဖြိုးတိုးတက်မှုရှိတယ်။ ထုံးစံအတိုင်းပါပဲ။ စာမျက်နှာ ၂၄ သို့

ဖတ်စရာ

လျှင်သေးကို ကြိုတွေ့ကြခြင်း

à ညီညီ(ဘော်တွင်း)

ငလျင်လှုပ်မည့်အရေး မည်သူမျှ ကြိုမသိနိုင်၊ ကြိုတင်အသံပေး၊ အရောင်ပြ၊ အချက်ပေးခြင်းမရှိ လှုပ်တတ်သည်။ အလွန်ပြင်းထန်ပြီး အန္တရာယ်များသော ငလျင်များရှိသလို အန္တရာယ်မများလှသည် ငလျင်များလည်းရှိသည်။ မည်သို့ပင်ရှိစေ ငလျင်ကြောင့် ဖြစ်တတ်သည့် ဘေးအန္တရာယ်များကို ကြိုတင်တွက်ဆ ကာကွယ်မှုပြုနိုင်ရန် အတွေ့အကြုံရှိသူများထံမှ နည်းယူကြရမည်ဖြစ်သည်။ မြန်မာတို့လည်း အတွေ့အကြုံရှိပါသည်။ ငလျင်အန္တရာယ်မှ အကာအကွယ်ယူနည်းများကို ရေးသားဖော်ပြခဲ့ဖူးသည်များလည် ရှိခဲ့ဖူးသည်။ သို့သော် ထပ်ချင်ထပ်စေ မလပ်စေနှင့် ဆိုသည့် သဘောထားအရ အောက်တွင် အဆင့်သုံးဆင့်ခွဲ၍ ထပ်မံရှင်းလင်းဖော်ပြလိုက်ပါသည် -

(၁) ငလျင်မလှုပ်မီ ကြိုတင်ဖြင်ဆင်ထားနည်း ခြောက်နည်း

(က) အိမ်အတွင်း အန္တရာယ်ရှိနိုင်သည့် အနေအထာများကို စစ်ဆေး ထိန်းသိမ်းခြင်း၊ ယင်းတွင် နံရံနှင့် မျက်နှာကျက်များတွင် ကပ်ရိုက်ကပ်ထောင်၊ ချိတ်ဆွဲထားသည့် ဆင့်၊ စာအုပ်စင်များကအစ ပန်းချီကား၊ ဓာတ်ပုံ၊ နာရီစသည် အရာများကို ပိုမိုခိုင်မြဲအောင် ပြုသင့်တာပြု၊ ဖယ်ရှားသင့်တာ ဖယ်ရှား၊ အိပ်ယာနေရာ ပတ်ဝန်းကျင်မှ ဖယ်ရှား။ လေးလံသော ပစ္စည်းများကို မြင့်ရာမှ နိမ့်ရာသို့ ရွှေ့သင့်တာရွှေ့၊ ကွဲရှနိုင်သော ပန်းကန်ခွက်ယောက်၊ ဖန်ထည် ပစ္စည်းများကို လုံခြုံစွာ ထုပ်ခြင်း၊ ထည့်ခြင်း ပြုသင့်တာပြု၊ ဆွေးမြေ့ပေါက်ပြန်သော လျှပ်စစ်ဝိုင်ယာကြိုး၊ ပစ္စည်းနှင့် စိမ့်ယိုသောဓာတ်ငွေ့ဗူး၊ ပိုက်များကို ပြင်သင့်တာပြင်၊ အသစ်လဲသင့်တာလဲ၊ အိမ်၏ မျက်နှာကျက်နှင့် အောက်ခြေ ဖေါင်ဒေးရှင်း ကွဲအက်သည်များ ရှိလျှင် တတ်ကျွမ်းသူတို့နှင့် တိုင်ပင်၊ ပြင်ဆင်၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် မီးလောင်လွယ်သော ပစ္စည်းများကို သေချာစွာ ထုပ်၊ ထည့်၊ ထိန်းချုပ် စသည်ဖြင့် စစ်ဆး ထိန်းသိမ်းမှု ပြုကြရပါမည်။

(ခ) အိမ်တွင်း၊ အိမ်ပြင် အန္တရာယ်ကင်းနိုင်သော နေရာများကို ကြည့်မှတ်ထားခြင်း၊ အတွင်းနံရံ၊ ခိုင်မာသောခုံ၊ စားပွဲ (လူဝင်ခိုနိုင်ရန်)၊ မှန်ပြတင်းကြည့်မှန်၊ စာအုပ်စင်၊ ချိတ်ဆွဲဓာတ်ပုံ စသည့်ပစ္စည်းများမှ ဝေးသောနေရာများ၊ အိမ်အပြင်ဘက်တွင် အဆောက်အအုံများ သစ်ပင်နှင့် တယ်လီဖုန်းလိုင်း၊ လျှပ်စစ်လိုင်းများ၊ လမ်းဖြတ်ကူးတံတား ခုံးကျော်တံတားစသည်များနှင့် ဝေးရာနေရာများကို ကြည့်မှတ်ထားပါ။

(ဂ) သင့်ကိုသင်ရော မိသားစုဝင်များကိုပါ ပညာယူ၊ ပညာပေးခြင်း၊ ယင်းတွင်အနီးဆုံး ဒေသ၊ ရပ်ကွက်ဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေးဌာနများ၊ မီးသတ်၊ ရဲ၊ ဆေးရုံ၊ လူနာတင်ယာဉ်ဌာနများနှင့် ဆက်သွယ်ပညာယူခြင်း၊ ကလေးငယ်များကိုလည်း အလားတူ သင်ကြားပေးထားခြင်း၊ အရေးပေါ်သတင်း ထုတ်ပြန်သော မီဒီယာများနှင့် ဆက်သွယ်တတ်ရန် သင်ကြား ပေးထားခြင်း၊ ဓာတ်ငွေ့အိုးနှင့် ပိုက်လိုင်းများကို ပိတ်ရန် မိသားစုအား သင်ကြားပေးထားခြင်းတို့ ပါဝင်သည်။

(ဃ) အရေးပေါ်သုံးရန် ပစ္စည်းများ လက်ဝယ်ထားရှိခြင်း၊ ယင်းတွင် လက်နှိပ်ဓာတ်မီးနှင့် ဓာတ်ခဲအပိုများ၊ မိုဘိုင်းဖုန်းနှင့် ပါဝါဘန့်များ၊ ရေးဦးသူနာပြုဆေးနှင့် ပစ္စည်းသေတ္တာနှင့် လက်စွဲစာအုပ်၊ အရေးပေါ်စားစရာနှင့် ရေ၊ အမြဲသုံးဆေးများ၊ ဆောင်ငွေနှင့်ဘဏ်စာအုပ်၊ အကြွေးကတ်စသည်တို့ ပါဝင်သည်။

(င) အရေးပေါ်ဆက်သွယ်ရေး အစီအစဉ်ရေးဆွဲပြီး လေ့ကျင့်ထားခြင်း၊ ငလျင်ကာလအတွင်း မိသားစုများ တစ်နေရာစီ ကွဲပြားနေနိုင်သည်ဖြစ်၍ ပြန်လည်ဆုံစည်းရေးအတွက် အစီးအစဉ်တစ်ခု ရေးဆွဲလေ့ကျင့်ထားခြင်း။ ဗဟိုပြုဆက်သွယ်နိုင်မည့် ရပ်ဝေးနေ သားချင်းတစ်ဦးဦး၏ အမည်နှင့် ဆက်သွယ်ရေးကိစ္စများကို ကြိုတင်သတ်မှတ် အသိပေးထားနိုင်ခြင်း။

(စ) အသိပညာနှင့် သတင်းဝန်ဆောင်မှု၊ ယခုအခါ ငလျင်ကဲ့သို့သော အရေးပေါ် အခြေအနေများ အတွက် ဆက်သွယ်ခြင်း၊ ပညာပေး၊ ပညာယူခြင်းများပြုနိုင်ရန် အရေးပေါ် ကယ်ဆယ်ရေးဌာနတစ်ခုကို အစိုးရက ဖွဲ့စည်းပေးထားသည်။ ယင်းအဖွဲ့အစည်းသည် မြန်မာပြည် တစ်နံတစ်လျှား အရပ်ဒေသအနှံ့ ယင်းတို့၏ အလုပ်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်၊ အစီအစဉ်ချကာ ဖွဲ့စည်းခြင်း ပညာပေးခြင်း၊အရေးပေါ်လျှင် ပေါ်သလို ထောက်ပံ့ကူညီခြင်း စသောအလုပ်များကို လုပ်ဖို့လိုပါသည်။ ကြက်ခြေနီ အသင်းများကလည်း နိုင်ငံအနှံ့ ဖွဲ့စည်းလှုပ်ရှားဖို့ လိုပါသည်။ သတင်းစာ၊ ဂျာနယ်နှင့် ရုပ်သံလွှင့် အစီအစဉ်ပိုင်းကလည်း ငလျင်အပါအဝင် အရေးပေါ်ကိစ္စများကို မပြတ်မလပ် ပညာပေးနေရန် လိုအပ်သည် ထင်ပါသည်။ သို့မှသာ တကယ်အရေးကြုံသောအခါ ကယ်ဆယ်ရေးကိစ္စများကို ဒုက္ခသည်များ၏ သိမြင်နိုးကြာမှုဖြင့် လွယ်လင့်တကူ ဆောင်ရွက်နိုင်မည်ဖြစ်၏။

(၂) ငလျင်လှုပ်နေစဉ် အန္တရာယ်ကင်းရေး

အချို့သောငလျင်တို့သည် အကြိုငလျင်များဖြစ်ပြီး ယင်တို့နောက်မှ ပင်မငလျင်ကြီး လိုက်လာတတ်သည်ကို သိထားဖို့ လိုပေသည်၊ သို့မှသာ ဘာကိုမျှော်လင့်ရမည်ကို သိမည်ဖြစ်၏။ ယင်းနောက်တွင်လည်း ငလျင်ငယ်များ လိုက်လာတတ်သည်။ အရေးကြီးသည်မှာ ငလျင်လှုပ်နေစဉ်အတွင်း ဘေးကင်းနိုင်သည့် နေရာသို့ ဖြည်းဖြည်းချင်းရွှေ့သွားပြီး ယင်းဘေးကင်းရာတွင် နေမြဲနေရန်နှင့် အိမ်အတွင်းတွင်ဖြစ်လျှင် ငလျင်ငြိမ်သွားမှ ဘေးကင်းစွာဖြင့် အပြင်သို့ထွက်ရန်ဖြစ်သည်။ အိမ်အတွင်းမှာရှိနေလျှင် ထိုင်ချလိုက်ပြီး တောင့်တင်းခိုင်မာသော စားပွဲ သို့မဟုတ် အခြားပရိဘောဂပစ္စည်း တစ်ခုခု အောက်တွင်ခိုနေပါ။ ယင်းပစ္စည်းများ မရှိလျှင် မျက်နှာနှင့် ဦးခေါင်းကို အဝတ်ပတ်ထားသော လက်မောင်းဖြင့် ကာကွယ်ပြီး အိမ်ထောင့်တစ်နေရာရာတွင် ဝပ်နေပါ။ မှန်စ၊ ဖြတ်စကျစရာ ပြတင်းပေါက်များ၊ တံခါးများနှင့် နံရံစသည်ဖြင့် အပေါ်မှ တစ်စုံတစ်ရာ ကျစရာရှိသည့်နေရာများနှင့် ဝေးဝေးနေပါ။

ငလျင်လှုပ်လာသောအခါ အိပ်ရာထဲတွင် ရှိနေပါက အပေါ်မှကျစရာတစ်ခုခု မရှိလျှင် ထိုနေရာမှာပဲနေပါ။ ကျစရာရှိ လျှင်မူ ချက်ချင်းနေရာရွှေ့ပါ။ ငလျင်မရပ်မချင်း အိမ်ထဲမှာပဲနေပါ၊ ဘေးကင်းကြောင်းသေချာမှ အပြင်ထွက်ပါ။ လျှပ်စစ်မီးပျက်မည့်အရေးကို သိထားပါ။ ဓာတ်လှေခါးများကို မသုံးပါနှင့်။

အိမ်အပြင်မှာ ရောက်နေလျှင် (ဘေးကင်းနိုင်သည့်နေရာဖြစ်လျှင်) ရှိသည့်နေရာမှာ နေမြဲနေပါ။ အဆောက်အအုံများ၊ ကောင်းကင်မီးကြိုးများ၊ လမ်းမီးများအောက်မှဝေးဝေးနေပါ၊ ပွင့်လင်းသောနေရာ ရောက်သည်နှင့် ထိုနေရာမှာသာနေပါ။ အဆောက်အအုံများ၏ အပြင်ဘက် ကပ်လျက်ရှိသော နေရာများ၊ အပြင်နံရံများနှင့် တံခါးထွက်ပေါက်နေရာများသည် အန္တရာယ်အများဆုံးနေရာများဖြစ်သည်။

လှုပ်ရှားနေသော ယာဉ်ပေါ်တွင်ရှိနေလျှင် ယာဉ်အတွင်းမှာသာ နေပါ။ အဆောက်အအုံများ၊ သစ်ပင်များ၊ လမ်းကျော်၊ ခုံးကျော်တံတားများ၊ ကောင်းကင်မီးကြိုးများနှင့် လွတ်ရာသို့မောင်းပါ။ မိမိရောက်လိုရာသို့ သတိကြီးစွာဖြင့် မောင်းသွားပါ။ ငလျင်ကြောင့် ပျက်စီးမှုဖြစ်နိုင်သည့် လမ်းတံတားနှင့် ကုန်းတက်များကို ရှောင်ပါ။

ပြိုကျပစ္စည်းများအောက်တွင် ပိမိနေလျှင် မီးခြစ်မခြစ်ပါနှင့်၊ ဖုံထမည့်လှုပ်ရှားမှုမျိုး၊ ကန်ကြောက်ခြင်းမျိုး မလုပ်ပါနှင့်။ သင်၏ မျက်နှာနှင့်ပါးစပ်ကို လက်ကိုင်ပဝါ၊ အဝတ်စတစ်ခုခုဖြင့် ဖုံးအုပ်ထားပါ။ ကယ်ဆယ်ရေးသမားများအား သင့်နေရာ သိနိုင်စေရန် ပိုက်လုံး၊ နံရံကို တီးခေါက်ပါ။ ခရာရှိလျှင်ခရာတုတ်ပါ။ အော်ဟစ်ခြင်းကို နောက်ဆုံးမဖြစ်မှ လုပ်ပါ။ အော်ဟစ်ခြင်းသည် ဖုံကိုရှူသွင်းရသည့်အဖြစ်သို့ ရောက်စေသည်။

(၃) ငလျင်လှုပ်ပြီးသောအခါ လုပ်ဆောင်ရန်

ပင်မငလျင်ကြီးနောက်တွင် နောက်ဆက်တွဲ ငလျင်ငယ်ကလေးများ ပါလာတတ်သည်။ ငယ်သည်ဟုဆိုသော်လည်း အချို့မှာ အာနည်းနေ သော အဆောက်အအုံစသည်တို့ကို ပြုတ်ကျစေနိုင်သည့် အင်အားရှိတတ်သည်။ ယင်းတို့သည် နာရီပိုင်းအတွင်း၊ ရက်ပိုင်းအတွင်း၊ ရက်သတ္တပတ်များအတွင်း သို့မဟုတ် လများအတွင်း ဖြစ်ပေါ်နိုင်သည်။ ယခုခေတ်တွင် သတင်းမီဒီယာ၊ နည်းပညာဖွံ့ဖြိုးသည်ဖြစ်၍ အခြေအနေအရပ်ရပ်ကို မိုဘိုင်းဖုန်းများဖြင့် အလွယ်တကူ သိရှိနိုင်သည်။

အဆောက်အအုံ အပျက်အစီးများနှင့် ဝေးရာတွင်နေပါ။ အာဏာပိုင် (ရဲ၊ မီးသတ်၊ ကယ်ဆယ်ရေးအဖွဲ့)တို့ထံမှ ဘေးကင်းပြီဟု သတင်းရပြီးမှ အိမ်ပြန်ပါ။ (မြန်မာပြည်မှာ သည်အဆင့်ရောက်အောင် လုပ်ကြရပါမည်)။ မိမိအိုးအိမ်သို့ မိမိဝင်ရောက်ရာတွင် ကြောင်အိမ်၊ အံဆွဲ၊ စင်စသည်တို့ကို သတိဖြင့်ဖွင့်ပါ၊ အထဲမှ ပစ္စည်းများ ထွက်ကျနိုင်ပါသည်။

ပင်လယ်ကမ်းခြေ အရပ်ဒေသများတွင် ဆူနားမီပင်လယ်ရေလှိုင်းများ တက်လာနိုင်ပါသည်၊ ငလျင်တုန်ခါမှုဒဏ်အား ပင်လယ်ရေပြင်၏ တုံ့ပြန်မှုဖြစ်သည်။ ဆူနားမီး သတိပေးချက်ရှိလျှင် ပင်လယ်ကမ်းစပ်အရပ်များကို စွန့်ခွာရန်ဖြစ်၏။ ထိခိုက်ဒဏ်ရာရသူများ၊ အထူးသဖြင့် ကလေးယ်နှင့် သက်ကြီးရွယ်အို များ၊ မသန်စွမ်းသူများကို ကူညီကယ်မပါ၊ အနည်းဆုံး ဘေးဥပဒ်ကျရောက်နိုင်သော နေရာမှ လွတ်ရာသို့ ရွှေ့ပြောင်းပေးပါ။ ဓာတ်ဆီဆိုင်၊ ဓာတ်ငွေ့ဆိုင်၊ ဓာတ်ငွေ့ပိုက်လိုင်းများနှင့် လျှပ်စစ်ဖြန့်ဖြူးရေးစနစ်စသည့် မီးလောင်နိုင်စရာ အကြောင်းရှိသည့် နေရာများကို စစ်ဆေးပါ။ မသက်ာစရာတွေ့လျှင် ချက်ချင်း သက်ဆိုင်ရာသို့ သတင်းပို့ပါ။

ကြောက်စရာ့ငလျင်ဘေး အရေးကြုံသောအခါ သက်လုံကောင်းနိုင်ကြပါစေ။

အလွန်ပြင်းထန်ပြီး အန္တရာယ်များသော ငလျင်များရှိသလို အန္တရာယ်မများလှသည့် ငလျင်များ လည်းရှိသည်။ မည်သို့ပင်ရှိစေ . . .

ကျောင်းဆရာမ ကျွန်တော့ညီမ...

စာမျက်နှာ ၂၃မှ

လာကြိုလိုက်ကြတာမှ မော်တော်ဆိုက်ကယ်တဲ့ကမ်းဖက်မှာ အရွယ်စုံ၊ ပုံစံစုံနဲ့ ဖွေးဖွေးလှုပ်လှုပ်၊ အဲဒီကျောင်းအသစ်မှာ တာဝန်ထမ်းဆောင်နေရပေမယ့်လည်း အရင်ရွာက ကလေးတွေရဲ့ လှုပ်ရှားမှုပုံရိပ်လေးတွေကတော့ ရစ်ဝဲလှုပ်ရှားနေဆဲပါပဲ။ ညီမကို ဒုတိယရွာကနေ သွားကြိုပြီး အပြန်လမ်းမှာ ပထမရွာရဲ့ ကျောင်းအုပ်ဆရာမကြီးဆီကို ဝင်တွေ့ဦးမယ်ဆိုလို့ ခဏစောင့်နေခဲ့ရပါသေးတယ်။ ဘာသွားလုပ်တာလဲညီမ။ စနေ၊ တနင်္ဂနွေတွေမှာ ဒီကျောင်းကိုလာပြီး ကျောင်းသူ၊ ကျောင်းသားလေးတွေကို အချိန်ပိုခေါ်စာသင်ပေးလို့ရမလားဆိုပြီး ကျောင်းအုပ်ဆရာမကြီးကို ဝင်မေးကြည့်တာပါ။ ကျောင်းသူ၊ ကျောင်းသားတွေအပေါ်ထားတဲ့ ဆရာမရဲ့စေတနာကိုတော့ လေးစားပါတယ်။ သူများကျောင်းကဆရာမက ဒီကျောင်းမှာ စာလာသင်နေတယ်ဆိုပြီး ပြဿနာရှင်းနေရပါဦးမယ်ဆရာမဆိုပြီး ကျောင်းအုပ်ဆရာမကြီးက ဖျောင်းဖျပြောဆိုရတဲ့အထိ သံယောဇဉ်ကြီးတဲ့ကျောင်းဆရာမ ကျွန်တော့်ညီမ။ ကျောင်းသစ်မှာက ကြိုးဖုန်းရှိတယ်။ ညီမအတွက်တော့ဟန်ကျတာပဲ။ အိမ်ကိုလှမ်းမှာချင်တာရှိရင် ကျောင်းအုပ်ဆရာမကြီးဆီခွင့်ပန်ပြီး နံပါတ်လေးနှိပ်လိုက်ရုံပဲ။ အတန်းထဲက ကလေးမလေးတွေက ၉ တန်း၊ ၁၀ တန်းအရွယ်လေးတွေဆိုတော့ မိန်းကလေးရောဂါစနေကြပြီ။

'တနင်္ဂနွေ ထမင်းချိုင့်လာပို့ရင် ငါးဆင့်ချိုင့်အကြီးကြီးနဲ့ များများလေးထည့်လာခဲ့နော်။ ဒီကျောင်းမှာလည်း ထမင်းချိုင့်မပါတဲ့ ကလေးတွေရှိတယ်' ဆိုတာကတစ်လေ။

'အသိမတ်ဆွေတွေအိမ်မှာ အဝတ်အစားဟောင်းလေးတွေ အလှျှံခံကြည့်ပါဦး။ အထူးသဖြင့် မိန်းကလေးဝတ်တွေများများလိုတယ်' ဆိုတာက တစ်သွယ်။

'ဗလာစာအုပ် (၁၀)ဒါဇင်၊ ခဲတံ၊ ဘောပင်အချောင်း ၅၀ ဝယ်ထားပေးပါ' ဆိုတာက တစ်ဖို့။

ဆက်သွယ်ရေးကဏ္ဍတိုးတက်လာခြင်းမှာလည်း ကောင်းကျိုးဆိုးကျိုး ဒွန်တွဲနေပါလား။ အိမ်ကလူတွေလည်း တစ်ယောက်မှ အငြိမ်မနေကြရအောင် အဝေးခိုင်းကျွမ်းကျင်တဲ့ ကျောင်းဆရာမ ကျွန်တော့်ညီမ။

အလှျှံခံလို့ရသမျှ အဝတ်အစားတွေကို အမေက ဖြတ်တောက်ဖားထေးပြီး အဝတ်လျှော်စက်ထဲထည့်လျှော်။ မီးပူတိုက်။ ကျန်ကျောင်းအိတ်ကြီးထဲ စီစီရိရိထည့်။ လိုင်းကားတိုးစီး။ ဆိုင်ကယ်ကယ်ရီ ဒါမှမဟုတ် စက်ဘီးကယ်ရီ ထပ်စီး။ လမ်းဆက်လျှောက်။ မော်တော်ထပ်စီးပြီး ညီမကျောင်းကို အရောက်ပို့ပေးရတယ်။

'လုပ်ပြီးမလာကြပါနဲ့။ ခုနံပါတ်အလိုက်ခေါ်မယ်။ ကိုယ့်အလှည့်မဟုတ်ရင် ထမလာနဲ့နော်။ လူစေ့အကုန်ရမယ်။ ဒီတစ်ပတ်ထဲမှာ မရလိုက်တဲ့ လူရှိရင်လည်း နောက်တစ်ပတ် ကျရင်ရမယ်'

'အမယ်လေး။ ထပ်ပြီး အလှျှံခံခိုင်းဦးမယ်လို့ဆိုလိုတာပေါ့လေ။ ဘုရား ဘုရား. . . ။ လူစေ့ရကြပါစေ။'

'ခုံနံပါတ်-၁၊ မယဉ်မွန်။ လာ. . . သမီး။ အင်း. . . သမီးလေးနဲ့ဆို ဒီအကျီကျနဲ့စကပ်လေးက အတော်ပဲ။ သမီးလေးကြိုက်တယ်မဟုတ်လား။ ကဲ. . . ရော့. . . ဒါလေးယူပြီး ကိုယ်နေရာကိုယ်သွားထိုင်နေလိုက်ပါဦး'

'ခုံနံပါတ်-၂။ မောင်ညီညီလွင်။ လာ. . သားလေး. . ဒီအကျီနဲ့ပုဆိုးလေး ဝတ်ကြည့်လိုက်ပါဦး။ အဲ. . အတော်ပဲ။ ကြိုက်ရဲ့လားသားလေး. . . ။ အေး. . . ဟုတ်ပြီ။ ကိုယ့်နေရာကိုယ် သွားထိုင်လိုက်ပါဦး'

အဲ့ဒြေစရာကောင်းလိုက်တာ။ ကျွန်တော့ညီမကို ကြည့်ပါဦး။ ဆရာမကြီးလေသံမျိုးနဲ့ ဘယ်တုန်းက ဒီလောက်တောင် ရင့်ကျက်သွားတာပါလိမ့်။ အသံဖမ်းစက်လေးပါရင် အသံဖမ်းပြီး အမေကြီးကို နားထောင်စေချင်လိုက်တာ။ အမေကြီးလည်း အံ့ဩမိမှာသေချာတယ်။

အစိုးရဝန်ထမ်းတို့ ထုံးစံအတိုင်း အထက်တန်းပြရာထူးနဲ့ လုက်သက် ၃ နှစ်ကြာမှာ ပြောင်းရွှေ့မိန့်ထပ်ကျလာခဲ့ပြန်ပါပြီ။ မြို့ကိုပြောင်းချင်လို့ဆိုပြီး ဆန္ဒပြင်းပြသူတွေထဲမှာ မပါ-တဲ့ ကျောင်းဆရာမ ကျွန်တော့ညီမ။ မပြောင်းချင်ပေမယ့်လည်း အ. ထ. က (၁) သန်လျင်ကို ပြောင်းခဲ့ရပြန်ပါပြီ။

အင်း. . . ကျွန်တော့ညီမ ဒီတစ်ကြိမ်တော့ အတွေ့အကြုံရင့်ကျက်လာပြီပဲ့ မင့်လောက်တော့ပါဘူးလို့ထင်ထားတာ။ ဘယ်ဟုတ်လိမ့်မလဲ။ ထုံးစံအတိုင်း မျက်လုံးလေးတွေ နီရဲမို့မောက်နေဆဲပါပဲ။ မြို့ကျောင်းက ကျောင်းသူ၊ ကျောင်းသားလေးတွေရဲ့ မျက်နှာကိုမြင်တိုင်း တောရွာကျောင်းလေးတွေက မပြည့်မစုံ ချို့တဲ့ချချာ၊ အနုံ့အသက်မျိုးစုံ၊ ချစ်စရာအမူအကျင့်လေးတွေအဖုံဖုံနဲ့ လူကိုမြင်တိုင်း "ဆရာမလေး. . ဆရာမလေး. . . " ဆိုပြီး လက်မောင်းနှစ်ဖက်ကို အလုအယက် အတင်းဆွဲခိုတတ်ကြတဲ့ နေလောင်အဆီပြန် မျက်နှာအဝိုင်းသားပိုင်ရှင်လေးတွေကိုပဲ မျက်လုံးထဲမှာ အမြဲတမ်းမြင်ယောင်နေဆဲပါတဲ့။ အဲဒါ ကျောင်းဆရာမ ကျွန်တော့ညီမ။ ။

ပုလောမြို့နယ်လုံးဆိုင်ရာ ကမ္ဘာလှတောင် ပါဒစက်တော်ရာ ဘုရားပွဲတော်ကျင်းပ

ပုလော ဧပြီ ၁၉

(၁၄၇) ကြိမ်မြောက် ပုလောမြို့နယ်လုံးဆိုင်ရာ ကမ္ဘာလှတောင် ပါဒစက်တော်ရာ ဘုရားပွဲတော်ကို ၁၃၇၈ ခုနှစ် တန်ဆူးလဆန်း (၁၁) ရက် (ဧပြီ ၁၈) ရက် နံနက် (၈) နာရီက အဆိုပါ ဘုရားမုခ်ဦး၌ ကျင်းပပြုလုပ်ခဲ့ရာ မြတ်မြို့နယ် လှည်းဘီးပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တလာသနနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ကြွရောက်လာကြသော ဆရာတော်အရှင်သူမြတ်များကို ဒေသခံပြည်သူများက ဆွမ်း၊ ဆန်စိမ်းများ လောင်းလှူပူဇော်ခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဧည့်ပရိသတ်များက ဆရာတော်အရှင်သူမြတ်ထံတွင် ငါးပါးသီလခံယူတည်ဆောက်ကြသည်။ (၁၄၇) ကြိမ်မြောက် ပါဒစက်တော်ရာဘုရားပွဲတော်ကြီးကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဦးစီးနာယကကော်မတီ၊ လုပ်ငန်းကော်မတီများက လျှောက်ထားတင်ပြကြပြီး၊ ပုလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်းက လိုအပ်သည်များကို ဖြည့်စွက်လျှောက်ထားတင်ပြခဲ့သည်။

အဆိုပါ ကမ္ဘာလှတောင်သည် ထားဝယ်-ပုလော-မြိတ် ကာလမ်းပေါ်တွင်တည်ရှိကာ ပုလောမြို့နယ်မှ (၁၆) မိုင် ခန့်ရှိပြီး ခြေတော်ရာရှိရာ တောင်ပေါ်သို့ ခြေကျင်တက်ရောက်မည်ဆိုပါက ၁ မိုင် ၅ ဖာလုံ ခန့်ရှိသော်လည်း ကားလမ်းဖြင့်တက်ရောက်နိုင်ပြီး ဘုရားဖူးမိဘပြည်သူများ၊ သက်ကြီးရွယ်အိုများ မပင်မပန်း ဘုရားဖူးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိသည်။ ဘုရားဖူးပြည်သူများဖြင့် နေ့ညမပြတ် ကြက်ပျံမကျ စည်ကားလျက်ရှိကြောင်းနှင့် ဘုရားပွဲတော်ကို နှစ်စဉ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပပြီး နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန် မြန်မာ့နှစ်ဆန်း (၂) ရက်မှ စတင်၍ ၁၅ ရက်တိုင်တိုင် ပူဇော်ကျင်းပခဲ့ရာ (၁၄၇) ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တိုးတက်ပြောင်းလဲမှုတိုင်းတွင် အောက်ခြေမှစတင်

မန္တလေး ဧပြီ ၁၉

တိုးတက်ပြောင်းလဲခြင်းအတွက် အထက်ပိုင်းမှ မူဝါဒများချမှတ်ကာ ထိုမူဝါဒကို အောက်ခြေမှ သိရှိလိုက်နာအကောင်အထည်ဖော်ရမည်ဖြစ်သည်။ တိုးတက်သောကုမ္ပဏီများ စက်ရုံများတွင် လူစွမ်းအားအရင်းအမြစ်ကို ကောင်းမွန်စွာ အသုံးချလျက်ရှိသည်။ လိုအပ်သောသင်တန်းများကို လစဉ်ပေးခြင်း၊ နည်းပညာများကို လက်လှမ်းမီအောင် သင်ပေးခြင်းများ ပြုလုပ်လာကြသည်။

ဝန်ထမ်းများကို အင်္ဂလိပ်စာအရေး အဖတ် အပြောကို သင်ကြားပေးသလို အခြားစာရင်းအင်းပိုင်းများတွင် နိုင်ငံတကာနည်းများအတိုင်း လုပ်ဆောင်လာကြသည်။ ပြောင်းလဲမှုတစ်ခုတွင် အောက်ခြေလုပ်သားများ၏ အစွဲစိတ်နှင့် လုပ်ကိုင်ပုံ မပြောင်းလဲခြင်းမှာ အခက်အခဲတစ်ခုအဖြစ် တည်ရှိနေသည်။ အလုပ်သမားအများစုမှာ အလွယ်လုပ်ကာ စည်းကမ်းသဘောကို လိုက်နာမှုအားနည်းလျက်ရှိသည်။ နိုင်ငံတကာစံနှုန်းအတိုင်း လိုက်မီရေး စီမံဆောင်ရွက်မှုတွင် ကြီးလေးသည်ဟုထင်ကာ လိုက်နာမှုအားနည်းကြကြောင်း သိရသည်။

တိုးတက်သော စက်ရုံဖြစ်ရေးအတွက် ဝန်ထမ်းများနှင့်အတူ အလုပ်သမားများ၏ အခြေခံစိတ် ပိုမိုပြုပြင်ပြောင်းလဲပေးလာကြသည်။ ထိုသို့ပြောင်းလဲပေးရေးအတွက် နေ့စဉ် ငါးမိနစ်ခန့်အလုပ်မဝင်မီ အသိပညာပေး ပြောကြားသည်။ ထိုသို့ပြောကြားမှုတွင် စည်းရုံးမှုအသွင်ဆောင်ကာ လုပ်ကိုင်နည်းစနစ်ခံယူမှု သဘောထားများနှင့် ကိုယ်လိုချင်သည့်ပုံစံများကိုပါ သင်ယူစွဲခေါ်လာကြသည်။ ထိုသို့ပြောဖန်များလာခြင်းနှင့်အတူ လုပ်ကိုင်ရသည့်အကြောင်းနည်းစနစ်များကို သိရှိကာ လိုက်နာလာကြကြောင်းသိရသည်။ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်ပါ နေ့စဉ်ပညာပေးပြောကြားလေ့ရှိသည်။

တိုးတက်သောနိုင်ငံဖြစ်ရေးအတွက်လည်း ဝန်ထမ်းများနှင့်အတူ ပြည်သူ့ပြည်သားများ၏ ခံယူချက်များကို ပြောင်းလဲကြရမည်ဖြစ်သည်။ တိုးတက်သောနိုင်ငံဖြစ်ရေး တိုးတက်သောခံယူမှုကလေးများကို ခံယူအောင်လုပ်ဆောင်ကြရမည်ဟုလည်း ပညာရှင်များ သုံးသပ်ပြောဆိုလာသည်။ လက်ရှိကာလတွင် နိုင်ငံတကာ အဆင့်မီ ကုန်ထုတ်လုပ်ငန်းများ ကုမ္ပဏီများမှာ အောက်ခြေအလုပ်သမားများမှ စကာ ဝန်ထမ်းများအထိ ခံယူမှုသဘောထားများကို အမှန်ဖြစ်စေရေး နေ့စဉ်ပညာပေးလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

တိမ်တမန်

ဆောင်းပါး

"ငယ်ကျွမ်းဆွေကို နေ့စဉ်တွေ့ပါရစေ"

à ဖောင်သောင်းဝင်း(တမန်ဟောင်း)

"စောစောစီးစီး ထိုင်လိုက်ထလိုက်နဲ့ ဂနာမငြိမ် ဘာဖြစ်နေတာလဲ" ဆိုပြီး မဒမ်ဝင်းက မေးမြန်းလာပါတယ်။ "အေးကွာ၊ သတင်းစာဘယ်လိုယူရမလဲလို့ စဉ်းစားနေတာပါ" လို့ လေပြေထိုးလိုက်ရပါတယ်။ နံနက် ၅ နာရီထနေ့စဉ်ပြုလုပ်နေကျ ဘုရားရှိခိုး၊ ပရိတ်၊ ပဋ္ဌာန်းရွတ်၊ ပုတီးစိတ်၊ တရားထိုင်၊ ၃၁-ဘုံရှိ သတ္တဝါများအား မေတ္တာပို့ အမျှအတန်းပေးဝေပြီး အိမ်ရှေ့ ထွက်လိုက်၊ ဝင်လိုက်လုပ်နေသော စာရေးသူကိုကြည့်ပြီး ဇနီးဖြစ်သူက စိတ်မရှည်သောမျက်နှာပေးဖြင့် မြည်တွန်တောက်တည်းနေခြင်းဖြစ်ပါတယ်။

မွေးရပ်အညာမြေကို ခွင့်သွားခဲတဲ့ သင်္ကြန်ရုံးပိတ်ရက်အကြို ဧပြီ ၈ ရက်နေ့ကတည်းက သတင်းစာမဖတ်ရတာ ဧပြီ ၁၂ ရက်နေ့ထိဆိုလျှင် ၅ ရက်တောင်ရှိသွားပါပြီ။ နေပြည်တော်ကို ပြန်ရောက်တဲ့ ဧပြီ ၁၁ ရက်နေ့ကတည်းက သတင်းစာဖတ်ချင်နေတာပါ။ တပ်တွင်းစာကြည့်တိုက်ကလည်း ပိတ်ထားတော့ သတင်းစာအပြင် ကျန်စာအုပ်များကိုပါ ငှားလို့မရဖြစ်နေပါတယ်။ နေ့စဉ်ထုတ်သတင်းစာ မဖတ်ရလို့ စိတ်ထဲမာတစ်ခုခုလိုနေသလို ခံစားနေရပါတယ်။ အပိုပြောတာမဟုတ်ပါ။ မှန်တာပြောသစ္စာပါ။ သတင်းစာ ပုံမှန်ဖတ်ဖူးတဲ့သူများ ထိုခံစားချက်ကိုသိပါတယ်။

ရုံးဖွင့်ရက်များတွင် နံနက် ၈ နာရီဆို ကြေးမုံ၊ မြန်မာ့အလင်း၊ မြတ်တီ၊ The Global New Light of Myanmar စတဲ့သတင်းစာ ၄ စောင်စလုံးကို ဖတ်ခွင့်ရပါတယ်။ ငယ်စဉ်က အထိုက်အလျောက်စာကြိုးစားခဲ့၍ နေ့စဉ်ထုတ်သတင်းစာများကို ယခုလို နေ့ချင်းဖတ်ခွင့်ရခြင်းဖြစ်ပါတယ်။ အထူးအားဖြင့် အတန်းပညာကို ကိုယ်တိုင်သင်ယူခွင့်မရခဲ့ကြပေမယ့် သား၊ သမီးများကိုမူ မဖြစ်မနေကျောင်းထားပေးခဲ့တဲ့ မိဘများ၏ ဆပ်၍မကုန်နိုင်သော ကျေးဇူးတရားများကြောင့်ပါ။

တောရွာမှာကြီးပြင်းခဲ့ရပေမယ့် ငယ်စဉ်ကတည်းက တောမြို့ကလေးဖြစ်တဲ့ စလေမြို့တွင် သတင်းစာမှာယူသူ တစ်ဦးထံမှ သတင်းစာဌားရမ်းပြီး ပုံမှန်ဖတ်ဖြစ်ခဲ့ပါတယ်။ ဝန်ထမ်းဖြစ်တော့လည်း ကယားပြည်နယ်ရှိ အစွန်အဖျားမြို့ကလေးမှာ တာဝန်ကျခဲ့ပေမယ့် လကုန်လျှင် လွိုင်ကော်မှ ယာဉ်တန်းနဲ့ပါလာတဲ့ တစ်လစာသတင်းစာများကို ဖတ်ခဲ့ရတဲ့အရသာကိုယနေ့အထိသတိရနေဆဲပါပဲ။ ဝန်ထမ်းတစ်ဦးဟာ ဝေးလံခေါင်ဖျားသောဒေသများသို့ ဘယ်လိုပင်သွားရောက်တာဝန်ထမ်းဆောင်နေရစေကာမူ နေ့စဉ်ထုတ် သတင်းစာများကိုသာ စဉ်ဆက်မပြတ်ဖတ်မှတ်သွားမည်ဆိုလျှင် လောကကြီးနှင့် အဆက်မပြတ်ထိတွေ့ခွင့်ရနေပါတယ်။ အထူးသဖြင့် ဘဝတိုးတက်ရာတိုးတက်ကြောင်းကို မျှားစွာအထောက်အကူဖြစ်စေပါတယ်။

အိုင်တီနည်းပညာများတိုးတက်နေသော မျက်မှောက်ခေတ်ကြီးတွင် သတင်းစာကို အွန်လိုင်းက ဖတ်လို့ရတယ်လို့စောဒကတက်နိုင်ပါတယ်။ ဖတ်ရတဲ့အရသာချင်းမတူပါဘူး။ ဆော့ဖ်ကော်ပီဟာ ဟတ်ကော်ပီကို မမီပါဘူး။ သတင်းဦး၊ သတင်းထူးများကို ကြိုတင်ပြီသိဖို့အတွက် ပါတယ်။ ဒါတောင် ဖတ်ဖို့ရန် ကြေးမုံ ၂ စောင်ကျန်နေလို့ လုပ်စရာရှိတာလုပ်၊ ထမင်းစားပြီးမှ ဆက်ဖတ်ဖြစ်ကြပါတယ်။

ဆိုခဲ့ပါအကြောင်းအရာတွေဟာ သင်္ကြန်ကာလအတွင်း သတင်းစာနဲ့ပတ်သက်တဲ့ စာရေးသူရဲ့ ရင်တွင်းခံစားချက် အမှန်ပါပဲ။ သင်္ကြန်ကာလတွင် နိုင်ငံတော်မှ နေ့စဉ်ထုတ် သတင်းစာတွေကို အလှည့်ကျ ထုတ်ဝေခဲ့ပါတယ်။ ဒါပေမယ့် တာဝန်ထမ်းဆောင်နေရတဲ့ နေရာအနေအထားအရ နေ့စဉ်ထုတ်သတင်းစာများ ပုံမှန်ဖတ်ခွင့်မရခဲ့ပါဘူး။ အွန်လိုင်းမှကြည့်ရင်တော့ ရနိုင်ပါတယ်။ ဧပြီ ၁၇ ရက်နေ့ ရုံးစတက်တော့မှပဲ သတင်းစာအားလုံးကို စိတ်တိုင်းကျ အားပါးတရဖတ်ဖြစ်လိုက်ပါတယ်။ ဧပြီ ၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် စာရေးသူ၏ ခရီးသွားအတွေ့အကြုံဆောင်းပါးလေးကို ဖော်ပြပေးထားတဲ့အတွက် များစွာပီတိဖြစ်ခဲ့ရပါတယ်။

ယခင်စနစ်အပေါ် နာကျည်းနေတဲ့ အထွေထွေမကျေနပ်ချက်လေသံများ ပါနေသေးတာကိုတွေ့နေရပါတယ်။ ထိုအားနည်းချက်များကိုသာ တဖြည်းဖြည်းလျှော့ချ . . .

လောက်ပဲအဆင်ပြေပါတယ်။ ကြော်ငြာအပါအဝင် သတင်းနှင့်ဆောင်းပါးအားလုံးကို အစအဆုံးဖတ်ဖို့ရန် အဆင်မပြေနိုင်ပါဘူး။ အိုင်တီပစ္စည်း အနေအထားအရ စာလုံးအရွယ်အစားသေးနေသည့်အပြင် အင်တာနက်လိုင်းချိတ်ဆက်သုံးစွဲမှုအတွက်လည်း ငွေကြေးများစွာ ကုန်ကျလှပါတယ်။ ဟတ်ကော်ပီသတင်းစာတစ်စောင်၏ တစ်လကုန်ကျစရိတ်ဟာ တစ်ထောင့်ငါးရာလောက်ပဲရှိပါတယ်။ အွန်လိုင်းကဖတ်မယ်ဆိုလျှင် တစ်နေ့ကို အနည်းဆုံး တစ်ထောင့်ငါးရာလောက် ချောသွားပါမယ်။

မည်သို့ပင်ဆိုစေကာမူ ဧပြီ ၁၂ ရက်နေ့ကတော့ အင်တာနက်ချိတ်ဆက်ပြီး မဖတ်ရသေးတဲ့ သတင်းစာများကိုခပ်မြန်မြန်ဖွင့်ကြည့်လိုက်ရပါတယ်။ ဧပြီ ၁၀ ရက်နေ့ထုတ်မြတ်တီသတင်းစာတွင် စာရေးသူ၏ သင်္ကြန်ဆောင်းပါးလေးကိုတွေ့ရလို့ ဝမ်းသာကြည်နူးဖြစ်ရပါတယ်။ ဒါ့ကြောင့် သင်္ကြန်ကာလအတွင်း ရုံးမှာတာဝန်ထမ်းဆောင်နေသူ လုပ်ဖော်ကိုင်ဖက်တစ်ဦးထံ ဟုန်းဆက်ပြီး မဖတ်ရသေးတဲ့ သတင်းစာများ ယူလာပေးပါရန် အကူအညီတောင်းခဲ့ရပါတယ်။ ထိုနေ့က သတင်းစာလာပို့မယ့်လူကို တစ်နေလုံး မျှော်နေရလို့ လည်ပင်းတောင်ညောင်ရေအိုးဖြစ်သွားတယ်လို့ ထင်ရပါတယ်။ ညနေ ၄ နာရီ ၃၀ မိနစ်လောက်မှာ သတင်းစာလာပို့တော့ မဒမ်ဝင်းနဲ့အတူ တစ်ထိုင်းတည်းဖတ်လိုက်တာ ည ၇ နာရီလောက်ရှိသွားနိုင်ငံပိုင်သတင်းစာများဟာ မတ်လ ၃၁ ရက်နေ့ ကတည်းက အသွင်ရော အနှစ်သာရပါ ပြောင်းလဲလာပါတယ်။ ယခင်ကအစိုးရ၏ အာဘော်များကိုသာ နေ့စဉ်ရေးသားဖော်ပြနေရာမှ ယခုဆိုလျှင် ရှုထောင့်ပေါင်းစုံမှ ဖော်ပြပေးလာပါတယ်။ ပွင့်လင်းစွာရေးသားထားသော ဆောင်းပါးများကို နေရာပေးလာပါတယ်။ ခေတ်ရဲ့ပုံရိပ်ကိုထင်ဟပ်စေတဲ့ ကာတွန်းပြကွက်ကလေးများကိုပါ နေရာပေးလာတဲ့အတွက် ဖတ်ရှုရတာ ဘဝအမောများကိုပြေပျောက်စေပါတယ်။ မည်သို့မင်ဆိုစေကာမူ ယခင်စနစ်အပေါ် နာကျည်းနေတဲ့ အထွေထွေမကျေနပ်ချက်လေသံများ ပါနေသေးတာကိုတွေ့နေရပါတယ်။ ထိုအားနည်းချက်များကိုသာ တဖြည်းဖြည်းလျှော့ချသွားမည်ဆိုလျှင် သတင်းစာများဟာ ပြည်သူလူထုကို များစွာအကျိုးပြုလာစေမှာပါ။

သတင်းစာများဟာ ခေတ်ရဲ့ပုံရိပ်ပါပဲ။ ခေတ်တစ်ခေတ်တွင် ပြည်သူများ စိတ်လက်ချမ်းသာမှု ရှိ-မရှိကို ထိုခေတ်သတင်းစာများကိုကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။ အကြောက်တရားကြီးစိုးသောခေတ်တွင် ထုတ်ဝေတဲ့ သတင်းစာများဟာ ပြည်သူများအား ၎င်းတို့၏ခံစားချက်ကို ရင်ဖွင့်နိုင်ရန် နေရာပေးမထားပါဘူး။ ထိုခေတ်အစိုးရရဲ့ အားသာချက်များကိုသာ ဝေဝေဆာဆာဖော်ပြလေ့ရှိပါတယ်။ ဒါကလည်းမဆန်းပါဘူး။ ဥပမာ ရုရှား၊ ဆီးရီယားနှင့် မြောက်ကိုရီးယားနိုင်ငံတို့မှာ ထုတ်ဝေတဲ့သတင်းစာများမှာ ပူတင်၊ အာဆတ်နှင့် ကင်ဂျီအန်တို့ရဲ့ ကောင်းကြောင်းများကိုသာ တွင်ကျယ်စွာရေးသားဖော်ပြလေ့ရှိကြပါတယ်။

ဘာပဲဖြစ်ဖြစ် သတင်းစာများဟာ ပြည်သူများကို တစ်နည်းနည်းဖြင့် အကျိုးပြုနေတာအမှန်ပါပဲ။ နေ့စဉ်ထုတ်သတင်းစာကို ပုံမှန်ဖတ်သူနှင့် မဖတ်သူတို့အကြား ရေရှည်တွင်တိုးတက်မှု ကွာခြားသွားကြပါတယ်။ စာပေကိုချစ်မြတ်နိုးသူများဟာ တစ်နေ့နေ့တစ်ချိန်ချိန်တွင် သူတို့ရဲ့ရင်တွင်းခံစားချက်များကို ဖွင့်ဟပြီး စာဖတ်ပရိသတ်များထံ တင်ပြခွင့်ရလာနိုင်ပါတယ်။ ထိုသို့တင်ပြခြင်းကို စာရေးသည်ဟုပြောဆိုလျှင် ရနိုင်ပါတယ်။ ဆောင်းပါးတစ်ပုဒ်၊ စာတစ်အုပ်ဟာ လူငယ်များရဲ့ အနာဂတ်ဘဝကို များစွာပြောင်းလဲစေနိုင်ပါတယ်။

မြန်မာနိုင်ငံတွင် Phd. ဒေါက်တာဘွဲ့ရရှိထားသူများ များစွာရှိပါတယ်။ ဒါပေမယ့်စာရေးဆရာကိုတော့ လက်ချိုးရေလျှင်ရနိုင်ပါတယ်။ ဒါ့ကြောင့် မျိုးဆက်သစ်လူငယ်များအား နေ့စဉ်ထုတ်သတင်းစာများအပါအဝင် စာကောင်းပေမွန်များကို ဖတ်သွားပါလို့ မေတ္တာဖြင့်တိုက်တွန်းလိုပါတယ်။ စဉ်ဆက်မပြတ်စာဖတ်သူဟာ အတွေးအခေါ်များစွာ ရင့်သန်ပြောင်းလဲ တိုးတက်လာစေပါတယ်။ ထိုသို့ ရင့်ကျက်သောစိတ်ကူးစိတ်သန်း အတွေးအခေါ်များဟာ လူ့အသိုက်အဝန်းကို တစ်နည်းနည်းဖြင့် အကျိုးပြုနေမှာပါ။ ဧပြီလ ၁၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်လည်း စာရေးသူ၏ အလှူအတွေ့အကြုံဆောင်းပါးလေးကို ဖော်ပြပေးထားတဲ့အတွက် များစွာဝမ်းသာပီတိဖြစ်ရပါတယ်။

ခြုံ၍တင်ပြရလျှင် လူတစ်ဦးဟာ အသက်ကြီးပြီး အသားကိုသာ တိုးပွားလာစေမည်ဆိုလျှင် လူ့အန္ဓပဲဖြစ်နေမှာပါ။ ထိုသို့မဖြစ်စေရန်အတွက် ကျွန်ုပ်တို့အားလုံး မြန်မာနှစ်သစ်မှစ၍ မပျက်မကွက် စာဖတ်ကြဖို့လိုလာပါပြီ။ စာဖတ်ရာတွင်လည်း အကျိုးပြုစာပေများကိုသာ ရွေးချယ်ဖတ်မှတ်သွားမည်ဆိုလျှင် များစွာ အကျိုးဖြစ်ထွန်းစေမှာပါ။ အထူးသဖြင့် နေ့စဉ်ထုတ်နိုင်ငံပိုင်သတင်းစာများ အနက် မိမိကြိုက်နှစ်သစ်ရာ သတင်းစာတစ်စောင်ကို မပျက်မကွက်ဝယ်ယူဖတ်ရှုသင့်ပါတယ်။ သို့မှသာ တိုးတက်ပြောင်းလဲနေသောခေတ်ကြီးကို အမီလိုက်နိုင်မည့်အပြင် နိုင်ငံတော်အစိုးရ၏လုပ်ဆောင်ချက်များကိုလည်း သိရှိသဘောပေါက်နားလည်ပြီး အပြုသဘောဆောင်စွာ ဝေဖန်ဆန်းစစ် အကြံပြုထောက်ပြလာနိုင်မှာပါ။ ဒ့ါအပြင် ပြည်သူ့တစ်ဦး လိုက်နာစောင့်ထိန်းရမည့် တာဝန်ဝတ္တရားများကိုလည်း သိရှိလာနိုင်စေပါတယ်။ စာရေးသူအနေဖြင့်မူ ငယ်စဉ်ကတည်းက စဉ်ဆက်မပြတ်ဖတ်ရှုဖြစ်ခဲ့တဲ့ သတင်းစာများကို တစ်နေ့မဖတ်ရလျှင် တစ်ခုခုလိုနေသလို ခံစားနေရပါတယ်။

ဒ့ါကြောင့် အသိပညာဗဟုသုတများ များစွာတိုးပွားစေတဲ့ "ငယ်ကျွမ်းဆွေကို နေ့စဉ်တွေ့ပါရစေ"လို့ တင်စားရေးသား တင်ပြအပ်ပါသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲများပြုလုပ်

ငဖဲ ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းစင်ရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာနိုင်ရေးအတွက် ဧပြီ ၁၇ ရက် နံနက်ပိုင်းက ငဖဲမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စခန်းမှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ပင်ဦးကျေးရွာသို့ သွားရောက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ငဖဲမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူများက ပင်ဦးကျေးရွာရှိ ကျေးလက်နေပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများသိရှိစေရန် ပညာပေးဟောပြောခြင်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ စီးနင်းအသုံးပြုရာတွင်ဆိုင်ကယ်စီး ဦးထုပ်များဆောင်း၍ မောင်းနှင်သွားလာကြရန်နှင့် သတ်မှတ်လူစီးနှုန်းများ ထက် ပိုမိုစီးနင်းခြင်းမပြုကြရန်တို့ကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

စာတတ်မြောက်ရေးလုပ်အားပေး ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေး

ဟိုပန် ဧပြီ ၁၉

သန်းခေါင်စာရင်းညွှန်းကိန်းများအရ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့သည် စာတတ်မြောက်မှုနည်းပါးသည့် ဒေသတွင် ပါဝင်လျက်ရှိရာ လားရှိုးတက္ကသိုလ်မှ ပါမောက္ခဆရာ၊ ဆရာမများကြီးကြပ်၍ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများသည် နွေရာသီကာလတွင် ဟိုပန်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာ ၁၃ ခုတွင် စာသင်ဝိုင်းများဖွင့်လှစ်ကာ စာသင်သား ၄၃၅ ဦးအား သင်ကြားပေးလျက်ရှိသည်။

ရှမ်း ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းသည် ဧပြီ ၁၇ ရက် မွန်းတည့် ၁၂ နာရီက ဟိုပန်မြို့ အခြေခံပညာအထက်တန်းကျောင်း စောမဟာခန်းမတွင် ကြီးကြပ်သူ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပြီး အားပေးစကားပြောကြားကာ လိုအပ်ချက်များကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် လူမှုရေးဝန်ကြီးသည် လုပ်အားပေးကျောင်းသား၊ ကျောင်းသူများ သန့်ရှင်းသောသောက်သုံးရေအသုံးပြုနိုင်ရန်အတွက် အလျှဉ်ကျပ်တစ်သိန်း ပေးအပ်လျှက်ဒါန်းခဲ့ကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**

လုံခြုံရေးဝန်ထမ်း (၄) ဦး အလိုရှိသည်

- အနိမ့်ဆုံး ပညာအရည်အချင်း အလယ်တန်း
- ဆေးလိပ်၊ အရက်၊ ကွမ်းယာ ကင်းရှင်းသူ
- အသက် (၅၅) နှစ်အောက် ကျန်းမာရေး ကောင်းမွန်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ
- အခြေခံလစာ (၁၃၀၀၀၀/-) ကျပ်ပေးမည်။

ဆက်သွယ်ရန်
09-250400447, 09-250400448, 09-43157571

ရွှေကြေးစည် ၄ (ထားဝယ်ရှင်တိုက်ရှင်၊ ဖောင်းပတန်)
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကဏ္ဍ၊ ထမ့်စမ်းလှိုက်ဂူ
▲ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး ပြင်ဦးလွင်အနှံ
▲မန္တလေး ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာကန်၊ ကျောက်စိမ်းဘုရား
▲ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ
▲မော်လမြိုင်၊ ကျိုကွမီ၊ ဓက်ဓိ၊ နွားလပို့တောင် (ကျိုက်ထီးရိုး)
▲(ကျိုထော်ရေတံခွန်၊ ပဒုံဂူ၊ ကော့ဂွန်းဂူ)(နေပြည်တော်)(ဧလွန်)
အာမတ်ခဲ့ သောကြာ ဝေနေ
ပန်းဆိုတာန်း 01-240860/01-372290 ဖုန်း 09-49282825,09-73494339

ကျားရန်
ပိုလ်ချုပ်လမ်းမပေါ်၊ (၃)လွှာ၊ ထောင့်ခန်း၊ လမ်းမတော်မြို့နယ်။
ဖုန်း ၀၉-၂၅၀၅၀၂၇၀၊ ၀၉-၅၀၆၂၅၆၅

မွေးသက္ကရာဇ်အမှန်
မြစ်ကြီးနားမြို့၊ အလက(ခွဲ) အမှတ်(၃)၊ အဌမတန်းမှ မောင်ဆွတ်ဆင်အောင်(ခ)ခေါင်လွမ်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၁၀-၂၀၀၃ ဖြစ်ပါသည်။

နှစ်သစ်မှာမင်္ဂလာပါ
တစ်နှစ်တာကာလပတ်လုံး ဝယ်ယူအားပေးကြသော ဈေးဝယ်သည်များ အသက်ရှည်ရှည်နဲ့ ကျန်းကျန်းမာမာ ရှိကြပါစေ ...
09-43334111 ☎ 01-682844
09-43334222 ☎ 01-682928
09-73077711 ☎ 01-682944
09-73077722 ☎ 01-686212
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွေး

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ၁၅-လမ်း၊ အိမ်အမှတ်(၂၁-အေ)၊ ပြေညီထပ် တိုက်ခန်းသည် မိခင်ဖြစ်သူ တန်ဝိုးဝုက်(ခ)ဒေါ်အေးရီ (၁၂/လမတ(နိုင်)၀၂၇၂၃) နှင့် ဥင်း၏သားသမီးများဖြစ်ကြသည့် ဒေါ်ခင်သန်းအေး၊ ဒေါ်ခင်မာဝေ၊ ဦးခင်မောင်လင်း၊ ဒေါ်ခင်သန်းဝင်း၊ ဦးခင်အောင်လင်း တို့ လက်ရှိလက်ရောက်ပိုင်ဆိုင်ထားသည့် တိုက်ခန်းဖြစ်ပါသည်။ မိသားစုဝင်များ မသိရှိဘဲ မည်သူတစ်ဦး တစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း စသည့် လွှဲပြောင်းမှု တစ်စုံတစ်ရာ ပြုလုပ်ပိုင်ခွင့် မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးလှဘို-စဉ်-၅၅၅၄/၉၁ တရားလွှတ်တော်ရှေ့နေ၊
တိုက်အမှတ်(၄၇)၊ အခန်း(၁၁)၊
ပဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်

မူးယစ်ကင်းစင် အလုဆင်

AutoCAD
သီးသန့်
အိမ်လိုက်သင်သည်။
09 519 6067

လူနေဆိုင်ခန်းအပြန်ရောင်းမည်
သုဝဏ္ဏလမ်းဆုံ၊ ၃ခန်းတွဲအနက်မှ ထောင့်ခန်း၊ ထပ်ခိုးထက်ဝက်ပါ။ ပေ(၁၇×၃၅)၊ ကိုယ်ပိုင်ရေ၊ ကိုယ်ပိုင်မီတာ။ (သိန်း ၃၁၀)
ဖုန်း-၀၉-၇၉၇၀၉၉၉၃၅၊ ၀၉-၄၅၄၅၅၈၉၃

သင်္ချာကျော်ဗျိုနိ M.Sc. (Maths). Final.
ဇွန် (၂)လပြတ်နှင့်ပုံမှန်၄၊ စာ၉၂၁ဝတန်း ၂၅-၄-၂၀၁၆
သင်္ချာ၊ ဘာသာစုံပိုင်းနှင့် 'ဟော်ဗီ'
အိမ်ရိုင်းလက်ခံသင်ကြားပေးသည်၊ Home Visit Maths
မဟာကျော် နေ့စားလပေး ဆရာ၊ ဆရာမဝင်ခွင့်
အမှတ်-၃၅၃ခုထပ်မဟာဗန္ဓုလလမ်း(ဆိပ်ကမ်းသာလမ်းနှင့်ဘုရားလမ်းကြား)
Ph:09-250359833, 09-253034191, 09-263451177

ဝန်ထမ်းအလိုရှိသည်
Uni Trade Yangon Ltd

B.E(Civil)	(3)Male
Marketing Supervisor	(2)Male(Graduate)
Marketing Staff	(2)Male (Graduate)
Engineer	(5)Male/Female/B.E(Electric)
Driver	(2)Male

အတွေ့အကြုံရှိသူဦးစားပေးမည်။ (ရန်ကုန်၌သာခန့်ရန်)
ဆက်သွယ်ရန် - ၀၁-၆၆၆၁၇၇၊ ၆၆၆၁၇၈၊ ၆၅၃၃၃၃
လိပ်စာ - ၂၄၊ ပြည်လမ်း (၇)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
Email - unitradeyangon@gmial.com

ဦးစိုးမိုးထက်၊ တရားလွှတ်တော်ရှေ့နေ ဦးမြင့်သန်း(မင်းဘူး)၏ ၁၀-၄-၂၀၁၆ ရက် ကြေးမုံသတင်းစာပါ ကြေညာချက်အပေါ် အများသိစေရန် ရှင်းလင်းပြန်ကြားခြင်း

ကျွန်ုပ်၏မိတ်ဆွေ Glory Heyday Services Co.,Ltd. ဒါရိုက်တာဒေါ်ဖြိုးပြည့်စုံ၏ ညွှန်ကြား ချက်အရ အောက်ပါအတိုင်း ရှင်းလင်းပြန်ကြားအပ်သည်မှာ-

လူကြီးမင်း ဦးမြင့်သန်း(မင်းဘူး) တရားလွှတ်တော်ရှေ့နေသည် ဦးတင်မျိုးထွန်းနှင့် ဒေါ်ဖြိုးပြည့်စုံတို့အား ၁၁-၂-၂၀၁၆ ရက်က ပေးပို့သည့် အကြောင်းကြားစာအပေါ် ၂၆-၂-၂၀၁၆ ရက်တွင် ကျွန်ုပ်မှလူကြီးမင်း ဦးမြင့်သန်း(မင်းဘူး)အား ဦးစိုးမိုးထက်အနေဖြင့် ဖြစ်ရပ်မှန်ကို ထိမ်ချန်၍ ညွှန်ကြားခြင်းဖြစ်ကြောင်း အကျိုးအကြောင်းခိုင်လုံစွာဖြင့် ပြန်ကြားချက်ကို ထိမ်ချန်ကာ ကုမ္ပဏီနှင့် ဒေါ်ဖြိုးပြည့်စုံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် မလိုအပ်ဘဲ သတင်းစာမှ ကြေညာခြင်းသာဖြစ်ပါသည်။

ဦးစိုးမိုးထက်အား ရွာသာကြီးအိမ်ရာစီမံကိန်းအတွက် အကောင်အထည်ဖော်ရန် ရုံးလုပ်ငန်းများ၊ အင်ဂျင်နီယာလုပ်ငန်းများအား ရေးဆွဲခြင်းကိစ္စနှင့်ပတ်သက်၍ ဌားရမ်းတာဝန်ပေးအပ်ခြင်းသာဖြစ်ပါသည်။ ဦးစိုးမိုးထက်ကိုယ်တိုင် ဆောင်ရွက်ခများကိုလည်း ရယူပြီးဖြစ်ပါသည်။ ဦးစိုးမိုးထက်အား လုပ်ငန်းကျွမ်းကျင်သူအနေဖြင့် အကျိုးတူယူပေါင်းဆောင်ရွက်ရန် လုံးဝတာဝန်ပေးအပ်ခြင်းမရှိပါ။

လုပ်ငန်းအပ်နှံသူမှ လုပ်ငန်းလုပ်ကိုင်သူ Glory Heyday Services Co.,Ltd. သို့ တရားဝင်လုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုချက်မရမီ ဦးစိုးမိုးထက်သည်

(က) စီမံကိန်းလုပ်ငန်းကို ပဉ္စရူပဆောက်လုပ်ရေးသမဝါယမအသင်းလီမိတက်ကိုယ်စား လုပ်ပိုင်ခွင့်ရှိသူအနေဖြင့် လုပ်ငန်းလုပ်ပိုင်ခွင့်များကို တခြားသူများသို့ တစ်ဆင့်ရောင်းချခြင်း

(ခ) ကုမ္ပဏီဒါရိုက်တာအဖွဲ့သဘောတူညီချက်မရှိဘဲ ကုမ္ပဏီနာမည်ဆင်တူယိုးမှားကို အသုံးပြု၍ ပုဂ္ဂလိကအနေဖြင့် ရောင်းချခြင်းတို့ ပြုလုပ်ခဲ့ပါသည်။

Glory Heyday Services Co.,Ltd. မှ ဦးစိုးမိုးထက်ဂုဏ်သိက္ခာကိုင့်ညှာပြီး ၎င်း၏အမည်ကို မဖော်ပြဘဲ ၁၆-၃-၂၀၁၅ ရက်တွင် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ ၁၈-၃-၂၀၁၅ ရက်တွင် ကြေးမုံသတင်းစာတွင်လည်းကောင်း၊ ၈-၂-၂၀၁၆ ရက်တွင် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတွင် လည်းကောင်း Glory Heyday Services Co.,Ltd. အမည်ဖြင့် ကုမ္ပဏီဒါရိုက်တာအဖွဲ့သဘောတူညီ ချက်မရဘဲ တာဝန်ခံလက်မှတ်ရေးထိုးခြင်းသော်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ခြင်းများမရှိသဖြင့် ကုမ္ပဏီ၏ ခွင့်ပြုချက်မရဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့်ဖြစ်ပေါ်လာသော ပြဿနာများအား ကုမ္ပဏီမှ လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

ဦးစိုးမိုးထက်သည် ကုမ္ပဏီလုပ်ငန်းနှင့်ပတ်သက်၍ ဒါရိုက်တာအဖွဲ့သဘောတူညီချက်မရဘဲ ပုဂ္ဂလိက အနေဖြင့် တစ်စုံတစ်ရာလုပ်ပိုင်ခွင့်မရှိသဖြင့် ကုမ္ပဏီအနေဖြင့် ဦးစိုးမိုးထက်အား တစ်စုံတစ်ရာညှိနှိုင်း ဆွေးနွေးရန် အကြောင်းမရှိပါ။ သို့ဖြစ်၍ ဖြစ်ရပ်မှန်ကို ထိမ်ချန်ပြီး ကုမ္ပဏီနှင့်ဒေါ်ဖြိုးပြည့်စုံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ပြုလုပ်ခြင်းအတွက် တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြန်ကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြိုးပြည့်စုံ	ဦးသိန်းရွှေ(B.A,H.G.P.,R.L)
Director/ C.F.O	တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၆၈)

Glory Heyday Services Co.,Ltd. အမှတ်(၄၅၂)၊ သုတ(၂)လမ်း၊ (၄)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၈၄၈၉၉

ကြော်ငြာ

ရိုလုံရှေ့ဆိုင်ကြီး နှစ်သစ်မင်္ဂလာဆုတောင်းလျှာ

ရိုလုံရှေ့ဆိုင် အမှတ် [(၁)၊ (၂)၊ (၃)]၊ (၄) ချန်းလုံရှေ့ဆိုင် နှင့် (၅) ချန်းလုံရှေ့ဆိုင်မိသားစု ရှေ့ဆိုင်များတွင် လက်လီလက်ကား ဝယ်ယူအားပေးကြသော နယ်ကိုယ်စားလှယ်ကြီးများ၊ နယ်ရှေ့ဆိုင်ကြီးများနှင့် မိတ်ဟောင်းမိတ်သစ်များအား နှစ်သစ်မင်္ဂလာအပေါင်းနှင့် ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ရိုလုံမိသားစု ရှေ့ဆိုင်များမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Ph: 09-450051313, 09-73156897, 01-200747(Ext)2008

ဦးလှဝေ+ဒေါ်ဝင်းမြင့်လွင် ရိုလုံရှေ့ဆိုင်ကြီး (ယုနေပလာဇ၊ ပညားဒလလမ်း၊ ရန်ကုန်မြို့)

ဒီဇယ်၊တာတ်ဆီ စက်ပြင်သင်တန်း

(ဧရိယာ)

ဦး

(ရေနုတ်မှအမဲ)

၂၁အရောက်ပြင်းထန်ပြင်းကွင်းလမ်း၊ တာရမ္ဘီမြို့အနီး၊ရေနုတ်ကုန်ပြီး၊

ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄

ဝဒ္ဓ ၅၀၅၂၁၁

Modern Myanmar TRAVELS

ကျိုက်ထီးရိုး(ရေနုတ်) 10000

ရောင်းသာ (Guest House) 35000 (Hotel) 50000

ငွေဆောင် (Hotel) 40000

